The Boy In The Striped Pajamas ဝတ္ထုကို ၂၀၀၆ ခုနှစ်မှာ John Boyne က ရေးသားခဲ့ပြီး ကမ္ဘာ တစ်ဝှမ်း စာအုပ်ရေပေါင်း(၇)သန်းကျော်အထိရောင်းချခဲ့ရကာ Bisto book of the year,Irish Book Award People's Choice Book of the Year, Que Leer Award Best International Novel of the Year(Spain), Orange Prizy Readers Group Book of the Year အစရှိတဲ့ဆုများ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ စာအုပ်ထွက်ရှိပြီး(၂)နှစ်အကြာမှာလည်း စာအုပ်ခေါင်းစဉ်အတိုင်း ရုပ်ရှင်ရိုက်ကူးခဲ့ပြီးThe British Independent Film Award for Best Performance by an Actress in a British Independent Film ap ရရှိခဲ့တဲ့အပြင် နာဇီစစ်သားတွေအကြောင်းရိုက်ထားတဲ့ ရုပ်ရှင်ကားစာရင်းမှာ Top-10ဝင်ခဲ့ပါတယ်။ ဒီဇာတ်ကားကို မြန်မာပရိသတ်တော်တော်များများ ကြည့်ဖူးခဲ့ကြပြီး အကြိုက်တွေ့ခဲ့ကြတဲ့ဇာတ်ကားကောင်းတစ်ကား ဖြစ်ခဲ့ပါတယ်

The Boy In The Striped Pajamas

John Boyne

အပြစ်မဲ့ အပြစ်သား

သက်ပိုင် မြန်မာဘာသာ ပြန်ဆိုသည်

အခန်း (၁)

ဘရူနိုလေးရဲ့ ရှာဖွေတွေ့ရှိမှု

တခုသော နေ့လည်ခင်းမှာပေါ့။ ဘရူနို ကျောင်းကပြန်ရောက်လာတုန်း သူ့အခန်းထဲမှာ မိသားစုရဲ့ အိမ်စေ မာရီယာ တယောက် သူ့ပစ္စည်းတွေ ထုပ်ပိုးနေတာတွေ့လိုက်ရပါတယ်။ ဘရူနို့အမေကတော့ မာရီယာဟာ အိမ်စေတယောက်ဆိုတာထက် ပိုပြီး ရင်းနှီးတဲ့သူဖြစ်တာမို့ လေးလေးစားစား ဆက်ဆံဖို့မှာထားတာေပါ့ ။ အခုတော့ မာရီယာက ဘရူနို မရှိတုန်းအချိန်မှာ သူ့အခန်းထဲဝင်ပြီး ပစ္စည်းတွေကို စိတ်တိုင်းကျ ထုပ်ပိုးနေတယ်လေ။

" မင်း ဘာလုပ်နေတာလဲ"

ဘရူနိုက သူတတ်နိုင်သလောက် အသံတိုးတိုးထားလို့ အမိန့်ပေးသံမပေါက်အောင် လှမ်းမေးလိုက်ပါတယ်။ အမေက သူ့အပေါ်မှာ ကောင်းကောင်းဆက်ဆံဖို့ပြောထားပေမဲ့ အခုလို အသိမပေးဘဲ သူ့ပစ္စည်းတွေကို လိုက်ဖွနေတာတော့ ဘရူနိုသည်းမခံနိုင်ခဲ့ပါဘူး။

" ကျွန်တော့်ပစ္စည်းတွေကို မထိပါနဲ့ "

မာရီယာက ခေါင်းကလေးခါလို့ အနောက်ကိုလှည့်ကြည့်ဖို့ ဘရူနို့ကို လက်ညှိုးထိုးပြလိုက်တာပေါ့။ ဘရူနို့နောက်မှာ အမေက မတ်တပ်ရပ်ေနပါတယ်။ အမေက အရပ်ခပ်ရှည်ရှည်ရှိကာ ဆံပင်အနီေရာင်အရှည်ကြီးကိုလည်း ဆံထုံးထုံးလို့ သပ်သပ်ရပ်ရပ် ချည်ထားတယ်လေ။ သူ့ကြည့်ရတာ သားငယ် ဘရူနိုကို တခုခုပြောချင်နေပေမဲ့ သူကိုယ်တိုင်က ပြောရမဲ့စကားကို အစရှာမရဖြစ်နေပုံပါပဲ။

"အမေ"

ဘရူနို က သူ့အမေဆီ လျှောက်သွားရင်း ပြောလိုက်တယ်။

" ဘာတွေဖြစ်နေတာလဲဟင်။ မာရီယာက ဘာလို့ သားပစ္စည်းတွေကို လျှောက်ကိုင်နေတာလဲ"

" သူက ထုပ်ပိုးပေးနေတာပါကွယ်" လို့ အမေက ပြန်ဖြေတာပေါ့။

" ထုပ်ပိုးနေတာတဲ့လား"

ဘရူနိုက ပြီးခဲ့တဲ့ ရက်ပိုင်းတွေမှာ သူတခုခု မှားမှားလုပ်ခဲ့လေသလား၊ အဖေမကြိုက်တဲ့ စကားတွေ အိမ်ထဲ ပြောမိခဲ့သလားလို့ တဒင်္ဂလောက် တွေးနေလိုက်ပါတယ်။ သူ ဘာမှ တွေးလို့မရခဲ့ပါဘူး။ သူက ပြီးခဲ့တဲ့ ရက်ပိုင်းမှာ

လူတိုင်းကို ချိုချိုသာသာ နဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံခဲ့တာချည်းပဲ‌ေလ ။ သူ ဘာမှ အိမ်မှာ စိတ်ရှုပ်အောင် မလုပ်ခဲ့တာ အမှန်ပါ ။

" ဘာလို့လဲ" လို့ သူက အမေ့ကို မေးလိုက်တာပေါ့။
"သား ဘာများ လုပ်မိလို့လဲ"

အမေက ဘာမှ အဖြေမပေးဘဲ သူ့အိပ်ခန်းထဲကိုလမ်းလျှောက်သွားတော့ ဘရူနိုလည်း နောက်ကလိုက်ခဲ့တာပေါ့။ သူ့အခန်းထဲမှာလည်း လားစ်ဆိုတဲ့ အလုပ်သမား တယောက်က ပစ္စည်းတွေ သိမ်းကြုံးလို့ ထုပ်ပိုး‌ေနတယ်လေ။ အမေက သူ့ပစ္စည်းတွေကို ကြည့်ကာ ခေါင်းခါလိုက်၊ သက်ပြင်းချလိုက်နဲ့ လုပ်ရင်း လှေကားဆီ ပြန်လာခဲ့ပါတယ်။ သူ့မေးခွန်းကို မဖြေရသေးလို့ ဘရူနိုကလည်း နောက်ကနေ တန်းလန်း တန်းလန်းနဲ့ပေါ့။

" အမေ" သူက ထပ်မေးပါသေးတယ်။
"ဘာတွေဖြစ်နေတာလဲ။ သားတို့ အိမ်ပြောင်းရတော့မှာလား ဟင်"

" အမေနဲ့ အောက်ထပ်ကို လိုက်ခဲ့ပါလားကွယ်" လို့ပြောကာ အမေက သူ့ရှေ့ကနေ ထမင်းစားခန်းထဲကို တလှမ်းချင်း လမ်းလျှောက်သွားပါတယ်။ အဲ့ဒီ အခန်းထဲမှာ ပြီးခဲ့တဲ့ အပတ်ကပဲ ဖြူရာ(ခေါင်းဆောင်ကြီး) က ညစာလာစားသွားတာ ဘရူနိုမှတ်မိပါသေးတယ်။

" အမေတို့ အဲ့ဒီမှာ စကားပြောကြရအောင်"

ဘရူနိုကတော့ ကလေးပီပီ သူ့အမေကိုကျော်လို့ လှေကားထစ်တွေကို ကျော်ဆင်းရင်း ထမင်းစားခန်းထဲ အရင်ရောက်အောင်သွားကာ အမေ ဝင်လာမှာကို ပြုံးစေ့စေ့ မျက်နှာပေးလေးနဲ့ စောင့်နေတယ်လေ။ ပြီးတော့ သူက အမေ့ရဲ့ မျက်နှာကို သတိထားမိပါတယ်။ အမေက အကြောင်းတစုံတရာမရှိဘဲနဲ့တော့ ဒီလို လှလှပပ သပ်သပ်ရပ်ရပ် မိပ်ကပ်မလိမ်းလောက်ပါဘူး။ အမေ့ရဲ့ မျက်ထောင့်လေးတွေ မိပ်ကပ်ကြောင့် ရဲနေတာက သူတခါတုန်းက အိမ်မှာ ရှုပ်ပွနေအောင် ပစ္စည်းတွေဖွပြီး တယောက်ထဲ ငို‌ေနတုန်းက နီနေတဲ့ မျက်လုံးလေးတွေ အတိုင်းပါပဲ။

" ကဲ...သားလေး ဘရူနို၊ သား ဘာမှ စိတ်ပူစရာမလိုဘူးနော်" ဆိုပြီး အမေက ဖြူရာ ညစာလာစားနဲ့ညက ပါလာတဲ့ ဆံပင်ရွှေရောင်နဲ့ ခပ်လှလှ အမျိုးသမီးထိုင်သွားတဲ့ ထိုင်ခုံမှာ ထိုင်ရင်း ပြောလိုက်ပါတယ်။ ဖြူရာ ညစာလာစားတဲ့ ညက အဲ့ဒီအမျိုးသမီးဟာ အခန်းရှေ့မှာ မတ်တပ်ရပ်နေတဲ့ ဘရူနို့ကို လက်ပြပြီး နှုတ်ဆက်ခဲ့တယ်လေ။

" တကယ်တော့ ဒါက ပိုပြီး ပျော်စရာကောင်းမှာပါကွယ်"

"ဘာကလဲ အမေ" ဘရူနိုက ပြန်မေးလိုက်တာပေါ့။
" သားကို အဝေးကို ပို့ကြတော့မလို့လားဟင်"

" မဟုတ်ပါဘူးကွယ်။ သားတယောက်ထဲသွားရမှာ မဟုတ်ပါဘူး"

အမေက ပြုံးလို့ ပြန်ဖြေရှာတယ်လေ။

" မင်းအဖေရယ်၊ အမေရယ်၊ ဂရက်တယ်ရယ် သားလေးရယ် လေးယောက်လုံးပေါ့"

ဘရူနိုက သူ့အမေရဲ့ စကားကို ကြားပြီး မျက်မှောင်ကြုတ်လိုက်ပါသေးတယ်။ အဲ့ဒီစကား အစား ဂရက်တယ့်ကို အဝေးပို့ပစ်လိုက်မယ်ဆိုတဲ့ သတင်းကြားလိုက်ရရင် ပိုကောင်းပါသေးတယ်လို့ သူက တွေးနေတာပါ။ ဂရက်တယ်က သူ့အတွက်တော့ အရှုပ်ထုပ်ပဲလေ။ အခုတော့ သူနဲ့ပါ အတူတူ သွားရမတဲ့လား။

" ဘယ်ကို သွားရမှာလဲ အမေ" သူ ထပ်မေးလိုက်တယ်။
" သားတို့ဘယ်ကို သွားကြရမှာလဲ။ သားတို့ ဘာလို့ ဒီမှာ ဆက်နေလို့မရတာလဲဟင်"

" မင်းအဖေရဲ့ အလုပ်ပေါ့ကွယ်" လို့ အမေက ရှင်းပြပါတယ်။
" မင်းလည်း သူ့အလုပ်တွေက အရေးကြီးတယ်ဆိုတာ သိသားပဲ မဟုတ်လား"

" ဟုတ်ကဲ့။ သားသိပါတယ်"
ဘရူနိုက ခေါင်းလေးငြိမ့်လို့ အမေ့ကို အဖြေပေးလိုက်တာပေါ့။ သူကိုယ်တိုင်လည်း အိမ်ကို ယူနီဖောင်းဝတ်စုံနဲ့ အမျိုးသားတွေ၊ လက်နှိပ်စက်တွေနဲ့ အမျိုးသမီးတွေ ဝင်ထွက်သွားလာနေတာ မြင်ဖူးပါတယ်။ သူတို့က အဖေ့ကို အရမ်းရိုသေကြပြီးတော့ တယောက်နဲ့တယောက်လည်း အဖေဟာ အရေးကြီးတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်ပြီး ဖျူရို့မှာ အဖေ့အတွက် အရေးကြီးတဲ့ လုပ်ငန်းတွေ လုပ်ခိုင်းစရာရှိတယ်လို့ တီးတိုးပြောနေတာ သူကြားဖူးတယ်လေ။

" တခါတလေ လူတယောက်က ထူးချွန်လာပြီဆိုရင် သူ့ရဲ့ အလုပ်ရှင်က သူ့ကို ဒီ့ထက် ပိုပြီး ကြီးမားတဲ့ တာဝန်တွေပေးတတ်တယ်ကွဲ့" ဆိုပြီး အမေက ဆက်ပြောပြပါတယ်။

" ဘယ်လို အလုပ်မျိုးလဲဟင်" ဘရူနိုက ကလေးပီပီ ရိုးရိုးသားသားနဲ့ ဆက်မေးတာပေါ့။ တကယ်ဆိုရင် သူကိုယ်တိုင်တောင် သူ့အဖေရဲ့ အလုပ်ကို သေချာမသိပါဘူး။

တနေ့က သူတို့ကျောင်းမှာ အဖေတွေအကြောင်းပြောတော့ ကားလ်က သူ့အဖေဟာ ဟင်းသီးဟင်းရွက်ဆိုင်ရှင်ပါလို့ ဖြေခဲ့တယ်လေ။ ဘရူနိုကိုယ်တိုင်လည်း သူ့ကို မြို့ထဲမှာ တခါတလေ ဟင်းသီးဟင်းရွက်ရောင်းနေတာ တွေ့ဖူးတယ်ဆိုတော့ ဒါက အမှန်တရားပေါ့။ ဒန်နီရယ်ကတော့ သူ့အဖေက ကျောင်းဆရာတယောက်လို့ ပြောခဲ့သလို အဲ့ဒီဆရာရဲ့ စည်းကမ်းတင်းကြပ်တဲ့ ဂုဏ်သတင်းကလည်း ကျောင်းသားတွေကြားမှာ ဟိုးလေးတကျော်ပဲဆိုတော့ သူလည်း အမှန်အတိုင်းပြောနေတာပါပဲ။ မာတင်ကတော့ သူ့အဖေက

စာဖိုးမှူးတယောက်ပါလို့ ဖြေခဲ့ပြီး တခါတလေ သူ့အဖေက မီးဖိုချောင်ထဲက ပြေးထွက်လာရတဲ့ပုံနဲ့ ဖိုသီဖပ်သီ စားဖိုမှူးဦးထုပ်၊ ရှေ့ဖုံးအကျႌဝတ်လို့ သူ့ကို လာကြိုတတ်တာမို့ သူလည်း အမှန်အတိုင်းေပြာေနမှန်း ဘရှုနိုသိပါတယ်။

ဘရှုနို့အလှည့်ရောက်လာတော့ သူ့အဖေအကြောင်းပြောဖို့ ပါးစပ်ဟပြီးတော့မှ အဖေ ဘာလုပ်တယ်ဆိုတာ သူသေချာမသိတာကို သဘောပေါက်သွားခဲ့တယ်လေ။ သူပြောနိုင်တာတခုကတော့ အဖေဟာ စောင့်ကြည့်ရမဲ့လူတယောက်ဖြစ်ပြီး ဖြူရီ့မှာ အဖေ့အတွက် တာဝန်ကြီးတခု ပေးဖို့ရှိတယ်ဆိုတာပါပဲ။ နောက်ပြီး အဖေ့မှာ ယူနီဖောင်းကောင်းကောင်းလည်း ရှိတယ်လေ။

" အဲ့ဒါက အရမ်းအရေးကြီးတဲ့ အလုပ်ပေါ့ကွယ်"
အမေ့အသံက ဘရှုနို့အတွေးကို လက်စဖြတ်လိုက်ပါတယ်။
" အရမ်း ထူးခြားတဲ့လူတွေပဲ လုပ်နိုင်မဲ့ အလုပ်မျိုးပေါ့။ သားနားလည်ပေးနိုင်တယ်မဟုတ်လားဟင်"

" နောက်ပြီး သားတို့ရော သွားရမှာတဲ့လား"
" ဒါပေါ့ သားရယ်" လို့ အမေက ဖြေလိုက်တာပေါ့။
" သားလည်း အဖေ့ကို အလုပ်သစ်၊ နေရာသစ်မှာ တယောက်ထဲ အထီးကျန် မဖြစ်စေချင်ဘူး မဟုတ်လား"

" ဟုတ်ကဲ့"
" အမေတို့သာ သူနဲ့မလိုက်သွားဘူးဆိုရင် အဖေက တို့ကို အရမ်းလွမ်းနေမှာပေါ့ကွယ်" ဆိုပြီး အမေက ဘရှုနို့ကို နားချနေတယ်လေ။

" ဘယ်သူ့ကို ပိုလွမ်းမှာလဲ။ သားကိုလား၊ ဂရက်တယ်ကိုလား" ဘရှုနိုက အမေ့ကို ချက်ချင်းဆိုသလို ပြန်မေးလိုက်တာပေါ့။

" သူက မင်းတို့နှစ်ယောက်လုံးကို ညီတူမျှတူ လွမ်းမှာပါကွယ်" အမေက ဖြေလိုက်ပါတယ်။ အဲ့ဒီလို တရားမျှတတတ်လို့လဲ ဘရှုနိုက အမေ့ကို သိပ်လေးစားတာပါ။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ အမေက သူနဲ့ ဂရက်တယ်ဆိုရင် သူ့ကို ပိုချစ်တာကို စိတ်ထဲကနေ သိနေပါတယ်။

" ဒါဆို သားတို့အိမ်ကရော။ သားတို့သွားေနတုန်း ဘယ်သူက အိမ်ကို စောင့်ရှောက်ပေးမှာလဲ ဟင်"
လို့ မေးတော့ အမေက ဒီအိမ်ကို နောက်ထပ် ဘယ်တော့မှ ပြန်တွေ့ရတော့မယ် မထင်တဲ့ အကြည့်နဲ့ အိမ်တခုလုံးကို တချက်ကြည့်လိုက်တာပေါ့။ ဒီအိမ်ကြီးက သိပ်ကို လှပတဲ့ အိမ်ကြီးပါ။ ထမင်းချက် ကြီး အလုပ်လုပ်လေ့ရှိတဲ့ မြေအောက်ထပ်နဲ့ ဘရှုနိုတယောက် တက်တက်ပြီး ဘာလင်မြို့ရဲ့ မြင်ကွင်းကို ကြည့်တတ်တဲ့ ခေါင်မိုးထပ်လေးပါ ပေါင်းမယ်ဆိုရင် အထပ်ပေါင်း ငါးထပ်ရှိပါတယ်။

ထမင်းချက်ကြီးရဲ့ မြေအောက်ထပ်က မီးဖိုချောင်မှာဆိုရင် မာရီယာနဲ့ လားစ် တို့က အိမ်ထဲမှာ မပြောသင့်တဲ့ နာမည်တွေ အချင်းချင်းခေါ်နေကြတာလည်း ဘရူနိုကြားဖူးတယ်လေ။

" အမေတို့ လောလောဆယ်တော့ အိမ်ကို ပိတ်ပစ်ခဲ့ရမယ်ကွဲ့"
အမေက ပြောတာပေ့ါ။
" ဒါပေမယ့် တနေ့နေ့တော့ အမေတို့ ပြန်လာမှာပါ"

" ဒါဆို ထမင်းချက်ကြီးကရော" လို့ ဘရူနိုက အမေ့ကို ပြန်မေးပါတယ်။
" လားစ် နဲ့ မာရီယာတို့ကရော၊ သူတို့က ဒီမှာ မနေခဲ့ကြဘူးလား"

" သူတို့က အမေတို့နဲ့အတူ လိုက်လာမှာကွဲ့။ ကဲ အခုတော့ မေးခွန်းတွေ တော်လောက်ပြီနော်။ အခု သားအခန်းကိုသွားပြီး မာရီယာ့ကို ပစ္စည်းတွေ သိမ်းဖို့ ကူညီပေးလိုက်ပါလား သားလေးရယ်"

ဘရူနိုလည်း သူ့အမေစကားကြောင့် အိပ်ခန်းဘက်ကိုသွားဖို့ ဟန်ပြင်လိုက်ပေမဲ့ အမေ့ကို မေးဖို့ မေးခွန်းတွေက သူ့မှာ ပြည့်နှက်လျှက်ရှိနေပါသေးတယ်။ နောက်ဆုံးတော့ သူအရဲစွန့်ပြီးမေးလိုက်တယ်လေ။

" သားတို့ ဘယ်လောက် ဝေးဝေးသွားရမှာလဲ။ အဖေ့အလုပ်သစ်က ဒီကနေ တမိုင်လောက် ဝေးလားဟင်"

" အိုး...ငါ့နှယ်" ဆိုပြီး အမေက ဘရူနို့ မေးခွန်းကို တချက်ရယ်လိုက်တယ်လေ။ အမေက ဘရူနို့ရှေ့မှာတော့ ဘာမှ မဖြစ်သလို ဟန်ဆောင်နေပေမဲ့ သူလုံးဝ မပျော်တာ သေချာတာပေ့ါ။ ဘရူနိုမမြင်အောင် မျက်နှာလေး လွှဲပြီး ပြန်ဖြေလိုက်တယ်။

" ဟုတ်တယ် ဘရူနို။ တမိုင် လောက်ဝေးတယ်။ တကယ်တော့ တော်တော်လေး ဝေးတယ်ကွဲ့"

ဘရူနိုက သူတခုခု အံ့သြစရာ မြင်တိုင်း ကြားတိုင်း လုပ်သလိုမျိုး ပါးစပ်လေးကို ဝိုင်းစက်နေအောင် ငါးကလေးလို ဟလို့ အံ့အားသင့်သွားတာပေ့ါ။

" သားတို့ ဘာလင်ကနေ ထွက်သွားရမှာလား"
သူ မယုံကြည်နိုင်ခြင်းများစွာနဲ့ အသက်ပြင်းပြင်းရှူရင်း အမေ့ကို ပြန်မေးလိုက်တယ်လေ။

"ဟုတ်တယ် သားရယ်" ဆိုပြီး အမေက ဝမ်းနည်းစွာနဲ့ ခေါင်းလေးငြိမ့်လို့ ဖြေရှာပါတယ်။
" မင်း အဖေ အလုပ်သစ်က......"

အမေ့စကားတောင် မပြတ်လိုက်ပါဘူး။ ဘရူနိုရဲ့ အဆက်မပြတ်တဲ့

မေးခွန်းတွေက အမေ့ဆီ စုပြုံကျလာပါတော့တယ်။

" ဒါဆို သားရဲ့ ကျောင်းကရောကားလ်၊ ဒန်နီရယ်နဲ့ မာတင်တို့ကရော။ သူတို့သားနဲ့အတူတူဆော့ချင်တယ်ဆိုရင် သားကို ဘယ်လိုလုပ် လိုက်ရှာလို့ ရတော့မှာလဲ"

" သားသူငယ်ချင်းတွေကို လောလောဆယ်တော့ နှုတ်ဆက်ခဲ့ရမှာပေါ့ကွယ်။ သားရဲ့ သူငယ်ချင်းတွေကို မကြာခင်မှာ ပြန်တွေ့ရမှာ သေချာပါတယ်။ နောက်ပြီး အမေ စကားပြောရင် ဖြတ်ပြောတာ အမေမကြိုက်ဘူးနော်"

ဒီသတင်းက အားလုံးအတွက် စိတ်မချမ်းသာစရာဆိုပေမဲ့ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် အမူအကျင့်ကောင်းတွေ ရှိလာအောင် ဘရူနို့ကို အမေက အမြဲတမ်းသွန်သင်ဆုံးမတတ်တယ်လေ။

" သူတို့ကို နှုတ်ဆက်ခဲ့ရမယ်တဲ့လား"
ဘရူနိုက အမေ့စကားကို မယုံကြည်နိုင်တဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်နေတယ်လေ။ ပြီးတော့ သူထပ်ပြောလိုက်တယ်။

" သူတို့ကို နှုတ်ဆက်ခဲ့ရမယ်တဲ့လား"
ပါးစပ်ထဲက ဝါးလက်စ ဘီစကစ်မုန့်လေးတွေတောင် ထွက်ကျလို့ပါ။

"ကားလ်၊ ဒန်နီရယ်နဲ့ မာတင် တို့ကို နှုတ်ဆက်ခဲ့ရမှာတဲ့လား"
တဖြည်းဖြည်း နဲ့ ဘရူနိုတယောက် ဒေါသထွက်လို့ အသံလေးတောင် ကျယ်လာပါတော့တယ်။ အမေက သူ့ကို အိမ်ထဲမှာ စကားကျယ်ကျယ်မပြောရဘူးလို့ သင်ထားတာ သူဂရုမစိုက်နိုင်တော့ပါဘူး။ နောက်ဆုံးတော့ သူ အမေ့ကို အော်ပြောလိုက်ပါရောလား။

" သူတို့က သားရဲ့ အချစ်ဆုံးသူငယ်ချင်းသုံးယောက်လေ"

"အိုး...ဟိုရောက်ရင် သား သူငယ်ချင်းအသစ် တွေရမှာပေါ့ကွယ်"
အမေက စိတ်မရှည်တဲ့ လေသံနဲ့ ဖြေလိုက်တာပေါ့။ ဘရူနို့အတွက် သူငယ်ချင်းဆိုတာ ဘယ်လောက်အရေးပါမှန်း အမေ နားမလည်တာ ကျိန်းသေပါတယ်။

" ဒါပေမယ့် သားတို့မှာ လုပ်စရာတွေ ရှိသေးတယ်လေ" ဆိုပြီး ဘရူနိုကတော့ လုံးဝ အလျှော့မပေးပါဘူး။
"လုပ်စရာတွေတဲ့လား"
အမေက သူ့စကားကြောင့် မျက်ခုံးလေးတောင် မြင့်တက်သွားပါတယ်။
" ဘာလုပ်စရာတွေ များပါလိမ့်"

" အမေ့ကိုတော့ ပြောလို့မရဘူးလေ"

ဘရူနိုက အမေ့မျက်နှာကိုရှောင်လို့ တွေ့ကရာ အဖြေပေးလိုက်တာပေါ့ ။ သူကိုယ်တိုင်တောင် သူတို့ ဘာလုပ်မယ်ဆိုတာ သေချာ သိတာမဟုတ်ဘူးလေ။ သေချာတာကတော့ မကြာခင် ရက်သတ္တပတ်အတွင်း ကျောင်းပိတ်ပြီဆိုရင် သူတို့ လေးယောက်ပေါင်းပြီး ပေါက်ကရတွေ လျှောက်လုပ်ဖို့ပဲ များပါတယ်လေ။

" အမေ တောင်းပန်ပါတယ် သားရယ်။ သားရဲ့ လုပ်စရာတွေကို ခဏလောက်တော့ ရပ်ထားပစ်ခဲ့ရမယ်ကွဲ့။ အမေတို့ကိုယ်တိုင်လည်း ရွေးချယ်စရာမရှိဘူးလေ" လို့ အမေက ပြောပါတယ်။

" ဒါပေမယ့် အမေရယ်"

" ဘရူနို၊ တော်လောက်ပြီနော် သားလေး"

အမေက သူအတည်ပြောနေတယ်ဆိုတာသိအောင် ဘရူနို့ကို စိုက်ကြည့်ပြီးပြောလိုက်တာပေါ့။

" အမှန်တိုင်းဆို သား တလောကပဲ ဒီအိမ်မှာ ပြောင်းလဲသွားတာတွေကို မကြိုက်ဘူးလို့တောင် ပြောနေတာ မဟုတ်ဘူးလား"

" အင်းလေ...သားက ညဘက် မီးတွေ အကုန်မှိတ်ထားရမယ်ဆိုတာကြီးကိုမှ မကြိုက်တာ" လို့ သူဝန်ခံခဲ့ပါတယ်။

" ဒီအမိန့်ကို အားလုံးက နာခံရတယ် သားရဲ့။ ညဘက် မီးမှိတ်ထားတာက အမေတို့ကို ဘေးကင်းစေတယ်လေ။ နောက်ပြီး အမေတို့ ဒီကနေ ပြောင်းသွားရင် ပိုပြီး အန္တရာယ်ကင်းမယ်လို့လည်း ထင်တယ်။ အခု သား အပေါ်ထပ်သွားပြီး မာရီယာ့ကို အထုပ်အပိုးတွေ သိမ်းဖို့ ကူညီပေးလိုက်ပါကွယ်။ အမေတို့မှာ ထင်သလောက် အချိန်မရတော့ဘူးကွဲ့။ လူတချို့က အမေတို့ကို အမြန် လုပ်ခိုင်းနေပြီလေ"

ဘရူနိုလည်း စိတ်ပျက်သွားတဲ့ မျက်နှာလေးနဲ့ ခေါင်းငြိတ်ပြီး အပေါ်ထပ်တက်လာခဲ့ပါတယ်။ အမေပြောတဲ့ 'လူတချို့' ဆိုတာ အဖေ့ကို ရည်ညွှန်းတယ်ဆိုတာလည်း သူသိတယ်လေ။

ဘရူနိုတယောက် လှေကားလက်ရန်းလေးကို ကိုင်လို့ အဖေ့အလုပ်သစ်ဆိုတဲ့ နေရာမှာ ဒီအိမ်လောက်ကောင်းတဲ့ လှေကားလက်ရန်းရှိပါ့မလားလို့ တွေးနေမိပါသေးတယ်။ ဘရူနိုက ဒီ လှေကားလက်ရန်းပေါ်ကနေ လျှောချရတာ သိပ်ကို သဘောကျတာလေ။ နောက်ပြီး လှေကားရှေ့နားက မှန်တံခါးလေးကို ခြေဖျားထောက်ပြီး ကြည့်လိုက်မယ်ဆို ဘာလင်မြို့ရဲ့ ရှုခင်းတွေနဲ့ လမ်းကလေးကို ကြည့်လို့ရတာပေါ့။

အပေါ်ဆုံးအထပ်မှာဆိုရင် အဖေနဲ့ အမေ့ရဲ့ အိပ်ခန်းကျယ်ကြီးနဲ့ ရေချိုးခန်း အကြီးကြီးရှိတယ်လေ။ ဘရူနို့ကိုတော့ ဝင်ခွင့်မပေးထားပါဘူး။

ဒုတိယထပ်မှာတော့ သူ့အိပ်ခန်းနဲ့ ဂရက်တယ် ရဲ့ အိပ်ခန်း နှစ်ခုရှိတာပေါ့။ နောက်ပြီး ဘေးမှာ ရေချိုး ခန်း ငယ်ေလး တခုလည်း ရှိပါသေးတယ်။

အဲ့ဒီကနေ ဆက်ဆင်းလာမယ်ဆိုရင် တတိယထပ်ကို ရောက်လာပါပြီ။ ဘရူနိုက အပေါ်ဆုံးထပ်ကနေစလို့ လှေကားလက်ရမ်းကေနလျှောချပြီး ဒီအထပ်မှာမှ ကြမ်းပြင်ပေါ် ခြေချတတ်တယ်လေ။ ဒီလို ကစားရတာ ဘရူနို သိပ်ကြိုက်တာပါပဲ။

ဒီအိမ်မှာနေရတာ သိပ်ကောင်းတဲ့ လှေကားလက်ရန်းရှိလို့ဆိုတဲ့အကြောင်း အပြင် နောက်ထပ် အကြောင်းအရင်းတခုကတော့ အဘိုးနဲ့ အဘွားတို့က အနီးအနား ပတ်ဝန်းကျင်မှာ နေတယ်ဆိုတာ ပါပဲ။ အဘိုး နဲ့ အဘွား အကြောင်းတွေးမိမှ သူတို့လည်း အဖေ့ အလုပ်သစ်ဆီ လိုက်လာမှာလားလို့ စဉ်းစားမိပါသေးတယ်။ သူတို့က အရမ်းကို အိုမင်းနေပြီလေ။ ဘယ်သူမှတော့ ဂရက်တယ့်ကို မခေါ်ချင်တာတော့ ကျိန်းသေပါတယ်။ သူက အမြဲ စိတ်ပျက်စရာကောင်းတဲ့ ကောင်မလေးပါ။ သူ့ကို ဒီအိမ်မှာ ထားခဲ့ရင် သိပ်ကောင်းမှာပဲ။ အဘိုးနဲ့အဘွားကိုတော့ ဘရူနို အိမ်အသစ်ဆီခေါ်သွားချင်မိပါတယ်။

ဘရူနို အပေါ်ထပ်ကို တက်သွားရင်း အောက်ထပ်ကို တချက်လှည့်ကြည့်လိုက်တော့ အမေက အဖေ့ရုံးခန်းထဲကို ဝင်သွားတာ တွေ့လိုက်ရပါတယ်။ အဖေ့ရုံးခန်းက ထမင်းစားခန်းနဲ့ မျက်နှာချင်းဆိုင်ကအခန်းလေ။ အဖေ့ရုံးခန်းက ဘရူနို့အတွက်တော့ ဘယ်လို အခြေအနေမျိုးမဆို မခေါ်ဘဲ မလာရမဲ့ အခန်းပါပဲ။ နောက်ပြီး အခန်းထဲကနေ အမေ့ အသံကျယ်ကျယ်ကို သူ ကြားလိုက်ရတယ်လေ။ အဖေကတော့ သူ့ဂသီအတိုင်း အမေ့အသံထက် ပိုကျယ်အောင် ပြောရင်း စကားသံတွေ ရပ်သွားတာပေါ့။ ရုံးခန်းတံခါးေဆာင့်ပိတ်သံ ကြားလိုက်ရတာမို့ ဘရူနိုလည်း သူ့အခန်းပြန်ပြီး မာရီယာ့ကို အထုပ်တွေသိမ်းဖို့ သွားကူဖို့ရာ ဆုံးဖြတ်လိုက်ပါတယ်။ မဟုတ်ရင် မာရီယာက ဂရုမစိုက်ဘဲ သူ့ပစ္စည်းတွေကို ပစ်စလတ်ခတ် ထည့်နေဦးမှာပါ။ နောက်ပြီး ကုတင်ေနာက်မှာ ဝှက်ထားတဲ့ သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်းလေးတွေလည်း သိမ်းရဦးမယ် မဟုတ်ပါလား။

အခန်း (၂)

အိမ်အသစ်

အိမ်အသစ်ကို မြင်လိုက်ရတဲ့ တခဏမှာပဲ ဘရူနို့ရဲ့ ပါးစပ်ကလေး အဟောင်းသားဖြစ်လို့ လက်နှစ်ဖက်ကိုတောင် သူ့ခန္ဓာကိုယ်လေးကို ကြပ်ကြပ်ကိုင်ထားမိသွားပါတယ်။ ဒီအိမ်အသစ်နဲ့ ပတ်ဝန်းကျင်က အိမ်အဟောင်းနဲ့ လားလားမှ မတူတာမို့ သူတို့ အမှန်တကယ် ဒီအိမ်မှာနေရမယ်ဆိုတာတောင် သူမယုံနိုင်ပါဘူး။

ဘာလင်က အိမ်ဆိုရင် တိတ်ဆိတ်တဲ့ လမ်းလေးပေါ်မှာ ရှိနေတာဖြစ်ပြီး အနားမှာဆိုလည်း အခြား အိမ်ကြီး အိမ်ကောင်းတွေနဲ့ ဝန်းရံထားတာပါ။ အဲ့ဒီအိမ်ကြီးတွေက ကလေးတချို့နဲ့လည်း ဘရူနို အတူတူ ဆော့ကစားဖူးတယ်လေ။ (တချို့ မတည့်တဲ့ ကလေးတွေက လွဲရင်ပေါ့။) ဒီ အိမ်အသစ်ကတော့ လူမရှိ သူမရှိသလောက် ခြောက်ကပ်နေတ ့ နေရာကြီးထဲမှာ ထီးထီးကြီးရှိနေတဲ့အပြင် အနီးအနားမှာ အိမ်ခြေတွေလည်း မတွေ့မိဘူးလေ။ ဒါဆို ဘရူနိုနဲ့ အတူဆော့ပေးမဲ့ ကလေးလည်းမရှိတော့ဘူးပေါ့။

ဘာလင်မှာကျန်ခဲ့တဲ့ အိမ်ကြီးက သိပ်ကို ခမ်းနားကျယ်ဝန်းလှပါတယ်။ ဘရူနိုက အဲ့ဒီအိမ်မှာ ကိုးနှစ်တိုင်တိုင် နေနေခဲ့တယ်ဆိုပေမဲ့ သူ့အတွက် သွားစရာ နေရာအသစ်အဆန်းတွေက အိမ်ထဲမှာ မကုန်သေးဘူးလေ။ ဥပမာ အဖေ့ရဲ့ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ကိုယ့်သဘောနဲ့ကိုယ် မဝင်ရဘူးဆိုတဲ့အခန်းလိုမျိုးပေါ့။ အခု ဒီအိမ်သစ်ကတော့ သုံးထပ်တိုက်အမျိုးအစားပါ။ အပေါ်ဆုံးအထပ်မှာ အိပ်ခန်း သုံးခန်းနဲ့ ရေချိုးခန်းတခု၊ အလယ်ထပ်မှာ မီးဖိုချောင်၊ ထမင်းစားခန်းနဲ့ အဖေ့အတွက် ရုံးခန်းအသစ် နဲ့ အောက်ဆုံး မြေအောက်ထပ်မှာတော့ အိမ်စေတန်းလျား ဆိုပြီး ရှိပါတယ်။

ဘာလင်က အိမ်မှာဆို လူတွေအမြဲတမ်း စည်ကားနေလေ့ရှိတာပေါ့။ နောက်ပြီး အပြင်လေးများ လမ်းသလားလိုက်မယ်ဆိုရင် လမ်းပေါ်မှာ လူတချို့က သုတ်သုတ် သုတ်သုတ်နဲ့သွားလို့၊ တချို့က အလုပ်ရှုပ်နေတဲ့ကြားထဲက မတ်တပ်ရပ်ရင်း စကားပြောလို့နဲ့ ဒါ့အပြင် တချို့ဆိုရင်လည်း အချိန်မရှိဘူးဆိုရင်း နှုတ်ဆက်ရုံ နှုတ်ဆက်ရင်း သွားနေကြတယ်လေ။ နာမည်စာလုံးလှလှကြီးတွေနဲ့ စတိုးဆိုင်တွေ ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ပန်းဂေါ်ဖီနဲ့ ပြောင်းဖူးတွေ အစုံတင်ထားတဲ့ ဟင်းသီးဟင်းရွက် စင်တွေကလည်း ပုံလို့ပါပဲ။ တချို့စင်တွေဆို မှို၊ တရုတ်မုန်လာ အစို့လှလှလေးတွေနဲ့ ပဲစိမ်း၊ သခွား၊ မုန်လာ စတဲ့ လတ်လတ်ဆတ်ဆတ်

အသီးအရွက်တွေတင်ထားတာ သိပ်ကို လှပလွန်းလှပါတယ်။ တခါတလေဆို သူက အဲ့ဒီ ဟင်းသီးဟင်းရွက် စင်လေးတွေရှေ့ မတ်တပ်ရပ်လို့ မျက်စိလေးမှိတ်ရင်း လေပြေလေညင်းလေး တိုက်ခတ်တာ ခံစားပြီး ဟင်းသီးဟင်းရွက်တွေကို တိုက်ခတ်လာတဲ့ လေကို ရှုရှိုက်ရင်း ဘဝရဲ့ ပျော်ရွှင်မှုအရသာဆိုတာ ဒါပါလားလို့ တွေးမိပါတယ်။ ဒါပေမယ့် အခု အိမ်အသစ်ဆီမှာတော့ ဟင်းသီးဟင်းရွက်စင်တွေမဆိုထားနဲ့ဦး၊ လူရိပ်လူယောင်တောင် သိပ်မမြင်ရပါဘူး။ နောက်ပြီး ဘရူနိုမျက်စိလေးမှိတ်လို့ ပတ်ဝန်းကျင်ကို ခံစားကြည့်ရင်လည်း ဗလာနတ္ထိပါပဲ။ သူ တယောက်ထဲ ကမ္ဘာ့အထီးကျန်ဆန်ဆုံးနေရာကို ရောက်နေတဲ့အတိုင်း ခံစားနေရတာပေါ့။

ဘာလင်မှာဆိုရင် လမ်းပေါ်မှာ ခုံလေးတွေကိုယ်စီချလို့ လူတွေက အလျှိုလျှို နေရာယူထားတတ်ကြသလို ဘရူနို ကားလ်၊ ဒန်နီရယ် နဲ့ မာတင်တို့နဲ့အတူ ကျောင်းကပြန်လာရင် အဲ့ဒီလမ်းပေါ်ကလူတွေက အမြုပ်တစီစီဝေနေတဲ့ ဘီယာလေးသောက်ရင်း စကားကျနေလိုက်ကြတာ သူတို့သာလျှင် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားတွေ အတိုင်းပါပဲ။ သူတို့ဘာတွေ ပြောနေလဲ ဘရူနိုနားမလည်ပေမဲ့ သူတို့ ရယ်မောနေတာ မြင်ရတာ သဘောကျမိပါတယ်။ အခု အိမ်အသစ်ကတော့ ခြောက်ကပ်လွန်းလို့ ဘယ်သူမှ ဒီအိမ်မှာ နေရင်း မရယ်ဘူးတဲ့အတိုင်းပါပဲ။ အဲ့ဒီတော့ ဒီအိမ်မှာနေရတာ ပျော်စရာတွေ ရှိမလာနိုင်ဘူးလို့ သူထင်မိပါတယ်။

" သားတို့တော့ ဒီအိမ်ပြောင်းလာရတာ ကံဆိုးတာပဲနော်" လို့ ဘရူနိုက အိမ်ကိုလျှောက်ပတ်ကြည့်ရင်း ရေရွတ်လိုက်ပါတယ်။ မာရီယာကတော့ ဘရူနို့အခန်းသစ်မှာ ပစ္စည်းပစ္စယတွေ နေရာချနေခဲ့တာပေါ့။ အခု အိမ်အသစ်မှာတော့ မာရီယာ တယောက်ထဲ အစေခံမဟုတ်တော့ပါဘူး။ ဘာဖြစ်လို့ဆို အိမ်အသစ်မှာ နဂိုထဲက ခပ်ပိန်ပိန်နဲ့ အစေခံသုံးယောက်ရှိပြီး သူတို့ကလည်း သူတို့အချင်းချင်းသာ ကြားလောက်တဲ့ အသံနဲ့ပဲ ခပ်တိုးတိုး စကားပြောတတ်ပါတယ်။ နောက်ပြီး မီးဖိုချောင်ထဲကို နေ့စဉ် ဟင်းသီးဟင်းရွက် ခူးပြီး တော့ ဘရူနိုတို့မိသားစု ထမင်းစားတဲ့အခါ ခိုင်းဖို့ အနားမှာ နေနေတတ်တဲ့ အဘိုးကြီး တယောက်လည်း ရှိပါသေးတယ်။ သူ့ကြည့်ရတာ အင်မတန် အိုမင်းနေပြီဆိုပေမဲ့ မျက်နှာခက် ထန်ထန်ရှိပြီး အမြဲတမ်းလည်း တခုခုကို အလိုမကျတဲ့ပုံနဲ့ပါ။

" အမေတို့မှာ စဉ်းစားနေဖို့ အချိန်မရှိဘူးကွဲ့" အမေက သူ့အမေနဲ့ အဖေ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့လိုက်တဲ့ ခြောက်ဆယ့်လေးခွက်ပါ ဖန်ခွက် အလှလေးတွေကို စီစီရီရီ ထုတ်ရင်း ဘရူနို့ကို လှမ်းပြောလိုက်ပါတယ်။

" တခါတလေ သူများတွေရဲ့ ဆုံးဖြတ်ချက်အတိုင်း အမေတို့က လိုက်လုပ်ရတယ်ကွဲ့"

ဘရူနို အမေပြောတဲ့ စကားရဲ့ အဓိပ္ပါယ်ကို လုံးဝနားမလည်ခဲ့ပါဘူး။
" သားကတော့ ဒီအိမ်ပြောင်းလာတာ ကံဆိုးတယ်ထင်တာပါပဲ" ဆိုပြီး ဆက်ပြောနေသေးတယ်လေ။
" သားတို့ ဒီကိုရောက်ခဲ့တာကို မေ့ပြီး အိမ်ကိုပြန်ကြရင် မကောင်းဘူးလားဟင်။ ဒီခရီးကို သားတို့အတွက် ပျော်ပွဲစားတခုလို့ပဲ မှတ်ထားလိုက်ကြတာပေါ့"

ဘရူနိုက အမေ့ကို အိမ်ပြန်ဖို့ သွေးဆောင်နေခဲ့တယ်လေ။

အမေကတော့ သားကို တချက်ပြုံးပြီးကြည့်လို့ လက်ထဲက ဖန်ခွက်တွေကို စားပွဲပေါ်တင်ေနရင်းက ပြန်ပြောလိုက်တယ်။

" ဒါမှ မဟုတ် ဒီလိုလုပ်ပါလား။ အမေတို့ ဒီလိုမကောင်းတဲ့ အခြေအနေထဲကနေ အကောင်းဆုံး နဲ့ အပျော်ဆုံးဖြစ်အောင် နေကြမယ်လေ"

" သားကတော့ မထင်ပါဘူးဗျာ။ အဖေ့ကို အမေစိတ်ပြောင်းသွားပြီလို့ပြောကြည့်ပါလားဟင်။ သားတို့လည်း ဒီနေ့ ထွက်လာရတာ ပင်ပန်းနေပြီဆိုတော့ ဒီည ဒီမှာပဲ ညအိပ်ပြီး မနက်ဖြန် စောစော ဘာလင်ကို ပြန်မယ်ဆိုရင် လက်ဘက်ရည်သောက်ချိန် အမီရောက်လောက်တယ်ဗျ"

အမေက သက်ပြင်းလေးချပြီး သူ့ကို ကြည့်လိုက်တယ်။
" ဘရူနိုရယ် အပေါ်ထပ်သွားပြီး မာရီယာ့ကို အထုပ်ဖြေဖို့ ကူညီပေးလိုက်ပါလားဟင်"

" ဒါပေမယ့် သားတို့ပြန်တော့မှာဆိုရင် အထုပ်တွေဖြေစရာမှ မလိုတာ....."

" ဘရူနို ကျေးဇူးပြုပြီး အမေခိုင်းသလို လုပ်ပေးပါလားကွယ်"
အမေက သူ့ကို စကားဖြတ်ပြောလိုက်တာပေါ့။
" အမေတို့ ဒီကိုရောက်နေပြီပဲလေ။ အမေတို့ ဒီမှာ ပေျာ်အောင်နေရမှာပေါ့ မဟုတ်ဘူးလား။ ပေျာ်ရွှင်စရာ အနာဂတ်က လက်တကမ်းရောက်နေပြီပဲကွယ်။ သားလေး နားမလည်ပေးနိုင်ဘူးလား"

ဘရူနို အမေပြောတဲ့ ' ပျော်ရွှင်စရာ အနာဂတ်' ဆိုတာကိုတော့ နားမလည်ခဲ့ပါဘူး။

" အမေတို့ ဒီမှာ နေကြရမယ် သား" ဆိုပြီး အမေ ထပ်ပြောလိုက်ပါတယ်။

ဘရူနိုလည်း အမေ့ကို နားဝင်အောင်မပြောနိုင်တော့ တယောက်ယောက်ကိုပဲ စိတ်တိုသလို လို၊ ဗိုက်ထဲကပဲ အောင့်သလိုလို ခံစားရရင်း မအီမသာကြီး ဖြစ်နေပါတော့တယ်။ သူ့မျက်လုံးမှာတောင် ဝမ်းနည်းလွန်းလို့ မျက်ရည်လေးတွေ ဝဲလို့ပါ။ သူက အခုထိ ဒီလို ခြောက်ကပ်ပြီး ပျော်ရွှင်စရာ အတိမရှိတဲ့ အိမ်ကြီးမှာနေရမှာကို မယုံနိုင်သေးဘူးလေ။ တနေ့ကပဲ ဘာလင်မြို့က လမ်းပေါ်မှာ သူငယ်ချင်းတွေနဲ့အတူ ဆော့ကစားရင်း

ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတဲ့ကလေးက အခုလိုမျိုး ရုတ်တရက်ဆိုသလို စိတ်ပျက်စရာကောင်းတဲ့ အိမ်ကြီးဆီ ပြောင်းလာရမယ်လို့ မတွေးမိခဲ့မှာ အမှန်ပါပဲ။ နောက်ပြီး အိမ်ကြီးက တီးတိုးစကားပြောတတ်တဲ့ အစေခံသုံးယောက်နဲ့ စိတ်တိုတိုမျက်နှာပေးနဲ့ စားပွဲထိုးတတ်တဲ့ အဘိုးကြီးကလည်း ဘရူနို့ကို ထမင်းမြိုမကျစေခဲ့ဘူးလေ။

" ဘရူနို အမေပြောတဲ့အတိုင်း အပေါ်ထပ်သွားပြီး အထုပ်သွားဖြေချေကွယ်" ဆိုပြီး အမေက တောင့်တောင့်ကြီး ပြောလိုက်တော့ ဘရူနိုလည်း အခြေအနေမကောင်းတော့တာ ရိပ်မိပြီး တခွန်းမှ မဟတော့ဘဲ သူ့အိပ်ခန်းဆီ ခြေဦးလှည့်ခဲ့ပါတော့တယ်။ သူ့မျက်ဝန်းအိမ်ထဲမှာ မျက်ရည်စလေးတွေ ပြည့်နေပေမဲ့ မငိုမိအောင် တင်းခံခဲ့ပါတယ်။

သူအပေါ်ထပ်ရောက်တော့ တချက်လောက် အခန်းတွေဆီ ပျော်စရာနေရာလေးများ ရှိမလား မျက်စိကစားကြည့်မိပေမဲ့ အပေါ်ထပ်မှာတော့ ခြောက်ကပ်ကပ်အခန်း လေးခန်းအပြင် ဘာမှ မရှိခဲ့ပါဘူး။ ဘရူနို့အိပ်ခန်း၊ ဂရက်တယ့်အိပ်ခန်း၊ အမေနဲ ့အဖေတို့ အိပ်ခန်းနဲ့ ရေချိုးခန်းဆိုပြီး တံခါးလေးခု အပြင် ကျန်တာဘာမှမရှိဘူးလေ။

" ဒါဟာ အိမ်လုံးဝမဟုတ်ဘူး။ ဘယ်တော့မှလည်း အိမ်ဖြစ်လာမှာ မဟုတ်ဘူး" လို့ ဘရူနိုက သူ့အခန်းထဲကို ဝင်လာရင်း တတွတ်တွတ် ရေရွတ်သွားပါတယ်။ အခန်းထဲမှာတော့ နေရာတကျမချရသေးတဲ့ စာအုပ်တွေနဲ့ အရုပ်တွေက ပြန့်ကျဲနေတာပေါ့။ မာရီယာတယောက်လည်း အတော်ပင်ပန်းနေပါပြီ။

" အမေက ကျွန်တော့်ကို သွားကူညီလိုက်ပါတဲ့" ဆိုတော့ မာရီယာက ခေါင်းလေးငြိမ့်လို့ ဘရူနို့ ခြေအိတ်နဲ့ အတွင်းခံအဝတ်အစားတွေထည့်ထားတဲ့ အိတ်တလုံးကို လက်ညှိုးထိုးပြလိုက်ပါတယ်။

" အဲ့ဒီ အိတ်ကလေးကို ကူညီပြီး ဖြည်ပေးမယ်ဆိုရင်တော့ ဟောဟိုနားက ဗီရိုထဲမှာ ကျကျနန စီလို့ရမှာပေါ့ရှင်" ဆိုပြီး ဖုံတွေတက်နေတဲ့ အခန်းထဲက အရုပ်ဆိုးဆိုး ဗီရိုတလုံးကို ညွှန်ပြတယ်လေ။

သူလည်း သက်ပြင်းလေးချလို့ အိတ်ကိုဖွင့်လိုက်တော့ အိတ်ထဲမှာ သူ့အဝတ်အစားတွေအပြည့်နဲ့ပါ။ ဘရူနိုကတော့ အဝတ်အစားတွေထဲ ခေါင်းထိုးချပြီး ပြန်ထွက်လာရင် ဒီ အိပ်မက်ဆိုးကြီးကနေ နိုးထနိုင်မယ်ဆို သိပ်ကောင်းမှာပဲ လို့ တွေးနေမိပါတယ်။ သူ အိမ်ကိုပဲ ပြန်ချင်နေမိတယ်လေ။

" မင်းရော ဘယ်လိုထင်လဲ မာရီယာ" သူက ခဏလောက် ငြိမ်နေပြီးတော့မှ မာရီယာ့ကို ထမေးလိုက်ပါတယ်။

မာရီယာ့ကိုတော့ သူက အိမ်ကအစေခံတွေထက် ပိုရင်းနှီးပြီး ယုံကြည်ပါတယ်။ အဖေကတော့ မာရီယာဟာ အိမ်စေတယောက်ပဲမို့ အရောမဝင်ဖို့ သတိပေးထားတာပေါ့။

" ဘာကို ပြောတာလဲဟင်" သူက ပြန်မေးပါတယ်။

" ဒီအိမ်ကိုပေါ့" ဆိုပြီး ဘရူနိုက သူ့ကို မေးတတ်ရန်ကော ဆိုတဲ့ အကြည့်နဲ့ ပြန်ကြည့်ရင်း ပြောလိုက်တာပေါ့။
" ဒီကို လာမိတာ ကျွန်တော်တို့ မှားပြီထင်တယ်နော်။ မင်းရော အဲ့ဒီလို ထင်မိလား"

" ကျွန်မအနေနဲ့ မပြောသင့်ပါဘူး သခင်လေး ဘရူနိုရှင့်။ သခင်လေးရဲ့ အမေက သခင်လေးကို အဖေ့အလုပ်သစ် အကြောင်းရှင်း...."

"အိုး.... ကျွန်တော် ဒီ အဖေ့အလုပ်အသစ်အကြောင်းကို ကြားနေရတာ ပင်ပန်းနေပါပြီဗျာ" ဆိုပြီး ဘရူနိုက သူ့စကားကို ဖြတ်ပြောလိုက်ပါတယ်။
" ဘယ်သူ့ကိုမေးမေး အဖေ့အလုပ်သစ်ဆိုတာကြောင့်ချည်းပဲ။ အခု အဖေ့အလုပ်သစ်ကြောင့် ကျွန်တော်တို့ ဘာလင်မြို့ကနေထွက်လို့၊ အိမ်နဲ့ လှေကားလှလှကြီးရော၊ ကျွန်တော့် အချစ်ဆုံးသူငယ်ချင်း သုံးယောက်ကိုပါ ထားခဲ့ရပြီလေ။ ကျွန်တော်ကတော့ အဖေ ဒီအလုပ်သစ် လက်မခံခင် သေချာ နှစ်ခေါက်လောက် စဉ်းစားသင့်တယ်ထင်တာပဲ။ ခင်ဗျားရော ဘယ်လိုထင်လဲဗျ"

အဲ့ဒီအချိန်မှာပဲ အမေနဲ့အဖေ့ အိပ်ခန်းဆီက တံခါးပွင့်သံကြားလို့ ဘရူနိုရုတ်တရက်လှမ်းကြည့်လိုက်တော့ တံခါးကြီးက ပွင့်လို့ပါ။ သူလည်း လှေကားနားကနေ အောက်ကို ခိုးကြည့်တော့ အမေက အဖေ့ရုံးခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်လေ။ သေချာတာကတော့ အဖေက ဘရူနို ခုနက ပြောနေတဲ့ စကားတွေအားလုံးကြားသွားလို့ အမေ့ကို အပြစ်တင်နေတာပဲ ဖြစ်ရပါမယ်။ ဘရူနိုလည်း အခုတော့ အသက်တောင်မရှူနိုင်ဘဲ အဖေ သူ့ကို အော်ခေါ်မှာကို အခန်းထဲဝင်လို့ စောင့်နေရရှာတယ်လေ။

ခဏနေတော့ သူ့အခန်းတံခါးက တဖြည်းဖြည်းပွင့်လာတယ်လေ။ ဒါပေမယ့် တံခါးဝမှာ ပေါ်လာတဲ့လူက အဖေမဟုတ်ပါဘူး။ အဖေ့လို ယူနီဖောင်းကို ဝတ်ထားတဲ့ လူငယ်လေးတယောက်ပါ။ သူ့ယူနီဖောင်းမှာတော့ အဖေ့လိုပဲ တံဆိပ်ပြားတွေ၊ အရစ်တွေနဲ့ တပ်ဆင်ထားတာပေါ့။ ယူနီဖောင်းနဲ့ လူငယ်လေးက မျက်နှာထားအင်မတန်တည်ပြီး ဦးထုပ်ကိုလည်း အောက်ကို ငိုက်ကာ ခပ်ကြပ်ကြပ် ဆောင်းထားတယ်လေ။ ဘရူနိုက သူ့ရဲ့ နားထင်နားက ရွှေအိုရောင်ဆံပင်လေးတွေကို သတိထားမိပါတယ်။ သူ့ရဲ့ ဆံပင်က ပုံမှန်ထက်ကိုပိုပြီး အဝါရောင်သန်းနေတာကိုး။ ယူနီဖောင်းနဲ့ လူငယ်လေးက လှေကားကိုသွားရင်းကနေ ဘရူနို့ကို တွေ့လိုက်တော့ သူက ကလေးတယောက်ကို ဘယ်တော့မှ မတွေ့ဖူးတဲ့ အကြည့်နဲ့ စူးစူးဝါးဝါးစိုက်ကြည့်နေတယ်လေ။

ဘရူနိုကတော့ သူ့ကိုများ ကိုက်စားတော့မှာလား၊ လှေကားပေါ်က ကန်ချတော့မှာလားတောင် တွေးမိနေပါသေးတယ်။ ဘရူနို့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးတော့ ယူနီဖောင်းနဲ့ လူငယ်က အလေးပြုဟန် ခေါင်းလေးတချက်ငြိတ်ပြပြီးတော့ သူ့လမ်းသူ ဆက်လျှောက်သွားပါတယ်။

" ဘယ်သူပါလိမ့်"
လူငယ်လေးက အလွန်တည်ကြည်ပြီး အလုပ်ရှုပ်နေပုံပေါက်တော့ အဖေ့ လူထဲက တယောက်ဖြစ်ရမယ်လို့တော့ ဘရူနိုတွေးမိပါတယ်။

" သခင်လေး အဖေရဲ့ စစ်သားတွေဖြစ်မှာပေါ့ရှင်" မာရီယာက ဖြေလိုက်တာပေါ့။ စောစောက လူငယ်လေး ဘရူနို့ကို ကြည့်နေတုန်းကတော့ မာရီယာတယောက် လက်ကလေးနောက်ပစ်လို့ သိုးငယ်လေးလို ကြောက်နေတယ်လေ။ သူက လူငယ်လေးကို မျက်နှာတောင် စေ့စေ့ကြည့်ရဲတာ မဟုတ်ပါဘူး။ ဂျာမန် စစ်သားတယောက်ကို မျက်နှာစေ့စေ့ကြည့်ရင် ကျောက်တုံးနဲ့ ပေါက်ကာ အပြစ်ပေးခံရတာ ကြောက်နေတဲ့ပုံပါ။ လူငယ်လေးထွက်သွားတော့မှပဲ သူ အသက် မှန်မှန် ရှူရဲပါတော့တယ်။

" ကျွန်မတို့ အဲ့ဒီလို စစ်သားတွေနဲ့ နောက်ဆို တော်တော်များများ တွေ့ရဦးမှာပါ"

" ကျွန်တော်ကတော့ သူ့ကို မကြိုက်ဘူးဗျ။ သူက သိပ် တည်လွန်းတယ်လေ"

" သခင်လေး အဖေလည်း တည်တာပဲကို"
မာရီယာက သူ့ကို ပြန်ဖြေလိုက်တာပေါ့။

" ဒါပေမယ့် အဖေက အဖေမို့လို့ တည်တာလေ။ အဖေတွေက မျက်နှာတည်ရတယ်ဗျ။ ဟင်းသီးဟင်းရွက်ရောင်းတဲ့ သူဖြစ်ေနေနေ၊ ဆရာတယောက် ဒါမှမဟုတ် စာဖိုမှူး တယောက် ဖြစ်နေနေ သူတို့တွေက သားသမီးတွေရှေ့မှာ တည်တည်ကြည်ကြည်နေရတယ်လေ"
ဆိုပြီး ဘရူနိုက သူ တလောက သိထားတဲ့ အဖေတွေရဲ့ အလုပ်ကို စဉ်းစားရင်း ပြောလိုက်ပါတယ်။
" နောက်ပြီး အဲ့ဒီ လူငယ်လေး မျက်နှာတည်တာက ကျွန်တော် အဖေနဲ့ လုံးဝ မတူပါဘူးဗျာ"

"ဟုတ်ပါတယ်လေ။ သူတို့အလုပ်က အရမ်းအရေးကြီးတဲ့အလုပ်ကိုး။ သူတို့ကိုယ်တိုင်ကလည်း အဲ့ဒီလို ေတွးထားတယ်လေ။ ကျွန်မသာ သခင်လေးနေရာမှာဆို အဲ့ဒီလို စစ်သားတွေဆီက ဝေးဝေးရှောင်မိမှာပဲ"
လို့ မာရီယာက သူ့ကို သတိပေးလိုက်ပါသေးတယ်။

" သူတို့နဲ့မှ စကားမပြောရရင် ကျွန်တော်က ဘယ်သူနဲ့ သွားပြောရမှာလဲဗျ။

ဒီအနီးအနားမှာလည်း ဘယ်ကလေးမှ မနေတဲ့ပုံပဲ။ ဂရက်တယ်နဲ့တော့ မဆော့ချင်ပါဘူး။ သူက သိပ်စိတ်ပျက်ဖို့ကောင်းတဲ့ ကောင်မလေးလေ" ဘရူနိုက ဂမ်းနည်းနည်းနဲ့ ပြောလိုက်တာပေါ့။

ပြီးတော့ ပြောရင်းဆိုရင်း မျက်ရည်တောင် ကျမလိုဖြစ်ခဲ့ပါသေးတယ်။ ဒါပေမယ့် သူက မာရီယာရှေ့မှာ ငိုမပြချင်လို့ အခန်းထဲကို ဟိုဟို ဒီဒီကြည့်ရင်း မျက်ရည်ကို အစွမ်းကုန်ထိန်းထားခဲ့ပါတယ်။ အခန်းထဲမှာလည်း ဘာမှ စိတ်ဝင်စားစရာမရှိပါဘူးလေ။ ရှိခဲ့မယ်လို့လည်း ဘရူနို မထင်ခဲ့ပါဘူး။ ဒါပေမယ့် အခန်းထောင့်တခုမှာတော့ မျက်နှာကျက်နား မရောက်တရောက်လောက်နားမှာ ပြတင်းပေါက်တပေါက်ကို တွေ့လိုက်ရပါတယ်။ ဒီပြတင်းပေါက်က ဘာလင်က အိမ်မှာ ဘရူနို အပြင်ကို ချောင်းကြည့်တဲ့ ပြတင်းပေါက်လေးလိုပါပဲ။ အခု ပြတင်းပေါက်ကတော့ သူ ခြေဖျားထောက်စရာမလိုဘဲ အပြင်လို လှမ်းကြည့်လို့ရတဲ့ အနေအထားမျိုးမို့ ဘရူနိုလည်း အချိန်ဆွဲမနေဘဲ ပြတင်းပေါက်လေးဆီ သွားချောင်းကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ဘရူနို့စိတ်ထဲမှာတော့ ဒီပြတင်းပေါက်လေးကနေ ချောင်းကြည့်လိုက်ရင် ဘာလင်မှာတုန်းကလို လမ်းပေါ်မှာ ထိုင်ပြီး ပွဲကျနေတဲ့ လူအုပ်ကြီးကို တွေ့ရမှာလား၊ လမ်းပေါ်မှာ ရှုတ်ယှက်ခတ်နေတဲ့ လူအုပ်ကြီးကို တွေ့ရမှာလားဆိုပြီး စိတ်လှုပ်ရှားလွန်းလို့ ပြတင်းပေါက်လေးဆီ တလှမ်းချင်း ချဉ်းကပ်လာခဲ့ပါတယ်။ နှစ်လှမ်း၊ သုံးလှမ်း လှမ်းပြီးတဲ့နောက်မှာတော့ ဘရူနိုက ပြတင်းပေါက်လေးဆီ မျက်နှာအပ်လို့ အပြင်ကို ချောင်းကြည့်လိုက်ပါတော့တယ်။ အပြင်က သူမြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူ့မျက်လုံးလေးက အရင်လိုပဲပြူးလို့၊ ပါးစပ်လေးကလည်း ဝိုင်းစက်ကာ လက်လေးနှစ်ဘက်ကိုလည်း ခန္ဓာကိုယ်စီကပ်ထားလိုက်ပြီး အံ့အားသင့်နေပါတော့တယ်။

အခန်း (၃)

ဂရက်တယ်

ဘရူနိုက သူ့အစ်မ ဂရက်တယ် ကို ဘာလင်ကအိမ်စောင့်ဖို့ထားခဲ့ရင် ကောင်းသားလို့တွေးခဲ့ပါတယ်။ ဂရက်တယ် က သူ့အတွက်တော့ ဒုက္ခပေးတတ်တဲ့ အစ်မတယောက်ပါပဲ။ နောက်ပြီး ဘာလင်မှာကတည်းကိုက ဂရက်တယ့်ကို ဘယ်သူမှ သဘောကျကြတာမဟုတ်ပါဘူးလေ။

ဂရက်တယ်က ဘရူနို့ထက် သုံးနှစ်ကြီးတဲ့ အစ်မပါ ။ ဂရက်တယ်နဲ့ ပတ်သက်ပြီးပြောရရင် ဘရူနိုလေး လူမှန်းသိတတ်စ အချိန်ထဲက ဂရက်တယ်ဟာ သူက အကြီးဖြစ်တယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ နှိပ်ကွပ်တတ်တာမို့ ဘရူနိုက သူ့ကို မကြိုက်တာ လေ။ အမှန်အတိုင်းပြောရရင် ဂရက်တယ့်ကို ဘရူနိုနည်းနည်းတောင် ကြောက်မိပါတယ်။

သူက အစ်မကြီး ပီပီ ဘရူနို့ကို အနိုင်ကျင့်တတ်တယ်လေ။ နောက်ပြီး မနက်တိုင်းလည်း သူက ရေချိုးခန်းထဲမှာ အကြာကြီး ဇိမ်ဆွဲပြီး ချိုးနေတတ်ကာ ဘရူနို့ကို အခန်းအပြင်မှာ စောင့်နေတတ်ခိုင်းပါ သေးတယ်။ သူ့အခန်းထဲက အရုပ်ပေါင်း သောင်းခြောက်ထောင်ကလည်း ဘရူနိုတယောက် ဂရက်တယ်မရှိချိန် အခန်းထဲ ဝင်ေမွှပြီဆိုမျက်နှာသေကြီးတွေနဲ့ စိုက်ကြည့်နေလိုက်ကြတာ သခင်အတိုင်းပါပဲ။ နောက်ပြီး သူ့ရဲ့ သူငယ်ချင်းတွေကလည်း ဘရူနို့အပေါ်မှာ အမြဲစနောက်ပြီး အနိုင်ကျင့်တတ်ကြပါသေးတယ်။ ဂရက်တယ်နဲ့ သူ့သူငယ်ချင်းတွေက ဘရူနိုထက် သုံးနှစ်ကြီးတာကို လက်ကိုင်ထားပြီး အမေနဲ့ မာရီယာတို့ မျက်ကွယ်ရောက်ပြီဆိုတာနဲ့ ပေါက်ပန်းစေး စကားတွေ ပြောဆိုပြီး နှိပ်စက်တတ်ကြတယ်လေ။

" ဘရူနိုက ကိုးနှစ်တောင် မရှိသေးဘူး။ ခြောက်နှစ်ပဲရှိသေးတယ်" ဆိုတဲ့ စကားကို ဂရက်တယ့်သူငယ်ချင်း ကောင်မလေးထဲက တယောက်က သီချင်းလို လုပ်ဆိုကာ ခေါင်းပုတ် ခြေပုတ်နဲ့ စနောက်တတ်ပါတယ်။

" ငါက ခြောက်နှစ်မဟုတ်ဘူး။ ကိုးနှစ်ရှိနေပြီ" ရယ်လို့ ဘရူနို သူတို့ကို အော်ထုတ်ပစ်နေကြပါ။

" ဒါဖြင့် နင်က ဘာလို့ ခန္ဓာကိုယ်လေး သေးနေရသတုံး" ဆိုပြီး အဲ့ဒီကောင်မလေးကလည်း ပြန်မေးတတ်တယ်လေ။
" တခြား ကိုးနှစ်သားကောင်လေးတွေက နင့်ထက်ပိုပြီး အရပ်ရှည်ကြတယ်ဟဲ့"

ဘရူနိုက တခြား သက်တူရွယ်တူ ကောင်လေးတွေထက်စာရင် အတန်ငယ်

အရုပ်ပုတာကြောင့် ဒီလို စနောက်တာ ခံရမြဲပါ။ သူက သူငယ်ချင်းတွေနဲ့ ယှဉ်ရင် သူတို့ပုခုံးလောက်သာ အရပ်ရှိတာမို့ ကားလ်၊ ဒန်နီရယ်နဲ့ မာတင် တို့နဲ့အတူများ လမ်းလျှောက်လာရင် လူတချို့က သူ့ကို ကျန်တဲ့ သူငယ်ချင်းတွေရဲ့ ညီလေးလို့ ထင်တတ်ကြတယ်လေ။ တကယ်တော့ သူက သူငယ်ချင်းတွေထဲမှာ ဒုတိယ အသက်အကြီးဆုံးပါ။

" နင်က အရုပ်ပုပုလေးဆိုတော့ နင့်အသက်က ခြောက်နှစ်လောက်ပဲ ရှိသေးတာပေါ့" လို့ အဲ့ဒီကောင်မလေးက ဆက်ပြောတော့ ဘရူနိုလည်း မခံချင်စိတ်နဲ့ သူတို့မမြင်ကွယ်ရာမှာသွားလို့ အရပ်များရှည်လာမလားဆိုပြီး တယောက်ထဲ လေ့ကျင့်ခန်းတွေ လုပ်နေခဲ့ပါတယ်။

ဘာလင်မှာတုန်းကလို သူ့ကို အနိုင်ကျင့်မဲ့သူတွေ မရှိတာ တချက်ကတော့ သူ့ကို ဒီအိမ်ကို ပြောင်းလာတာနဲ့ ပတ်သက်ပြီး ပျော်ရွှင်စေခဲ့ပါတယ်။ ဒီမှာ နေတဲ့ အချိန်လေးမှာသာ သူ့အရပ်နည်းနည်း ရှည်လာခဲ့ရင် ဘာလင်ကိုပြန်တဲ့အခါ မျက်နှာပန်းလှမှာကို သူမြင်ယောင်မိပါသေးတယ်။ အခုမှပဲ ဘရူနိုက အမေပြောတဲ့ အဆိုးထဲက အကောင်းဆိုတဲ့ စကားကို သဘောပေါက်စပြုလာပါတော့တယ်။

သူက ဂရက်တယ့်အိပ်ခန်းထဲကို တံခါးမခေါက်ဘဲ ပြေးဝင်သွားတော့ အခန်းထဲမှာ အရုပ်တွေကို နေရာချနေတဲ့ ဂရက်တယ်က သူ့ကို မျက်စောင်းထိုးလို့ ပြောပါတော့တယ်။

" နင် ဒီမှာ ဘာလုပ်နေတာလဲ" သူက တချက်အော်လိုက်တာပေါ့။
" မိန်းကလေး တယောက်ရဲ့ အခန်းထဲကို ဝင်ရင် တံခါးခေါက်ရတယ်ဆိုတာ နင်မသိဘူးလား"

" နင်က နင့်ရဲ့အရုပ်တွေအားလုံး ယူလာခဲ့တာလား"
ဘရူနိုက သူ့အစ်မရဲ့ မေးခွန်းကို လျစ်လျူရှုပြီး သူမေးချင်တာပဲ ရအောင် မေးတတ်တာအကျင့်ဖြစ်ေနပါပြီ။

" ဒါပေါ့။ ငါ အကုန်လုံးယူလာတာပေါ့။ ငါတို့ ဘာလင်ကို မပြန်ခင် ဒီမှာ ရက်သတ္တပတ်ချီအောင် ကြာဦးမှာလေ"

" ရက်သတ္တပတ်ချီပြီး ကြာဦးမှာတဲ့လား"
ဘရူနိုက စိတ်ပျက်သွားတဲ့ အသံနဲ့ ပြောလိုက်ပေမဲ့ သူ့အကြံကို အကောင်အထည်ဖော်လို့ရတော့မှာမို့ စိတ်ထဲကတော့ ကြိတ်ပြီး ဝမ်းသာနေခဲ့တာ အမှန်ပါပဲ။

" တကယ်ပဲ အဲ့ဒီလောက်တောင် ကြာမှာတဲ့လား"

" အေးပေါ့။ ငါကိုယ်တိုင် အဖေ့ကို မေးထားတာလေ။ အဖေကပြောတယ်။ ငါတို့ ဒီမှာ အနာဂတ်ကောင်းဖို့ကိစ္စတွေ လုပ်ပြီးမှ ပြန်ရမယ်တဲ့"

" အနာဂတ်ကောင်းဖို့ ကိစ္စဆိုတာ ဘာပါလိမ့်" လို့ ဘရူနိုက ဂရက်တယ့် အိပ်ရာ ထောင့်စွန်းလေးမှာထိုင်ရင်း ပြန်မေးလိုက်တာပေါ့။

"'သေချာတာကတော့ ဒီမှာ တော်တော်ကြာနေရဦးမယ် ဆိုတာပဲ" ဆိုပြီး ဂရက်တယ်က သူ့ကိုယ်သူ ပညာရှိကြီးလို ခေါင်းကလေး ငြိမ့်လို့ ပြောလိုက်ပါတယ်။
" သုံးပတ်လောက်တော့ ဖြစ်မယ်ထင်တယ်"

"ကောင်းပါပြီလေ။ ဒါပေမယ့် အနာဂတ်အတွက် ကောင်းမဲ့ ကိစ္စက တလလောက်တောင် မကြာဖူးဆိုတော့ တော်ပါသေးတယ်။ ငါ ဒီမှာ နေရတာ သိပ်မုန်းတာပဲ"

ဂရက်တယ်က သူ့မောင်လေးကို တချက်ကြည့်လိုက်ရင်း သူလည်း ဒီတခုတော့ သဘောတူတယ်ဆိုတာ သတိရသွားတာပေါ့။
" နင် ခံစားရတာ ငါလည်း နားလည်ပါတယ်။ ဒီမှာနေရတာ သိပ်မကောင်းဘူး နော်" လို့ သူက ဘရူနို့ စကားကို ထောက်ခံလိုက်ပါတယ်။

" အိုး....သိပ်ကို ဆိုးတာပေါ့" ဆိုပြီးတော့တောင် ဘရူနိုက သံယောင်လိုက်လိုက်သေးတာပါ။

" အခုတော့ အိမ်က မပြင်မဆင်ရသေးတော့ အကြည့်ရဆိုးနေတာ ဖြစ်မှာပါ။ ငါတို့ ပြင်ပြီးတဲ့အချိန်ကျရင်တော့ ဒီအိမ်လေးလည်း ဘာလင်က အိမ်လို နေချင်စရာ ဖြစ်လာမှာပေါ့။ ငါတို့ရှေ့က အရင် နေသွားတဲ့ အောက်ဗစ်သ် (Out-With) က လူတွေက အလုပ်လက်မဲ့ဖြစ်သွားလို့ ငါတို့အတွက်တောင် မပြင်မဆင်နိုင်ဘဲ ထွက်သွားရတာတဲ့လေ"

" အောက်ဗစ်သ် ဆိုတာက ဘာများလဲ" လို့ ဘရူနိုက မေးတော့တာပေါ့။
" အောက်ဗစ်သ် က ဘယ်သူပါလိမ့်"

"အောက်ဗစ်သ်ဆိုတာ လူမဟုတ်ဘူးဟဲ့။ အောက်ဗစ်သ်က ဒီအိမ်ကြီးရဲ့ နာမည်လေ"

ဘရူနို အတွေးရှုပ်သွားရပါတယ်။ သူ့ဘဝတလျှောက်လုံးမှာ နာမည်ရှိတဲ့ အိမ်မှာ မနေဖူးပါဘူး။ ဘာလင်က အိမ်က နံပါတ် လေး ဆိုတာကလွဲရင် အခြားနာမည် မရှိဘူးလေ။

" ဒါဆို အောက်ဗစ်သ် ဆိုတာ ဘာအဓိပ္ပါယ်လဲဟင်" လို့ ဘရူနိုက သိချင်ဇောနဲ့မေးလိုက်ပါတယ်။

" ငါ့အထင်တော့ အရင်က နေသွားတဲ့ လူတွေ ထွက်သွားရလို့ အောက်ဗစ်သ် (Out-With) လို့ ေခါ်တယ် ထင်တာပဲ" ဆိုပြီး ဂရက်တယ်ကလည်း သူစဉ်းစားမိသလောက်လေး ပြန်ဖြေရှာတယ်လေ။
" သူတို့က အလုပ်ကောင်းကောင်းမလုပ်လို့ တယောက်ယောက်က ဒီအလုပ်နဲ့

သင့်တော်တဲ့သူကို ခေါ်ပြီး နေရာပေးခဲ့တာနေမှာပေါ့"

" အဖေ့ကိုပြောတာလား"

"ဒါပေါ့"

ဂရက်တယ့်အမြင်မှာ အဖေက သိပ်ကို လေးစားစရာကောင်းပြီး ကလေးတွေအပေါ် ကြင်ကြင်နာနာနဲ့ ဆက်ဆံတတ်ကာ သူ့ညအိပ်ရာဝင်တိုင်းလည်း အိပ်ရာဝင်အနမ်းလေးနဲ့ နှုတ်ဆက်တတ်တဲ့ လူတယောက်ဖြစ်ခဲ့ပါတယ်။ ဘရူနိုကိုလည်း အဖေက ချစ်ပါတယ်။ ဒါပေမယ့် အိမ်ပြောင်းလာရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘရူနိုက အဖေ့အပေါ် အမြင်မကြည်ဖြစ်နေတယ်လေ။

" ဒါဆို ငါတို့ ဒီ အောက်ဖစ်သ်မှာ အကြာကြီးနေရဦးမှာပေါ့နော်"

" ဒါပေါ့ ဘရူနိုရယ်။ အခုတော့ ငါ့အိပ်ရာခင်းပေါ်က ထလိုက်တော့။ နင့်ကြောင့် တွန့်ကြေကုန်ပြီ"

ဘရူနိုလည်း ကြမ်းပြင်ပေါ်ကို ခုန်ချလိုက်တော့ ကြမ်းပြင်ကို ခြေထောက်နဲ့ထိတဲ့ အသံက ဟိန်းလို့ထွက်လာတယ်လေ။ ဒီအိမ်က ဘာလင်က အိမ်လောက်တော့ ကြွံကြွံမခိုင်နိုင်တာ ကျိန်းသေပါတယ်။

" ငါကတော့ ဒီမှာ နေရတာမကြိုက်ဘူးဟာ" လို့ ညည်းတွားရင်း သူကထပ်ပြောလိုက်ပါသေးတယ်။

" နင်မကြိုက်တာ ငါသိပါတယ်။ ဒါပေမယ့် ငါတို့လုပ်နိုင်တာမှ မရှိတာ"

" ကားလ်၊ ဒန်နီရယ် နဲ့ မာတင်တို့ကို လွမ်းလိုက်တာ"

" အင်း ငါလည်း ဟေဒါ၊ အစ်ဆိုဘယ်နဲ့ လူဝီဇ် တို့ကို လွမ်းတာပေါ့" လို့ ဂရက်တယ်က ပြောတော့ သူ့ကို လိုက်စတဲ့ တယောက်က ဘယ်သူများပါလိမ့်လို့ စဉ်းစားနေမိပါသေးတယ်။

" ဒီနားက ကလေးတွေက သိပ်ပြီး မရင်းနှီးတတ်ဘူးထင်တယ်နော်" လို့ ဘရူနိုက ရုတ်တရက်ပြောလိုက်တာ့ ဂရက်တယ်က သူ့အရုပ်တွေကို စီနေရင်းကနေ အံ့သားသင့်တဲ့ မျက်နှာပေးနဲ့ လှည့်ကြည့်လိုက်တာပေါ့။

" နင် ဘာပြောလိုက်တာလဲ"

ဂရက်တယ်က သူ့ကိုမေးလိုက်ပါတယ်။

" ဒီနားက ကလေးတွေက သိပ်ပြီး မရင်းနှီးတတ်ဘူး ထင်တယ်လို့လေ" လို့ သူက ထပ်ပြောလိုက်ပါတယ်။

" ဒီနားက ကလေးတွေတဲ့လား" ဆိုပြီး ဂရက်တယ်က စိတ်ရှုပ်သွားတဲ့ပုံစံနဲ့ရေရွတ်နေတာပေါ့။

" ဘယ်က ကလေးတွေပါလိမ့်။ ငါဖြင့် ရောက်လာကတည်းက တယောက်မှ မတွေ့ဖူးပါဘူး"

ဘရူနိုက ဂရက်တယ့်အခန်းကို တချက် ဝေ့ကြည့်လိုက်တော့ သူ့အခန်းက ပြတင်းပေါက်ကခြံဘက်ဆီ မျက်နှာမူထားပါတယ်။ ဘရူနိုလည်း သူ့အစ်မ အရမ်းသိချင်နေတာ ရိပ်မိတော့ ဘာမှမပြောဘဲ အေးအေးလူလူနဲ့ ပြတင်းပေါက်ဆီ လေလေးချွန်ကာ ဘောင်းဘီအိပ်ထဲ လက်ထည့်လို့ အေးအေးလူလူ လျှောက်သွားခဲ့ပါတယ်။

" ဘရူနို"
ဂရက်တယ်က စိတ်မရှည်တဲ့အသံနဲ့ လှမ်းအော်လိုက်တာပေါ့။
" နင်ဘာလုပ်ေနတာလဲ။ ရူးသွားပြီလား ဟင်"

ဘရူနိုကတော့ သူ့စကားနားမထောင်ဘဲ ပြတင်းပေါက်ဆီ ရောက်အောင်သွားနေပါတယ်။ ပြီးတော့ ပြတင်းပေါက်ကနေ သူခြံထဲကိုလှမ်းကြည့်လိုက်တာ့ ခြံထဲမှာ သူတို့စီးလာတဲ့ကားနဲ့ စစ်သား သုံးလေး ယောက်လောက်က ဆေးလိပ်သောက်ရင်း တခုခုပြောကာ ရယ်မောနေကြတာတွေ့လိုက်တယ်လေ။ အဲ့ဒီရဲ့ နောက်မှာတော့ တောအုပ်ကလေးနဲ့ မြေသားလမ်းကလေး ခပ်ရေးရေးကို တွေ့လိုက်ရပါတော့တယ်။

"ဘရူနို ခုနက နင်ပြောတဲ့ စကားကို ဆက်ပြောစမ်းပါဦး"

" ဟိုးရှေ့နားလေးမှာ တောအုပ်လေးတခု ရှိတယ်ဟ" ဆိုပြီး ဘရူနိုက သူ့အစ်မ မေးခွန်းကို လျစ်လျူရှုကာ ဖြေလိုက်ပါတယ်။

"ဘရူနို" ရယ်လို့ ဒေါသထွက်ထွက်နဲ့ လှမ်းခေါ်ရင်း ဂရက်တယ်က သူ့ဆီ ေြခလှမ်းကျဲကျဲနဲ့ လျှောက်လာပြီး ပြတင်းပေါက် မျက်နှာမူနေတဲ့ သူ့ကို ဆွဲလှည့်လိုက်ပါတော့တယ်။

"ဘာလဲ" ဘရူနိုက သူ နားမလည်တဲ့ ပုံစံနဲ့တောင် ပြန်မေးနေသေးတာပါ။

"တခြားကလေးတွေက ဘယ်သူလဲ။ နင်ပြောတဲ့ သိပ် မခင်တတ်ပုံပဲဆိုတဲ့ ကလေးတွေလေ"

" အင်း သူတို့က မခင်တတ်တဲ့ပုံပဲ" လို့ အဖြေပေးလိုက်ရင်း သူက အမေပြောဖူးတဲ့ လူတွေကို မပေါင်းကြည့်ဘဲ မဆုံးဖြတ်ရဘူးဆိုတဲ့ စကားကို သတိရမိသွားတာပေါ့။

" အေး အဲ့ဒီကလေးတွေက ဘယ်သူလဲ။ ဘယ်မှာနေကြတာလဲ"

ဘရူနိုကတော့ ပြောင်စပ်စပ်နဲ့ အခန်းတံခါးတီ လမ်းလျှောက်သွားပါတယ်။ သူ့နောက်က ဂရက်တယ် လိုက်လာမှာပဲလို့ သူယုံကြည်တယ်လေ။ ဂရက်တယ်လည်း ဘရူနို့ကို နောက်ကကြည့်ပြီး စိတ်မရှည်တဲ့လေသံနဲ့ သက်ပြင်းကြီးချလို့ လက်ထဲက အရုပ်ကို အိပ်ရာပေါ်ပစ်ချပြီး သူ့နောက်လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့် သူက အခန်းထဲက ထွက်ခါနီး သူ့အရုပ်မလေးကို

တချက်ပြန်ကြည့်ရင်း စိတ်ပြောင်းသွားကာ ချက်ချင်းပေွ့ချီလို့ ဘရူနို့အခန်းဆီ လိုက်လာခဲ့ပါတော့တယ်။ သူ ဘရူနို့အခန်းထဲ ဝင်ဖို့ တံခါးအဖွင့်၊ မာရီယာကလည်း အထဲကနေ ကြွက်သေလိုအရာကြီး လက်ကကိုင်လို့ အပြင်ထွက်လာတာနဲ့တောင် ကြုံလိုက်ပါသေးတယ်။

" သူတို့က အဲ့ဒီမှာနေကြတာလေ"
ဘရူနိုက သူ့အခန်းထဲက ပြတင်းပေါက်ဆီကနေ အပြင်ကို ငေးကြည့်ရင်း ပြော လိုက်ပါတယ်။ သူက ဂရက်တယ် သူ့အခန်းထဲ ရောက်နေသလားတောင် လှည့်မကြည့်အားပါဘူး။ အပြင်က ကလေးတွေရဲ့ အပြုအမူက သူ့အတွက်တော့ အထူးအဆန်းပါပဲလေ။

ဂရက်တယ်ကတော့ ခပ်လှမ်းလှမ်းကနေ သူ့ကိုကျောပေးထားတဲ့ ဘရူနို့ကို ကြည့်ရင်း ဘာတွေမှာ ရှိနေသလဲဆိုတာကို သိချင်မိသလို၊ စိတ်ထဲကလည်း တခုခု ဆိုးဆိုးဝါးဝါး ဖြစ်နေမှာစိုးတာကြောင့် စိတ်ထဲကနေ ဘုရားစာကို တတွတ်တွတ်ရွတ်နေမိပါတော့တယ်။ ဘရူနိုက သူ့ကို အရင်တုန်းကတော့ တခါမှ မစဖူးပါဘူး။ အဲ့ဒါကြောင့် အခုလည်း သူ့ကို စနေတာမဟုတ်မှန်း သေချာအောင် အကဲခတ်နေရပါသေးတယ်။ စိတ်ထဲမှာတော့ ဘရူနိုပြောသလောက် တလကြာအောင် ဒီအိမ်မှာမနေရဘဲ ဘာလင်မြန်မြန်ပြန်ရဖို့ကိုသာ ဆုတောင်းနေမိပါတယ်။

" ကဲ"
ဘရူနိုက နောက်ပြန်လှည့်ကြည့်လိုက်တော့ တံခါးပေါက်နားမှာ အရုပ်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလို့ ဆံပင်နှစ်ဖက်ချစီးထားတဲ့ သူ့အစ်မကို တွေ့လိုက်ရပါတော့တယ်။
" နင် သူတို့ကို မကြည့်ချင်ဘူးလား"

"ကြည့်ချင်တာပေါ့" လို့ မြန်မြန်ဖြေလိုက်ပေမဲ့ ဂရက်တယ်က ပြတင်းပေါက်ဆီ စိတ်လှုပ်ရှားစွာနဲ့ တဖြည်းဖြည်း လျှောက်လာတယ်လေ။ ပြီးတော့ ဘရူနိုကို တွန်းထုတ်ကာ
" ဘေးဖယ်စမ်းပါ" လို့ ပြောလိုက်ပါတယ်။

အပြင်မှာတော့ အောက်တိုဘာ ... ခဲ့ အောက်ဝစ်သ် စံအိမ်ရဲ့ နေ့လည်ခင်း အပူချိန်က ပူပြင်းတောက်ပနေတာမို့ ဂရက်တယ် မျက်နှာလေးအပ်လို့ ရုတ်တရက်ကြည့်လိုက်တဲ့အခါမှာ နေအလင်းရောင်က သူ့မျက်လုံးဆီ တိုက်ရိုက်ဝင်သွားတာပေါ့။ ခဏလောက် မျက်တောင် တဖျတ်ဖျတ် ခတ်ပြီးတဲ့အခါမှာတော့ ဘရူနိုပြောနေတဲ့ ကလေးတွေဆိုတာကို မျက်ဝါးထင်ထင် တွေ့လိုက်ရပါတော့တယ်။

အခန်း (၄)

သူတို့ ပြတင်းပေါက်ကနေ မြင်လိုက်ရပြီ

အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ သူတို့တွေက ကလေးတွေချည်းမဟုတ်ပါဘူး။ သူတို့တွေက ကလေးငယ်လေးတွေနဲ့ လူငယ်အရွယ်ကောင်လေးတွေပါ။ အဖေအရွယ် လူကြီးတွေ၊ အဘိုးအရွယ်တွေနဲ့ ဦးလေးအရွယ်တွေကတော့ ပုံနေတာပါပဲ။ ဒါပေမယ့် သူတို့က တယောက်နဲ့ တယောက် လုံးဝ အမျိုးတော်ပုံမရပါဘူး။ နေရာအနှံ့အပြားက လူတွေ လာစုနေကြသလိုမျိုးပါပဲ။

"သူတို့တွေက ဘယ်သူတွေပါလိမ့်"
ဂရက်တယ်က သူ့မောင် အံ့သြသင့်တဲ့ အခါ ဖြစ်တတ်သလိုမျိုး ပါးစပ်လေး ဟလို့ မေးလိုက်ပါတယ်။
" ဒါက ဘယ်လို နေရာမျိုးကြီးလဲ"

" ငါလည်း သေချာတော့မသိပါဘူး" လို့ပဲ ဘရူနိုဖြေနိုင်ပါတယ်။
"ဒါပေမယ့် အဲ့ဒီနေရာက အိမ်လောက်မကောင်းတာတော့ သေချာတယ်"

" ဒါနဲ့ မိန်းကလေးတွေကရော ဘယ်ရောက်နေတာလဲ။ အမေတွေနဲ့ အဘွားတွေကရော"

" ငါထင်တာကတော့ သူတို့က သက်သက် တစုနေကြတယ်ထင်တာပဲ" ဆိုပြီး ဘရူနိုက သူ့အမြင်လေးကို ပြောပြရှာပါတယ်။

ဂရက်တယ်လည်း သူ့မောင်လိုပဲ ထင်မိပါတယ်။ သူ ဒီမြင်ကွင်းကို ဆက်မကြည့်ချင်ခဲ့ပေမဲ့ မျက်ကွယ်ပြုလိုက်ဖို့ရာလည်း နောက်ဆံတင်းနေမိတယ်လေ။ သူ့အခန်းထဲက ပြတင်းပေါက်ကနေကြည့်ရင် ပေျော်ပွဲစားထွက်ဖို့ အသင့်တော်ဆုံးဖြစ်မဲ့ တောအုပ်ကလေးကလေးက စိတ်ကြည်နူးစရာဆို ပေမဲ့ ဒီအခန်းဘက်က မြင်ကွင်းကတော့ လုံးဝ ကွဲပြားပါတယ်။

ဘရူနိုအခန်းထဲက ပြတင်းပေါက်ကနေကြည့်ရင် ပထမဆုံးတော့ ဥယျာဉ်ကြီးတခုကိုတွေ့ရမှာပါ။ ဥယျာဉ်ထဲမှာ ပန်းတွေကို လှလှပပ စီတန်းလို့စိုက်ထားပုံက လုပ်စရာမရှိလွန်းလို့ ဥယျာဉ်ထဲမှာပဲ တချိန်လုံး အချိန်ပေးကာ ဂရုစိုက်ထားပုံပါပဲ။ ဒီ ဥယျာဉ်လေးကို မြင်လိုက်ရတာ သိပ်ကို စိတ်ချမ်းသာဖို့ ကောင်းတာ အမှန်ပါပဲ။

ပန်းဥယျာဉ်ကိုကျော်ရင်တော့ စကြံ့န်လမ်းလေးတခုပေါ်မှာ သစ်သားခုံတန်းရှည်လေး တင်ထားတာကိုတွေ့ရပါတယ်။ ခုံတန်းပေါ်မှာတော့

တခုခု ရေးထားတဲ့ ဆိုင်းဘုတ်ရှိပေမဲ့ ဒီနေရာကနေတော့ မမြင်ရပါဘူး။ ခုံတန်းက အိမ်ရှေ့မှာ ထားထားတာမို့ နည်းနည်းတော့ ထူးဆန်းတယ်လို့ ဂရက်တယ် စဉ်းစားမိပါသေးတယ်။ ဒါပေမယ့် ဒီအိမ်ရောက်လာပြီးကတည်းက အရာရာက ထူးဆန်းနေတာမို့ ဂရက်တယ်လည်း စိတ်ထဲ မထားနေတော့ပါဘူး။

နောက်ထပ် ပန်းဥယျာဉ်ကြီးနဲ့ ခုံတန်းရှည်ကြီးရဲ့ ပေနှစ်ဆယ်လောက် အကွာမှာတော့ အရာရာက ပြောင်းလဲသွားခဲ့ပါပြီ။ အဲ့ဒီမှာ အင်မတန် ကြီးမားတဲ့ ဝိုင်ယာကြိုးတွေနဲ့ ခတ်ထားတဲ့ ခြံဝင်းကြီး တခုရှိပါတယ်။ လေးဘက် လေးတန်လုံးကို သံစူးကြိုးတွေနဲ့ ခတ်ထားသလို အမြင့်ကလည်း ခြံဝန်းထဲက အိမ်တွေထက် မြင့်မားလွန်းလှတဲ့အပြင် ဂရက်တယ့်မျက်စိနဲ့တဆုံးကို မြင်နေရတာမို့ ဘယ်လောက်ထိ ကျယ်ဝန်းသလဲ မခန့်မှန်းတတ်အောင်ပါပဲ။ ထောင့်လေးထောင့်မှာလည်း သစ်သားတိုင် အရှည်ကြီးတွေနဲ့ ထောက်ထားကာ ခြံစည်းရိုးအမြင့်အတိုင်း အချွန်အတက်တွေ အပြည့်နဲ့ ကာရံထားသေးတယ်လေ။ ခြံစည်းရိုးက ဆူးချွန်တွေကို ကြည့်ပြီ ဂရက်တယ်တယောက် စိတ်ထဲမှာ အမျိုးအမည်မသိတဲ့ နာကျင်မှုတခုကို ခံစားမိလိုက်ပါတော့တယ်။

ခြံဝင်းတဝိုက်မှာတော့ စိမ်းစိမ်းစိုစိုရယ်လို့ ဘာမှမရှိပါဘူး။ ပြောရမယ်ဆို ဘာမှကို မရှိတာပါ။ ခြံဝင်းထဲကမြေသားတွေကတော့ သဲတွေဖို့ထားတဲ့ အတိုင်းဖွာလန်ကျဲနေတဲ့အပြင် အိမ်ကလေးတွေကလည်း ခပ်ငုပ်ငုပ်ကလေးတွေဆောက်လို့ ဟိုတကွက် ဒီတကွက် ပြန့်ကျဲလျှက်ရှိပါတယ်။ ခပ်လှမ်းလှမ်းမှာတော့ မီးခိုးခေါင်းတိုင်ကြီး နှစ်လုံးကိုလည်း ဂရက်တယ် တွေ့လိုက်ပါသေးတယ်။ ဂရက်တယ့်ခမျာ အံ့ဩလွန်းလို့ ဘာပြောရမယ်တောင် စကားရှာမရခဲ့ပါဘူး။ သူတချက်သတိပြန်ဝင်လာတော့ ပြတင်းတံခါးကို ချက်ချင်းပဲ ပိတ်ပစ်လိုက်တယ်လေ။

"နင် တွေ့တယ်မဟုတ်လား"
ဘရူနိုက အပြင်မှာရှိတဲ့လူတွေက ဘယ်သူတွေ ဖြစ်တယ်၊ ဘာအလုပ်လုပ်ကြတယ် သေချာမသိပေမဲ့ သူက ဒီပြတင်းပေါက်လေးကနေ ပထမဆုံးတွေ့ခဲ့တဲ့သူဖြစ်တဲ့အပြင် သူ့အခန်းထဲမှာ သူကြည့်ချင်တဲ့အချိန် ထကြည့်လို့ရနေတာကြောင့် ဂရက်တယ့်ကို နှိမ်လိုက်တဲ့ အကြည့်နဲ့ ကြည့်လို့ ပြောလိုက်ပါတယ်။

" ငါ တော့ နားမလည်တော့ဘူး" လို့ ဂရက်တယ်က ပြောလိုက်တာပေါ့။
" ဘယ်လိုလူမျိုးက အဲ့ဒီလို ညစ်ပတ်စုတ်ပြတ်တဲ့နေရာမျိုး ဆောက်ခဲ့တာပါလိမ့်"

" အင်း ဟုတ်တယ်နော်။ အဲ့ဒီနေရာက တော်တော် ညစ်ပတ်တာပဲ"
လို့တောင် ဘရူနိုက ဝင်ထောက်ခံနေပါသေးတယ်။
" သူတို့ တဲအိမ်လေးတွေက တော်တော်သေးတယ်နော်"

" အဲ့ဒီအိမ်လေးတွေက နောက်ဆုံးပေါ် အိမ်ပုံစံထင်တယ်နော်" ဆိုပြီး ဂရက်တယ်က သူ့အမြင်ကို ပြောလိုက်တယ်လေ။

" အဖေ က နောက်ဆုံးပေါ် ပစ္စည်းမှန်သမျှ သိပ်မုန်းတတ်တယ်"

" အင်း သူက သိပ်တော့ မကြိုက်တတ်ဘူး"

" မဟုတ်သေးပါဘူး" လို့ ဂရက်တယ်ကပြောရင်း ပြတင်းပေါက်ဆီ ပြန်လို့ကြည့်ကာ အဖြေထုတ်နေပါတော့တယ်။ ပြောမဲ့သာပြောရတာ ဂရက်တယ်က အတန်းထဲမှာ အင်မတန် ဉာဏ်ကောင်းတဲ့ သူပါ။ နောက်ဆုံးတော့ ဂရက်တယ် အဖြေတခုရသွားတယ်လေ။

" ဒါက တောဒေသပဲဖြစ်ရမယ်ဟ" ဆိုပြီး သူ့အဖြေကို ဂုဏ်ယူဝံ့ကြွားစွာနဲ့ ဖြေလိုက်ပါတော့တယ်။

"တောဒေသတဲ့လား"
ဘရူနိုက မျက်မှောင်ကြုတ်လို့ နားမလည်တဲ့ ပုံနဲ့ ရေရွတ်လိုက်ပါတယ်။

" ဟုတ်တယ်။ ဒါက တောဒေသပဲ ဖြစ်ရမယ်ဟ။ နင်တွေ့လား။ ငါတို့ ဘာလင်မှာနေတုန်းက မြို့ပြမို့လို လူတွေ၊ ဆိုင်တွေအများကြီးနဲ့ စုရုံးနေကြတာလေ။ နောက်ပြီး စနေနေ့များ အပြင်ထွက်ချင်ရင် လူတွေ ကျောချင်းကပ်ရလောက်အောင်ကို စုပြုံနေကြတာပေါ့"

" ဟုတ်တယ်နော်"
ဆိုပြီး ဘရူနိုက သူ့အစ်မပြောတဲ့စကားကို နားလည်အောင် အမှီလိုက်နေရပါတယ်။

"နောက်ပြီး ငါတို့ ပထဝီအတန်းမှာ သင်ဖူးတယ်ဟ။ တောဒေသတွေမှာ လယ်သမားတွေနဲ့ တိရိစ္ဆာန်တွေနေပြီး ငါတို့စားဖို့ ကောက်ပဲသီးနှံနဲ့ ကုန်ကြမ်းပစ္စည်းတွေ ထုတ်လုပ်ကြတယ်တဲ့လေ"
ဂရက်တယ်က ပြောလည်းပြောကာ ပြတင်းပေါက်ဆီကနေ ပြန့်ကျဲနေတဲ့ တဲအိမ်လေးတွေဆီ ပြန်ကြည့်နေတာပေါ့။
" ဒါက တောဒေသပဲ ဖြစ်လောက်ပါတယ်ဟာ။ ငါတို့ ဒီမှာနေရတာလည်း နွေရာသီအပန်းဖြေအိမ်မှာ နေရတာမျိုးဖြစ်မှာပေါ့" လို့ သူက ဆက်ပြောလိုက်ပါတယ်။

ဘရူနိုကတော့ ခေါင်းကလေး ခါလို့
"ငါတော့ မထင်ပါဘူး" လို့ ပြန်ပြောတယ်လေ။

" နင်က အသက်ကိုးနှစ်ပဲ ရှိသေးတာလေ" လို့တောင် ဂရက်တယ်က ပြန်ပက်လိုက်ပါသေးတယ်။
" နင်က ဘယ်လိုလုပ် နားလည်ဦးမှာလဲ။ ငါ့အသက်အရွယ်လောက်ရောက်လာရင် ငါဘာပြောလဲ နင်နားလည်မှာပေါ့"

" ဖြစ်နိုင်ပါတယ်လေ" လို့ ဘရူနိုက မဝန်ခံချင်ဘဲ ဝန်ခံလိုက်ပးရပါတယ်။ " နင်ပြောသလို ဒါက တောဒေသဆိုရင် တိရစ္ဆာန်တွေက ဘယ်နားမှာလဲ"

ဂရက်တယ်လည်း သူ့မောင်လေးမေးခွန်းကို ပြန်ဖြေမလို့ ပါးစပ်ဟလိုက်ပြီး သူကိုယ်တိုင်တောင် မသေချာလို့ တခေါက် ပြတင်းပေါက်ဆီ ပြန်ကြည့်လိုက်ရပေမဲ့ ဘယ် တိရစ္ဆာန်ကိုမှ သူ မတွေ့ခဲ့ရပါဘူး လေ။

" အမှန်ဆို ဒါက မွေးမြူရေးခြံသာဆိုရင် နွားတွေ၊ ဝက်တွေ၊ သိုးတွေနဲ့ မြင်းတွေ တွေ့ရမှာပေါ့ .....မဟုတ်ဘူးလား။ နောက်ပြီး ငါဖြင့် ကြက်တွေ ဘဲတွေတောင် တကောင်မှ မတွေ့မိပါဘူး" လို့ ဘရူနိုက ရှင်းတမ်းထုတ်နေပါသေးတယ်။

" အေး ငါလည်းမမြင်မိဘူး" ဆိုပြီး ဂရက်တယ်လည်း ဝန်ခံလိုက်ရတာ ပေါ့။

"နောက်ပြီး နင်ပြောသလို သူတို့က သီးနှံစိုက်ကြတဲ့ လယ်သမားတွေသာဆို သူတို့ပတ်ဝန်းကျင်က မြေနဲ့ ဘယ်လိုအသီးအနှံမှစိုက်လို့ရမယ် မထင်ဘူးနော် " ဘရူနိုက စုံထောက်ကြီးတယောက်လို လေသံနဲ့ အကျိုးသင့်အကြောင်းသင့် ပြောပြလိုက်ပါသေးတယ်။

ဒီတခါလည်း ဂရက်တယ် သူ့မောင်အပြောကို သဘာတူရပြန်ပါရောလား။ ဂရက်တယ်နဲ့ ပတ်သက်ပြီး ကောင်းတဲ့အချက်က သူက အကျိုးသင့် အကြောင်းသင့် ပြောပြရင် လက်ခံတတ်တာပါပဲ။

" ဒါဆို ဒီခြံဝင်းကြီးက လယ်ကွင်းမဟုတ်တာတော့ သေချာနေပြီ" လို့ သူက ပြောလိုက်ပါတယ်။

" ဟုတ်တာပေါ့" ဘရူနိုကလည်း ထောက်ခံတယ်လေ။

" ဒါဖြင့် ဒီနေရာကြီးကလည်း လယ်သမားတွေအတွက် နေရာမဟုတ်ဘူးပေါ့"

" ငါတော့ မထင်ဘူး"

" ငါတို့ ဒီအိမ်ကိုပြောင်းလာရတာလည်း နွေရာသီ အပန်းဖြေဖို့ သက်သက်တော့ မဟုတ်လောက်ဘူးလို့ ထင်တယ်နော်" ဆိုပြီး ဂရက်တယ်က မျက်နှာငယ်လေးနဲ့ ပြောရှာပါတယ်။

" ငါတော့ မထင်ဘူး"
ဘရူနိုလည်း ကုတင်ပေါ်မှာထိုင်ချလိုက်ပါတယ်။ စိတ်ထဲမှာတော့ အမကြီး ဂရက်တယ်က သူ့ဘေးမှာထိုင်ရင်း အရာရာက အဆင်ပြေသွားမှာပါ ဆိုတဲ့ စကားလေးပြောပေးရင် သိပ်ကောင်းမှာပဲ လို့ တွေးနေမိတာပါ။ ဒါပေမယ့် ဂရက်တယ်ကတော့ ပြတင်းပေါက်ကနေ မျက်နှာမခွာနိုင်ဘဲ တစိုက်မတ်မတ် လှမ်းကြည့်နေဆဲပဲလေ။ ဒီတခါတော့ သူက ပန်းခင်းတွေနဲ့ ဆိုင်းဘုတ်တပ်ထားတဲ့

ခုံတန်းဆီကို ကြည့်နေတာမဟုတ်သလို သံဆူးကြိုးတွေကာရံထားတဲ့ ခြံကြီးဆီ လှမ်းကြည့်နေတာလဲ မဟုတ်ပါဘူး။ သူလှမ်းကြည့်နေတာက အထဲမှာ အလုပ်လုပ်နေတဲ့ လူတွေကိုပါ။

"ဒီလူတွေက ဘယ်သူတွေပါလိမ့်" လို့တောင် သူတယောက်ထဲ ရေရွတ်နေမိပါသေးတယ်။
" သူတို့က ဒီမှာ ဘာလုပ်နေကြတာပါလိမ့်နော်"

ဘရူနိုလည်း သူ့အစ်မဆီ လျှောက်သွားလို့ နှစ်ယောက်သားအတူ ပြတင်းပေါက်ဆီကနေ လှမ်းကြည့်နေခဲ့ပါတယ်။ သူတို့က ပထမဆုံးအကြိမ် စိတ်တူကိုယ်တူနဲ့ သူတို့ အိမ်ရဲ့ ပေငါးဆယ်အကွာက အဖြစ်အပျက်တွေကို စိတ်ဝင်တစား ကြည့်နေမိပါတော့တယ်။

ခြံရဲ့ ဘယ်နေရာကို ကြည့်ကြည့် အရပ်ပုပု၊ ရှည်ရှည် အမျိုးသားတွေက အသက်ကြီးကြီး ငယ်ငယ် အမျိုးအစားစုံလို့ပါပဲ။ တချို့ကတော့ တယောက်နဲ့တယောက် လက်တွဲလို့ ခေါင်းလေးမော့နိုင်အောင် အားပြုထားကြရပါတယ်။ သူတို့ရှေ့က ခေါက်တုန့်ခေါက်ပြန် လျှောက်နေတဲ့ စစ်သားကြီးကလည်း ပါးစပ်ကနေ တခုခုကို ရေရွတ်နေတာ သူတို့မောင်နှမနှစ်ယောက် မြင်လိုက်ပါသေးတယ်။ နောက်ပြီး လူတချို့ဆိုရင်လည်း ခြေထောက်တွေမှာ သံကြိုးတွေနဲ့ချည်လို့ လက်တွန်းလှည်းလေးတွေကို ရှိသမျှအားတွေနဲ့ တွန်းရင်း တဲပုတ်လေးတွေရဲ့ အနောက်ဘက်ကို ထွက်ထွက်သွားကြတာ တသုတ်ပြီး တသုတ်ဆိုသလို ပျောက်ပျောက်သွားတတ်ကြတယ်လေ။ လူတချို့ကတော့ စစ်သားကြီးက သူတို့ကို ငုံ့ကြည့်တဲ့အခါ မျက်နှာက မြေကြီးဆီအပ်လို့ မော်တောင်မကြည့်ရဲကြပါဘူး။ ချိုင်းထောက်နဲ့လူ‌ေတွနဲ့ ခေါင်းမှာပတ်တီးအဖွေးသားနဲ့ လူတွေကိုတောင် လူကြားထဲ မရမက မတ်တပ်ရပ်ခိုင်းထားတဲ့ မြင်ကွင်းက သိပ်ကိုမှ ရက်စက်လွန်းလှပါတယ်။ တချို့ကြပြန်တော့လည်း ဂေါ်ပြားလေးတွေကိုင်လို့ စစ်သားကြီး ခေါ်တဲ့နောက် ကောက်ကောက်ပါအောင်လိုက်သွားလိုက်ကြတာ ပြန်ကိုထွက်မလာတော့ပါဘူး။

ဘရူနိုနဲ့ ဂရက်တယ်ရဲ့ မြင်ကွင်းထဲမှာတော့ လူတရာလောက် စီတန်းနေတာကို တွေ့နေရပေမဲ့ ခြံဝန်းကြီးရဲ့ အကျယ်အရဆိုရင်တော့ လူပေါင်း တထောင်လောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။

" သူတို့‌ေနတဲ့‌ေနရာက ငါတို့အိမ်နဲ့ အရမ်းနီးတာပဲနော်" လို့ ဂရက်တယ်က စိတ်ပျက်ပျက်နဲ့ ပြောလိုက်ပါတယ်။
" ဘာလင်မှာဆို လူတွေများတယ်ဆိုပေမဲ့ ငါတို့အိမ်နားမှာ အိမ်လေးမှ ခြောက်လုံးလောက်ပဲရှိတာလေ။ အခုလို စုပြုံပြီး နေတ‌ဲ့နေရာ ငါဖြင့် တခါမှ မတွေ့ဖူးပါဘူးဟယ်။ အဖေက ဘာလို့ ဒီလို ညစ်ပတ်စုတ်ပြတ်တဲ့နေရာမှာ

အလုပ်လုပ်ဖို့ကို လက်ခံလိုက်ပါလိမ့်နော်။ သိပ်ကို စိတ်ပျက်ဖို့ကောင်းတာပဲ" ဆိုပြီး သူက ဆက်ပြောနေသေးတာပါ။

" ဟေး ဟိုမှာ ကြည့်လိုက်စမ်း" ဘရူနိုက သူ့ကို လက်တို့ပြီး သူမြင်လိုက်ရတဲ့ မြင်ကွင်းကို ပြရှာတယ်လေ။ စောစောက မတ်တပ်ရပ်စီတန်းနေတဲ့ လူတန်းနဲ့ မလှမ်းမကမ်းက ကလေးတအုပ်က စစ်သားကြီး တယောက် ရှေ့မှာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်ကာ တယောက်နဲ့တယောက် ပူးကပ်နေတဲ့ မြင်ကွင်းကို ဂရက်တယ်မြင်လိုက်ရတာပေါ့။ စစ်သားကြီးက သူတို့ကို တချက်လှမ်းအော်လိုက်တာ သူတို့ကို တခုခု လုပ်ဖို့ အမိန့်ပေးလိုက်တဲ့ အတိုင်းပါပဲ။ ကလေးလေးတွေလည်း ချက်ချင်းပဲ မျဉ်းတကြောင်းထဲဖြစ်အောင် ညီညီ စီကြရတယ်လေ။ အဲ့ဒီတော့မှ စစ်သားတွေက သူတို့ကိုကြောက်နေတာကို ကြည့်ပြီး လက်ခုပ်လက်ဝါးတီးလို့ ရယ်မောကြပါတော့တယ်။

" သူတို့ တခုခုအတွက် အစမ်းလေ့ကျင့်နေတာများလား မသိဘူးနော်" လို့ ဂရက်တယ်က သူနဲ့ သူ့မောင်အရွယ်လောက်ရှိတဲ့ ကလေးတွေ ငိုနေတာကို ကြည့်ပြီး မသက်မသာ လေသံနဲ့ ပြောလိုက်တယ်လေ။

" အဲ့ဒီမှာ ကလေးတွေရှိတယ်လို့ ငါနင့်ကို ပြောသားပဲ" ဘရူနိုက ပြန်ပြောလိုက်တာပေါ့။

" ဒီကလေးတွေနဲ့တော့ အတူတူမဆော့ချင်ပါဘူးဟယ်" ဂရက်တယ်က ရွံ့ရှာတဲ့လေသံနဲ့ ပြောလိုက်ပါတယ်။
" သူတို့ကို ကြည့်ရတာ ညစ်ပတ်နေတာပဲ။ ငါ့ သူငယ်ချင်း ဟေဒါ၊ အစ်ဆိုဘယ် နဲ့ လူဝီဇ် တို့ဆိုရင် နေ့တိုင်း ရေချိုးပြီး သန့်သန့်ရှင်းရှင်း နေကြတာဟဲ့။ သူတို့ကတော့ တသက်လုံး ရေမချိုးဘူးတဲ့ အတိုင်းပဲ"

" အင်းနော် သူတို့ကို ကြည့်ရတာ သိပ်ကို ညစ်ပတ်စုတ်ပြတ်နေတာပဲ" လို့တောင် ဘရူနိုက ထောက်ခံလိုက်ပါသေးတယ်။
" ဒါမှမဟုတ် အဲ့ဒီမှာ ရေချိုးစရာနေရာများ မရှိဘူးလား မသိဘူးနော်"

" အို...သိပ် မရှုးစမ်းပါနဲ့ဟယ်"
ဂရက်တယ်က သူ့မောင်ကို အ, ရန်ကောဆိုတဲ့ လေသံနဲ့ ပြန်ပြောလိုက်တာပေါ့။
" ဘယ်လိုလူတွေက ရေမချိုးဘဲ နေနိုင်မှာလဲဟဲ့"

" မသိဘူးလေ။ ရေချိုးဖို့ ရေပူမရှိတဲ့လူတွေနေမှာပေါ့" ဆိုပြီး ဘရူနိုက သူတွေးမိသလောက်လေးနဲ့ ပြန်ချေပတယ်လေ။

ဂရက်တယ်ကတော့ ပြတင်းပေါက်ကနေ ခွာလို့ သူ့အခန်းဆီ ပြန်ဖို့ ပြင်လိုက်ပါတော့တယ်။
" တော်ပြီ။ ငါ့အခန်းထဲမှာပဲ အရုပ်တွေ သွားစီတော့မယ်။ ငါ့အခန်းထဲက ရှုခင်းက

ဒီထက်ပိုပြီး ကြည့်ပျော်ရှုပျော်ရှိသေးတယ်လေ" လို့ ပြောရင်း သူက ချာခနဲ လှည့်ထွက်သွားပါတယ်။

ဒါပေမယ့် ဂရက်တယ် သူ့အခန်းထဲမှာ အရုပ်တွေ ဆက်မစီဖြစ်ခဲ့ပါဘူး။ သူက အခန်းတံခါးပိတ်လို့ ကုတင်ပေါ်မှာထိုင်ရင်း ခြံထဲက လူတွေအကြောင်းနဲ့ သူတို့ ဘာလို့ ဒီကိုရောက်နေရတဲ့အကြောင်းကို ဆက်စပ်လို့ တွေးမိနေတယ်လေ။

အခန်းထဲမှာကျန်ခဲ့တဲ့ ဘရူနိုလည်း သူတွေ့လိုက်ရတဲ့ လူတရာလောက်ရှိတဲ့ လူအုပ်ကြီးက ဘာများလုပ်နေတာပါလိမ့် ဆိုတဲ့ အတွေးလေး ဆက်တွေးမိနေသေးတာ အမှန်ပါ။ သူတို့ထဲမှာ ကလေးတွေ၊ လူငယ်တွေ၊ လူကြီးတွေ အားလုံးပါပေမဲ့ သူတို့အားလုံးက တယောက်နဲ့ တယောက် အမျိုးတော်ပုံလည်းမရတာမို့ သူ့ခမျာ စဉ်းစားရကျပ်နေပါတော့တယ်။ သူတို့ထဲမှာ တူညီတာ တခုကတော့ သူတို့အားလုံးက ခေါင်းအစခြေအဆုံးကို အညိုနဲ့ အဖြူစပ် အစင်းကြား ညအိပ်အင်္ကျီပွပွကြီးတွေဝတ်လို့ ခေါင်းမှာလည်း ထပ်တူ အရောင်ရှိတဲ့ ဦးထုပ်တွေဆောင်းထားကြတာပါပဲ။

ဘရူနိုလည်း နောက်ဆုံးတော့ မှတ်ချက်တခုချလိုက်တယ်။
" သိပ်ကို ထူးခြားအံ့ဖွယ်ရာ မြင်ကွင်းပါပဲ" တဲ့လေ။

အခန်း (၅)

အဖေ့ရဲ့ ရုံးခန်း

ဒီအဖြစ်အပျက်တွေအားလုံးကို ရှင်းပြနိုင်တာကတော့ အဖေပါပဲ။

အဖေက ဘရူနိုတို့နဲ့အတူ အိမ်အသစ်ကို အတူတူလာခဲ့တာ မဟုတ်ပါဘူး။ တကယ်တော့ ဘရူနို ဘာလင်အိမ်ကနေ ပြောင်းရတော့မယ်ဆိုတာ သိခဲ့တဲ့ ညမှာပဲ အဖေက အိမ်သစ်ဆ ီ ကြိုလို့ သွားနှင့်နေပါပြီ။ အဲ့ဒီနေ့ ဘာလင်က အိမ်မှာ ဘရူနို၊ အမေ၊ မာရီယာ၊ လားစ် နဲ့ ထမင်းချက်ကြီးတို့က တနေ့လုံး အိမ်သစ်ဆီသယ်သွားမဲ့ ပစ္စည်း ပစ္စယတွေ ထုပ်ပိုးသိမ်းဆည်းရင်း အချိန်ကုန်ခဲ့ရပါတယ်။ ဘရူနိုက သူကုတင်နောက်မှာ ဝှက်ထားတဲ့ ကိုယ်ပိုင်ပစ္စည်းလေးတွေကိုတောင် ထည့်လာပါသေးတယ်။

ဘာလင်က ထွက်လာမဲ့နေ့မှာတော့ အိမ်ကြီးက ပရိဘောဂတွေ အကုန်လုံးရှင်းလင်းလို့ ပြောင်တလင်းခါနေပြီလေ။ မကြာခင်မှာပဲ အနီနဲ့ အနက် စီခြယ်ထားတဲ့ အလံစိုက်ထူထားတဲ့ ကားတစင်း ရောက်လာတဲ့အခါမှာတော့ အိမ်က အလုပ်သမားတွေက အထုပ်အပိုးတွေသယ်လို့ ကားဆီမှာ စောင့်နေကြတာပေါ့။

အမေ၊ ဘရူနိုနဲ့ မာရီယာတို့က အိမ်ထဲကနေ နောက်ဆုံးထွက်လာခဲ့ကြသူတွေဖြစ်ပါတယ်။ အမေက မာရီယာ သူ့ကို ကားထဲမှာစောင့်နေတယ် ထင်ခဲ့တာပါ။ မသွားခင်လေး အမေက မိသားစုတွေ ဒီအိမ်မှာ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတဲ့ အကြောင်းလေးတွေ၊ ခရစ္စမတ်ရောက်တိုင်း လှလှပပ စီခြယ်ထားတဲ့ ခရစ္စမတ်သစ်ပင်ကြီးထားတတ်တဲ့ နေရာလေးတွေနဲ့ ဘရူနိုတယောက် အပြင်ကပြန်လာတိုင်း ရွှံ့ပေနေတဲ့ ဖိနပ်ကို ချွတ်တတ်လွန်းလို့ ခဏခဏ ကြမ်းတိုက်ရတဲ့ နေရာတွေကို နောက်ဆုံးတခေါက်ေလာက်ကြည့်လို့ မျက်ရည်စတွေ ဝဲနေတယ်လေ။ ပြီးတော့ အမေက အသံခပ်တိုးတိုးနဲ့ ထူးထူးဆန်းဆန်း စကားတခွန်းကို ထုတ်ပြောလိုက်ပါတော့တယ်။

" ငါတို့ ဖြူရီ့ ကို ညစာစားဖို့ မဖိတ်ခဲ့သင့်ဘူး" တဲ့လေ။ ပြီးတော့ အမေ ဘရူနို့ဘက်လှည့်ကြည့်လိုက်တော့ အမေ့မျက်လုံးထဲမှာ မျက်ရည်တွေတောင် ကျလို့ပါ။ ဒါပေမယ့် ဘရူနို့နောက်မှာ ရပ်ပြီး အမေ့ကိုစိုက်ကြည့်နေတဲ့ မာရီယာ့ကို မြင်တော့ အမေက သူမပြောသင့်တဲ့ နာမည်တခု ထုတ်ပြောမိလိုက်သလို မျက်နှာပျက်သွားရပါတော့တယ်။

" မာရီယာ " အမေက အသံတုန်တုန်နဲ့ ပြောလိုက်ပါတယ်။
" ကျွန်မက ရှင် ကားထဲ ရောက်နေပြီထင်တာ"

" ဟုတ်ကဲ့ ကျွန်မအခုပဲ ကားထဲ သွားတော့မလို့ပါ မမလေးရှင့်" လို့ မာရီယာက ပြန်ဖြေရှာပါတယ်။

" ကျွန်မ အဲ့ဒီလို ပြောတာမဟုတ်ပါဘူးရှင်"
အမေက ထူးထူးဆန်းဆန်း မာရီယာ့ကို ဖြေရှင်းချက်တွေ ရုတ်တရက်ပေးနေတာ ဘရူနို နားမလည်နိုင်ခဲ့ပါဘူး။
"ကျွန်မပြောတာက....."

"ကျွန်မ အခုပဲ သွားပါတော့မယ် မမလေး" လို့ စကားဖြတ်ပြောရင်း မာရီယာက ချက်ချင်းပဲ အထုတ်တွေသယ်လို့ ကားဆီ ထွက်သွားပါတော့တယ်။

အမေလည်း တချက် မျက်မှောင်ကြုတ်လို့ မာရီယာ့ကို လှမ်းကြည့်လိုက်ရင်း မတတ်နိုင်ဘူးလေဆိုတဲ့ ပုံစံနဲ့ ပုခုံးလေးတွန့်လို့ ဘရူနို့ဘက်လှည့်ကာ ဆက်ပြောလိုက်တာပေါ့။
"သွားကြရအောင် သားလေးရယ်"
သူတို့နှစ်ယောက်လည်း လက်ချင်းချိတ်လို့ အိမ်ထဲကနေ တရွေ့ရွေ့ ထွက်လာခဲ့ပါတော့တယ်။
" အမေတို့ အလုပ်တွေမြန်မြန်ပြီးလို့ ဘာလင်ကို ပြန်ရအောင်ပဲ ဆုတောင်းကြရတာပေါ့" လို့လည်း သူကပြောလိုက်ပါသေးတယ်။

အလံထူထားတဲ့ ကားက သူတို့ကို ရထားဘူတာဆီ လိုက်ပို့ပေးခဲ့ပါတယ်။ ရထားဘူတာမှာတော့ ရထားနှစ်စင်းက ဖင်တပြန် ခေါင်းတပြန် အနေအထားနဲ့ ရှိနေပြီး အလယ်မှာတော့ အလွန်ကျယ်ပြန့်တဲ့ စင်္ကြံလမ်းကြီးနဲ့ ပိုင်းခြားထားကာ စစ်သားတွေကလည်း ခရီးသည်တွေကြားထဲမှာ ခြေချင်းလိမ်လျှောက် ရှိနေကြတယ်လေ။ ဘရူနိုတို့ကိုမြင်တော့ စစ်သားတယောက်က သူတို့အတွက် လမ်းရှင်းပေးရင်း ရထားထိပ်ဆုံးတွဲတတွဲစီတင်ပေးခဲ့ပါတယ်။ နောက်ဆုံးတော့ အင်မတန် ရှုပ်ထွေးပြီး နေရာတနေရာစာ ရဖို့ ရုန်းကန်နေရတဲ့ လူအုပ်ကြားထဲကနေ အလွန် သက်သောင့်သက်သာရှိပြီး လူအနည်းငယ်သာရှိတဲ့ တွဲတတွဲဆီ ဘရူနိုတို့ ရောက်ခဲ့ကြပါတော့တယ်။ ဘရူနိုက တဖက် ရထားစီက ခရီးသည်တွေ အလုအယက် တက်နေရတာ တွေ့တော့ အောက်ဆင်းပြီး သူတို့အတွဲမှာ နေရာလွတ်တွေရှိသေးကြောင်း ပြောဖို့ စဉ်းစားမိလိုက်ပါသေးတယ်။ ပြီးတော့ သူသာ အဲ့ဒီလိုလုပ်လိုက်မယ်ဆို အမေစိတ်မကောင်းဖြစ်မှာနဲ့ ဂရက်တယ် သူ့ကို စိတ်တိုတော့မှာကို အလိုလို စိတ်ထဲက စဉ်းစားမိလို့ တယောက်ထဲ အပြင်ကို ငေးကြည့်လို့သာ ထိုင်နေခဲ့တယ်လေ။

အခု တော့အောက်ဗစ်သ် ကိုရောက်ကတည်းက ဘရူနို မတွေ့ရသေးတဲ့ တဦးတည်းသောသူက အဖေပါပဲ။ စောစောက အဖေ့အိပ်ခန်းထဲကနေ အသံမြည်လို့ ထွက်ကြည့်တုန်း အခန်းထဲမှာ အဖေရှိတယ်လို့ ထင်ခဲ့ပေမဲ့ အဲ့ဒီအသံက သူ့ကို စိုက်ကြည့်သွားတဲ့ ယူနီဖောင်းနဲ့ လူငယ်လေးရဲ့ အသံပဲ ဖြစ်ပါတယ်။ နောက်ပြီး

ဒီအိမ်ရောက်ကတည်းက အဖေ့ရဲ့ အသံခပ်ကျယ်ကျယ်ကို တခါမှ မကြားရသေးသလို ဆတ်တောက် ဆတ်တောက် လျှောက်တတ်တဲ့ သူ့ဘွတ်ဖိနပ်သံလည်း မကြားရသေးတာ အမှန်ပါ။ အခုတော့ အောက်ထပ်ကနေ ဆူညံငြင်းခုန်သံတွေကြားလို့ ဘရူနို လည်း လှေကားလက်ရန်းတွေကနေ အောက်ထပ်ကို ချောင်းကြည့်နေခဲ့ပါတယ်။

အောက်ထပ်က အဖေ့ရုံးခန်း တံခါးဖွင့်ထားသလို ယူနီဖောင်း သန့်သန့်ပြန့်ပြန့်နဲ့ လူငါးယောက်ကလည်း ရုံးခန်းရှေ့မှာ မတ်တပ်ရပ်လို့ တခုခုကို အသည်းအသန် ငြင်းခုံနေကြပါတယ်။ အဖေကတော့ သူတို့အလယ်မှာ မတ်တပ်ရပ်လို့ တယောက်စီရဲ့ စကားကို နားထောင်နေတာပေါ့။ အဖေက ဆေးအနက်ဆိုးထားတဲ့ဆံပင် နက်မှောင်မှောင် ကို သပ်သပ်ရပ်ရပ်ဖြီးထားပြီး တောက်ပြောင်တဲ့ ရှူးဖိနပ်စီးလို့ ယူနီဖောင်း အသစ်စက်စက်ကို ဝတ်ထားတာ သိပ်ကို ခန့်ငြားလို့နေတာပေါ့။ သူ့ဘေးက လူတွေကလည်း ယူနီဖောင်း ဝတ်ထားပေမဲ့ အဖေ့လောက် မခန့်ငြား၊ မသန့်ပြန့်တာတော့ ဝန်ခံရပါမယ်။ သူတို့အားလုံးက ဦးထုပ်ကို ချိုင်းကြားညှပ်လို့ အဖေ့ကျေနပ်အောင် ငြင်းခုံနေကြပုံပါပဲ။ ဘရူနို အပေါ်ထပ်ကနေ သူတို့ရဲ့ စကား တခွန်းစ နှစ်ခွန်းစလောက် ကြားလိုက်ပါတယ်။

"...သူက ဒီကိုစရောက်ကတည်းက တလွဲတွေ လုပ်တာပေါ့ဗျာ။ ဖြူရီလည်း နောက်ဆုံးတော့ သူ့ကို အလုပ်ဖြုတ်ခဲ့ရတာပေါ့..." လို့တယောက်က ပြောပါတယ်။

အဲ့ဒီတော့ နောက်တယောက်က လည်း

" .....စည်းကမ်းလေဗျာ...."

" အလုပ်မဖြစ်ဘူးဗျ။ ကျွန်တော်တို့ ဒီ ၄၂ ကိစ္စကို စပြီးကတည်းက အလုပ်မဖြစ်တာ ကြာပြီပေါ့ဗျာ...."

"..... ရှင်းပါတယ်ဗျာ။ နံပါတ်တွေကတော့ ပြောရတာ လွယ်တာပေါ့ဗျာ" တတိယ တယောက်က ဝင် ပြောလိုက်ပါသေးတယ်။

".....ကျွန်တော်တို့သာ ညီညွတ်မယ်ဆိုရင်ပေါ့ဗျာ..." လို့ နောက်ဆုံး တယောက်က ထပ်ပြောလိုက်တယ်လေ။

ဘရူနိုလည်း လှေကားလက်ရန်းတွေကြားထဲကနေ မကြားတချက် ကြားတချက်နဲ့ ဆက်နားထောင် နေခဲ့ပါတယ်။

အဖေက လက်ပြလိုက်တော့ အားလုံးက ပြောနေကြစကားတွေ အားလုံးရပ်သွားပါတယ်။ အဖေ့ လက်ကိုမြင်ပြီး ချက်ချင်းရပ်သွားလို့ ဘရူနိုက သူကြည့်ဖူးတဲ့ ဂီတတီးဝိုင်းမှာ လက်ဟန်ပြတဲ့သူကိုတောင် သတိရသွားပါသေးတယ်။ အဖေကတော့ သူတို့ထက် ပိုပြီး ရာထူးကြီးမှာ သေချာပါတယ်။

"ကဲ ကိုယ့်လူတို့ရေ......" ဆိုတဲ့ ပြတ်သားကြည်လင်တဲ့ အသံတခုကို သူ ကြားလိုက်ရပါတယ်။ အဖေ့လိုမျိုး ဒီဖက်ခန်းကနေစကားပြောလိုက်ရင် ဟိုဘက်ကနေကြားရလောက်တဲ့အထိ အသံပါဝါကောင်းနဲ့ စကားပြောတတ်တဲ့လူမျိုး ဘရှုနိုတခါမှ မတွေ့ဖူးသေးပါဘူး။

" ခင်ဗျားတို့ရဲ့ အကြံတွေက ကောင်းတာသေချာပါတယ်။ ဒါပေမယ့် အတိတ်က အတိတ်မှာ ကျန်ခဲ့ပြီလေ။ အခု ကျွန်တော်တို့က အစီအစဉ်အသစ်ကို မနက်ဖြန်ပဲ အကောင်အထည်ဖော် ရတော့မှာမဟုတ်လား။ အခုတော့ ကျုပ်မိသားစုကို အဆင်ပြေအောင် နေရာချပေးလိုက်ပါဦးမယ်။ သူတို့ခမျာ အဝေးကြီးကနေ သူစိမ်းနေရာကို လာရတော့ အခုထိ နေသားမကျသေးဘူးထင်ပါတယ်။ ခင်ဗျားတို့ နားလည်ပါတယ်နော်"

ယူနီဖောင်းနဲ့ လူကြီးတွေလည်း ရယ်ရယ်မောမောနဲ့ အဖေ့လက်ကို ဆွဲကာနှုတ်ဆက်ကြပြီး ပြန်ခါနီးမ ှာ သေသေချာချာ စီတန်းလို့ အဖေ ဘရှုနို့ကို သင်ထားတဲ့အတိုင်း ညီညီညာညာ အလေးပြုကြပါတယ်။ တံတောင်ဆစ်ကို ရင်ဘတ်လောက်နေရာကနေ အပေါ်ကိုဆန့်တန်းလို့ လက်ဖြန့်ရင်း ပါးစပ်ကနေ စကားနှစ်လုံးကို ပီပီသသ အားမာန်ပါပါ ပြောကာ အလေးပြုကြတယ်လေ။ အဲ့ဒီစကားနှစ်ခွန်းက အဖေ သူ့ကို လူမှန်းသိတတ်စအရွယ်ထဲက သင်ခဲ့တဲ့ စကားလည်းဖြစ်ပါတယ်။ ခဏနေတော့ လူကြီးတွေ အားလုံးပြန်သွားပြီး အဖေလည်း ရုံးခန်းဆီ ပြန်ဝင်သွားပါတော့တယ်။

ဘရှုနိုလည်း လှေကားပေါ်ကနေဆင်းလာကာ အဖေ့ ရုံးခန်းရှေ့မှာ စဉ်းစားရကြပ်နေပါတော့တယ်။ အဖေက သူရောက်လာတာ နာရီပိုင်းလောက် ရှိနေပြီဆိုတာတောင် သိမှ သိပါရဲ့လား။ ဘရှုနို့ကို တော့ အဖေက အမြဲတမ်း သူဟာ စစ်သားတယောက်ဖြစ်တာမို့ နှုတ်ဆက်တဲ့ အလုပ်လိုမျိုး ရှုးကြောင်ကြောင် အလုပ်တွေ လုပ်နေဖို့ အချိန်မရှိဘူးလို့ ပြောဖူးပေမဲ့ အခုတော့ ဧည့်သည်တွေလည်း ပြန်သွားပြီမို့ အဖေ့ ရုံခန်းတံခါးခေါက်ရင် ကောင်းမလားလို့ သူက တွန့်ဆုတ်နေခဲ့ပါတယ်။

ဘာလင်မှာတုန်းကဆို အဖေ့ရုံးခန်းထဲကို သူတခါက် နှစ်ခေါက်လောက်သာ ရောက်ဖူးတာဖြစ်ပြီး ရောက်တ ဲ့အခါတိုင်းကလည်း သူ တခုခု အပြစ်လုပ်ထားလို့ အဖေက ရုံးခန်းထဲမှာ စကားခေါ်ပြောတာမျိုးပါ။ အခုလို အောက်ဇစ်သ် ရောက်နေတဲ့ အခါမှာတော့ ဘရှုနိုလည်း အဖေ အရင်ကလောက် မတင်းမာလောက်ဖူးလို့ မျှော်လင့်မိပါတယ်။ နောက်ပြီး သူလည်း အဖေနဲ့ ရက်ပိုင်းလောက် မတွေ့ရသေးဘူး မဟုတ်လား။

အဲ့ဒီတော့ သူလည်း ရုံးခန်းတံခါးကို ကြောက်ကြောက်နဲ့ နှစ်ချက်လောက် ခေါက်လိုက်တယ်လေ။ အဖေ မကြားလိုက်ဘူးထင်ပါတယ်။ ဘာမှ ပြန်ဖြေသံ ထွက်မလာဘူးလေ။ ဘရှုနိုနောက်တခါ ကျယ်ကျယ်ထပ်ခေါက်လိုက်တော့

အခန်းထဲကနေ 'ဝင်ခဲ့ပါ' ဆိုတဲ့ ခပ်ပြတ်ပြတ် အသံကို ကြားလိုက်ရပါတယ်။

သူလည်း တံခါးလက်ကိုင်ကို လှည့်လို့ အခန်းထဲဝင်လာတော့ မြင်လိုက်ရတဲ့ မြင်ကွင်းက သူ့အတွက် အင်မတန်နဲ့ကို အံ့အားသင့်သွားရစေလို့ သူလုပ်နေကြအတိုင်း လက်ကလေးကို ခန္ဓာကိုယ်ဆီ ပူးကပ်လို့ ပါးစပ် အဟောင်းသားနဲ့ ဖြစ်သွားတာပေါ့။ တအိမ်လုံးကနေရာတွေက သူ့အတွက် စိတ်ဝင်စားစရာမရှိပေမဲ့ ဒီအခန်းကတော့ အရမ်းထူးခြားပါတယ်။အခန်းထဲမှာ ခင်းထားတဲ့ ကော်ဇောက နူးညံ့လွန်းလို့ သူ့ခြေထောက် တွေ နစ်ဝင်သွားမလားတောင်ထင်ရပါတယ်။ နံရံတွေကလည်း လှလှပပ ဆေးသုတ်ထားလို့ တောက်ပြောင်နေသလို မဟော်ဂနီရောင် စာအုပ်စင်တွေကလည်း စာအုပ်တွေစီစီရီရီ တင်ထားပြီး ဘာလင်မြို့တုန်းက ရုံးခန်းနဲ့ တထပ်ထဲကျအောင် ပြင်ဆင်ထားတယ်လေ။ ပန်းဥယျာဉ်စီ မျက်နှာမူနေတဲ့ ပြတင်းပေါက်ကြီးတွေရဲ့ အလယ် နက်မှောင် တောက်ပြောင်နေတဲ့ ဂက်သစ်ခြ စားပွဲရဲ့ရှေ့မှာတော့ အဖေက စာဖတ်လျှက် တုပ်တုပ်မလှုပ်ဘဲ ထိုင်နေတာပေါ့။ ဘရူနိုက အဖေ့ကို မျက်လုံးလေးပြူးကာ ပြုံးစိစိလုပ်ပြနေတာကို အဖေက စာရွက်တွေပေါ်ကနေ ကျော်ကြည့်လိုက်ပါတယ်။

" ဘရူနို"

အဖေ့က သူ့ကို မပြင်းမထန်လေး လက်ဆွဲကာ နှုတ်ဆက်တယ်လေ။ အဖေက အရင်ကတည်းက အဲ့ဒီလို နှုတ်ဆက်နေကြပါ။ အမေနဲ့ အဘွားကတော့ သူ့ကို တွေ့တိုင်း အနမ်းလေးတွေနဲ့ ကြင်ကြင်နာနာ နှုတ်ဆက်တတ်ပါတယ်။

" ငါ့ ကောင်ကြီး လာပါဦးကွ"

"မင်္ဂလာပါ အဖေ" လို့ အခန်းအပြင်အဆင်ကို အံ့သြမင်သက်နေရင်းက နေ ဘရူနိုက ပြန်ဖြေလိုက်ပါတယ်။

" ဘရူနို သားကို အဖေက မကြာခင်ပဲ အပေ့ါတက်လာပြီး တွေ့တော့မလို့ပဲကွ"

အဖေက သူ့ကို ရှင်းပြပါတယ်။

" အဖေ ဒီမှာ တွေ့ဆုံပွဲလေးတခုလုပ်ပြီးတော့ စာတစောင်လောက်ရေးဖို့ ရှိသေးလို့လေ။ သားတို့ ဒီကို အန္တရာယ်ကင်းကင်း ရောက်လာသားပဲကွ"

" ဟုတ်ကဲ့ အဖေ"

" မင်း အမေ့ကို အိမ်ဟောင်းမှာတုန်းက သေချာကူညီခဲ့တယ် မဟုတ်လား"

" ဟုတ်ကဲ့ အဖေ"

"ဒါဖြင့် အဖေက သားကို ဂုဏ်ယူရမှာပေါ့။ ကဲ ဒီမှာ ထိုင်ပါဦးလေ"

အဖေက သူ့ရှေ့က လက်တင်ကုလားထိုင်ခုံကို ညွှန်ပြတော့ ဘရူနိုလည်း ချက်ချင်းပဲ မမှီမကမ်းနဲ့ တက်ထိုင်လိုက်ပါတယ်။ သူ့ခြေထောက်လေးတွေက ကြမ်းပြင်ကိုတောင် မထိတထိဖြစ်နေတာပေါ့။ အဖေကလည်း သူ့ကို

လက်ဆွဲနှုတ်ဆက်ပြီးတော့ ဂက်သစ်ချ စားပွဲနောက်မှာ ပြန်ထိုင်ပြီး ဘရူနို့ကို စိုက်ကြတယ်နေတယ်လေ။ သူတို့နှစ်ယောက် စကားတခွန်းမှ မပြောဘဲ တယောက်နဲ့ တယောက် သေချာ ကြည့်နေပြီးတော့မှ အဖေက စပြောလိုက်တယ်။

" ကဲ အဲ့ဒီတော့ သား ဒီအိမ်ကို ဘယ်လိုထင်လဲကွ"

" ဘယ်လိုထင်လဲ ဟုတ်လား အဖေ။ ဘာကို ဘယ်လိုထင်လဲ မေးတာလဲဟင်"
" အိမ်အသစ်ကို သားကြိုက်လာမေးတာပေါ့ကွ"
" မကြိုက်ဘူး အဖေ"
ဘရူနိုက ချက်ချင်းပဲ ခပ်မြန်မြန်ပြန်ဖြေလိုက်ပါတယ်။ အချိန်နည်းနည်း ထပ်ဆွဲနေရင် သူကိုယ်တိုင် ဒီလောက်ပြောရဲဖို့ သတ္တိမရှိတော့မှာ ကြောက်တယ်လေ။
" သားကတော့ ဘာလင်က အိမ်ပဲ ပြန်ချင်တယ် အဖေ" လို့တောင် သူအရဲစွန့်လို့ ပြောလိုက်ပါတယ်။

အဖေက စာရေးနေရင်းက တချက် သူ့ကို မော်ကြည့်လိုက်တယ်။ ပြီးတော့ ရေးလက်စ စာကိုအဆုံးသတ်ရင်း ဘရူနို့ကို ပြန်ပြောလိုက်တာက
" သားရေ အဖေတို့ အိမ်ရောက်နေပြီကွ" တဲ့လေ။
"အောက်ဇ်ဗစ်က အဖေတို့ရဲ့ အိမ်အသစ်ပဲကွ"

"ဒါပေမယ့် သားတို့ ဘာလင်ကို ဘယ်တော့ပြန်ကြရဦးမှာလဲ အဖေ" လို့ ထပ်မေးခဲ့ပေမဲ့လည်း အဖေကတော့
" ဒီမှာနေရတာ ပိုပြီး အဆင်ပြေပါတယ်ကွာ" လို့ ပြေရာ ပြေကြောင်း ပြောပြရှာပါတယ်။

"လာပါဦးကွာ" အဖေက မျက်ခုံးတချက် ပင့်တင်လို့ သူ့ကို ပြောလိုက်တာပေါ့။
"အိမ်ဆိုတာက လမ်းတွေ၊ အဆောက်အဦးတွေ၊ မြို့ကြီး ပြကြီးတွေနဲ့ အစွဲပြုပြီး သတ်မှတ်ရတာ မဟုတ်ဘူး သားလေးရ။ အိမ်ဆိုတာ ကိုယ့်မိသားစုနဲ့ အတူတူ ရှိနေရတဲ့ နေရာကို ပြောတာလေ။ သား နားလည်တယ် မဟုတ်လား"

" ဟုတ်ကဲ့ပါ။ ဒါပေမယ့်....."
"နောက်ပြီး အဖေတို့ မိသားစုလည်း ဒီမှာရှိနေတယ်လေ ဘရူနိုရာ။ ဒီ အောက်ဇ်ဗစ် နေအိမ်က အဖေတို့ အတူနေရမဲ့ အိမ်ပဲကွ"

ဘရူနိုက အဖေ့ကို အထွန့်တက်လို့ ထပ်ပြောလိုက်ပါသေးတယ်။
" ဒါပေမယ့် အဘိုးနဲ့ အဘွားက ဘာလင်မှာ ကျန်ခဲ့တာလေ။ သူတို့ကလည်း သားတို့ရဲ့ မိသားစုမဟုတ်ဘူးလား။ သူတို့မရှိရင် ဒီနေရာကို အိမ်ကို ခေါ်လို့ရပါ့မလား ဟင်"

အဖေက သူ့စကားကို စဉ်းစားဟန်လေးပြပြီး ခေါင်းတဆတ်ဆတ် ငြိတ်လိုက်ပါသေးတယ်။

" ဟုတ်တယ် ဘရူနို။ သူတို့ကလည်း အဖေတို့ရဲ့ မိသားစုဝင်တွေ ဆိုပေမဲ့လို အမေရယ်၊ မင်းရယ်၊ ဂရက်တယ်ရယ်နဲ့ အဖေတို့က ပိုပြီး မိသားစုထဲမှာ အရေးကြီးတဲ့လူတွေ မဟုတ်လား။ ဒါကြောင့် ဒီ အောက်ဇစ်သ် နေအိမ်မှာ အဖေတို့အတူတူ နေရမှာပေါ့ကွ။ ကဲ အခု အဲ့ဒီမျက်နှာကြီးကို ပြင်လိုက်စမ်းပါဦး"

ဘရူနို့မျက်နှာက အဖေ ထုတ်ပြောရတဲ့အထိကို သိသိသာသာကြီး စူပုတ်နေတာကိုး။

" သားက ကြိုးတောင်မကြိုးစားကြည့်ရသေးဘဲ မကြိုက်ဘူးပြောနေတာကိုး။ သား ဒီမှာနေရတာ ကြိုက်သွားမှာပါ"

"သား ကတော့ ဒီမှာ နေရတာ သိပ် မုန်းတာပဲ" လို့ ဘရူနိုကတော့ မရမက ခံငြင်းနေပါတော့တယ်။

" ကဲ ဘရူနို...."

အဖေက ရှင်းပြရလွန်းလို့ ပင်ပန်းလာပြီလေ။

" ကားလ်၊ ဒန်နီရယ် နဲ့ မာတင်တို့လည်း ဒီမှာမရှိဘူးလေ။ နောက်ပြီး အနီးအနားမှာ အိမ်တွေ နဲ့ ဟင်းသီးဟင်းရွက်ဆိုင်တွေတောင်မရှိတာ သားတို့ဘယ်လိုနေရမှာလဲ။ ကော်ဖီဆိုင်တွေနဲ့ စနေနေ့မနက်တိုင်း ကြိတ်ကြိတ်တိုးနေတဲ့ လူအုပ်ကြီးလည်း သား ရောက်ကတည်းက မတွေ့မိပါဘူး" လို့ ဘရူနိုက ကလေးပီပီ သူမှတ်မိတာလေးတွေ တွေးလို့ ဆက်ပြောနေပါသေးတယ်။

" ဘရူနိုရယ်။ တခါတလေကျတော့ ဘဝမှာ အဖေတို့ကိုယ်တိုင် ဆုံးဖြတ်ဖို့မလိုတဲ့ ဆုံးဖြတ်ချက်တွေရှိတယ်ကွ" အဖေက လေးလံတဲ့ အသံနဲ့ သူ့ကို ပြောလိုက်တယ်လေ။

" ဒီကိုပြောင်းလာရတာ အဲ့ဒီလို ဆုံးဖြတ်ချက်တွေထဲက တခုပေါ့ကွာ။ အဖေ့ရဲ့ အလုပ်က အရေးကြီးတယ်ကွ။ အဖေတို့နိုင်ငံအတွက် အရေးကြီးသလို ဖျူရီ အတွက်လည်း အရေးကြီးတယ်လေ။ မင်း တနေ့တော့ နားလည်လာနိုင်မှာပါကွာ"

"သား အိမ်ပြန်ချင်တယ် အဖေ"

ဘရူနို ပြောရင်းဆိုရင်းနဲ့ အဖေ့ရှေ့မှာ မျက်လုံးပိမ်ထဲ မျက်ရည်တွေ စို့လာတာ သတိထားမိပါတယ်။ အဖေသာ သူ့ရဲ့ ခံစားချက်ကို နားလည်ပေးပြီး ဒီ အောက်ဇစ်သ်ကနေ ပြန်ထွက်လာခဲ့မယ်ဆို ဘယ်လောက်များ ကောင်းလိုက်မလဲနော်။

" သား အခု အိမ်ပြန်ရောက်နေပြီဆိုတာ သိဖို့ကောင်းတယ်ကွယ်" ဆိုပြီး အဖေက သူ့အပေါ် စိတ်ပျက်သွားတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

" ဒီအလုပ်က အနာဂါတ်ကောင်းဖို့ ဆိုတာ သားသိထားရမယ်"

ဘရူနိုလေးလည်း စိတ်ညစ်လွန်းလို့ မျက်လုံးတွေ ခဏလောက် မှိတ်ထားလိုက်ပါတယ်။ သူ့ဘဝမှာ သူ့ဆန္ဒ တစုံတရာနဲ့ ပတ်သက်လို့ ဒီလောက်ထိ မတောင်းဆိုခဲ့ဖူးတာ အမှန်ပါ။ အဖေ့ကိုဆို ပိုလို့တောင် သူ့ဘက်က အလိုက်သိခဲ့ပါတယ်။ ဒါပေမယ့် ဒီလို ဆိုးဝါးလှတဲ့ နေရာမှာ သူနဲ့ အတူဆော့မဲ့ သူငယ်ချင်းမရှိဘဲ နေရမယ်ဆိုတဲ့ အသိက ကိုးနှစ်သားကလေး ဘရူနို့အတွက်တော့ အိပ်မက်ဆိုးကြီးတခုထက်ကို ပိုလွန်းလှတယ်လေ။ သူ မျက်လုံးပြန်ဖွင့်လိုက်တော့ အဖေက သူ့ဘေးက လက်တင်ကုလားထိုင်မှာ ဝင်ထိုင်လို့ ငွေရောင်ဗူးလေးထဲကနေ စီးကရက် တလိပ်ကို ထုတ်ကာ မီးမညှိခင် လက်ရန်းနဲ့ တတောက်တောက် ခေါက်နေခဲ့ပါတယ်။

" အဖေ ငယ်ငယ်တုန်းကပေါ့ကွာ" လို့ အစချီပြီး အဖက ပြောပါတော့တယ်။
" အဖေ မလုပ်ချင်တဲ့ အရာတွေ ရှိခဲ့ဖူးတယ်ကွ။ ဒါပေမယ့် အဖေ့ရဲ့ အဖေ ၊ မင်းအဘိုးက အဖေသာ ဒီအလုပ်တွေ လုပ်ခဲ့မယ်ဆိုရင် အားလုံးအတွက် ပိုကောင်းတဲ့ အနာဂါတ်တွေရနိုင်မှာပဲလို့ဆိုတော့ အဖေလည်း ကိုယ့်ရဲ့ ဆန္ဒတွေကို စတေးပြီး တတ်နိုင်သလောက် အကောင်းဆုံး လုပ်ခဲ့တာပေါ့ကွ"

" ဘယ်လို အရာတွေလဲ အဖေ"
ဘရူနိုက စိတ်ဝင်တစား မေးလိုက်တယ်လေ။

" အိုး…အဖေလည်း သိပ်တော့ မမှတ်မိတော့ပါဘူးကွာ" လို့သာ အဖေ ပြန်ဖြေပေးလိုက်နိုင်ပါတယ်။
" အဖေက ကလေးပဲရှိသေးတော့ ဘယ်အရာကို လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာ သေချာ မခွဲခြားတတ်သေးတဲ့ အရွယ်ပေါ့ကွာ။ ဥပမာ ဆို အဖေ ငယ်ငယ်တုန်းကဆို ကျောင်းက ပြန်လာရင် အိမ်စာမလုပ်ဘဲ သူငယ်ချင်းတွေနဲ့ လမ်းထဲမှာ သွားဆော့ချင်ခဲ့တာပေါ့။ အခု အချိန် ပြန်တွေးကြည့်ရင် အဖေ ကိုယ့်ကိုယ်ကို ဘယ်လောက်ရူးမိုက်ခဲ့သလဲ လို့ တောင် အံ့ဩမိတယ်လေ"

" ဒါဆို သားဘယ်လို ခံစားရလဲ အဖေသိတာပေါ့နော်" လို့ ဘရူနိုက စကားကူလိုက်တာပေါ့။

" အင်းပေါ့။ ဒါပေမယ့် သားအဘိုးက အဖေ့ကို ဘယ်အရာက အကောင်းဆုံးလဲဆိုတာ သင်ကြားပေးခဲ့တဲ့အပြင် အဖေကိုယ်တိုင်ကလည်း လိုက်နာခဲ့လို့ အခုဆို အဖေက အပျော်ဆုံးလူသားတယောက် ဖြစ်နေရတယ်လေ။ အဖေသာ ဘယ်အချိန် စကားပြောရမယ်၊ ဘယ်အချိန် ပါးစပ်ပိတ်ထားမယ်ဆိုတာ ခွဲခြားမသိခဲ့ရင် ဒီလောက်ထိ အောင်မြင်နေမယ်လို့ သားထင်လား ဟင်"

ဘရူနို အဖေ စကားပြောနေတုန်း ပြတင်းပေါက်ကနေ အပြင်က ရှုခင်းတွေဆီ လှမ်းကြည့်နေခဲ့ပါတယ်။

" အဖေ တခုခု အမှားလုပ်ခဲ့တာလားဟင်"
သူက ရုတ်တရက် မထင်မှတ်ထားတဲ့ မေးခွန်းကို မေးလိုက်ပါတယ်။
" အဖေ ဖြူရီ စိတ်ဆိုးအောင် တခုခု လုပ်ခဲ့တာလားဟင် "

"အဖေ ကလား" လို့ အံ့သြစွာနဲ့ အဖေ ပြန်မေးလိုက်ပါတယ်။
" သား ဘာကို ဆိုလိုချင်တာလဲ"

"အဖေ့အလုပ်မှာ တခုခုများ အမှားလုပ်ခဲ့တာလား ဟင်။ လူတွေအားလုံးက အဖေက အရေးကြီးတဲ့ လူတယောက်ဖြစ်ပြီး ဖြူရီ့မှာ အဖေ့အတွက် အကြံကောင်းတွေ ရှိတယ်ဆိုပေမဲ့ သူက အဖေ့ကို ဒီလို နေရာမျိုး ပို့လိုက်တယ်ဆိုတော့ အဖေ အပြစ်လုပ်ခဲ့လို့ နေမှာပေါ့ မဟုတ်ဘူးလား"

အဖေက သူ့သားစကားကို သဘောကျလွန်းလို့ ရယ်လိုက်ပါတော့တယ်။ ဘရူနို ကတော့ မျက်မှောင်ကြီး ကြုတ်လို့ပါ။ သူ့ကို လူကြီးတယောက်ယောက်က ငယ်သေးတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လှောင်ရယ်တာကို ဘရူနိုသိပ်မုန်းပါတယ်။ သူကိုယ်တိုင်လည်း မသိလို့ဘဲ မေးခွန်းတွေ မေးနေတာ မဟုတ်လား"

" သားက အဖေ့ရဲ့ ရာထူးအကြောင်းကို သေချာ နားမလည်သေးလို့ပါ သားရယ်" လို့ပဲ အဖေပြန်ဖြေခဲ့တယ်လေ။

" ဘာလင်ကလို အိမ်အကောင်းစားကြီးနဲ့ သူငယ်ချင်းတွေကိုထားခဲ့ပြီး ဒီလိုနေရာမျိုးကို ပြောင်းလာရတယ်ဆိုမှတော့ အဖေ အလုပ်လုပ်တာ ကောင်းလို့ဆိုတာ ဖြစ်နိုင်ပါ့မလား။ သားကတော့ အဖေ ဖြူရီ့ဆီ သွားပြီး သေသေချာချာ တောင်းပန်သင့်တယ်လို့ထင်တယ်။ အဖေသာ သူ့ကို ရိုးရိုးသားသားနဲ့ တောင်းပန်မယ်ဆို သားတို့ ဒီကနေ ပြန်ပြောင်းရလောက်မှာပါနော် အဖေ"

ဘရူနို ကိုယ်တိုင်တောင် သတိမထားမိဘဲ စကားလုံးတွေကို ကရားရေလွှတ်သလိုပြောလိုက်မိလိုက်ပါတယ်။ သတိရ လို့ အဖေ့မျက်နှာကို မော်ကြည့်လိုက်တော့ အဖေက မျက်နှာသေကြီးနဲ့ သူ့ကို စိုက်ကြည့်နေတယ်လေ။ ဘရူနိုလည်း နှုတ်ခမ်းလေးသပ်ကာ တံတွေးမြိုချလို့ တခြားကို လှမ်းကြည့်နေပါတော့တယ်။ အဖေ့မျက်လုံးထဲက အကြည့်ကို သူကြောက်မိတာကိုး။

ခဏလောက် မသက်မသာနဲ့ တိတ်ဆိတ်နေပြီးတဲ့နောက်မှာတော့ အဖေက ကုလားထိုင်ကနေ ဖြည်းဖြည်းချင်း ထလို့ အလုပ်စားပွဲဆီ ပြန်ထိုင်ရင်း လက်ထဲက စီးကရက်ကို ပြာခါချလိုက်ပါတယ်။

" သား က သတ္တိရှိလာတာပဲ"
အဖေက သူ့ခေါင်းထဲက အတွေးတွေကို နေရာချပြီးမှ ပြောလိုက်ပုံပါပဲ။
" မရှိမသေ ပြောတာမဟုတ်လို့ အဖေ သဘောကျပါတယ်"

"သား အဲ့ဒီလို မရည်ရွယ်...."

" ကဲ သား တော်တော့ " ဆိုပြီး အဖေက ချက်ချင်း သူ့စကားကို ဖြတ်ပြောလိုက်တယ်လေ။ တကယ်တော့လည်း မိသားစုထဲကလူတွေက သူ့စည်းကမ်းအတိုင်းပဲ နေခဲ့ကြရတာပါ။
" အဖေက မင်း ဒီကို ပြောင်းလာရတာ မင်းအတွက် ပြဿနာတခုဖြစ်နေမယ်ဆိုတာ နားလည်ပါတယ်။ ဒါကြောင့်လည်း မင်းကို ဒီလောက်ထိ အလိုလိုက်ပြီး စကားကောင်းပြောနေပေးတာပေါ့။ အချိန်တန်လာရင်တော့ မင်းလည်း ဒီမှာနေရတဲ့ အကြောင်းအရင်းကို လက်ခံလာနိုင်မှာပါ"

"သား လုံးဝ လက်မခံချင်ဘူး"
ဘရူနို ရုတ်တရက် ထအော်ပြောပစ်လိုက်တယ်လေ။ ပြီးတော့ သူကိုယ်တိုင်တောင် ဒီလောက်ထိ အော်ပြောပစ်လိုက်လိမ့်မိမယ် မထင်ထားတဲ့ အတွက် ပါးစပ်လေး ဟလို့ အံ့အားသင့်နေမိပါတယ်။ ဘရူနိုက ထိုင်ခုံကနေတောင် ထလို့ တခုခုဆို ထွက်ပြေးဖို့ ပြင်နေခဲ့တာပါ။ ကံကောင်းချင်တော့ ဒီနေ့ အဖေ စိတ်ကြည်နေပုံပါပဲ။ အမှန်ဆိုရင်လည်း အဖေက ရှန်းရင်းဆန်ခတ်တွေ မလုပ်တတ်ဘဲ သူစိတ်တိုလာပြီဆို အသံကို တိုးတိုးနဲ့ အေးအေးလေးပြောပြီး သူလိုချင်ရာကို မရရအောင် လုပ်ခိုင်းတတ်တဲ့သူမျိုးပါ။ သူက ခေါင်းလေး ခါလို့ စကားဝိုင်းကို အဆုံးသတ်လိုက်တယ်။

" သားအခန်းကို ပြန်တော့ ဘရူနို"
အဖေက အသံအေးအေးန ဲ ့ပြောတော့ ဘရူနိုလည်း သူ့အခန်းကို ပြန်ဖို့ ချက်ချင်းထသွားပါတော့တယ်။သူ့ မျက်လုံးထဲမှာတော့ မျက်ရည်တွေ ဝိုင်းလို့ပေါ့။ အဖေ့အခန်းတ ံခါးဖွင့်ပြီး ထွက်မသွားခင် သူ့ခေါင်းထဲ တခုခုကို သတိရသွားပါး နောက်ပြန်လှည့်လို့ အဖေ့ကို မေးလိုက်တယ်။
" အဖေ...."

"ဘရူနို...သားမေးခွန်းတွေ အဖေ ထပ်မဖြေနိုင်တော့ဘူး" လို့ စိတ်ပျက်တဲ့ အသံနဲ့ ပြန်ပြောလိုက်တာပေါ့။

" အဲ့ဒီအကြောင်းမေးမှာ မဟုတ်ပါဘူး အဖေ။ သား တခြားဟာ မေးမလို့ပါ"

အဖေလည်း သက်ပြင်းတချက်ချရင်း မေးလို့ အချက်ပြလိုက်ပါတယ်။

ဘရူနို သူမေးဖို့မေးခွန်းကို ခေါင်းထဲမှာ သေချာစာစီပြီးတော့မှ မေးလိုက်ပါတယ်။ ဒီတခါတော့ သူ ခုနကလို ခပ်ရိုင်းရိုင်း ပြောတဲ့ပုံ မပေါက်ချင်ဘူးလေ။

" ဟို အပြင်က လူတွေက ဘယ်သူ ေတွလဲဟင်"

အဖေက ပြတင်းပေါက်ကနေ ခေါင်းလေးစောင်းလို့ လှမ်းကြည့်ရင်း ပြန်ဖြေလိုက်တယ်။

" စစ်သားတွေလေ၊ အတွင်းရေးမှူးတွေနဲ့ ရုံးလုပ်သားတွေပေါ့။ သား သူတို့ကို ဘာလင်မှာထဲက မြင်ဖူးတယ် မဟုတ်လား"

" မဟုတ်ဘူး။ သူတို့ကို ပြောတာမဟုတ်ဘူး အဖေ။ သားအခန်းထဲက ပြတင်းပေါက်ကနေ မြင်ရတဲ့ လူတွေကိုပြောတာ။ သူတို့က တဲထဲမှာနေပြီး အဝတ်အစား ဆင်တူ ဝတ်ထားကြတယ်လေ"
လို့ ရှင်းအောင် ထပ်မေးလိုက်တော့ အဖေက

" ဪ သူတို့တွေလား" ခေါင်းလေး ငြိမ့်လို့ ပြုံးယောင်ယောင်လေး ရယ်လို့ ပြောလိုက်ပါတယ်။
" သူတို့က လူလို့တောင် ခေါ်လို့မရ ဘူး ငါ့သားရဲ့"

ဘရူနို မျက်မှောင်ကြုတ်သွားရတာပေါ့။
" သူတို့က လူမဟုတ်ဘူးလား" လို့တောင် သူ့အဖေစကားကို သေချာအောင် ပြန်မေးလိုက်ရပါသေးတယ်။

" အဖေတို့ လူဆိုတဲ့ အဓိပ္ပါယ်အရဆိုရင်တော့ သူတို့ကို လူလို့သတ်မှတ်လို့မရဘူးကွ။ အခုတော့ သားသူတို့ကို စိတ်ပူစရာမလိုပါဘူး။ သူတို့နဲ့ သားနဲ့ တူ တာ ဘာတခုမှလည်း ရှိတာမဟုတ်ဘူးလေ။ သားအနေနဲ့ အိမ်အသစ်မှာ နေသားကျအောင် နေပြီး အဖေတို့ကို ကူညီပေးပါလို့ပဲ အဖေပြောချင်တယ်။ ဒီလိုသာဆို အရာရာက ပိုပြီး အဆင်ပြေမှာ သေချာတယ်လေ"

"ဟုတ်ကဲ့ အဖေ"
ဘရူနိုက အဖေ့ရဲ့ အဖြေကို မကြိုက်ပေမဲ့လည်း စကားစဖြတ်လိုက်ရတယ်လေ။

သူတံခါးဖွင့်ပြီး ထွက်သွားမယ်လုပ်တော့ အဖေက ချောင်းဟန့်သံနဲ့ အချက်ပြပြီး သူတခုခု လုပ်ဖို့ကျန်သေးတာကို မျက်ခုံးလေးပင့်လို့ အရိပ်အမြွက်ပေးတာပေါ့။ ဘရူနိုလည်း အဖေနဲ့ အနီး စပ်ဆုံးတူအောင် အလေးပြုပြီး သူ့ကို သင်ထားတဲ့ စကားနှစ်လုံးကို ပြောလိုက်ပါတယ်။

ဘရူနိုက ခြေထောက်နှစ်ချောင်းကို အတတ်နိုင်ဆုံး စုရပ်လို့ လက်မောင်းကို ဆန့်တန်းရင်း ဒူးနှစ်ချောင်းရိုက်သံနဲ့အညီ တတ်နိုင်သမျှ အားမာန်အပြည့်နဲ့ " ဟဲလ် ဟစ်တလာ" (ဟစ်တလာအား ဦးညွှတ်ပါ၏) လို့ ရွတ်ဆိုလိုက်ပါတယ်။ သူကတော့ ဒီစကားစုဟာ ကောင်းသော နေ့ပါလို့ နှုတ်ဆက်တယ် ထင်နေခဲ့တာပါ။

အခန်း (၆)

ဈေးပိုပေးရတဲ့ အိမ်စေ

ရက်အတော်ကြာပြီးတဲ့ တနေ့မှာ ဘရှုနိုက အိပ်ခန်းထဲက ကုတင်ပေါ်မှာ လှဲရင်း မျက်နှာကျက်ဆီ ငေးကြည့်လို့နေခဲ့ပါတယ်။ မျက်နှာကျက်က ဆေးအဖြူတွေက ဝါကျင့်ကျင့်အရောင်ပြောင်းနေသလို တချို့နေရာတွေမှာဆို အက်ကွဲကြောင်းတောင် ထလို့ပါ။ ဘာလင်က အိမ်ဆို အပြစ်အနာ အဆာ ကင်းလွန်းလို့ အမေ နှစ်တိုင်း အိမ်အတွင်းပိုင်းပြင်တဲ့သူခေါ်လာတိုင်း အပိုငွေ မကုန်ရဘူးလေ။ သူက မျက်လုံးကလေးမှေးလို့တောင် ပင့်ကူအိမ်လေးထဲမှာ အင်းဆက်တကောင်ကောင်ရှိနေလားလို့ ကြည့်လိုက်ပါသေးတယ်။ ဒီ အင်းဆက်လေးကများ မျက်နှာကျက်က အပေါက်ကို ကျယ်သထက် ကျယ်လာအောင် ဖောက်နေသလားလို့ သူက ထင်နေမိတာပါ။

" ဒီရာ အရာအားလုံးက သိပ်စိတ်ပျက်ဖို့ကောင်းတယ်"
သူ့အနားမှာ နားထောင်ပေးမဲ့သူ မရှိပေမဲ့ ဘရှုနို အကျယ်ကြီး ပြောပစ်လိုက်ပါတယ်။ ဒီလိုပြောလိုက်တော့ သူနည်းနည်း စိတ်ထဲ ပေါ့သွားတယ်လေ။
"ငါ ဒီအိမ်ကို မုန်းတယ်။ ငါ့အခန်းကိုလည်း မုန်တယ်။ ဒီဆေးသုတ်ထားတာကိုလည်း မုန်းတယ်။ အားလုံးကို မုန်းတယ်"

သူ ပြောလို့ပြီးပြီးချင်း မာရီယာက လျှော်ဖွပ် မီးပူတိုက်ထားတဲ့ အဝတ်တွေကို ပိုက်လို့ အခန်းရှေ့မှာ ပေါ်လာတယ်လေ။ ဘရှုနို ကုတင်ပေါ်မှာ လှဲနေတော့ သူက ရုတ်တရက် အထဲ ဝင်ဖို့ဘကြောင်သွားပေမဲ့ သူ့ကို ခေါင်းလေးငြိမ့်လို့ အရိုအသေပေးရင်း အဝတ်ဗီရိုဆီ ဆက်လျှောက်သွားခဲ့တယ်လေ။

"ဟဲလို"
ဘရှုနိုလည်း စကားပြောစရာ သူငယ်ချင်းမရှိတော့ အိမ်စေကိုစကားပြောရတာက တယောက်ထဲပြောရတာထက်စာရင် တော်ပါသေးတယ်ဆိုတဲ့ ့အတွေးနဲ့ စကားစလိုက်တာပေါ့။ ဂရက်တယ့်ကိုလည်း ရှာလို့မတွေ့တော့ သူတယောက်ထဲ ပျင်းပြီး ရူးသွားမှာ သူကြောက်မိတယ်လေ။

"သခင်လေး ဘရှုနို" လို့ မာရီယာက သူ့အဝတ်အစားတွေကို သေချာ စီစီရီရီထည့်ရင်းက ပြန်ဖြေ လိုက်ပါတယ်။

" ခင်ဗျားလည်း ကျွန်တော့်လိုပဲ အိမ်အသစ်နဲ့ ပတ်သက်ပြီး မကြိုက်ဘူးမဟုတ်လား ဟင်"
မာရီယာက သူ့စကားကို နားမလည်တဲ့ ဟန်နဲ့ နောက်ပြန်လှည့်ကြည့်လိုက်တော့

သူက သေချာအောင် လက်ဟန်ခြေဟန်နဲ့ ထပ်ပြောပြလိုက်ပါသေးတယ်။
" ဒီဟာကိုပြောတာလေ။ ဒီက ပစ္စည်းတွေ အားလုံးက သိပ်ကိုဆိုးရွားတယ်လို့ မထင်မိဘူးလား"

မာရီယာက တခုခုပြောမလို့ ပါးစပ်ဖွင့်ပြီးမှ သူ့ကိုယ့်သူပြန်ထိန်းလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ စကားတခွန်းပြောဖို့ကို သေချာ မှန်ကန်တဲ့ စကားလုံးတွေရွေးချယ်ကာ စာစီပြီးမှ တခုခုကို စိုးရွံ့လို့ ပြန်ထိန်းထားလိုက်ပုံပါပဲ။ မာရီယာက ဘရူနိုလေး သုံးနှစ်သားအရွယ်ကတည်းက ဒီအိမ်မှာ အလုပ်လုပ်ခဲ့တာပါ။ သူက ဒီမိသားစုနဲ့လည်း အဆင်ပြေတာမို့ အခုလို အချိန်အကြာကြီး လက်တွဲအလုပ်လုပ်ခွင့်ရ ခဲ့တာလည်း ဖြစ်ပါတယ်။ မာရီယာက ပြောရမယ်ဆိုရင်တော့ အိမ်စေတယောက်ပီပီ စကားအပိုအလိုမပြောဘဲ ပရိဘောဂတွေ သန့်ရှင်းရေးလုပ်၊ အဝတ်တွေလျှော်ဖွပ်နဲ့ ဘရူနိုကို ကျောင်းပို့ ကျောင်းကြိုလုပ်ကာ အလုပ်တွေအားလုံးကို ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့တယ်လေ။ ဘရူနိုကိုလည်း မနှစ်က သူ့အသက် ရှစ်နှစ်သားအထိ ကျောင်းပို့ကျောင်းကြို လုပ်ပေးခဲ့ပေမဲ့ ကိုးနှစ်ဖြစ်လာတော့ ဘရူနိုက သူကိုယ်တိုင်ပဲ ကျောင်းသွားဖို့ အမေ့ကို ခွင့်တောင်းခဲ့တာမို့ အလုပ်တခုလျော့သွားခဲ့တာပါ။

"သခင်လေးက ဒီမှာနေရတာ မကြိုက်ဘူးလား ရှင်" လို့ပဲ သူက မေးခွန်းရိုးရိုးရှင်းရှင်းလေး မေးလိုက်ပါတယ်။

" ကြိုက်ရမတဲ့လား"
ဘရူနိုက ရယ်သွမ်းသွေးလို့ ပြောလိုက်တယ်လေ။
" ကြိုက်ရမတဲ့လား"

ဒီတခါတော့ ပိုတောင်ကျယ်ကျယ်ပြောလိုက်တာပေါ့။
" ဘယ်ကြိုက်ပါ့မလဲဗျာ။ ဒီနေရာမှာ ဘာလုပ်စရာမှ မရှိတာပဲကို။ စကားပြောဖို့လူကလဲမရှိ၊ ကစားဖို့ကလည်း နေရာမရှိနဲ့။ ခင်ဗျားလဲ ဒီကို ပြောင်းလာရတာ မကြိုက်ဘူးမဟုတ်လား"

" ကျွန်မကတော့ ဘာလင်အိမ်မှာတုန်းက ဥယျာဉ်လေးကို သိပ်သဘောကျတာပဲ။ တခါတလေ နေ့လည်တွေဆို ကျွန်မ ရေကန်ကြီးဘေးင နွယ်ပင်ကြီးတွေအရိပ်အောက်မှာ ထမင်းထိုင်စားတတ်တယ်လေ။ ပန်းရနံ့လေးကြောင့် ကျွန်မအနားမှာ ပျားကလေးတွေ ပျံဝဲနေတာ ကျွန်မ သိပ်ပျော်တာပဲ"
မာရီယာက ဘရူနို့မေးခွန်းအစား ပြဿနာမဖြစ်စေမဲ့ အကြောင်းနဲ့ပဲ အဖြေပေးခဲ့တယ်လေ။

" ဒါဆို ခင်ဗျားလည်း ဒီမှာနေရတာ မကြိုက်ဘူးပေါ့" ဆိုပြီး ဘရူနိုက သူ့အကွက်ထဲ မရောက်ရောက်အောင်ဆွဲခေါ်တော့တာပေါ့။

" ကျွန်တော်ထင်သလိုပဲ ခင်ဗျားလည်းထင်တယ် မဟုတ်လားဗျ"

မာရီယာက မျက်မှောင်ကြုတ်ပြီး ပြောလိုက်တယ်။

" အဲ့ဒါက အရေးမကြီးပါဘူးရှင်"

" ဘာက အရေးမကြီးတာလဲ"

" ကျွန်မ ဘယ်လိုထင်လဲဆိုတာက အရေးမကြီးပါဘူးရှင်"

" မဟုတ်တာဗျာ၊ ခင်ဗျားရဲ့ အထင်ကလည်း အရေးကြီးတာပေါ့" ဘရူနိုက မာရီယာ သူ့အလိုလိုက်မပြောလို့ စိတ်မရှည်တဲ့ လေသံနဲ့ စကားပြန်လိုက်တယ်လေ။

" ခင်ဗျားကလည်း ကျွန်တော်တို့မိသားစုရဲ့ တစိတ်တပိုင်းပဲ မဟုတ်လား"

" သခင်လေး အဖေက တော့ အဲ့ဒီလို ထင်မယ် မဟုတ်ပါဘူးရှင်" ဆိုပြီး မာရီယာက ဘရူနို သူ့ကို အသိအမှတ်ပြုတဲ့အတွက် အပြုံးလေးသမ်းလို့ ပြောလိုက်ပါတယ်။

" ခင်ဗျားကိုလည်း ခင်ဗျားဆန္ဒကိုဆန့်ကျင်ပြီးတော့ ဒီကိုဆွဲခေါ်လာတာဆိုတော့ ကျွန်တော်တို့တွေက တလှေထဲစီးတဲ့သူတွေဖြစ်နေပြီဗျ။ နောက်ပြီး အဲ့ဒီလှေကလည်း ကျွန်တော့်အထင်တော့ ပေါက်နေပြီလေ"

မာရီယာလည်း သူ့စကားကြောင့် ပြန်ပြောဖို့ လက်ထဲက အင်္ကျီလေးတွေအောက်ချလို့ လက်သီးဆုပ်ရင်း ပါးစပ်ဟလိုက်ပေမဲ့ ရုတ်တရက်ဆိုသလိုပဲ သူ့စကားကြောင့် ခံစားရနဲ့ အကျိုးဆက်တွေကို စဉ်းစားမိသွားတာကြောင့် ပါးစပ်ပိတ်ထားလိုက်ရပါတော့တယ်။

" ကျေးဇူးပြုပြီး တခုခုပြောစမ်းပါ မာရီယာ။ ခင်ဗျားလည်း ကျွန်တော်နဲ့ အတူတူ ခံစားရတယ်ဆို ကျွန်တော်တို့ အဖေ့ကို ဘာလင် ပြန်ဖို့ အတူတူ သွားပြောလို့ရရင် ရမှာပေါ့ဗျာ"

သူက ဘရူနို့စကားကို ချက်ချင်းပြန်မဖြေနိုင်ဘဲ ခဏလောက် မျက်နှာလွှဲပြီးတော့မှ ခေါင်းလေးခါရင်း ပြောလိုက်တယ်။

" သခင်လေး အဖေက ဘာကအကောင်းဆုံးလဲ ဆိုတာ သိပါတယ်ရှင်။ သခင်လေး သူ့အပေါ်မှာ ယုံကြည်ပေးလိုက်ပါ"

" ကျွန်တော်ကတော့ သိပ်မယုံကြည်ချင်တော့ဘူးဗျို့။ အဖေ အမှားတခုခု လုပ်မိတယ်လို့ ကျွန်တော်ထင်တာပဲ"

"ဒါဖြင့်လည်း အဲ့ဒီအမှားကြောင့် ကျွန်မတို့ဒီမှာ အတူတူနေရတယ် မှတ်ထားလိုက်ပေါ့ရှင်"

" မဟုတ်သေးဘူးဗျ။ ကျွန်တော် တခုခု အမှားလုပ်မိရင် အမြဲ အပြစ်ပေးခံရတယ်လေ"
ဘရှုနိုက ကလေးတွေ အမှားလုပ်မိရင် အပြစ်ပေးခံရသလို လူကြီးတွေကျတော့ ဘာလို့ အပြစ်ပေးမခံရတာလဲဆိုပြီး တွေးနေမိတာပါ။
" တော်တော် ရူးမိုက်တဲ့ အဖေ" ဆိုပြီးတော့ သူတယောက်ပဲ ကြားနိုင်လောက်တဲ့ အသံနဲ့ ပြောလိုက်ပါသေးတယ်။

ဒါပေမယ့် မာရီယာက သူ့ဆီလျှောက်လာရင်းနဲ့ သူပြောလိုက်တဲ့စကားကို ကြားဖြစ်အောင် ကြားလိုက်ပါသေးတယ်။ မာရီယာ့မျက်လုံးလေးပြူးလို့ အင်မတန် ကြောက်မက်ဖွယ်ရာ တခုခုကို မြင်လိုက်ရသလို ပါးစပ်ကိုတောင်လက်းဝါးနဲ့ပိတ်ကာ ဘေးဘီမှာ ဘယ်သူမှမရှိတာသေချာအောင် စစ်ဆေးလိုက်ပါတော့တယ်။
" သခင်လေး ဒီလို မပြောသင့်ပါဘူးရှင်။ သခင်လေးရဲ့ အဖေအကြောင်း ဒီလို နောက်တခါ မပြောမိပါစေနဲ့ရှင်"

" ပြောေတော့ ဘာဖြစ်လို့လဲဗျ"
ဘရှုနိုက အဖေ့အပေါ် တော်တော်လေး စိတ်တိုနေတာ အမှန်ပါ။ သူ တခုခု အမှားလုပ်ရင် အဖေက သူ့ရုံးခန်းထဲခေါ်ပြီး ဘယ်သူမှ ဂရုစိုက်ချင်စရာမရှိတဲ့ သူ့စကားတွေကို နားထောင်ခိုင်းတတ်တာကိုး။

" သခင်လေးရဲ့ အဖေက လူကောင်းတယောက်မို့လို့ပေါ့။ သူက ကျွန်မတို့အားလုံးကို အန္တရာယ်ကင်းအောင် စောင့်ရှောက်ပေးတယ်လေ" လို့ မာရီယာက ပြန်ပြောလိုက်တယ်လေ။

" ဒီလို လူမရှိ သူမရှိ နေရာကြီးကို ခေါ်လာတာကိုပြောတာလားဗျ။ ဒါက ကျွန်တော်တို့ကို ဂရုစိုက်တယ်လို့ ခေါ်သလား"

" သခင်လေး အဖေ လုပ်ပေးခဲ့တဲ့ အရာတွေ အများကြီးရှိပါတယ်။ သခင်လေး ဒီလို အဖေမျိုးပိုင်ဆိုင်ရတာ ဂုဏ်ယူရမဲ့ အရာမျိုးတွေပေါ့။ သခင်လေးရဲ့ အဖေသာ ကျွန်မကို ခေါ်မထားရင် အခု ကျွန်မ ဘယ်နေရာများ ရောက်နေမလဲ မတွေးတတ်ပါဘူးရှင်" လို့ မာရီယာက ပြောတော့

" ဘာလင်မှာ ကျန်ခဲ့မှာပေါ့" လို့ ခပ်ပေါ့ပေါ့ပဲ ပြန်ဖြေခဲ့ပါတယ်။
" တခြား အိမ်ကြီး အိမ်ကောင်းတခုခုမှာ အလုပ်လုပ်နေရမှာပေါ့ဗျာ။ နေသာတဲ့နေ့တွေမှာ တယောက်ထဲ နွယ်ပင်တွေ အရိပ်အောက်မှာ နေ့လည်စာ အေးအေးလူလူ စားနေရမှာပေါ့"

" သခင်လေးက ကျွန်မ သခင်လေးတို့ဆီ ပထမဆုံး အလုပ်လာလုပ်ရတဲ့နေ့ကို မမှတ်မိဘူးထင်တယ်နော်"
မာရီယာက ဘရှုနို့ကုတင်ထောင့်လေးမှာ ဝင်ထိုင်ရင်း ပြောလိုက်တာပေါ့။ သူက ဘရှုနို့ကို ဒီလို ရင်းရင်းနှီးနှီး ဖက်လှဲတကင်း ဆက်ဆံဘူးတာ ဒါ ပထမဆုံးပါပဲ။

အရင်ကဆို အလုပ်ရှင်နဲ့ အလုပ်သမားလောက်ပဲ ဆက်ဆံရေး ရှိခဲ့တာပါ။
" ဘယ်လိုလုပ် မှတ်မိပါ့မလဲ။ သခင်လေးက သုံးနှစ်သားလေးပဲ ရှိသေးတာကိုး။ သခင်လေးရဲ့ အဖေက ကျွန်မလိုအပ်နေတဲ့ အချိန်မှာ ကူညီပြီး အလုပ်တခုပေးခဲ့တယ်လေ။ သူက ကျွန်မအတွက် နေဖို့ အိမ်၊ စားဖို့ အစားအစာ အပြင် လုပ်စရာ အလုပ်ပါ အစစ အရာရာ ဂရုစိုက်ပေးခဲ့တာပေါ့။ သခင်လေးက တခါမှ အငတ်ခံဖူးတာမှမဟုတ်တာ ၊အစာငတ်ရတဲ့ ခံစားချက်ကို ဘယ်သိပါ့မလဲရှင်"

ဘရူနိုက မျက်မှောင်ကြုတ်လို့ သူ အခုတောင် နည်းနည်း ဗိုက်ဆာသလိုရှိနေတယ်လို့ ပြောဖို့ ကြိုးစားခဲ့ပေမဲ့ မာရီယာရဲ့ မျက်နှာက အမူအရာကို ကြည့်ပြီး သူ အမှန်တကယ်ပြောနေမှန်း အကဲခတ်မိတာမို့ ဘာမှ ဝင်မပြောဖြစ်ခဲ့ပါဘူး။ သူကိုယ်တိုင်လည်း မာရီယာ့ကို နောက်ကြောင်းတွေ နဲ့ ကိုယ်ပိုင် ဘဝလေးတခုရှိခဲ့မဲ့ လူတယောက် အဖြစ် မတွေးမိခဲ့တာ ဝန်ခံရပါမယ်။ ပခုမှတွေးကြည့်မိတာက မာရီယာဟာ အမြဲတမ်း သူတို့မိသားစုအတွက် အလုပ်လုပ်ပေးနေတာကလွဲရင် ဘာမှ အထွေအထူးလုပ်တာ မရှိသလောက်ပါပဲ။ သူ့ကို အိမ်စေ ယူနီဖောင်းကလွဲရင် တခြား လှလှပပ အဝတ်အစားတွေ ဝတ်တာလည်း မတွေ့ဖူးဘူးလေ။ သူ့ခေါင်းထဲမှာလည်း ဘရူနို့လိုပဲ အတွေးတွေ၊ လွမ်းမောရမဲ့ သူငယ်ချင်းတွေရှိလိမ့်မယ်လို့ ဘရူနို အခုမှ စတွေး နေမိပါတော့တယ်။ မာရီယာရော သူ့လို ညတိုင်း ငိုပြီး အိပ်ရာ ဝင်ခဲ့ရသလားလို့ သူမေးချင်မိတာ အမှန်ပါ။ နောက်ပြီး မာရီယာက တကယ်လှတဲ့ မိန်းမတယောက်ပါပဲ။ ဘရူနိုက မိန်းကလေးတယောက်ကို စိုက်ကြည့်ရင်း ရင်ထဲမှာ ရယ်စရာ တခုခု တွေးမိသလို အူမြူးနေမိတယ်လေ။

" ကျွန်မရဲ့ အမေက သခင်လေးရဲ့ အဖေကို သူတို့ငယ်ငယ်လေးကတည်းက သိခဲ့ကြတာပေါ့ရှင်" လို့ မာရီယာက ခဏနေတော့ ဆက်ပြောပါတယ်။

" ကျွန်မ အမေက သခင်လေးအဘွားရဲ့ အပ်ချုပ်သမလေ။ သခင်လေး အဘွား ဂျာမနီ တခွင် လှည့်လည်ဖျော်ဖြေနေတုန်း နောက်က နေ ဝတ်စုံတွေကို ချုပ်လုပ်၊ ပြုပြင်၊ မီးပူတိုက်ကာ အဆင်သင့်ပြင်ပေးခဲ့ရတာပေါ့ရှင်။ ကျွန်မအမေက ဒီဇိုင်းဆန်းဆန်းလေးတွေချုပ်တတ်သလို သခင်လေးအဘွားရဲ ပွဲမစခင်တိုင်းလည်း လိုလေသေးမရှိအောင် ပြင်ဆင်တတ်လို့ သူ့ကို မိသားစုရဲ့ အယုံကြည်ရဆုံးလူအဖြစ် သတ်မှတ်ခဲ့ကြတယ်လေ"

မာရီယာ ဘရူနို့ကို တချက်ပြန်ငုံ့ကြည့်တော့ သူက စိတ်ဝင်တစားနဲ့ နားထောင်
နေခဲ့တယ်လေ။

"သခင်လေးအဘွား အသက်ကြီးလို့ နယ်လှည့်မဖျော်ဖြေနိုင်တော့တဲ့အခါမှာတော့ ကျွန်မအမေလည်း

ပိုက်ဆံလေးနည်းနည်းပဲယူပြီးတော့ အဘွားရဲ့ ဘေးမှာ ဆက်လက်ပြုစုပေးခံပါသေးတယ်။ ကျွန်မတို့ သားအမိနှစ်ယောက်လည်း လုပ်စားကိုင်စားရတာ အဆင်မပြေဖြစ်လာတော့ သခင်လေးအဖေက ကျွန်မကို ဒီအလုပ်ပေးခဲ့တာပေါ့။ မကြာခင်မှာပဲ ကျွန်မအမေ နေမကောင်းဖြစ်လာတော့လည်း သခင်လေးအဖေကပဲ သူလုပ်ပေးစရာမလိုပေမဲ့ ကျေကျေနပ်နပ် ဆေးဖိုးဝါးခထုတ်ပေးခဲ့တဲ့အပြင် ကျွန်မအမေ ဈာပန မြေကျသည်အထိ အစအဆုံး သူ့ပိုက်ဆံနဲ့ စိုက်ထုတ်ကူညီပေးခဲ့တာပါ။ နောက်တော့ ကျွန်မ ဒီအိမ်မှာ လာနေဖြစ်တာပေါ့ရှင်။ အဲဒါကြောင့် သခင်လေးအဖေ ကို နောက်တခါ အဲ့ဒီလိုမခေါ်မိပါစေနဲ့။ ကျွန်မ လုံးဝ ထပ်မကြားရရင် သိပ်ကို ကောင်းမှာပါပဲရှင်"

ဘရူနိုက မာရီယာတယောက်တော့ သူ့ဘက်က ရှိနေပေးမယ်လို့ တွေးခဲ့တာပါ။ အခုတော့ သူက အဖေ့အတွက်တောင် သစ္စာရှိပေးနေလိုက်သေးတယ်လေ။ ဒါပေမယ့် သူပြောတဲ့ အကြောင်းကြားရတော့ ဘရူနို အဖေ့အတွက် ဂုဏ်ယူမိတာတော့ အမှန်ပါ။

"ကောင်းပြီလေ။ အဖေ ဒီလိုလုပ်ခဲ့တာ ကောင်းတယ်ဆိုတာတော့ ကျွန်တော် ဝန်ခံပါတယ်" လို့ ဘရူနိုက ဟန်ကိုယ့်ဖို့ဆိုသလို ပြောလိုက်တာပေါ့။

" ဟုတ်ကဲ့"
မာရီယာက ဘရူနို့အခန်းထဲက ပြတင်းပေါက်လေးဆီကနေ ဟိုးအဝေးကြီးက ခြံဝန်းလေးထဲက လူတွေကိုကြည့်ပြီး ပြောလိုက်တယ်။
" သူက သိပ်ကို ကြင်နာတတ်တဲ့လူပါ" လို့ပြောကာ အကျီဆင်တူ ဝတ်ထားတဲ့လူတွေ အလုပ်လုပ်နေတာကိုကြည့်ရင်း ငိုသံပါကြီးနဲ့ ဆက်ပြောတယ်လေ။
" သူ့ နှလုံးသားထဲမှာ ကြင်နာမှုတွေ ရှိတာ ကျွန်မနားလည်ပါတယ်။ တခါတလေ ကျွန်မ သူဘာလို့ ဒီလိုလုပ်ခဲ့တာလဲ စဉ်းစားမိ....."

မာရီယာ သူ့စကားတောင် ပြီးအောင် အဆုံးမသတ်နိုင်လောက်အောင် ဝမ်းနည်းနေပုံပါပဲ။

" ဘာကို စဉ်းစားတာလဲဟင်" ဘရူနိုက ဆက်မေးလိုက်တယ်လေ။

" သူလုပ်ခဲ့တဲ့ ကိစ္စကိုပေါ့"

" သူ ဘာလုပ်ခဲ့တာလဲ"

ဘရူနို စိတ်မရှည်လွန်းလို့ အော်မေးမိတဲ့အထိပါပဲ။

ရုတ်တရက်ဆိုသလို အောက်ထပ်ကနေ တံခါးဆောင့်ပိတ်တဲ့အသံကြောင့် ဘရူနိုတယောက် ထခုန်မတတ်လန့်သွားရသလို မာရီယာလည်း ကြောက်ပြီး အော်မိသွားပါတယ်။ သူတို့အခန်းဆီ ဦးတည်လာတဲ့ ခြေသံကို ဘရူနို မှတ်မိပါတယ်။ သူလည်း ကုတင်ထောင့်စွန်းကပ်လို့ ဘာဖြစ်ဦးမလဲဆိုပြီး တံခါးဆီ

ေငးကြည့်နေရင်းနဲ့ တံခါးနောက်ကနေ ထွက်လာတဲ့သူက ဂရက်တယ် ပါ။ စိတ်ပျက်စရာကောင်းတဲ့ သူ့အစ်မလေ။ သူက ဘရူနိုနဲ့ အိမ်စေ မာရီယာတို့ စကားပြောနေဟန် တွေ့ရလို့ ခေါင်းရှုပ်သွားတဲ့ ပုံစံနဲ့ လှမ်းမေးလိုက်တာပေါ့။

" ဘာတွေ ဖြစ်နေကြတာလဲ"
" ဘာမှ မဖြစ်ပါဘူး" လို့ ဘရူနိုက ချက်ချင်း ပြန်ဖြေရင်း ဆက်ပြောလိုက်တယ်။
" နင် ဘာလိုချင်လို့လဲ၊ ထွက်သွား" တဲ့။

ဂရက်တယ်ကလည်း တခွန်းမှ ခံတတ်တဲ့သူမဟုတ်ပါ။
" နင့် ဘာသာ ထွက်သွားပါလား"
ပြီးတော့ သူက မာရီယာ့ကို သံသယ မျက်လုံးတွေနဲ့ လှမ်းကြည့်လိုက်တယ်။
" ကျွန်မကို ရေချိုးဖို့ ပြင်ပေးပါ မာရီယာ"

" နင်က ဘာလို့ ကိုယ်တိုင် ရေချိုးဖို့ မပြင်ရတာလဲ" ဆိုပြီး ဘရူနိုက သူ့အစ်မကို ပြန်ပက်တယ်လေ။

" ဘာဖြစ်လို့လဲ ဆိုတော့ မာရီယာက အိမ်စေမို့လို့ပေါ့။ သူ့ကို ခိုင်းဖို့ အိမ်မှာ ခေါ်ထားတာလေ"

" သူ့ကို ဒါတွေ ခိုင်းဖို့ ခေါ်ထားတာ မဟုတ်ဘူး"
ဘရူနိုက ပြောလည်းပြောရင်း သူ့အစ်မဆီ လမ်းလျှောက်သွားပါတယ်။
" သူ့ကို ငါတို့လိုချင်တာတွေချည်း အချိန်တိုင်း ခိုင်းနေလို့မရဘူး။ အထူးသဖြင့် ငါတို့ကိုယ်တိုင်လုပ်လို့ရနေတဲ့ အရာတွေပေါ့"

ဂရက်တယ်က သူ့မောင်တယောက် ရူးများသွားပြီလားဆိုပြီး မာရီယာ့ကို လှမ်းကြည့်လိုက်တော့ မာရီယာက သူ့ကို ခေါင်းခါပြတယ်လေ။

" ဟုတ်ကဲ့ပါ မမလေး ဂရက်တယ်" လို့ မာရီယာက ပြေရာပြေကြောင်း ဝင်ပြောရှာပါတယ်။
" ကျွန်မ မမလေး မောင်ရဲ့ အဝတ်အစားတွေ ထည့်ပြီးတာနဲ့ ချက်ချင်း လာခဲ့ပါမယ်ရှင်"

"ကောင်းပြီလေ၊ အကြာကြီး လုပ်မနေနဲ့နော်"
ဂရက်တယ်က ခပ်ရိုင်းရိုင်းပြောရင်း အခန်းထဲက ထွက်သွားပါတယ်။ ဂရက်တယ်က ဘရူနိုလို မာရီယာ့ကို လူသားတယောက်လို မဆက်ဆံတတ်တာတော့ သေချာတယ်လေ။

" ကျွန်တော်ကတော့ အဖေ အမှားတခုခု လုပ်တယ်လို့ ထင်နေတုန်းပဲ"

ဘရူနိုက သူ့အစ်မရဲ့ အပြုအမူကို တောင်းပန်ချင်ပေမဲ့ စကားစရှာမရလို့ အဖေ့အကြောင်းနဲ့ပဲ စကားစလိုက်တယ်လေ။ ဒီလို အခြေအနေမျိုးတွေက ဘရူနိုအတွက်တော့ အမြဲတမ်း စိတ်မသက်မသာ ဖြစ်စေရပါတယ်။ သူက

အိမ်စေတွေဖြစ်နေခဲ့ရင်တောင် အမြဲတမ်း တဖက်စောင်းနင်းလို့ ခိုင်းခဲ့တာမျိုး ဘယ်တော့မှ မလုပ်ဖူးဘူးတာ အမှန်ပါ။

" သခင်လေး အဲ့ဒီလို ခံစားရရင်တောင် အကျယ်ကြီး ထုတ်မပြောနဲ့နော်" မာရီယာက သူ့ကိုငုံ့ကြည့်ရင်း သတိပေးလိုက်တာပေါ့။
" ကျေးဇူးပြုပြီး အဲ့ဒီလို ထပ်မပြောဖို့ ကျွန်မကို ကတိပေးပါနော်"

"ဒါပေမယ့် ဘာလို့ ကျွန်တော်က အဲ့ဒီလို ကတိပေးရမှာလဲ" ဘရူနိုက မျက်မှောင်လေးကြုတ်လို့ ပြန်မေးတာပေါ့။
" ကျွန်တော် ခံစားရတာကို အမှန်အတိုင်းပြောတာပဲကို။ ကျွန်တော့် ခံစားချက်တောင် အမှန်အတိုင်းပြောခွင့် မရှိတော့ဘူးလား ဟင်"
" ဟင့်အင်း။ သခင်လေး မပြောရပါဘူး"
" ကျွန်တော့်ခံစားချက်တောင် ပြောခွင့်မရှိဘူးပေါ့လေ" လို့ ဘရူနိုက မာရီယာ့စကားကို မယုံနိုင်တဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်ပြီး မေးလိုက်ပါသေးတယ်။

" ဖြစ်နိုင်ရင် မပြောပါနဲ့ရှင်"
မာရီယာက တောင်းပန်းတိုးလျှိုးတဲ့ အသံနဲ့ ပြောရှာပါတယ်။
" ကျေးဇူးပြုပြီး တိတ်တိတ်နေလိုက်ပါ ဘရူနိုလေးရယ်။ သခင်လေးကြောင့် ပြဿနာအကြီးကြီးကြီး တက်သွားနိုင်တယ်ရှင့်။ ကျွန်မတို့ အားလုံးရဲ့ ဘဝတွေအတွက်ပေါ့ရှင်"

ဘရူနို မာရီယာ့မျက်လုံးတွေကို စိုက်ကြည့်လိုက်တော့ သူ့မျက်လုံးတွေထဲမှာ တခုခုကို ပြောပြချင်ပေမဲ့ အသည်းအသန်ဖုံးကွယ်နေရတဲ့ အတိုင်းပါပဲ။

"ကောင်းပြီလေ" ဆိုပြီး ဘရူနိုက ရေရွတ်ရင်း အခန်းတံခါးဆီ ထထွက်သွားပါတော့တယ်။
" ကျွန်တော် ခုနက ပြောတဲ့စကားတွေက ခင်ဗျား အကျီလာထည့်တုန်းလေး တခုခုပြောရအောင် ပြောလိုက်တာပါဗျာ။ ကျွန်တော် ဒီအိမ်ကနေ ထွက်ပြေးတာမျိုး လုပ်မှာလည်းမဟုတ်ပါဘူး။ ကျွန်တော်လုပ်ဖြစ်ခဲ့ရင်လည်း ဘယ်သူမှ ကျွန်တော့်ကို တားလို့ရမှာ မဟုတ်ဘူးလေ"

" သခင်လေး ထွက်ပြေးသွားရင် သခင်လေးရဲ့ မိဘတွေ ခေါင်းမီးတောက်ကုန်မှာပေါ့ရှင်" မာရီယာက သူ့ကို အကျိုးသင့်အကြောင်းသင့် ရှင်းပြတယ်လေ။
" ဘရူနိုလေးရယ် ကျေးဇူးပြုပြီးတော့ သခင်လေးရဲ့ ကျောင်းစာနဲ့ အဖေပြောတဲ့ အတိုင်း တသွေမတိမ်းလိုက်လုပ်ဖို့ကိုပဲ အာရုံစိုက်ထားပေးပါနော်။ ကျွန်မလည်း ဒီမှာရှိနေတဲ့ အတောအတွင်း ကျွန်မရဲ့ တာဝန်တွေကို တတ်နိုင်သမျှ ကျေပွန်အောင် လုပ်မှာပါ။ ဒီ့အပြင် ကျွန်မတို့ ဘာတတ်နိုင်သေးလို့လဲ။ ကျွန်မတို့

ဆုံးဖြတ်ချက်တွေက အရေးမကြီးဘူးလေ"

ရုတ်တရက်ဆိုသလိုပဲ ဘရူနို့မျက်လုံးထဲ မျက်ရည်တွေ ဝေ့လာပြီး ငိုချင်လာပါတယ်။ ဒါပေမယ့် သူက မာရီယာ့ရှေ့မှာ သူ့ရဲ့ ပျော့ညံ့တဲ့ပုံ မပြချင်လို့ မျက်တောင်ခတ်ကာ မျက်နှာလွှဲနေခဲ့ပေမဲ့ သူလည်း မာရီယာ့မျက်နှာကို အကြည့်ချင်း ဆုံဖြစ်အောင် ဆုံခဲ့ပါသေးတယ်။ မာရီယာလည်း မျက်ရည်တွေ ဝဲနေတယ်လေ။ သူလည်း ဒီမှာနေရတာ စိတ်ထဲ မသက်မသာဖြစ်လာလို့ အခန်းထဲကနေ ထွက်သွားဖို့ ပြင်လိုက်ပါတယ်။

" ဘယ်များ သွားမလို့လဲ" မာရီယာက သူအခန်းထဲက မထွက်ခင် လှမ်းမေးလိုက်တယ်လေ။
" အပြင်ကိုလေ" လို့ ဘရူနိုက ဒေါသထွက်ထွက်နဲ့ ဆောင့်အောင်လို့ ဖြေလိုက်တာပေါ့။
" ဒါကလည်း ခင်ဗျားနဲ့ ဆိုင်တာပဲလား"

ဘရူနိုလည်း အခန်းထဲကနေ တလှမ်းချင်းထွက်လာခဲ့ပေမဲ့ အခန်းအပြင်ရောက်ရောက်ချင်း လှေကားပေါ်ကနေ ပြေးဆင်းကာ အပြင်ကို တတ်နိုင်သမျှ မြန်မြန်ပြေးထွက်သွားခဲ့ပါတယ်။ သူ ဒီအိမ်ထဲကျန မြန်မြန်မထွက်သွားရင် သူကိုယ်တိုင်တောင် အငွေ့ပျံလို့ ပျောက်ကွယ်သွားမယ်တောင် ထင်ခဲ့တာပါ။ ခဏနေတော့ သူ ခြံထဲက ကားဝင်ရာ လမ်းနားကို ရောက်ခဲ့ပါတယ်။ သူ့ရှေ့မလှမ်းမကမ်းမှာတော့ အပြင်ထွက်ဖို့လမ်းကို တွေ့ခဲ့ပြီး အဲ့ဒီလမ်းကနေ ရထားဘူတာကို၊ ရထားဘူတာကနေ ဘာလင်ကို ပြန်ပြေးသွားချင်ပေမဲ့ ဒီအကြံက ဘယ်လောက် ရူးမိုက်သလဲဆိုတာလည်း သူ သဘောပေါက်မိပါတယ်လေ။

အခန်း (၇)

အမေ့ရဲ့ အလိမ်အညာ

အောက်ဂုစ်သ်မှာ ရက်သတ္တပတ်အတော်ကြာ နေပြီးနောက်မှာတော့ ဘရူနိုလည်း ကားလ်၊ ဒန်နီရယ်နဲ့ မာတင် တို့ သူ့ဆီ လာမလည်နိုင်တော့ဘူးဆိုတဲ့ အမှန်တရားကို တဖြည်းဖြည်း သဘောပေါက် လာခဲ့သလို သူကိုယ်တိုင်လည်း ပျော်ရွှင်စရာ တခုခု ရှာကြံလုပ်မှပါလေဆိုတဲ့ အသိဝင်လာပါတော့တယ်။ နို့မို့ဆို သူတဖြည်းဖြည်း ရူးသွားနိုင်တယ် မဟုတ်ပါလား။

ဘရူနို့ဘဝမှာ ဒေါသအကြီးဆုံးလို့ သတ်မှတ်ထားတဲ့ လူတယောက်ကတော့ မစ္စတာရိုလာ ဆိုတဲ့သူပါ။ သူက ဘာလင်က ဘရူနိုတို့အိမ်ရဲ့ အနောက်ဘက်နားမှာ နေပြီး အဖေနဲ့ သက်တူရွယ်တူလောက်ရှိတယ်လေ။ တခါတလေ အဲ့ဒီ မစ္စတာရိုလာ ဆိုသူက ခွေးတွေနဲ့ အမြဲတစေ လမ်းလျှောက်ထွက်တတ်ပြီး သူတယောက်ထဲ စကားတွေ ပြောနေတတ်တယ်လေ။ တခါတခါများဆို သူက နံရံပေါ်က သူ့အရိပ်ကို ကြည့်လို့ ဆဲရေးတိုင်းထွာကာ လက်သီးနဲ့ ထိုးတတ်ပါသေးတယ်။ အုတ်နံရံကြီးကို လက်သီးနဲ့ ခပ်ပြင်းပြင်းထိုးပြီး သူ့လက်နာသွားတော့လည်း ကလေးလေးတယောက်လို ဒူးထောက်ထိုင်ချရင်း ငိုနေပါရောလား။ ကျန်တဲ့လက်တဖက်နဲ့လည်း သူ့ခေါင်းသူ တုံးရန်ကော ဆိုပြီး ရိုက်နေတဲ့ မြင်ကွင်းက ဘရူနို့အတွက်တော့ သိပ်ကို ရယ်စရာကောင်းတာပါပဲ။ ဘရူနိုက သူ့ကို မြင်တိုင်း တခစ်ခစ် မြည်အောင် ရယ်တတ်ပါတယ်။

" သား အဲ့ဒီ မစ္စတာရိုလာ့ကိုကြည့်ပြီး မလှောင်သင့်ဘူးကွဲ့" အမေက ဘရူနို သူ့ကို မစ္စတာရိုလာကြီးအကြောင်း ပြန်ပြောတိုင်း အဲ့ဒီလို ဆုံးမေနကြပါ။
" သူ့ဘဝမှာ ဘယ်လိုအရာတွေ တွေ့ကြုံခဲ့ရလဲဆိုတာ သားမှ မသိတာ"

" သူက ရူးနေတာလေ" လို့ ပြောရင်း ဘရူနိုက သူ့လက်လေးကို စက်ဝိုင်းပုံသဏ္ဍာန်လှည့်ပြရင်း အမေ့ကို ပြောင်စပ်စပ် လုပ်နေတတ်တာပေါ့။
"မနေ့ကဆိုရင် သူက လမ်းထဲကကြောင်တကောင်ကို မနက်ဖြန်နေ့လည် လက်ဘက်ရည်လာသောက်ပါဦးလို့ တောင် ဖိတ်နေသေးတယ် အမေရဲ့"

" အဲ့ဒီတော့ ကြောင်က ဘာပြန်ပြောလဲ"
ဂရက်တယ်က မီးဖိုချောင်ထဲကနေ အသားညှပ်ပေါင်မုန့်စားရင်း ကြောင်တောင်တောင်နဲ့ လှမ်းမေးတတ်ပါသေးတယ်။

" ဘာပြောရမှာလဲ ။ အဲ့ဒါက ကြောင်ပဲကို"

" သား အမေပြောတာ နားထောင်ဦး"
အမေက သူ့ကို ဆုံးမပါတယ်။
" ဖရန့်ဇ် က တကယ့်ကို ရည်မွန်တဲ့ ကောင်လေးတယောက်ပေါ့ကွယ်။ အမေက သူ့ကို ငယ်ငယ်ထဲက သိခဲ့တာကွဲ့။ သူက ကြင်နာတတ်ပြီး အမြော်အမြင်ကြီးတဲ့အပြင် မိန်းကလေးတွေနဲ့ လည်း ကောင်းကောင်းတွဲကတတ်တယ်လေ။ ဒါပေမယ့် သူ စစ်ပွဲထဲမှာ ခေါင်းကို ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီးနောက်မှာတော့ အခုလို ရူးသွပ်သွားတဲ့ ဝေဒနာကိုခံစားခဲ့ရတာပေါ့ကွယ်။ သား ကငယ်သေးတော့ ဒါတွေ ဘယ်နားလည်ဦးမှာလဲ"

တကယ်လည်း အဲ့ဒီတုန်းက ဘရူနိုရဲ့ အသက်က ခြောက်နှစ်ပဲရှိသေးတာပါ။ အမေပြောတာတွေကို သူတခုမှ နားမလည်တာ အမှန်ပါပဲ။
" ဟိုး နှစ်တွေတုန်းကပေါ့ကွယ်။ မင်း မမွေးခင် တုန်းက ဖရန့်ဇ် ဟာ အမေတို့နိုင်ငံအတွက် တိုက်ခိုက်ပေးခဲ့တဲ့ စစ်သားကောင်းကြီးတယောက်ပေါ့။ မင်းအဖေလည်း သူ့ကို ကောင်းကောင်း သိတယ်ကွဲ့။ သူတို့နှစ်ယောက်က တတပ်ထဲတောင် ဖြစ်မယ်ထင်တယ်"

" ပြီးတော့ သူဘာဖြစ်သွားလဲ အမေ"
ဘရူနိုက စိတ်ဝင်တစားနဲ့ မေးတယ်လေ။

" ဒါက အရေးမကြီးတော့ပါဘူးကွယ်" လို့အမေက ခပ်သွက်သွက် ပြန်ဖြေတာပေါ့။
" စစ်ပွဲဆိုတာ ပြောကောင်းတဲ့ အရာမဟုတ်ဘူးကွဲ့။ အမေတို့ ဒီလို အကြောင်းအရာတွေပြောပြီး အချိန် ဖြုန်းမနေသင့်ဘူး"

ဘရူနို အောက်ဇဝစ်သ်ကို မလာခင် သုံးနှစ်လောက်မှာ ဒီအကြောင်းတွေကို သိခဲ့တာပေါ့။ သူ မစ္စတာရိုလာအကြောင်းကို မတွေးမိတာတောင် ကြာပါပြီ။ သူက အခုဆို မှတ်မိနိုင်သမျှ ဘာမဆို တွေးဖြစ်နေတယ်လေ။ နို့မို့ဆို သူလည်း မကြာခင် မစ္စတာရိုလာလိုမျိုး လမ်းထဲမှာ တယောက်ထဲ ရန်ဖြစ်လို့ အိမ်မွေး တိရိစ္ဆာန်တွေနဲ့ စကားပြောရတဲ့ ဘဝကို အနေးအမြန် ဆိုသလို ရောက်သွားနိုင်ပါတယ်။

ဘရူနိုက စနေနေ့တွေဆိုရင် မနက်ခင်းကနေ နေ့လည်ခင်းအထိ ကုန်ဆုံးဖို့ တခုခု ရှာကြံလုပ်နေတတ်ပါတယ်။ ဂရက်တယ့် အခန်းဘက်က ပြတင်းပေါက်ကနေ မြင်ရတဲ့ ဘက်မှာ ဝက်သစ်ခြပင်ကြီး ထီးထီးရှိနေတာ သူသတိထားမိတယ်လေ။ ဝက်သစ်ခြ ပင်ကြီးင အရိပ်ကောင်းကောင်းနဲ့ အခက်အလက် တွေဝေဆာလွန်းလို့ ဘရူနို့ကို ခန္ဓာကိုယ်အရွယ်အစားနဲ့ ကလေးတယောက်ဒဏ်ကို အသာလေး ခံနိုင်ပါတယ်။ ဘရူနိုက သစ်ပင်ကြီးကို ကြည့်ပြီး ဒီသစ်ပင်ကို အလယ်ခေတ်တုန်းက စိုက်ခဲ့တာများလားလို့တောင် တွေးမိနေပါသေးတယ်။ ဒီ 'အလယ်ခေတ်' ဆိုတဲ့ စကားလုံးကို မကြာသေးခင်ကမှ သူသင်ထားတာ မဟုတ်ပါလား။ အလယ်ခေတ်

အကြောင်း သူသင်ရတော့ အလယ်ခေတ်က သူရဲကောင်းတွေက နိုင်ငံခြားတိုင်းပြည်ကိုသွားလို့ စိတ်ဝင်စားစရာ ပစ္စည်းတွေ အမိမြေဆီ ပြန်သယ်လာတဲ့ အကြောင်းတွေ သူစိတ်ဝင်စားမိပါတယ်။

နောက်ဆုံးတော့ ဘရူနို အကြံတခုရသွားတာပေါ့။ သူ့အကြံကို အကောင်အထည်ဖော်ဖို့လဲ ကြိုးတချို့နဲ့ တာယာခွေအဟောင်းတလုံးပဲလိုတယ်လေ။ ကြိုးကတော့ အိမ်ထဲက မြေအောက်ထပ်မှာ ပုံနေတာ သူတွေ့ထားပါတယ်။ သူလည်း ခါးထက်ထက်တခေါင်း နဲ့ ကြိုးခွေယူလို့ ဂက်သစ်ခြပင် နောက်မှာ ဝှက်ထားခဲ့တာပေါ့။ အခုတော့ တာယာတလုံးပဲ ရှာဖို့ လိုပါတော့တယ်။

တနေ့တော့ အမေရော အဖေပါ အိမ်မှာ မရှိခဲ့ပါဘူး။ အမေက ရထားနဲ့ အနီးအနားက မြို့ကိုသွားလို့ လေကောင်းလေသန့်သွားရှူနေခဲ့တာပေါ့။ အဖေကလည်း သူ့ရဲ့ စစ်သားတွေနဲ့ အတူ ဘရူနို့အိပ်ခန်း ပြတင်းပေါက်ကနေ လှမ်းတွေ့နေရတဲ့ ခြံဝန်းဆီ သွားနေခဲ့ပါတယ်။ ခြံထဲမှာတော့ ဂျစ်ကားတချို့ ရပ်ထားတာ သူတွေ့ပေမဲ့ ဒီကားတွေဆီကတော့ သူလိုချင်တဲ့ တာယာ ရနိုင်မှာ မဟုတ်တော့ ဘရူနိုတယောက် စဉ်းစားရကြပ်နေခဲ့တယ်လေ။

သူ အပြင် ကို တချက်လှမ်းကြည့်လိုက်တော့ ခြံထောင့်နားမှာ ဂရက်တယ်က လက်ဖတင်နင် ကော့တ်လာ နဲ့ စကားစမြည်ပြောနေတာ တွေ့လိုက်ရပါတယ်။ လက်ဖတင်နင် ကော့တ်လာ ဆိုတာ ဘရူနို အောက်ဝစ်သ် နေအိမ်ကို ပထမဆုံးရောက်တုန်းက အပေါ်ထပ်မှာ တွေ့ခဲ့တဲ့ စစ်သားပါ။ ဘရူနို အဲ့ဒီနေ့ကစလို့ သူ့ကို အိမ်မှာ မကြာခဏဆိုသလို တွေ့ရတတ်သလို အဖေ့ရုံးခန်းက သူ့အတွက်တော့ ချွင်းချက် တခု မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် အဖေနဲ့ သူ ဟက်ဟက်ပက်ပက် စကားပြောတာတော့ တွေ့ရခဲတယ်လေ။ အဖေကလည်း လက်ဖတင်နင် ကော့တ်လာ ကို သိပ်ကြိုက်တဲ့ပုံတော့မရပါဘူး။ လက်ဖတင်နင် ကော့တ်လာနဲ့ ပတ်သက်ပြီး ဘရူနိုသတိထားမိတာတခုကတော့ သူ့အနားရောက်လာရင် အေးစက်စက် ခံစားချက်ကို ခံစားရတာပါပဲ။ အခုလည်း အနားမှာ မေးရမဲ့သူ ဘယ်သူမှမရှိတာမို့ ကြံရာမရတဲ့ အဆုံး ဘရူနိုက သူ့ကို နှုတ်ဆက်ဖို့ ထွက်လာခဲ့ပါတော့တယ်။

များသောအားဖြင့်တော့ လက်ဖတင်နင် ကော့တ်လာ က မီးပူတိုက်ထားတဲ့ ယူနီဖောင်းကို သားသားနားနား ဝတ်ကာ တောက်ပြောင်နေတဲ့ ရှူးဖိနပ်နဲ့ သိပ်ကို သပ်ရပ်နေတတ်ပါတယ်။ သူ့ရဲ့ ရွှေဝါရောင် ဆံပင်တွေကို လည်း ဦးထုပ်ထဲကနေ မထွက်လာအောင် သေသေချာချာ ဖြီးလိမ်းထားသလို ရေမွှေးလည်း မွှန်နေအောင် စွတ်တတ်တာမို့ သူ့ထက်အရင် ကလုန်းနံ့က ထောင်းခနဲ ထွက်လာတတ်တယ်လေ။ ဘရူနိုကတော့ သူလာပြီဆို လေစုန်ဘက်ကနေ မရပ်မိအောင် သတိထားဖို့ သင်ထားရပါတယ်။ နို့မို့တို သူ့ရေမွှေးနံ့ကြောင့် မူးမေ့သွားနိုင်တယ် မဟုတ်ပါလား။

ဒါပေမယ့် ဒီနေ့တော့ စနေနေ့မနက်ခင်း မို့လို့လားမသိပါဘူး။ ကော့တ်လာ
က အဖြူရောင်စွပ်ကျယ်ကို ဘောင်းဘီရှည်နဲ့ တွဲဝတ်လို့
ခေါင်းကဆံပင်တွေကလည်း ချွေးကြောင့် ရှုပ်ပွလျှက်ရှိပါတယ်။
သူ့ရဲ့လက်မောင်းတွေကလည်း အံ့ဩစရာကောင်းလောက်အောင်
နေလောင်ထားသလို သူ့ကြွက်သားတွေကိုတော့ ဘရူနိုသဘောကျမိတာအမှန်ပါ။
ဒီနေ့ သူ့ပုံကို ရုတ်တရက် ကြည့်လိုက်ရင် သူ့ပံုစံက ဘာလင်က ကျောင်းမှာ
တုန်းက အတန်းကြီးကျောင်းသားတယောက်ကို ကြည့်နေရသလိုပါပဲ။
လက်ဖတင်နင် ကော့တ်လာက ဂရက်တယ်နဲ့ နှစ်နှစ်ခြိုက်ခြိုက် စကားပွဲကျနေသလို
သူကတော့ ဘာပြောတယ်မသိပေမဲ့ ဂရက်တယ်တယောက်က ဘာပဲကြားကြား
နဂိုထက်ပိုပြီးတော့ ရယ်ကာမောကာ နဲ့ လက်ကလဲ ဆံနွယ်လေးတွေကို ရစ်ပတ်ကာ
ရုပ်ရှင်ထဲက မင်းသမီးတယောက် ရှက်သလို လုပ်ပြနေတယ်လေ။

" ဟဲလို"
ဘရူနိုက သူတို့ဆီ လျှောက်သွားရင်းနဲ့ နှုတ်ဆက်လိုက်တော့ ဂရက်တယ်က
သူ့ကိုနှောင့်ယှက်တတ်ရန်ကော ဆိုတဲ့ အကြည့်နဲ့ ပြောလိုက်တာပေါ့။
" ဘာကိစ္စလဲ"
" ဘာမှ မဟုတ်ပါဘူး။ ငါ ကနှုတ်ဆက်ချင်ရုံ သက်သက်ပါ"

" ရှင်တော့ ကျွန်မ မောင်လေးကို သည်းခံရမယ် ေကာ့တ်ရေ။ သူက အခုမှ
ကိုးနှစ် ရှိသေးတာရှင့်" ဆိုပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ သူက လက်ဖတင်နင် ေကာ့တ်လာ
ဘက်လှည့်လို့ ပြောလိုက်တာေပါ့။

" ကောင်းသော မနက်ခင်းပါ ဆရာလေး" လို့ ကော့တ်က
ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ပါတယ်။ ပြီးတော့ သူက ဘရူနို့ဆံပင်လေးကို
ချစ်စနိုးနဲ့ ထိုးဖွာကာ ကျီစယ်လိုက်သေးတယ်လေ။ ဘရူနိုက အဲ့ဒီ လုပ်ရပ်ကို
သဘောမကျတာတော့ အမှန်ပါပဲ။
" ဒီလို မနက်အစောကြီး ဘာများ လုပ်နေပါလဲ ခင်ဗျာ"

" သိပ်လည်း မစောတော့ပါဘူးဗျာ" ဆိုပြီး ဘရူနိုက ပြန်ဖြေတာပေါ့။
" အခုပဲ ဆယ်နာရီလောက် ရှိရော့မယ်လေ"

လက်ဖတင်နင် ကော့တ်လာက ပုခုံးလေးတွန့်ပြလို့ ပြန်ေဖြပါတယ်။
" ကျွန်တော် ငယ်ငယ်တုန်းကဆို နေ့လည်စာစားချိန်ထိ အိပ်တတ်လွန်းလို့ အမေက
နင်ဒီလောက် အိပ်နေရင် ထွားလာမှာကို မဟုတ်တော့ဘူးလို့ ဆူသဗျ"

" အခုတော့ သူခန့်မှန်းတာ မှားသွားပြီပေါ့ရှင် " လို့ ဂရက်တယ်က
ကြားထဲကနေ အသံသေး အသံကြောင်နဲ့ ဝင်ပြောလိုက်ပါသေးတယ်။ ဘရူနိုကတော့
သူ့အစ်မ လုပ်ပြောနေတာ ရိုပ်မိလို့ သူ့ကိုတောင် တချက်လောက်
စိုက်ကြည့်လိုက်ပါသေးတယ်။ သူရယ်နေပုံက ခေါင်းထဲမှာ ဘာဆို ဘာမှ

မကျန်တော့တဲ့ အရူးတယောက်လိုပဲလေ။ သူတို့နှစ်ယောက်ဆီကနေ အတတ်နိုင်ဆုံး မြန်မြန်ထွက်သွားချင်ခဲ့ပေမဲ့ ဘရူနိုက သူ့အကြံအကောင်အထည်ဖော်ဖို့ ဒီမှာ နေရဦးမယ်ဆိုပြီး ခဏလောက်တော့ သည်းခံနေလိုက်ပါတယ်။

" ကျွန်တော် ခင်ဗျားကို တခုလောက် အကူအညီတောင်းလို့ရမလား ခင်ဗျာ" လို့ပြောလိုက်တော့ ကော့တ်လာက ပြောတယ်။
" ရတာပေါ့ဗျာ"တဲ့။
ဒီစကားထဲမှာ ဘယ်ရယ်စရာပါသွားလဲတော့ မသိပါဘူး။
ဂရက်တယ်တယောက်တော့ တခစ်ခစ်နဲ့ကို ဖြစ်နေတာပါ။

" ဒီအနီးအနားတဝိုက်မှာ တာယာအပိုလေးများ မရှိဘူးလား ခင်ဗျာ" လို့ ဘရူနိုကမေးလိုက်ပါတော့တယ်။
" ဂျစ်ကားတွေ၊ ထရပ်ကားတွေ ဘာပဲဖြစ်ဖြစ်ရပါတယ်။ ခင်ဗျား အသုံးမပြုတော့တဲ့ တာယာပေါ့"

" ဟုတ်ကဲ့။ ဒီနားမှာ အသုံးမလိုတော့တဲ့ တာယာအပိုဆိုရင်တော့ ဆာဂျင် ဟော့ဖ်ရှနိုက်ဒါမှာပဲရှိမယ်ထင်တယ်။ နောက်ပြီး သူက အမြဲတမ်း လက်ကောက်ဝတ်မှာပဲ အဲ့ဒီတာယာကို တပ်ထားတယ်ဗျ"

(ဆာဂျင် ဟော့ဖ်ရှနိုက်ဒါ ၏ ခန္ဓာကိုယ်အလေးချိန် ဝတုတ်လာခြင်းကို ဆိုလိုခြင်းဖြစ်သည်။)

လက်ဖတင်နင် ကော့တ်လာက ပြုံးစိစိနဲ့ လုပ်နေတော့ ဂရက်တယ်တယောက် ခွက်ထိုးခွက်လန် ရယ်နေတော့တာပါပဲ။

" ဟုတ်လား သူက အခုသုံးနေသေးလား ဗျ" လို့ ဘရူနိုက သူ့ဟာသကို နားမလည်ဘဲ ပြန်မေးတယ်လေ။

" ဆာဂျင် ဟော့ဖ်ရှနိုက်ဒါလား။ ဟုတ်ကဲ့ သူက သူ့ တာယာအပိုကို သိပ်သဘောကျနေပုံပါပဲ"

"တော်ပါတော့ ကော့တ်ရယ်" ဂရက်တယ်က ရယ်နေရင်းက ပြောလိုက်တာပေါ့။
" ရှင်ပြောတာ သူ နားမလည်ဘူးရှင့်။ သူက အခုမှ ကိုးနှစ်ပဲ ရှိသေးတာလေ"

"အိုး... နင်သာ တိတ်တိတ်နေစမ်းပါ" လို့ ဘရူနိုက သူ့အစ်မကို စိတ်တိုတိုနဲ့ ပြောပစ်လိုက်ပါတယ်။ လက်ဖတင်နင် ကော့တ်လာကို ကိုယ်တိုင်လာပြီး အကူအညီတောင်းနေရတာတောင် တော်တော် အခြေအနေဆိုးနေတာကို ဂရက်တယ်က တချိန်လုံး သူ့ကို ကလေးလေးတယောက်လို ဆက်ဆံနေတာ သိပ်ကို အမြင်ကပ်ဖို့ကောင်းလွန်းလှတယ်လေ။
" နင်လည်း အသက်က ဆယ့်နှစ်နှစ်ပဲရှိသေးတာမဟုတ်လား။ အပျိုကြီးလို

လုပ်မနေစမ်းပါနဲ့"

" ကျွန်မက ဆယ့်သုံးနှစ်ပြည့်တော့မှာပါ ကော့တ်ရယ်" လို့ ကော့တ်လာ ဘက်လှည့်ကာ သူက ပြာပြာသလဲ ရှင်းပြပြီးလိုက်ပါသေးတယ်။
" ကျွန်မက နောက် သုံးလေးပတ်ဆို ဆယ့်သုံးနှစ်ပြည့်တော့မှာလေ။ ရှင့်လို ဆယ်ကျော်သက်လေးတယောက်ပေါ့"

လက်ဖတင်နင် ကော့တ်တယောက်ကတော့ ပြုံးစိစိနဲ့ ခေါင်းချည်းငြိမ့်နေပါတော့တယ်။ ဘရူနိုကတော့ သူတို့နှစ်ယောက်ကို စိုက်ကြည့်နေလေရဲ့။ တကယ်လို့များ သူ့သူငယ်ချင်းတွေသာရှိရင် ဘရူနိုက သူ့အစ်မ ဘယ်လောက် ရူးချင်ယောင်ဆောင်ေနသလဲဆိုတာ ချက်ချင်း မျက်လုံးလေးစွေလို့ အချက်ပြဖြစ်မှာ ဆိုပေမဲ့ အခုက အနားမှာ လက်ဖတင်နင် ကော့တ်လာ တယောက်ပဲရှိတယ်လေ။

"ဒါနဲ့"
ဘရူနိုက သူ့ကို ဒေါသမျက်လုံးတွေနဲ့ ဝါးစာစမတတ်ကြည့်နေတဲ့ ဂရက်တယ့်အကြည့်တွေကို မျက်နှာလွှဲရင်း ဆက်ပြောလိုက်ပါတယ်။
" ဆာဂျင် ဟော့ဖ်ရှုနိုက်ဒါ ရဲ့ တာယာ အပြင် တခြားဘယ်နေရာမှာများ ကျွန်တော် တာယာ သွားရှာလို့ရမလဲဗျ"

" ဟုတ်ကဲ့ ရှိတာပေါ့ဗျာ" ဆိုပြီး ကော့တ်လာ က မျက်နှာတည်တည်နဲ့ ဖြေတယ်လေ။
" ဒါနဲ့ ဆရာလေးက ဘာလို့ တာယာ အသည်းအသန်လိုနေရတာလဲဗျ"

" ကျွန်တော် ဒန်း လုပ်စီးချင်လို့ပါ။ ခင်ဗျားလည်း သိတယ် မဟုတ်လား။ သစ်ပင်ပေါ်မှာ ကြိုးနဲ့ချည်ပြီး လုပ်တဲ့ ဒန်း မျိုးလေ"
ဘရူနိုက လက်ဟန် ခြေဟန်နဲ့ သေသေချာချာကို ရှင်းပြလိုက်ပါတယ်။

" ဩော်" တခွန်းထဲသာ ဖြေပြီး ကော့တ်လာက ငယ်ငယ်တုန်းက သူ ဒန်း နဲ့ ဆော့ဖူးတဲ့ အမှတ်တရတွေကို ခက်ခက်ခဲခဲ စဉ်းစားနေရသလို ခဏလောက် အဝေးကိုငေးကြည့်နေခဲ့တာပေါ့။ ဂရက်တယ် ပြောသလို သူလည်း ဆယ်ကျော်သက် တယောက်ပါပဲလေ။
" ကျွန်တော် ငယ်ငယ်တုန်းကလည်း ကိုယ်တိုင် ဒန်း တွေ လုပ်စီးဖူးတာပေါ့။ ကျွန်တော်နဲ့ ကျွန်တော့် သူငယ်ချင်းတွေ နေ့လည်တိုင်း အတူတူ စီးနေကြလေ"

သူ့စကားကြားလိုက်ရတော့လည်း ကော့တ်လာ က သူ့လိုပါပဲလားဆိုပြီး ဘရူနို နည်းနည်း သူနဲ့ ရင်းနှီးသလိုခံစားသွားခဲ့ရပါတယ်။ ဒါပေမယ့် တချိန်ထဲမှာပဲ လက်ဖတင်နင် ကော့တ်လာ လိုမျက်နှာထားတင်းတင်းနဲ့ လူမျိုးမှာ သူငယ်ချင်းရှိတယ်ဆိုလို့လည်း အံ့ဩသွားမိတာ အမှန်ပါ။
ပြီးတော့ ကော့တ်လာ က သူ့ကို စိုက်ကြည့်ရင်း တာယာ ရနိုင်မဲ့ နေရာကို

စဉ်းစားနေတယ်လေ။ ဘရူနိုကတော့ သူ့ကို စိုက်ကြည့်နေတဲ့ ကော့တ်လာရဲ့ အကြည့်တွေကို လုံးဝမကြိုက်ခဲ့ပါဘူး။ ခဏလောက်နေတော့ သူ့မြင်ကွင်းထဲ ပါဘယ် ဖြတ်သွားတာ တွေ့လိုက်တယ်လေ။ ပါဗယ် ဆိုတာ မီးဖိုချောင်ထဲကို နေ့စဉ်လာပြီး ဟင်းချက်စရာ အသီးအနှံတွေ ကူခွာပေးတတ်ကာ ထမင်းစားချိန်မှာလည်း အနားမှာ ခိုင်းဖို့ အသင့် ရပ်စောင့်နေရတဲ့ လူကြီးပါ။ သူက အိမ်ဘက် ဝင်သွားတာ မြင်တော့ လက်ဖတင်နင် ကော့တ်လာ က သူ့ကိုခေါ်ပြီး ခိုင်းဖို့ ဆုံးဖြတ်လိုက်တယ်ထင်ပါတယ်။

" ဟေ့ ဟို * ကောင်..."

ဒီလို အသုံးအနှုန်းနဲ့ လူတယောက်ကို ကြမ်းကြမ်းတမ်းတမ်းခေါ်တာ ဘရူနို တခါမှ မကြားဖူးပါဘူး။

" ဒီကို လာခဲ့စမ်း။ ဟို * ကောင်...."

သူ နောက်တခေါက် ထပ်ခေါ်လိုက်ပါတယ်။ ဘရူနိုကတော့ ဒီလို အခေါ်ခံရတဲ့ လူကို ကြားထဲက အားနာမိနေတာပေါ့။

ပါဗယ်က သူ့အဘိုးအရွယ်လောက်ရှိတယ်ဆိုပေမဲ့ ကော့တ်လာက ခပ်မာမာပဲ စကားပြောပါတယ်။

" ဒီက ဆရာလေးကို အိမ်ကြီးနောက်ဘက်က ဂိုဒေါင်ထဲခေါ်သွားလိုက်ပါ။ ပြီးရင် သူ ကြိုက်တဲ့ တာယာတခု ရွေးလိမ့်မယ်။ မင်း ကဘာတခွန်းမှ မဟဘဲ သူခိုင်းတာ လုပ်ရမယ်။ နားလည်တယ်နော်"

ပါဗယ်က သူ့ဦးထုပ်နွမ်းနွမ်းကလေးကို လက်ကကိုင်လို့ တုန်ရီနေတာက ကော့တ်လာကို အလေးပြုနေသလိုပါပဲ။

" ဟုတ်ကဲ့ပါ ဆရာ" လို့ သူက တိတ်ဆိတ် ငြိမ်သက်နေတဲ့ အသံနဲ့ ပြောလိုက်တယ်လေ။ သူ့အသံက ငြိမ်လွန်းလို့ ဂရုစိုက်နားမထောင်ရင် မကြားလိုက်ဖို့ များပါတယ်။

" မီးဖိုချောင်က ပြန်သွားရင် အစားအသောက်တွေကို မကိုင်ခင် မင်းရဲ့ ညစ်တီးညစ်ပတ် လက်ကို ဆေးကွ။ ကြားလား *ကောင်"

လက်ဖတင်နင် ကော့တ်လာ အဲ့ဒီ စကားလုံးသုံးပြီး ထပ်ပြောလိုက်ပြန်ပါပြီ။ နောက်ပြီး သူ တခါစကားပြောလိုက်တိုင်းရင်း တံတွေးနဲ့တောင် ထွေးလိုက်ပါသေးတယ်။ သူ့ကို စောစောက ပြုံးပြီးကြည့်နေတဲ့ ဂရက်တယ်တောင် သူ့မောင်လေးနဲ့ အကြည့်ချင်းဆုံသွားတာပေါ့။ သူတို့နှစ်ယောက်လုံးက ပါဗယ်နဲ့ အရင်က လူကိုယ်တိုင် စကားမပြောဖူးပေမဲ့လို့ ပါဗယ်ဟာ တာဝန်ကျေပွန်တဲ့ စားပွဲထိုးတယောက်ပါ။

အဖေ့စကားအရဆို

"ဒီလိုလူမျိုးတွေက ရှာရတာ ခက်တယ် " တဲ့လေ။

" ဒါဖြင့်လည်း သွားတော့လေ" လို့ သူကပြောတော့ ပါဗယ်လည်း ဘရူနိုကို

ဂိုဒေါင်ခန်းရှိရာဆီ ရှေ့က တုန်တုန်ရီရီနဲ့ ခေါ်သွားပါတယ်။ ဘရူနိုကတော့ အနောက်မှာ ကျန်ခဲ့တဲ့ သူ့အစ်မကို စိတ်မချလို့ လှည့်ကြည့် လှည့်ကြည့်နဲ့ ပါသွားတာပေါ့။ ဂရက်တယ်က သူ့အပေါ်မှာ အမြဲစနောက်ကာ အကျင့်မကောင်းပေမဲ့ သူ့ကို ကော့တ်လာ့လို လူမျိုးနဲ့ နှစ်ယောက်ထဲ ထားခဲ့ရမှာတော့ သူလည်း သနားမိပါတယ်။ လက်ဖတင်နင် ကော့တ်လာ ကိုတော့ သူတော်တော် ရွံရှာသွားတာ အမှန်ပါ။

ဂိုဒေါင်ထဲမှာ ဘရူနိုက သူကြိုက်တဲ့ တာယာတခုကို ရွေးတော့ ပါဗယ်လည်း အချိန်ဆွဲမနေဘဲ တာယာကို တရွတ်တိုက်ဆွဲလို့ ဂရက်တယ့်အခန်းနံရံဘက်မှာရှိတဲ့ ဝက်သစ်ချပင်ကြီးဆီ မနိုင့်တနိုင် သယ်ပေးရှာပါတယ်။ ပြီးတော့ ဘရူနိုလည်း သစ်ပင်ပေါ်တက်လို့ ကြိုးချည်လိုက်၊ တာယာနဲ့ မြဲအောင် ချည်လိုက်နဲ့ နာရီဝက်လောက် တယောက်ထဲ အလုပ်များနေတာပေါ့။ ဘာလင်မှာတုန်းက ဒန်းလုပ်ဖို့ဆို ကားလ်၊ ဒန်နီရယ် နဲ့ မာတင်တို့က ကူညီပေးပေမဲ့ အခုတော့ သူတယောက်ထဲ လုပ်နေရတာ သိပ်ကိုပင်ပန်းတာပဲ။ နောက်ဆုံးတော့ သူ ဒန်း တခု အောင်အောင်မြင်မြင်နဲ့ ဆင်နိုင်ခဲ့ပြီလေ။ ပြီးတော့ သူက တာယာခွေ အဝိုင်းထဲဝင်ထိုင်လို့ ဝက်သစ်ချပင်ကြီး အောက်မှာ ရှေ့ကို လွှဲလိုက် နောက်ကိုလွှဲလိုက်နဲ့ ရှိသမျှ အပူတွေ အားလုံးမေ့ထားလိုက်ပြီး ဒန်းကို လွှဲကာ ကစားနေခဲ့ပါတယ်။

သူက တာယာခွေထဲ ခန္ဓာကိုယ်ကိုထည့်လို့ မမှီမကမ်း ခြေထောက်ကို အားပြုရင်း လွှဲကာ လွှဲကာ ဒန်းစီးနေခဲ့တာပါ။ သူနောက်ကို ပြန်ရောက်လာတိုင်း ပင်စည်နဲ့ မတိုက်မိအောင်လည်း ခန္ဓာကိုယ်ကို တိမ်းရှောင်ရတာဆိုတော့ တဖြည်းဖြည်း နောက်ကို ဆုတ်ရင်း၊ ဆုတ်ရင်းနဲ့ သူမသိလိုက်ခင်မှာပဲ ဘုတ်ခနဲ မြည်သံနဲ့အတူ နောက်လန်ကာ ပြုတ်ကျသွားပါရောလား။

တခဏလောက်တော့ ဘရူနို့ မျက်လုံးထဲ အမှောင်ဖုံးသွားပါတော့တယ်။ ရှိသမျှအားနဲ့ ပြန်ကုန်းထကြည့်တော့ နောက်ကို ပြန်လွှဲလာတဲ့ တာယာက ခေါင်းကို ရိုက်မိပြန်ပါရောလား။ သူလည်း ဒန်း လွှဲတဲ့နေရာကနေ ဖယ်လို့ သူ့လက်မောင်းနဲ့ ခြေထောက်လေးကို ခါးလေးကုန်းကာ အုပ်ကိုင်ရင်း အော်နေတော့တာပေါ့။ လက်မကျိုးသွားလောက်ဖူးလို့တော့ သူကြိတ်ပြီး ဆုတောင်းနေရတာ အမှန်ပါပဲ။ သူ့ဘောင်းဘီတိုလေး အောက်က ဒူးခေါင်းကို တချက်ကြည့်တော့လည်း အရုပ်ဆိုးဆိုးနဲ့ ဟက်တက်ကွဲဒဏ်ရာကြီးက သွေးတွေ ထွက်နေတယ်လေ။

"အိုး…ဘုရားသခင်" လို့ ဘရူနို ရေရွတ်မိရင်း ဘာလုပ်ရင် ကောင်းမလဲဆိုတာ နာလွန်းလို့ မျက်လုံးလေးမှိတ်ရင်း စဉ်းစားနေပါတော့တယ်။ သူ သိပ်ပြီးတော့ မစဉ်းစားလိုက်ရပါဘူး။ သူ့ကို တာယာ လိုက်သယ်ပေးတဲ့ ပါဗယ် အလုပ်လုပ်တ့ဲ မီးဖိုချောင်က သူ့ဝက်သစ်ချပင်ကြီးနဲ့ မနီးမဝေးမှာရှိပြီး ပြတင်းပေါက်နားမှာ မတ်တပ်ရပ်လို့ အာလူးခွာနေတဲ့ ပါဗယ်က ဘရူနို ဒန်းပေါ်က

ပြုတ်ကျတာ မြင်တော့ ချက်ချင်းပဲ မီးဖိုချောင်ထဲက အူလျားဖားလျား ပြေးထွက်လာတယ်လေ။ ဘရူနို မျက်လုံးတခါဖွင့်ကြည့်တော့ ပါဗယ် သူ့နားရောက်နေပါပြီ။ သူလည်း အခုမှပဲ စိတ်ချလက်ချပဲ သတိခဏလောက် လစ်သွားပါတော့တယ်။ စိတ်ထဲမှာတော့ သူ့ကို နူးညံ့တဲ့ လက်တစုံက ပွေ့ချီသွားတာကို ခံစားလိုက်ရတာပေါ့။

" ဘာဖြစ်သွားမှန်းတောင် ကျွန်တော်မသိလိုက်ဘူး။ ဒန်းက အဲ့ဒီလောက် အန္တရာယ်ရှိတဲ့ပုံလည်း မပေါ်ဘူးလေ" လို့ ဘရူနိုက ပြောပါတယ်။

" သခင်လေးက အမြင့်ကြီး စီးတာကိုး"
ပါဗယ်က ခပ်အေးအေးပဲ ပြန်ဖြေလိုက်တယ်လေ။
" ကျွန်တော် တွေးမိပါတယ်။ ဒီလောက် အမြင့်ကြီး လွှဲနေတာ ပြုတ်ကြတော့မယ်လို့လေ"

" ပြီးတော့ ကျွန်တော် ပြုတ်ကျသွားရောလား"
" ဟုတ်ကဲ့ သခင်လေး ပြုတ်ကျသွားပါတယ်"

ပါဗယ်က သူ့ကို ဒန်းဘေးကနေချီလာပြီး မီးဖိုချောင်ထဲက သစ်သားခုံတလုံးပေါ်မှာ တင်ထားခဲ့ပါတယ်။

"အမေ ဘယ်မှာလဲ"
ချက်ချင်းဆိုသလို အမေ့ကို သတိရလိုက်ပါတယ်။
" သခင်လေး အမေ ပြန်မရောက်သေးဘူးကွဲ့"
ပါဗယ်က ဘရူနို့ခြေထောက်လေးကို ဒူးထောက်လို့ ကိုင်ကြည့်ရင်း ပြောလိုက်တယ်လေ။
" အဘိုးပဲ ဒီနားမှာ ရှိတယ်လေ"

"ဒါဆို ကျွန်တော့် ခြေထောက်က ဘာဖြသ်တော့မှာလဲ" လို့ပြောရင်း ဘရူနိုက သူ့ခြေထောက်လေးကို ကြည့်လို့ စိုးရိမ်တကြီးနဲ့ ပြောလိုက်ပါတယ်။
" ကျွန်တော် သွေးထွက်လွန်ပြီး သေတော့မှာလားဟင်"

ပါဗယ်က သူ့စကားလေးကို သဘောကျလို့ ခပ်တိုးတိုးရယ်လိုက်ပြီး ခေါင်းခါပြလိုက်တယ်။
" သခင်လေး ကသွေးထွက်လွန်ပြီး မသေပါဘူးဗျာ"
သူက အနားမှာရှိတဲ့ ခွေးခြေခုံပုလေးကို ဆွဲပြီး ဘရူနို့ခြေထောက်ကို တင်ခိုင်းထားတယ်လေ။
" ခဏလောက် မလှုပ်ပဲနေနော်။ ဟော ဟိုနားမှာ ဆေးသေတ္တာရှိတယ်ဗျ"

ဘရူနိုက ခုံပေါ်ကထိုင်လို့ ပါဗယ် လုပ်သမျှ စိတ်ဝင်တစားနဲ့ ထိုင်ကြည့်နေတာပေါ့။ ပါဗယ်က အစိမ်းရောင် ဆေးသေတ္တာလေးဆွဲလို့ ရေအနည်းငယ်နဲ့ ပြန်လာတာပေါ့။ သူက ရေအရမ်းအေး ၊ မအေး သိရအောင်တောင်

သေချာ စစ်လိုက်ပါသေးတယ်။

" ကျွန်တော် ဆေးရုံသွားဖို့ လိုသေးလားဗျ"

" မလိုပါဘူးဗျာ" ဆိုပြီး ပါဗယ်က ရေဆွတ်ထားတဲ့ အဝတ်စနဲ့ သူ့ခြေထောက်ကို သုတ်ပေးကာ စကားပြန်လိုက်ပါတယ်။ ဘရူနိုလေးလည်း အနာကိုထိတော့ မျက်လုံးလေး မှိတ်လို့ တွန့်တွန့်သွားတာပေါ့။

" သာမန် ရှနာ လေးပါပဲ။ ဆေးရုံသွားချုပ်စရာတော် မလိုလောက်ပါဘူး" လို့ ပါဗယ်က အနာကို ကြည့်လို့ ပြောလိုက်တာပေါ့။

ဘရူနိုက မျက်မှောင်ကြုတ်လို့ ပါဗယ်လုပ်သမျှ လိုက်ကြည့်နေတာပါပဲ။ ပါဗယ်က အနာကို ရေသန့်သန့်နဲ့ သန့်စင်ပြီးတော့ နောက်ထပ် အဝတ်တစနဲ့ ဖိကပ်ထားပါတယ်။ မကြာခင်မှာပဲ ဒဏ်ရာကသွေးတိတ်သွားပြီးတော့ ပါဗယ်လည်း အစိမ်းရောင်ဆေးရည်လေးနဲ့ လိုက်တို့ပေးတော့ ဘရူနို့ခမျာ စပ်လို့ "အိုး....အိုး" နဲ့ အော်နေရတော့တာပေါ့လေ။

" ဒဏ်ရာက အဲ့ဒီလောက်လည်း မပြင်းပါဘူးလေ"
ပါဗယ်က သူ့ကိုကြင်ကြင်နာနာ ပြောရှာပါတယ်။
" ဒဏ်ရာက ထင်သလောက် မနာဘူးလို့ တွေးကြည့်ရင် အနာသက်သာသွားမှာပါ" တဲ့။

ဘရူနိုလည်း သူပြောတဲ့အတိုင်း တွေးကြည့်တော့ အံ့သြစရာ ကောင်းစွာနဲ့ပဲ ထပ်ပြီး မအော်ဖြစ်တော့ဘူးလေ။ ဒဏ်ရာကို ဆေးထည့်ပြီးတော့ ပါဗယ်က ဆေးသေတ္တာထဲက ပတ်တီးလိပ်နဲ့ သေသေချာချာ စည်းပေးပါသေးတယ်။

" ကဲ....အခုတော့ ကောင်းသွားပြီ မဟုတ်လား"

ဘရူနိုလည်း ခေါင်းလေးငြိမ့်ရင်း ခုနက သူ ဒီဒဏ်ရာလေးရတာကို အကြီးအကျယ် လုပ်ပြနေတာ စဉ်းစားမိရင်း ရှက်နေမိတယ်လေ။
" ကျေးဇူးတင်ပါတယ်"

" ရပါတယ်ဗျာ။ အခုတော့ သခင်လေး ပြန်လမ်းမလျှောက်ခင် ခဏလောက် ဒီခုံပေါ်မှာ ငြိမ်ငြိမ်လေးထိုင်နေပေးရမယ်နော်။ အနာကျက်တဲ့အထိ ဒန်း ဆီလည်း ပြန်မသွားနဲ့ဦး" လို့ ပါဗယ်က သူ့ကို ဆရာဝန် တယောက်က လူနာကို မှာသလို မှာနေပါတော့တယ်။

ဘရူနိုလည်း ခွေးခြေခုံလေးပေါ် ခြေထောက်တင်ကာ ထိုင်နေတုန်း ပါဗယ်ကတော့ ရေဘုံလိုင်ဆီသွားလို့ သူ့လက်တွေကို ဘရပ်ရှ် နဲ့ တိုက်ကာ ပွတ်ဆေးရင်း အာလူးအိတ်ထောင်ထားရာ နေရာက ထိုင်ခံုလေးဆီ ပြန်သွားခဲ့ပါတော့တယ်။

" ဒီ နေ့ ဖြစ်ခဲ့တာတွေ အမေ့ကို ပြန်ပြောမှာလား"

ဘရူနိုက အမေ့ကို ပြောသင့်၊ မပြောသင့် စဉ်းစားရင်း မေးလိုက်ပါတယ်။

" ကျွန်တော့် အထင်တော့ သူကိုယ်တိုင်ပဲ တွေ့သွားလိမ့်မယ် ထင်ပါတယ်ဗျာ" လို့ပြောရင်း ပါဗယ်က မုန်လာဥနီတွေကို စားပွဲဆီ သယ်လာကာ ဘရူနို့ရှေ့က သတင်းစာတွေပေါ် အခွံနွှာချနေခဲ့တာပေါ့။

" ဟုတ်တယ်။ ကျွန်တော်လည်း အဲ့ဒီလိုထင်ပါတယ်။ အမေက ကျွန်တော့်ကို ဆရာဝန်ဆီ ခေါ်သွားရင် ခေါ်သွားမှာပေါ့"

" ကျွန်တော်တော့ မထင်ပါဘူးဗျာ"
ပါဗယ်က ခပ်တိုးတိုးပြန်ပြောလိုက်ပါတယ်။

" ခင်ဗျားမှ မသိတာ" ဆိုပြီး ဘရူနိုက သူ့ရဲ့ မတော်တဆမှုလေးကို အကျယ်ချဲ့လို့ ပြောနေပါတော့တယ်။ ဒီအိမ်ကို ရောက်ပြီးကတည်းက ထူးထူးခြားခြား ဖြစ်တာ ဒီကိစ္စတခုထဲရှိသေးတာမို့ ဒီအတိုင်းကြီး ပြီးသွားမှာလည်း သူမလိုလားဘူးလေ။
" ဒီ ဒဏ်ရာက ထင်ထားတာထက် ပိုဆိုးနိုင်တာပဲ"

" မဆိုးပါဘူးဗျာ"
ပါဗယ်က မုန်လာဥလှီးရာက မျက်နှာ မခွာဘဲ သူ့မေးခွန်းကို ပြန်ေြဖလိုက်တယ်လေ။

" ခင်ဗျားက ဘယ်လိုသိတာလဲ"
ဘရူနိုလည်း သူ့ကို ဆန့်ကျင်ပြီးပဲ ဖြေနေတဲ့ သူ့ကို ပြန်ပြီး ပက်လိုက်ပါတော့တယ်။
" ခင်ဗျားက ဆရာဝန်မှ မဟုတ်တာ"

ရုတ်တရက် ပါဗယ်က မုန်လာဥ လှီးနေရာကနေ စားပွဲတဖက်က ဘရူနို့ကို တချက်လှမ်းကြည့်လိုက်တယ်။ ပြီးတော့ သူက ဘေးဘီ တချက်ကြည့်လို့ အန္တရာယ် မရှိလောက်ဘူးဆိုတော့မှ သက်ပြင်းလေးချရင်း လေသံ ခပ်အုပ်အုပ်ပဲ သူ့ကို လှမ်းပြောလိုက်တယ်လေ။
"ဟုတ်ပါတယ်။ ကျွန်တော်က ဆရာဝန် တယောက်ပါဗျာ" တဲ့။

ဘရူနိုလည်း တအံ့တဩနဲ့ သူ့ကို စိုက်ကြည့်နေမိတာပေါ့။ သူပြောတာက အဓိပ္ပါယ်မရှိဘူးလေ။

"ဒါပေမယ့် ခင်ဗျားက စားပွဲထိုးမဟုတ်ဘူးလား။ ညစာအတွက် ဟင်းသီးဟင်းရွက် လှီးနေရတဲ့သူက ဘယ်လိုလုပ်ပြီး ဆရာဝန်ဖြစ်နိုင်မှာလဲ"

" လူလေးရယ်" လို့ပဲ ပါဗယ်က ပြောနိုင်ပါတယ်။ ပါဗယ် ခေါ်တဲ့ 'လူလေးရယ်' ဆိုတဲ့ အခေါ်အဝေါ်က လက်ဖတင်နင် ကော့တ်လာ ခေါ်တဲ့ ' ဆရာလေး' ဆိုတဲ့ အခေါ်အဝေါ်ထက် ပိုပြီး သာယာနာပျော်ဖွယ်ကောင်းတာတော့ အမှန်ပါ။

" ကျွန်တော်က တကယ့် ဆရာဝန်အစစ်ပါ။ လူတယောက်က ညတိုင်း ကောင်းကင်ကို မော့ကြည့်တတ်ပေမဲ့လို့ အာသကဟာဥ်မှုူးတော့ ဖြစ်မလာနိုင်ဘူးပေါ့ဗျာ"

ဘရူနို သူဘာကို ဆိုလိုတယ်ဆိုတာတော့ လုံးဝမသိလိုက်လို့ ပါဗယ့်မျက်နှာကိုပဲ စိုက်ကြည့်နေခဲ့ပါတယ်။ သူက တော်တော်လေး ပိန်လှီပြီး ခြေထောက်တွေ လက်တွေကလည်း သေးကွေးလို့ပါ။ သူက အဖေ့ထက် အသက်ကြီးတဲ့ပုံပေါက်ပေမဲ့ အဘိုးထက်တော့ ငယ်ဦးမဲ့ အရွယ်ပါ။ ဘရူနို အောက်ဝစ်သ် ကို စရောက်ကတည်းက သူ့ကို သေချာမကြည့်ဖြစ်လို့နေမယ်။ အခုလို ကြည့်လိုက်တော့ သူ့မျက်နှာမှာ အရင်က မုတ်ဆိတ်မွေးရှည်ရှိခဲ့တဲ့ ပုံပါပဲ။ အခုတော့ ငုတ်စိလေးတွေပဲရှိတော့တယ်လေ။

" ကျွန်တော်နားမလည်တော့ဘူး" လို့ ဘရူနိုက ပြောလိုက်တာပေါ့။
" ခင်ဗျားက ဆရာဝန်သာဆို ဘာလို အခု ဒီမှာ စားပွဲထိုးလုပ်နေရတာလဲ။ ခင်ဗျားက ဆေးရုံမှာ ရှိနေသင့်တာ မဟုတ်ဘူးလား"

ပါဗယ်လည်း လက်ထဲက မုန်လာဥတွေကို ငေးကြည့်လို့ စကားစ ရှာမရဖြစ်နေခဲ့တယ်လေ။ ဘရူနိုကလည်း သူ့အဖြေကြားရဖို့ စိတ်ရှည်ရှည် နဲ့ သူ့ကိုစောင့်နေခဲ့ပါတယ်။

" ကျွန်တော် ဒီကို ရောက်မလာတုန်းက ကျွန်တော်က ဆရာဝန်တယောက်အဖြစ် အလုပ်လုပ်ခဲ့တာပေါ့" လို့ သူကနောက်ဆုံးတော့ ထုတ်ပြောပါတော့တယ်။

" အလုပ်လုပ်ခဲ့တယ်တဲ့လား" ဘရူနိုက ဒီစကားလုံးကို မရင်းမနှီးဖြစ်နေလို့ ပြန်မေးလိုက်ပါသေးတယ်။
" ခင်ဗျားက အလုပ်မှာ မတော်ခဲ့ဘူးလား"

ပါဗယ်က ပြုံးနေတယ်လေ။
"ကျွန်တော်က သိပ်တော်ခဲ့တာပေါ့ဗျာ။ ကျွန်တော် ကိုယ်တိုင်လည်း လူလေးအရွယ် ငယ်ငယ်လေးကတည်းက ဆရာဝန်တယောက်ဖြစ်ချင်ခဲ့တာလေ"

"ကျွန်တော်ကတော့ ရှာဖွေလေ့လာတဲ့သူဖြစ်ချင်တာဗျ"

" ဒါဖြင့်လည်း ကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ" လို့ ပါဗယ်က ပြုံးလို့ပြောတာပေါ့။

"ကျေးဇူးတင်ပါတယ်"
" လူလေး အခုတော့ ဘာတွေများ ရှာဖွေတွေ့ရှိပြီးပြီလဲ"

" ဘာလင် က ကျွန်တော်တို့အိမ်မှာတော့ ရှာဖွေစရာ နေရာတွေက အများကြီးဗျ။ အိမ်ကြီးကလည်း အကြီးကြီးပါပဲလေ။ ခင်ဗျား စိတ်ကူးယဉ်နိုင်တဲ့

ပမာဏထက်တောင် ပိုကြီးဦးမယ်။
ဒါပေမယ့် ဒီရောက်လာတော့ အရာရာက ပြောင်းလဲ ကုန်တော့တာပါပဲ" လို့ ဘရူနိုက သူမှတ်မိသလောက် ဘာလင်က အိမ်အကြောင်းကို စိတ်အားထက်သန်စွာပြောပြတာပေါ့။

" ဟုတ်တယ်။ အရာရာက ဒီမှာ ပြောင်းလဲနေတယ်လေ" လို့တောင် ပါဗယ်က သူ့စကားကို ထောက်ခံလိုက်ပါသေးတယ်။

" ခင်ဗျား ဒီ အောက်ဝစ်သ်ကို ရောက်တာ ဘယ်လောက်ကြာပြီလဲ"

ဒီမေးခွန်းကို ဖြေဖို့ ပါဗယ်က လက်ထဲက မုန်လာဥနဲ့ ဓါးကို ခဏချလို့ တော်တော်လေး စဉ်းစားယူရပါသေးတယ်။ ပြီးတော့မှ
" ကျွန်တော့်အထင်တော့ ကျွန်တော်က ဒီမှာ အမြဲတမ်း ရှိနေခဲ့တာ ထင်တာပါပဲ" လို့ ပါဗယ်က ဖြေးဖြေးချင်း ဖြေရှာတယ်လေ။

" ဒီမှာ မွေးတာလား"
"မဟုတ်ပါဘူး။ ကျွန်တော့်ကို ဒီမှာ မွေးတာ မဟုတ်ပါဘူး" လို့ ငြင်းတော့ ဘရူနို ခေါင်းရှုပ်သွားရတာပေါ့။

" ဒါပေမယ့် ခုနက ပြောတော့ ဒီမှာမွေး....."

သူ့စကားတောင် အဆုံးမသတ်လိုက်နိုင်မှာပဲ အမေ့အသံကို အပြင်ကနေ ကြားလိုက်ရပါတယ်။ ပါဗယ်လည်း ရုတ်တရက် စားပွဲကနေ ပြာပြာသလဲထလို့ ရေဘုံဘိုင်နားသွားထိုင်ရင်း လက်ထဲက မုန်လာဥကို ခေါင်းငုံ့ကာ အားစိုက်လို့ ခွာနေခဲ့ပါတော့တယ်။

" သားေလး ဘာများဖြစ်နေတာလဲ"
အမေက မီးဖိုချောင် တံခါးဝကနေ စားပွဲပေါ် ပတ်တီးစည်းထားတဲ့ ခြေထောက်ကို စင်းလို့ ထိုင်နေတဲ့ သူ့ကို လှမ်းမေးလိုက်တယ်လေ။

" သား ဒန်း လုပ်စီးရင်းနဲ့ ပြုတ်ကျတာ အမေ" လို့ သူက ရှင်းပြပါတယ်။
" ပြီးတော့ ဒန်းနဲ့ ခေါင်းရိုက်မိလို့ သား မူးမေ့မလိုဖြစ်သွားတာလေ။ ပါဗယ်က သားကို ပွေ့ချီလာပြီး ဒီမှာ ဒဏ်ရာထဲ ဆေးထည့်လို့ ပတ်တီးစည်းပေးထားတာပေါ့။ သား တချက်မှ မငိုဘူး သိလား အမေ။ ဟုတ်တယ်နော် ပါဗယ်"

ပါဗယ်က ကိုယ်လေး အတန်ငယ် ရို့လို့
" အနာကို သေချာ ဆေးပြီးပါပြီ ခင်ဗျာ။ စိတ်ပူစရာမလိုတော့ပါဘူး " တခွန်းပြောပြီး သူ့အလုပ်သူ ဆက်လုပ်နေခဲ့ပါတယ်။

" သားအခန်းကို ပြန်တော့ ဘရူနို"
အမေက မျက်စိပျက် မျက်နှာပျက်နဲ့ သူ့ကို ခေါင်းထဲ ထွက်လာတဲ့ စကားတခွန်းပြောလိုက်တာပေါ့။

" ဒါပေမယ့် သား မငိုခဲ့...."

" အမေနဲ့ ကပ်မပြောနေနဲ့တော့။ အခန်းထဲမှာ သွားနေချည်" လို့ အမေက ထပ်ပြောတော့ သူလည်း စားပွဲပေါ်က ဆင်းလို့ ထော့နင်း ထော့နင်းနဲ့ အခန်းထဲက ဖြည်းဖြည်းချင်း လှမ်းကာ ထွက်လာခဲ့ပါတော့တယ်။ သူ့နောက်မှာတော့ အမေက ပါဗယ့်ကို "ကျေးဇူးတင်ပါတယ်" ဆိုတဲ့ စကားကို ပြီးစလွယ် ပြောလိုက်တာကို ကြားဖြစ်အောင ကြားလိုက်ပါသေးတယ်။ အမေ အခုလို ပြောလိုက်တာ ဘာရှုနိုဂမ်းသာမိပါတယ်။ ပါဗယ် သာမရှိခဲ့ဘူးဆိုရင် အခုလောက်ဆို သူ သွေးထွက်လွန်နေလောက်ပြီ မဟုတ်ပါလား။

သူ လှေကားပေါ် တက်မလို့ လုပ်နေတုန်း မီးဖိုချောင်ထဲက ပါဗယ့်ကိုပြောနေတဲ့ နောက်ထပ် အမေ့စကားတခွန်းကို ထပ်ကြားလိုက်သေးတယ်။ " တပ်ကြပ်ကြီး မေးရင် ကျွန်မပဲ ဘာရှုနို့ကို ဆေးလိမ်းပေးတယ်လို့ ပြောလိုက်ပါ့မယ်" တဲ့။ ဒါက သိပ်ကို တကိုယ်ကောင်းဆန်လွန်းပါတယ်။ အမေက ဘာလို့ သူမလုပ်ဘဲနဲ့ ကြားထဲက နာမည်ဂင်ယူချင်ပါလိမ့်နော်။

အခန်း (၈)

အဘွား ထွက်သွားရတဲ့ အကြောင်းအရင်း

ဘရူနို ဘာလင်မှာကျန်ခဲ့တဲ့ အရာတွေထဲက လွမ်းရတဲ့ အထဲမှာ အဘိုးနဲ့ အဘွားလည်း ပါပါတယ်။ သူတို့က ဘာလင်မှာဆို ဟင်းသီးဟင်းရွက် ရောင်းတဲ့ ဆိုင် အနီးအနားက တိုက်ခန်းလေးထဲမှာ အတူနေကြတယ်လေ။ ဘရူနို အောက်ဝစ်သ်ကို ပြောင်းမလာခင်တုန်းကတော့ အဘိုးအသက်က ခုနှစ်ဆယ့် သုံးနှစ်တောင်ရှိနေပြီဆိုေတာ့ အဘိုးက သူတွေ့ဖူးသမျှလူေတွထဲမှာ အသက်အကြီးဆုံးသူ ဆိုရင်လည်း မမှားပါဘူး။ တခါတုန်းက ပျင်းပျင်းရှိတာနဲ့ ဘရူနိုလည်း သူ့အသက်နဲ့ အဘိုး အသက် တွက်ကြည့်တော့ သူ့အခု ဒီ ကိုးနှစ်အရွယ်ကို ကိုးခါလောက် ပြန်နေရင်တောင် အဘိုးက သူ့ထက် တနှစ်ပိုကြီးနေဦးမှာဆိုတာကို သိလိုက်ရပါတယ်။

အဘိုးက မြို့ထဲက စားသောက်ဆိုင်ဖွင့်လို့လုပ်ကိုင်စားသလို သူ့အလုပ်သမားတွေထဲကတယောက်ကလည်း ဘရူနို့သူငယ်ချင်း မာတင့်ရဲ့ အဖေဖြစ်ပါတယ်။ အဘိုးက အသက်ကြီးလာပြီမို့ အရင်တုန်းကလို အစားအသောက်ချက်ပြုတ်တာ၊ စားပွဲထိုးပေးတာတွေ မလုပ်တော့ပေမဲ့ သူက ဘားမှာထိုင်လို့ တနေ့ခင်းလုံး စားရင်းသောက်ရင်း သူငယ်ချင်ေးတွေနဲ့ ဆိုင်ပိတ်တဲ့အထိ ပေါက်ပေါက်ဖောက်နေ တတ်တယ်လေ။

အဘွားကတော့ ဘရူနို့သူငယ်ချင်းတွေရဲ့ အဘွားတွေနဲ့ လုံးဝမတူပါဘူး။ တကယ်တော့ ဘရူနို့အဘွားက အခုမှ အသက် ခြောက်ဆယ့်နှစ်နှစ်ပဲ ရှိသေးတာလေ။ သူက အဘိုးကို သူဖျော်ဖြေတဲ့ ပွဲတခုမှာ တွေ့ခဲ့တာဖြစ်ပြီး အဘိုးကလည်း သူ့နဲ့ လက်ထပ်ယူလာအောင် ကောင်းကောင်း သွေးဆောင်နိုင်ခဲ့ပုံရပါတယ်။ အဘွားက အနီရောင် ဆံပင်ရှည်ရှည်ကြီးတွေနဲ့အတူ မျက်လုံးစိမ်းစိမ်းလေးတွေနဲ့ သိပ်ကို ကျက်သရေရှိပါတယ်။ သူ့မှာ မျက်လုံးစိမ်းတွေရှိရတာက သူ့မိသားစုထဲမှာ အိုင်းရစ်သွေးပါလို့ဆိုတာလည်း ပြောတတ်ပါသေးတယ်။ နောက်ပြီး မိသားစုပါတီပွဲတွေဆို အဘွားရဲ့ သီချင်းတွေက မပါမဖြစ်ပါပဲ။ သူ့ကို သီချင်းမဆိုခိုင်းရင်တောင် သူက စန္ဒရားသမားနား ရစ်သီရစ်သီလုပ်နေတတ်တာပါပဲ။

" ဘာရယ်...." ဆိုတဲ့ မခို့တရို့ေလး ပြုံးလို့ အဘွားက သူ့ရင်ဘတ်ကို လက်ကလေးနဲ့ ဖိရင်း မင်းသမီးရှုံးလောက်အောင် အမူအရာလုပ်ပြတတ်ပါတယ်။ အဲ့ဒီတော့ ပါတီက လူတွေကလည်း သူ့ကို သီချင်းဆိုဖို့ မြှောက်ပေးကြတာပေါ့။ " အို မဟုတ်တာကွယ်။ အဘွားရဲ့ သီချင်းဆို ဖျော်ဖြေခဲ့ရတဲ့ နေ့ရက်တွေက

အတိတ်မှာ ကျန်ခဲ့ပြီမို့ မဆိုပါရစေနဲ့နော်...." လို့ မထိတထိလေး ပြောကာ ပရိတ်သတ်ကြီးကို ဆွပေးနေတယ်လေ။ ခဏနေ ဆယ်စက္ကန့်၊ ဆယ့်နှစ်စက္ကန့်လောက်ကြာပြီဆိုရင်တော့ သူက မနိုင်ပါဘူးလေ ဆိုတဲ့ မျက်နှာပေးနဲ့ သီချင်းစဆိုတော့တာပါပဲ။ သီချင်း မဆိုခင်လေး စန္ဒရားသမားဘက်ဆီ လှည့် လို့ ပြောလိုက်သေးတယ်။

" La Vie En Rose (ပန်းရောင်ဘဝလေး) သီချင်းတီးနော်။ E-flat minor ကီးနဲ့တီးကြားလား။ ငါ့ကိုလည်း စောင့်ပြီး တီးဦး" တဲ့လေ။

အဘွား သီချင်းဆိုလောက်ပြီဆိုတာနဲ့ အမေက သူ့ ညှော့်သည်တချို့နဲ့ မီးဖိုချောင်ထဲ ဝင်သွားတတ်သလို အဖေကတော့ သူ့အမေရဲ့ ပြင်သစ်အချစ်သီချင်းကို မတ်တပ်ရပ်လို့ ခံစားနေတတ်တယ်လေ။ ဘရူနိုလည်း အဘွားသီချင်းဆိုတာကို သိပ်သဘောကျပါတယ်။ သီချင်းဆိုအပြီး ပရိတ်သတ်တွေရဲ့ လက်ခုပ်သံကြားမှာ ပြုံးနေတဲ့ အဘွားက အသက် ဆယ်နှစ်လောက် ပြန်ငယ်သွားသလိုပါပဲ။

အဘွားက ဘရူနို ဒါမှမဟုတ် ဂရက်တယ် တယောက်ယောက်က သူ့ခြေရာနင်းမယ်လို့ ယုံကြည့်ခဲ့ဖူးပါတယ်။ နောက်ပြီး ခရစ္စမတ်နေ့တွေနဲ့ မွေးနေ့တွေတိုင်းလည်း သူက ဘရူနိုတို့မောင်နှမနှစ်ယောက်အတွက် အဖေ၊ အမေနဲ့ အဘိုးတို့ကို ပြဇာတ်လေးတွေ ကပြဖို့ ကိုယ်တိုင်ရေးတတ်ပါသေးတယ်။ နောက်ပြီး အဘွားက ဘရူနို့ကိုဆို သားယောကျ်ားမြေးလေးမို့ အကောင်းဆုံး နေရာကချည်း သရုပ်ဆောင်ခိုင်းတာပါပဲ။ သူ့ရဲ့ အပိုင်းကတော့ များသော အားဖြင့်ဆို "အို...ပရိတ်သတ်ကြီးက ဒီသီချင်းကို နားထောင်ချင်တာလား" အစချီလို့ သူအပိုင်နိုင်ဆုံး သီချင်းကနု စဆိုတော့တာပဲလေ။ နောက်ပြီး ဘရူနိုက မျက်လှည့်ပြလို့နဲ့ ဂရက်တယ်က ကတဲ့ ပြကွက်တွေလည်း ပါပါသေးတယ်။ အဆုံးမှာတော့ ဘရူနိုက သူကိုယ်တိုင်တောင် နားမလည်တဲ့ ကဗျာဆရာအကျော်အမော်ကြီးတွေရဲ့ ကဗျာ ဖတ်ရင်း ဇာတ်သိမ်းတတ်ပါတယ်။ ဘရူနိုကိုယ်တိုင်လည်း နားမလည်ပေမဲ့ သူဖတ်ပြတာလေးက ပရိတ်သတ်တွေအားလုံးကို ရင်ထဲ ကြည်နူးရစေတာပေါ့။

ဒါပေမယ့် အဲ့ဒါက ပြဇာတ်ရဲ့ အကောင်းဆုံးအပိုင်းမဟုတ်သေးပါဘူး။ အကောင်းဆုံးအပိုင်းက အဘွားချုပ်ပေးတဲ့ ဘရူနိုတို့မောင်နှမအတွက် ဝတ်စုံဆန်းဆန်းလေးတွေပါပဲ။ အဘွားက ပြဇာတ်က ဘယ်လိုဖြစ်နေဖြစ်နေ ဘရူနိုလေးကိုတော့ မင်းသားလေးလို၊ အာရပ်စော်ဘွား လေးလို ဒါမှမဟုတ် ရောမ စစ်သူရဲကောင်းကြီးလို ခမ်းခမ်းနားနားဆင်ပေးတတ်ပါတယ်။ နောက်ပြီး သူကလည်း သရုပ်ဆောင်းရင်ဆောင်း ဒါမှမဟုတ် လုံတာ၊ ကြာပွတ် နဲ့ ခေါင်းပေါင်း ပေါင်းလို့ ခန့်ခန့်ငြားငြားဝတ်စားတတ်တယ်လေ။ အဘွားရဲ့ အနုပညာနဲ့ ပတ်သက်တဲ့ ဦးနှောက်ကတော့ ရွှေချထားရလောင်အောင်ပါပဲ။ ဘယ်သူမှ

သူဘာလုပ်တော့မယ် ဆိုတာ မခန့်မှန်းနိုင်ဘူးလေ။ ခရစ္စမတ်နားနီးလို့ တပတ်လောက်အလိုဆို အဘွားက သူ့မြေးနှစ်ယောက်ကို ခေါ်လို့ ကိုယ်ဖိရင်ဖိသင်ပေးတတ်တာပေါ့။

ဒါပေမယ့် နောက်ဆုံးတခေါက် ကပြခဲ့တဲ့ ပြဇာတ်ကတော့ အားလုံးကို စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရလို့ စကားတွေတောင်များခဲ့ရပါတယ်။ ဘရူနိုလည်း မျက်ရည်ကျမိပေမဲ့ ဘာလို့ဆိုတဲ့ အကြောင်းအရင်းအမှန်တော့ သူလည်း မသိတာအမှန်ပါ။

အဲ့ဒီပြဇာတ် ကမပြခင် တပတ်လောက်အလိုက ဘရူနိုတို့ ဘာလင်က အိမ်မှာ သတင်းကောင်းတခုရှိခဲ့ပါတယ်။ အဖေ့ကို အခုဆို မာရီယာ၊ လားစ်၊ ထမင်းချက်ကြီးနဲ့ ဘဏ္ဍာစိုးကြီးတို့က 'တပ်မှူးချုပ်' ရယ်လို့တောင် ပြောင်းခေါ်နေကြပြီလေ။ နောက်ပြီး အိမ်ထဲမှာလဲ စစ်သားတွေကလည်း အရင်ကထက်ကို ဝင်လိုက်ထွက်လိုက်နဲ့ ခြေချင်းလိမ်နေကျတာ ဘရူနို့အိမ်ကို မောင်ပိုင်စီးထားတဲ့ အတိုင်းပါပဲ။ နောက်တော့ ဖြူရီနဲ့ ရွှေရောင်ဆံပင်ပိုင်ရှင် မိန်းမက ဘရူနို့အိမ်ဆီ ညစာလာစားခဲ့တယ်လေ။ သူတို့လာတဲ့နေ့က တအိမ်လုံးကလူတွေ အသက်တောင်ပြင်းပြင်းမရှူရဲခဲ့ကြပါဘူး။ အမေက အဖေ့ကို ဂုဏ်ယူကြောင်းပြောဖို့ သူ့ကို ခိုင်းတော့ ဘရူနိုလည်း ဘုမသိ ဘမသိနဲ့ ပြောခဲ့ပါသေးတယ်။ သူ့စိတ်ထဲမှာတော့ ဘာလို့ ဒီလိုလုပ်ရမှန်းကို မသိတာပါ။

ခရစ္စမတ်နေ့ရောက်တော့ အဖေက ယူနီဖောင်းအသစ် ဝတ်လို့ ခန့်ခန့်ငြားငြားပြင်ဆင်ရင်း ထွက်လာတော့ တမိသားစုလုံးလည်း သူ့ကို လက်ခုပ်လက်ဝါးတီးလို့ ကြိုဆိုခဲ့ကြတယ်လေ။ အဖေ့ဝတ်စုံက အိမ်ရှေ့မှာစောင့်နေတဲ့ စစ်သားတွေထက်သားနားတာကိုတော့ ဘရူနို သတိထားမိပါတယ်။ အမေက အဖေ့ကို ပါးပြင်လေးကိုနမ်းလို့ နှုတ်ဆက်ရင်း အင်္ကျီသားပေါ် လက်နဲ့သပ်လို့ အသားကောင်းကြောင်းပြောနေတုန်း အဖေက သူ့ကို ငေးကြည့်နေတဲ့ ဘရူနိုကို လက်ထဲက ဦးထုပ်လေးပေးဆောင်းခဲ့တာပေါ့။ ဘရူနိုက အဖေ့ ယူနီဖောင်းမှာ ဆင်ယင်ထားတဲ့ အဆင်တန်ဆာတွေကို သဘောကျနေခဲ့တယ်လေ။

အဘိုးကလည်း သူ့သားဘယ်လောက်တော်ကြောင်း လက်သီးလက်မောင်းတန်းလို့ ဂုဏ်ယူေနခဲ့ပေမဲ့ အဘွားကတော့ မျက်နှာမချိုမချဉ်နဲ့ လုံးဝ စိတ်ဝင်စားပုံကို မပြတာပါ။ အဲ့ဒီနေ့ညစာစားပြီးတော့ အဘွားရယ် ဘရူနိုနဲ့ ဂရက်တယ်တို့ သုံးယောက်က မိသားစုတွေအတွက် ပြဇာတ်လေးတပုဒ်ကပြဖြစ်ကြသေးတယ်လေ။ နေ့က်တော့ အဘွားလည်း ခပ်လှမ်းလှမ်းက ထိုင်ခုံလေးမှာထိုင်လို့ အဖေ့ကို လှမ်းကြည့်ရင်း သူ အမှားကြီးတခုလုပ်မိသလို စိတ်ပျက်ဖမ်းနည်းနေပါတော့တယ်။

" ဒါတွေ အားလုံးက အမေ့အပြစ်များလားလို့ တွေးမိတယ် ရက်ဖ် ရယ်" လို့

အဘွားက အဖေ့ကို နောက်ဆုံးတော့ ပြောချလိုက်တယ်လေ။
" အမေ မင်း ငယ်ငယ်တုန်းက စစ်သားကြီးလို ပြဇာတ်ကခိုင်းခဲ့လို့များ မင်း အခုလို ဖြစ်လာသလား တွေးနေမိတယ်ကွယ်။ မင်းသိတယ် မဟုတ်လား ကြိုးဆွဲရာကရတဲ့ အရုပ်ကလေးလေ...."

" ကဲ အမေ..."
အဖေက စိတ်မရှည်တဲ့ လေသံနဲ့ မပွင့်တပွင့် နှစ်ကိုယ်ကြားပြောလိုက်ပါတယ်။
" အခုက အချိန်ကောင်း မဟုတ်သေးမှန်း အမေ လည်း သိပါတယ်"

အဘွားကတော့ သူ့စကားကို နားမထောင်ပဲ ဆက်ပြောနေဆဲပါ။
"ကြည့်စမ်းပါဦး မင်းက ယူနီဖောင်းအသစ်ကြီးကို နှစ်နှစ်ခြိုက်ခြိုက် ဝတ်နေလိုက်တာ....။ ကိုယ့်ကိုယ်ကို ရုပ်သေးရုပ်ဘဝ ရောက်နေပြီဆိုတာ မင်း သိရဲ့လား"

" နာတာလီ....ငါတို့ ဒီကိစ္စ ပြောပြီးပြီလေကွာ"
အဘိုးက ကြားထဲကမနေနိုင်ဘဲ ဝင်ပြောရတော့တာပေါ့။ အဘွားကတော့ သူ ပြောစရာရှိရင် ဘယ်တော့မှ နောက်မတွန့်တတ်တဲ့သူပါ။

"ကဲ ဒါဖြင့်ရင် ရှင်ပြောကြည့်စမ်းပါ မက်သိုင်းရပ်စ် ရယ်။ ရှင့်အတွက်ရော ကျွန်မက အရေးမပါတဲ့လူဖြစ်နေပြီလား ဟင်"
အဘွားက အဘိုးဘက်လှည့်လို့ စကားနာထိုးလိုက်သေးတာပါ။

" ဒါက ပါတီပွဲပါ အမေ" လို့ အဖေက သက်ပြင်းချရင်း ထပ်ပြောလိုက်ပါတယ်။
" ခရစ္စမတ်လေးနေ့ကိုတော့ ကျွန်တော်တို့ အေးအေးဆေးဆေး ဖြတ်သန်းကြရအောင်ဗျာ"

" မဟာစစ်ပွဲကြီး ဖြစ်တုန်းကအချိန်ကို ငါ မှတ်မိနေသေးတယ်"
အဘိုးက မီးလင်းဖိုဘက်ငေးကြည့်လို့ ခေါင်းလေး တငြိမ့်ငြိမ့်နဲ့ ဂုဏ်ယူစွာပြောတယ်လေ။
" မင်း ပထမဆုံး စစ်ထဲလိုက်တော့မယ်ဆိုတဲ့ စကားကြားတော့ ငါ မင်းကို မကြာခင် ဆုံးရှုံးရတော့မယ်လို့ ငါ တွေးမိတယ်လေ"

" သူ တကယ့်ကို အန္တရာယ်တွင်းထဲ ကျခဲ့တာပေါ့ရှင်" ဆိုပြီးတောင် အဘွားက သူ့ယောကျ်ား စကားကို ဝင်ထောက်ခံလိုက်ပါသေးတယ်။
" အခု ရှင့်သားကိုပဲ ကြည့်လိုက်စမ်းပါဦး"

အဘိုးကတော့ သူ့မိန်းမစကားနားမထောင်ဘဲ ဆက်ပြောတာပေါ့။
" အခုတော့ မင်းကို ကြည့်စမ်းပါဦးကွာ။ သား အခုလို ဒီလောက် အရေးပါတဲ့ ရာထူးတခုထိရောက်အောင် ကြိုးစားနိုင်ခဲ့တာ အဖေ ဂုဏ်ယူတယ် သား။ အမိမြေရဲ့ ဂုဏ်သိက္ခာကို ပြန်အဖတ်ဆည်ဖို့ သားက လူဆိုးလူမိုက်တွေကို တစမကျန်

ရှင်းပစ်နေရတာလေ....."

"အို.....ရှင့်စကားတွေ တော်ပါတော့ရှင်" လို့ အဘွားက အသံကျယ်ကျယ်နဲ့ အော်လိုက်ပါတယ်။
" ရှင်တို့နှစ်ယောက်ထဲက ဘယ်သူက အရူးဆုံးလဲတောင် ကျွန်မဖြင့် မခွဲခြားတတ်တော့ပါဘူးရှင်"

ဘရူနိုအမေလည်း ကြားထဲက ဝင်ဖျန်ဖြေဖို့ ကြိုးစားပေမဲ့ အဘွားကတော့ လုံးဝ အလျှော့မပေးဘဲ ဆက်ပြောနေတာပေါ့။
" ဪ... အမေရယ်။ ရက်ဖ် ကိုကြည့်ပါဦး။ သူ့ရဲ့ ယူနီဖောင်း အသစ်နဲ့ မခန့်ငြားလွန်းဘူးလားရှင်"

" ခန့်ငြားတယ် ဟုတ်လား"
အဘွားက သူ့ချွေးမကို အ တတ်ရန်ကောဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်လိုက်ပါတယ်။
" ခန့်ငြားတယ်လို့ သမီးပြောလိုက်တာလား။ အိုး... ရူးမိုက်လိုက်တဲ့ ကောင်မလေးနှယ်။ နင်လည်း ဒီရာထူးတွေက ကမ္ဘာပေါ်မှာ အရေးကြီးဆုံးလို့ ထင်နေတာလား ....ဟင်"

အဲ့ဒီအချိန်မှာ ဘုမသိ ဘမသိနဲ့ ဘရူနိုက ဝင်ပြောလိုက်သေးတယ်။
" သား ရော ဒီ ယူနီဖောင်းနဲ့ လိုက် လား ဟင်"
သူက အဘွားနဲ့ အမေ ပြဇာတ်ထဲက ယူနီဖောင်း လှ၊ မလှ ငြင်းနေတယ် အမှတ်နဲ့ ပြောလိုက်တာပါ။ ဘရူနိုက ဒီညတော့ အနီနဲ့ အနက်ရောင် စပ်ထားတဲ့ ဆပ်ကပ်သုံး ဝတ်စုံနဲ့ ကပြဖျော်ဖြေခဲ့တာလေ။ ဘရူနို့စကားကြားတော့မှပဲ အားလုံးလည်း ဘရူနိုနဲ့ ဂရက်တယ်တို့ပါ ဒီမှာ ရှိနေတာ သတိရသွားကြတာပေါ့။

" ကလေးတွေ အပေါ်တက်ကြတော့" လို့ အမေက ချက်ချင်းပြောလိုက်ပါတယ်။
" ကိုယ့်အခန်းကိုယ် ပြန်ကြစမ်း"

"ဒါပေမယ့် သမီးတို့မှ မသွားချင်သေးတာ။ သမီးတို့ ဒီအောက်မှာ ခဏလောက် ကစားလို့ မရဘူးလား ဟင်"
ဂရက်တယ်က အထွန့်တက်နေတော့ အမေက
" မရဘူး။ အပေါ်တက်ပြီး တံခါးပိတ်ထားကြတော့" လို့ ထပ်ပြောလိုက်ပါတော့တယ်။

" နင်တို့ စစ်သားတွေ အကုန်လုံးက အဲ့ဒီလိုချည်းပဲ"
အဘွား ကနောက် ထပ် တစခန်းထလာတယ်လေ။
" ယူနီဖောင်း လှလှလေးတွေနဲ့ သားသားနားနားဝတ်ပြီး လက်ေတွကတော့ အညစ်ပတ်ဆုံး အလုပ်ကို လုပ်နေကြတာလေ။ သား ဒီလို ဖြစ်သွားတာ အမေ ကိုယ့်ကိုယ်ကို ပဲ အပြစ်တင်မိသတယ်ကွဲ့။ သားသိရဲ့လား...."

"ဟော့ ကလေးတွေ အပေါ်တက်ကြစမ်း"
ဆိုပြီး တွန့်ဆုတ် တွန့်ဆုတ်လုက်ကာ အဘွားစကားနားထောင်နေတဲ့ မောင်နှမနှစ်ယောက်ကို အမေက ထပ်အော်လိုက်တာပေါ့။ ဒီတခါတော့ အမေ့အသံက အတည်ပြောနေမှန်း သူတို့နားလည်တော့ ချက်ချင်းပဲ အလျှိုလျှို အပေါ်ထပ် တက်ပြေးသွားတယ်လေ။

ဒါပေမယ့် သူတို့နှစ်ယောက်က အခန်းထဲမဝင်ဘဲ အောက်ထပ်က အသံတွေကို လှေကားထပ်က လက်ရန်းတွေနဲ့ ကွယ်လို့ နားထောင်နေခဲ့ကြပါတယ်။ အဖေနဲ့ အမေ့ရဲ့ အသံက ဗလုံးဗထွေးနဲ့ ဖြစ်နေတာကို သူတို့ကြားလိုက်ရပါတယ်။ အဘိုးကတော့ တခွန်းမှ ဝင်မပြောတဲ့ ပုံပါပဲ။ အဘွားကတော့ ဘယ်တုန်းကတည်းက မကျေနပ်နေလည်း မသိပါဘူး။ သူ့အသံက အကြားရဆုံးပဲလေ။ နောက်ဆုံး အောက်ထပ်ကနေ တံခါးဆောင့်ပိတ်သံတွေကြားတော့ ဘရူနိုတို့ မောင်နှမနှစ်ယောက်လည်း ခြေသံလုံလုံနဲ့ ကိုယ့်အခန်းကိုယ် ဝင်လို့ တံခါးပိတ်ထားလိုက်ပါတော့တယ်။ အဘွားက သူ့ရဲ့ ကုတ်အင်္ကျီကို ဆွဲယူရင်း ပြောသွားပါသေးတယ်။

" ရှက်တယ်ကွယ်။ သိပ်ရှက်တယ်...." လို့ သူက အိမ်ထဲကနေ ထွက်သွားရင်း ပြောလိုက်ပါတယ်။
" ငါ့သားက ဒီလိုလူမျိုး ဖြစ်လာလိမ့်မယ်လို့ ထင်ကို မထင်ထားခဲ့ဘူး"

" မျိုးချစ် ပုဂ္ဂိုလ် ပါ အမေ" ဆိုပြီး အဖေက အခန်းထဲကနေ လှမ်းအော်ပြောလိုက်တာပေါ့။

အဲ့ဒီတော့ အဘွားက အိမ်ရှေ့တံခါးကိုဖွင့်ရင်း
" ဩော် အေးပေါ့။ မျိုးချစ် ပုဂ္ဂိုလ်ကြီးရယ်။ နင်နဲ့အတူ ထမင်းလာစားတဲ့လူတွေကိုလည်း ငါမုန်းတယ်။ နင့်ကိုလည်း အဲ့ဒီ ယူနီဖောင်းနဲ့ တွေ့တဲ့အခါတိုင်း ငါ့မျက်လုံးတွေကို ဖောက်ထုတ်ပစ်ချင်လောက်အောင် ခံစားရတယ် သိလား" ဆိုပြီး အိမ်ရှေ့တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ရင်း ထွက်သွားပါတော့တယ်။

အဘွား ဒီလောက်ထိ ဒေါသထွက်တာ ဘရူနို တခါမှ မမြင်ဖူးပါဘူး။ နောက်ပြီး အဲ့ဒီနေ့ကတည်းက အဘွားကို မတွေ့ခဲ့ရတော့တာ အခု ဒီ အောက်ဝစ်သ် နေအိမ်ဆီ ရောက်တဲ့အထိပါပဲ။ သူလည်း နောက်ဆုံးတော့ အဘွားဆီ စာတစောင်ရေးဖို့ အကြံရသွားပါေတာ့တယ်။

သူက ဖောင်တိန်တချောင်းနဲ့ စာရွက်ယူလို့ အဘွားကို သူဒီမှာ မပျော်ကြောင်း၊ ဘာလင်ကိုပဲ အမြဲတမ်း ပြန်လာချင်မိကြောင်း ရေးခဲ့တာပေါ့။ နောက်ပြီး သူက သူ့အခန်းပြတင်းပေါက်ဆီက လှမ်းမြင်ရတဲ့ ပန်းဥယျာဉ်ကြီးအကြောင်း၊ ဆိုင်းဘုတ်တပ်ထားတဲ့ ခုံတန်းရှည်ကြီးနဲ့

သံဆူးကြိုးတွေ ဝန်းရံထားတဲ့ ခြံကြီးအကြောင်းလည်း ထည့်ရေးလိုက်ပါသေးတယ်။ တဲ ပုတ်လေးထဲမှာ နေကြတဲ့ လူတွေအကြောင်းရယ်၊ မီးခိုးတလူလူထွက်နေတဲ့ မီးခိုးခေါင်းတိုင်ကြီး ရယ်နဲ့ စစ်သားတွေ အကြောင်းလည်း ပါသေးတယ်လေ။ များသောအားဖြင့်တော့ အစင်းကြား ညဝတ်အင်္ကျီနဲ့ ဦးထုပ် တွဲဝတ်ထားတတ်တဲ့ ထူးထူးဆန်းဆန်း လူတွေ အကြောင်းနဲ့ အဘွားကို သူ ဘယ်လောက်လွမ်းကြောင်းပဲ ရေးခဲ့တာပါ။ အားလုံး ပြီးတော့ စာရွက်အောက်ခြေမှာ လက်မှတ်ထိုးလိုက်တယ်။ ' အဘွားချစ်တဲ့ မြေးလေး ဘရူနို' တဲ့။

အခန်း (၉)

စူးစမ်းရှာဖွေရတာ ကြိုက်တဲ့ ဘရူနို

အောက်ဝစ်သ် မှာ ဘာမှာတော့ ထူးထူးခြားခြား ဖြစ်တယ်ရယ်လို့ မရှိသေးပါဘူး။

ဘရူနို ကတော့ ဂရက်တယ့် စက်ကွင်းကလွတ်အောင် ရှောင်ရင်း နေခဲ့ရပါတယ်။ ဂရက်တယ်က အမြဲ စိတ်ပျက်စရာကောင်မလေးပဲလေ။

သူ့စိတ်ထဲမှာတော့ အခုထိ ဘာလင်ကို ပြန်ရဖို့ ဆုတောင်းနေဆဲပါ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ဘရူနိုက ရက်သတ္တပတ်တော်တော်များများ အောက်ဝစ်သ်မှာ နေတာကြာပြီဆိုတော့ ဘာလင်က အိမ်ရဲ့ အကြောင်းကို မေ့မေ့ပျောက်ပျောက် ြဖစ်နေပါပြီ။ နောက်ပြီး အဘိုးနဲ့ အဘွားဆီ စာမရေးဖြစ်တာလည်း ကြာပြီလေ။

စစ်သားတွေကတော့ အဖေ့ရုံးခန်းထဲကို ထွက်လိုက် ဝင်လိုက်နဲ့ အစည်းအဝေးတွေ လုပ်နေကြတာပါပဲ။ လက်ဖတင်နင် ကော့တ်လာ ကတော့ အိမ်ထဲမှာ ဘွတ်ဖိနပ် အနက်ရောင်ပြောင်ပြောင်ဝတ်လို့ တကမ္ဘာလံုး သူ့လောက်အရေးမကြီးသလို မော်မော်ကြွားကြွားနဲ့လုပ်နေတာပေါ့။ ဒါမှမဟုတ် သူက ကားနားမှာ ဂရက်တယ်နဲ့ စကားတွေ ဖောင်ဖွဲ့နေတတ်တယ်လေ။ ဂရက်တယ်ကတော့ သူဘာပြောပြော ဆံပင်ကို လက်လေးတွေနဲ့ လိမ်လို့ တခစ်ခစ်နဲ့ကို ရယ်နေတာပါ။ နောက်ပြီး အခုဆို ဂရက်တယ်က ဘရူနို မသိအောင် အမေ့ဆီ တိုးတိုး တိုးတိုးနဲ့ တခုခု ပြောနေတတ်တာ ဘရူနို သတိထားမိပါတယ်။

အိမ်စေတွေကလည်း အရင်ကလိုပဲ ပါးစပ်ကို တင်းတင်းစေ့ပြီး အိမ်ထဲမှာ ရှိသမျှအရာတွေကို တောက်ပြောင်နေအောင် ပွတ်တိုက်၊ ဆေးကြော၊ သန့်စင်၊ ချက်ပြုတ်ကာ သူတို့ကို စကားစမပြောသမျှ ဘာတခွန်းမှ မဟတတ်ကြပါဘူး။ မာရီယာကတော့ ဘာမှလုပ်စရာမရှိလို့ ဗီရိုထဲမှာ ချောင်ထိုးထားတဲ့ ဘရူနို့အဝတ်တွေကို ရှာဖွေပြီး လျှော်ဖွပ်နေလေရဲ့။ ပါဗယ်ကလည်း အရင်အတိုင်းပဲ နေ့လည်တိုင်း မီးဖိုချောင်ထဲမှာ အာလူးနဲ့ မုန်လာဥခွာပြီး ဘရူနိုတို့ ထမင်းစားတဲ့အခါ အပေါ်က အဖြူရောင် ဂျက်ကတ်လေးဝတ်လို့ အနားမှာ လိုလေသေးမရှိအောင် တကုပ်ကုပ်နဲ့ လုပ်ပေးနေတတ်တာပေါ့။ ပါဗယ်က ဘရူနို့ကို စကားတခွန်းမှ ထပ်မပြောပေမဲ့ အခွင့်ကြုံတိုင်း သူ့ဒူးခေါင်းက ဒဏ်ရာလေးကို တချက်တချက် လှမ်းလှမ်း ကြည့်နေတတ်တယ်လေ။

နောက်တော့ အရာရာက ပြောင်းလဲသွားတာပေါ့။ အဖေက ကလေးတွေ အနားယူတာတော်လောက်ပြီမို့ သူတို့ကို စာသင်ပေးဖို့ ပြင်ဆင်တော့တာပေါ့။

ဘရူနိုက သူတို့မောင်နှမနှစ်ယောက်အတွက် သီးသန့်ကျောင်းလုပ်ပေးမာ်ဆိုတော့ ရယ်နေခဲ့ပါသေးတယ်။ မကြာခင်မှာပဲ အဖေနဲ့ အမေက သူတို့ နှစ်ယောက်အတွက် နေ့စဉ် မနက်ပိုင်းနဲ့ နေ့လည်ပိုင်းတွေမှာ စာသင်ဖို့ ဆရာတယောက် ခေါ်ထားကြောင်း ပြောပြခဲ့ပါတယ်။ နောက်ထပ် ရက်အနည်းငယ်ကြာတော့ မစ္စတာ လစ်ဇ် ဆိုတဲ့ ဆရာက ရှေ့ဘီးကြီး စက်ဘီးကြီးစီးလို့ သူတို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာတာပေါ့။ မစ္စတာ လစ်ဇ် က ဘရူနို့အတွက်တော့ တော်တော် ထူးဆန်းတဲ့ လူတယောက်ပါပဲ။

မစ္စတာ လစ်ဇ်က ရင်းရင်းနှီးနှီးနဲ့ သူတို့အပေါ် ဆက်ဆံတဲ့အပြင် ဘာလင်က ဆရာလို လက်နဲ့ ရိုက်လို့ မဆုံးမတတ်တာကိုတော့ ဘရူနို သဘောကျပေမဲ့ သူ့မျက်လုံးထဲက ဒေါသရိပ်တွေကိုတော့ ဘရူနိုက မသက်မသာနဲ့ မြင်ဖြစ်အောင်မြင်လိုက်ပါသေးတယ်။ သူက ဘရူနိုတို့ မောင်နှမကို သမိုင်းနဲ့ ပထဝီဘာသာရပ်ကို အားပြုသင်ကြားပေမဲ့လို့ ဘရူနိုကတော့ စာပေနဲ့ အနုပညာပိုင်းကို ပိုပြီး သဘောကျခဲ့တာ အမှန်ပါ။

" ဒီ စာပေတွေက မင်းအတွက် မကောင်းဘူးကွ"
ဆရာက ပြောပါတယ်။
" လူတွေကို နားလည်တတ်ဖို့က ဒီခေတ်ကြီးထဲမှာ သိပ်ကို အရေးကြီးတယ်လေ"

" အဘွားကတော့ ကျွန်တော်တို့ကို ဘာလင်မှာတုန်းက ပြဇာတ်လေးတွေ ကပြဖို့ သင်ပေးတယ်ဗျ" လို့ ဘရူနိုက ပြောပြလိုက်တော့

" မင်းရဲ့ အဘွားက ဆရာမမှ မဟုတ်တာဘဲ" တဲ့လေ။
" သူက မင်းရဲ့ အဘွား၊ ငါက မင်းရဲ့ ဆရာ ။ အဲ့ဒီတော့ မင်းက ငါ အရေးကြီးတယ်လို့ပြောတဲ့ အရာတွေကိုပဲ လေ့လာရမယ် ဟုတ်ပြီနော်" လို့ ဆရာက ထပ်ပြောပါသေးတယ်။

" ဒါပေမယ့် စာအုပ်တွေကလည်း အရေးကြီးတယ် မဟုတ်ဘူးလားဗျာ"

" ကမ္ဘာကြီးမှာ ဖြစ်ပျက်နေတဲ့ အကြောင်းကို ရေးသားထားရင်တော့ ဟုတ်တာပေါ့။ ဒါပေမယ့် မဟုတ်မမှန် လုပ်ကြံရေးထားတဲ့ ပုံပြင်စာအုပ်တွေ ဆိုရင်တော့ လုံးဝ မဖတ်သင့်ဘူးကွ။ ဒါနဲ့ မင်းရော မင်းသမိုင်းကို ဘယ်လောက်သိသလဲကွ ဟင် လူလေးရ"

မစ္စတာ လစ်ဇ်က သူ့ကို ပါဗယ့်လိုပဲ လူလေးလို့ ခေါ်တယ်လေ။

" ကျွန်တော်က ဧပြီလ ၁၅ ရက်၊ ၁၉၃၄ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်...." လို့ ဘရူနိုကဖြေတော့ ဆရာက ပြာပြာသလဲ ပြန်ပြောတာပေါ့။

" မဟုတ်ဘူး။ ဒါက မင်းသမိုင်းမဟုတ်ဘူး။ ငါပြောတာက မင်းက ဘယ်လိုလူဖြစ်တယ်ဆိုတာ မင်းသိလား မေးတာကွ။ မင်းက ဘယ်ကလာခဲ့တာလဲ။ မင်းရဲ့ မိသားစု အမွေအနှစ် အကြောင်း။ အဖနိုင်ငံတော် အကြောင်းပေါ့ကွာ"

ဘရူနိုက သူ့မေးခွန်းကို မျက်မှောင်ကြုတ်လို့ ကြည့်နေခဲ့တာပေါ့။ အဖေ့မှာ နိုင်ငံတခုပိုင်မှန်း သူလုံးဝ မသိခဲ့ဘူးလေ။ အဖေ့မှာ ဘာလင်က အိမ်ကြီး ရှိပေမဲ့လို့ ဘေးပတ်ပတ်လည်မှာတော့ မြေနေရာအလွတ် များများစားစား မရှိခဲ့ပါဘူး။ နောက်ပြီး ဒီ အောက်ဝစ်သ် နေအိမ်မှာတော့ ဘေးမှာ မြေနေရာကျယ်ကြီး ရှိပေမဲ့လို့ သူတို့ပိုင်တာ မဟုတ်တာတော့ ဘရူနို နားလည်ပါတယ်။

" သိပ် မသိပါဘူး ခင်ဗျာ" လို့ပဲ သူက ရိုးရိုးသာသာ ဝန်ခံလိုက်ပါတယ်။

" ဒါပေမယ့် ကျွန်တော်က အလယ်ခေတ်က အကြောင်းတွေကိုတော့ တော်တော်သိတယ်ဗျ။ သူရဲကောင်းတွေ၊ စွန့်စားခန်းတွေ အကြောင်းလေ"

မစ္စတာ လစ်ဇ်က အသံထွက်အောင် သွားစေ့လိုက်ရင်း စိတ်တိုတို မျက်နှာပေးနဲ့ ခေါင်းကို တွင်တွင်ခါလိုက်တာပေါ့။

" ဒါကြောင့်လည်း ငါက ဒီမှာ မင်းတို့ကို ပြုပြင်ပေးဖို့ရောက်လာရတာပေါ့" လို့တောင် သူက ဘရူနို့ကို သနားစရာ အပြစ်သားလေးလို ကြည့်ရင်း ပြောလိုက်သေးတာပါ။

" မင်းရဲ့ ခေါင်းထဲက အဓိပ္ပါယ်မရှိတဲ့ ပုံပြင်တွေကို ဆွဲထုတ်ပြီး မင်းဘယ်ကလာတယ်၊ ဘယ်သူဖြစ်တယ်ဆိုတာ ငါက သင်ပေးမှာကွ။ မင်းအတွက် အမှားတွေ အားလုံး ငါပြင်ပေးမှာပါ"

ဘရူနိုက ဆရာ့စကားကို ခေါင်းငြိမ့်ရင်း နားထောင်နေလိုက်တယ်။ သူထင်တာက ဆရာ သူ့ကို ဘာလို့ သူတို့ဘာလင်က အိမ်ကြီးအိမ်ကောင်းကနေ ဒီလို စုတ်စုတ်ပြတ်ပြတ်နေအိမ်ဆီ ရောက်လာခဲ့ရလဲဆိုတဲ့ ဖြေရှင်းချက်ပြောပြမယ် ထင်နေခဲ့တာပါ။ သူ့ဘဝမှာ ကြုံခဲ့ရတဲ့ အမှားဆိုလို့ ဒါတခုပဲရှိသေးတယ်လေ။

နောက်ထပ် ရက်အနည်းငယ်ကြာတော့ ဘရူနို အိပ်ခန်းထဲမှာထိုင်လို့ ဘာလင်မှာတုန်းက သူနဲ့ သူငယ်ချင်းတွေ ဆော့ခဲ့တဲ့ ကစားနည်းတွေအကြောင်းတွေးနေခဲ့ပါတယ်။

ကစားနည်းတော်တော်များများကတော့ သူတယောက်ထဲ ကစားလို့မဖြစ်တဲ့ အရာတွေပေါ့။ ဂရက်တယ်ကလည်း သူ့ကို ပစ်ထားကာ လက်ဖတင်နင် ကော့တ်လာ အနားမှာ ကပ်နေတာပဲလေ။ နောက်ဆုံးတော့ ဘာလင်မှာ သူခဏခဏ လုပ်နေကြ ကစားနည်းဖြစ်ပြီး သူတယောက်ထဲ ဆော့လို့ရမဲ့ တခုကို သတိရသွားပါတော့တယ်။ အဲ့ဒါက စူးစမ်း ရှာဖွေခြင်းပါပဲ။

" ငါ ငယ်ငယ်လေးတုန်းက...."

ဘရူနိုက သူ့အတွေးနဲ့သူ စကားပြောနေခဲ့တယ်လေ။

" စူးစမ်းရှာဖွေတာ သိပ်ကြိုက်ခဲ့တယ်လေ။ နောက်ပြီး ဘာလင်မှာတော့ ငါမသိတဲ့နေရာမရှိလို့ မျက်စိမှိတ်ပြီးတောင် သွားတတ်တဲ့အထိကို ငါ စူးစမ်းခဲ့ဖူးတယ်။ ဒီမှာတော့ ငါတခါမှ အဲ့ဒီလို မစူးစမ်းဖူးဘူးဟ။ အခုပဲ စပြီး စူးစမ်းကြည့်ရင်ကောင်းမယ်"

ဘရူနိုက သူ့အတွေးမပြောင်းခင် ချက်ချင်းပဲ အိပ်ရာပေါ်က ခုန်ဆင်းလို့ အဝတ်ဗီရိုဖွင့်ကာ လှန်လှောရှာဖွေရင်း သူ့ရဲ့ အပေါ်ထပ် အင်္ကျီတထည်နဲ့ ဘွတ်ဖိနပ်အဟောင်းတရံကို ဆွဲထုတ်ကာ စူးစမ်းရှာဖွေသူတယောက်လို ဝတ်ဆင်ရင်း အိမ်ထဲက ထွက်ဖို့ ပြင်ခဲ့ပါတော့တယ်။

အိမ်ထဲမှာတော့ များများစားစား စူးစမ်းစရာ နေရာရယ်လို့ မရှိခဲ့ပါဘူး။ ဘာလင်က အိမ်မှာဆို ချောင်ကြိုချောင်ကြားတွေ၊ အပေါက်တွေ၊ တွင်းတွေ ကအစ အိမ်ခေါင်မိုးထပ်တွေနဲ့ မြေအောက်ထပ်က အဆုံး သူက ဒိုးလို့မွှေ ရေလို့နှောက် လိုက်လံ ရှာဖွေနေကြပါ။ အောက်ဝစ်သ် နေအိမ်ကတော့ အဲ့ဒီလို နေရာ မျိုး မရှိဘူးလေ။ အဲ့ဒီတော့ သူလည်း အိမ်အပြင်ဘက် ထွက်ခဲ့ပါတော့တယ်။

ဘရူနိုက အခုဆိုရင်တော့ သူ့အခန်းဆီကို စာရေးတုန်းက ထည့်ရေးခဲ့တဲ့ ပန်းဥယျာဉ်တွေ၊ ဆိုင်းဘုတ်တပ်ထားတဲ့ ခုံတန်းရှည်ကြီးနဲ့ ညဝတ်အင်္ကျီ အစင်းကြားတွေ ဝတ်တတ်တဲ့ လူထူးဆန်းတွေကို သူ့အခန်းထဲက ပြတင်းပေါက်ကနေ ကြည့်နေခဲ့တာ လနဲ့တောင် ချီနေပါပြီ။ နောက်ပြီး အဲ့ဒီလူတွေ ဘာလုပ်နေကြတာလဲဆိုတာ သူသိပ်သိချင်နေခဲ့ပါတယ်။

အဲ့ဒီနေရာကြီးက မြို့တမြို့သာဆို အဲ့ဒီမြို့က လူတွေရဲ့ ဝတ်ပုံစားပုံက သူတို့နဲ့ အတော် ကွဲပြားတာ ဝန်ခံရပါမယ်။ ဘရူနိုတို့အိမ်မှာဆို ပွဲလမ်းအခမ်းအနားရှိတဲ့အခါ အမေ၊ ဂရက်တယ်နဲ့ မာရီယာတို့အပါအဝင် အရောင်အသွေးစုံလင်တဲ့ ဝတ်စုံတွေဝတ်ကာ ဦးထုပ် ပုံစံအမျိုးမျိုး ဆောင်းတတ်ကြပေမဲ့ အဲ့ဒီလူတွေကတော့ အင်္ကျီစ တမျိုးထဲကို ညဝတ်အင်္ကျီနဲ့ ဦးထုပ်ချုပ်လို့ ရှိရှိသမျှလူတိုင်း ကြီးကြီးငယ်ငယ်မဆို ဝတ်ထားကြတယ်လေ။

အဲ့ဒီလူတွေနဲ့ သူတို့ရဲ့ ခြားနားချက်က ဘာပါလိမ့်။ ပြီးတော့ ဘယ်သူတွေက သူတို့ကို အဲ့ဒီ ညဝတ်အင်္ကျီအစင်းကြားတွေပဲ ဝတ်ရမယ်လို့ အမိန့်ပေးထားပါလိမ့်။

နောက်ပြီး အဲ့ဒီအထဲမှာ အုပ်စုနှစ်မျိုးကွဲနေတာလည်း သူသတိထားမိပါတယ်။ အင်္ကျီဆင်တူဝတ်ထားတဲ့ လူတွေကပဲ တချို့လူတွေကို သေချာ ကြီးကြပ်နေတာ သူ ပြတင်းပေါက်ကနေတဆင့် မြင်ေနရတယ်လေ။ ဒါပေမယ့် သူတို့အားလုံး တူတဲ့တချက်ကတော့ စစ်သားတွေ လာပြီဆိုရင် ရုတ်တရက် ပုံစံပေးကာ မတ်တပ်ရပ်ရတာပါပဲ။ တချို့ဆို ရပ်ရင်းကနေ မြေကြီးပေါ် လဲကျသွားတာ ပြန်ကို ထမလာတော့ဘူးလေ။ စစ်သားတွေထွက်သွားမှ တယောက် နှစ်ယောက်လောက်က သူ့ကို ဝိုင်းပြီး တဲအနောက် ဆွဲသွားတာကို ဘရူနို တွေ့လိုက်ရတာပေါ့။

သူ ဒီလူတွေ အကြောင်း တော်တော်လေး တွေးနေမိတာ တော်တော် ရယ်စရာကောင်းတယ်လို့တောင် ဘရူနိုက တွေးနေလိုက်ပါသေးတယ်။ ဒါ့အပြင် အဖေနဲ့ သူ့စစ်သားတွေ တချို့ အဲ့ဒီ ခြံဘက်ကို ခဏခဏ သွားတာ သူတွေ့ဖူးပေမဲ့

အဖေက အဲ့ဒီထဲက လူတွေကို တခါမှ အိမ်ကို မဖိတ်ဖူးဘူးလေ။

ဒီ အောက်ဂစ်သ် မှာတော့ အမေနဲ့ အဖေက စစ်သားတော်တော်များများကို ညစာစားဖို့ ဖိတ်တတ်တာ သူသိနေတာကိုး။ ညစာစားပွဲမှာ ဘရူနိုတို့ မောင်နှမတွေ စားလို့ပြီးလောက်ပြီဆို သူတို့ကို အပေါ်တက်ခိုင်းပြီး စစ်သားတွေက အမြုပ်တစီစီ ထနေတဲ့ အရည်တွေကို မြိန်ရည်ယှက်ရည် သောက်တတ်ကြတယ်လေ။ နောက်ပြီး သူတို့ မူးလာပြီဆို ဟေးလား ဝါးလား အော်ရင်း အသံ ဆိုးဆိုးကြီးတွေနဲ့ ဂျာမန်သီချင်း အော်ဆိုတတ်ကြပါသေးတယ်။ အဖေနဲ့ အမေက စစ်သားတွေ ဒီလို ညစာ လာစားတာကြိုက်ပေမဲ့ ဘာလို့ ညဝတ်အင်္ကျီနဲ့ လူတွေကို ညစာ စားဖို့ မဖိတ်လဲတော့ သူမတွေးတတ်ပါဘူး။

အိမ်ထဲကနေ ထွက်လာပြီးတော့ ဘရူနိုက အိမ်ကြီးဘေးကနေ ပတ်ထွက်ရင်း သူ့အိပ်ခန်းရှိရာ နံရံဘက်လာခဲ့ပါတယ်။ ခြံစည်းရိုးနားရောက်တော့ သူ့အိပ်ခန်းဆီ တခေါက်မော့ကြည့်လိုက်တော့ သူ့အိပ်ခန်းက သိပ်ပြီး မမြင့်လွန်းတာကို သူသိလိုက်ရတယ်လေ။ အိပ်ခန်းက မြေပြင်ကနေဆို သူ သတ္တိရှိရှိနဲ့ ခုန်ချမယ်ဆိုရင်တောင် သိပ်ပြီး ဒဏ်ရာ အနာတရ မရဘဲ အောက်ကို ခုန်ဆင်းနိုင်လောက်တဲ့ အနေအထားမျိုးပါ။ ဒါပေမယ့် ဒီလို ရှုးမိုက်တဲ့ လုပ်ရပ်မျိုး သူဘယ်တော့မှ လုပ်ဖြစ်မယ် မထင်ပါဘူး။ အိမ်ကို မီးတွေ ဝိုင်းနေလို့ မဖြစ်မနေ ခုန်ချရမယ်ဆိုတဲ့ အခြေအနေကလွဲ့လို့ပေါ့လေ။ အဲ့ဒီလိုဖြစ်ခဲ့မယ်ဆိုရင်တော့ ဒီအမြင့်က သူ့လို ကောင်လေးတယောက် အတွက်တော့ နည်းနည်း စဉ်းစားစရာပါ။

ခဏနေတော့ သူ စိုက်ခင်းထဲမှာ နေရောင်ခြည်လေးက ဖြာလို့ ကျနေတာကို တွေ့လိုက်ရပါတယ်။ ဒီမြင်ကွင်းလေးကို မြင်ရတာ သူဝမ်းသာပါတယ်။ ဒါက သူ့စူးစမ်းရှာဖွေရေး ခရီးစဉ်ရဲ့ အနှစ်သာရပဲလေ။ မစ္စတာ လစ်ဇ် သင်ပေးတဲ့ သမိုင်းသင်ခန်းစာထဲက ခရစ္စတိုဖာ ကိုလမ်ဘတ် နဲ့ အာမေရီဂို ဗက်စပူချီ တို့လို စိတ်လှုပ်ရှားစရာတွေ ကြုံတွေ့ခဲ့တဲ့ လူတွေကို ဘရူနို အားကျမိပါတယ်။ သူကြီးလာရင်လည်း အဲ့ဒီလို လူမျိုးထဲက တယောက်ဖြစ်ချင်မိတယ်လေ။

ရှေ့ဆက်သွားရင်တော့ သူ ခုံတန်းရှည်ကြီးဆီ ရောက်တော့မှာပါ။ တချိန်လုံး သူချောင်းကြည့်နေခဲ့ရတဲ့ ဆိုင်းဘုတ်တပ်ထားတဲ့ ခုံတန်းက ဘာကို ဆိုလိုလဲဆိုတာ အခုတော့ သူသိရတော့မှာပေါ့။ သူ့ကို ဘယ်သူမှ ကြည့်မနေတာ သေချာအောင် ဘယ် ညာ ကြည့်ရင်း ဆိုင်းဘုတ်ဆီ ပြေးသွားကာ စာတန်းကို မျက်လုံးလေး မှေးလို့ ဖတ်ကြည့်လိုက်ပါတော့တယ်။ စာလုံးတွေက ကြေးဆိုင်းဘုတ်လေးပေါ်မှာ သေးသေးကွေးကွေးကလေးတွေ ရေးထားတာပါ။ ဘရူနိုလည်း တတ်နိုင်သလောက် ပေါင်းဖတ်လိုက်တယ်။

" အောက်ဂစ်သ် စခန်း ဖွင့်ပွဲအနေဖြင့် ထူထောင်ခဲ့သည်" ဆိုပါလား။ နောက်ပြီး ရေးထားသေးတယ်။

" ၁၉၄၀ ခုနှစ် ဂျွန်လ" တဲ့။

သူကြေးပြားလေးကို လက်နဲ့ထိကြည့်တော့ အေးစက်နေတာပဲလေ။ နောက်ပြီး သူတခု သတိရလိုက်တယ်။ အဖေနဲ့ အမေက သူ့ကို ဘယ်သောအခါမှ ဒီဘက်ကို မလာလို့ သတိပေးထားတာကိုပါပဲ။ သူ့အတွက် လုံး၀ အမေးအမြန်းမရှိကာ သွားခွင့် မရှိခဲ့ဘူးေပါ့။

အခန်း(၁၀)

ထူးဆန်းတဲ့ ကောင်ကလေး

ဘာရှုနိုလည်း ရှေ့ကိုဆက်လျှောက်လာလိုက်တာ တော်တော်ကြာတဲ့အထိပါပဲ။ သူ လမ်းလျှောက်ရင်း လျှောက်ရင်းနဲ့ သူနေတဲ့အိမ်ကလည်း တဖြည်းဖြည်းနဲ့ မြင်ကွင်းထဲကနေ ပျောက်ပျောက်လာတာပေါ့။ အခုထိတော့ သူ လူတဦးတယောက်မှ မတွေ့သေးသလို၊ ဘာတံခါးမှလည်း မတွေ့သေးတာမို့ သူ့ရဲ့ စူးစမ်းရှာဖွေရေး ခရီးစဉ်က အလဟဿ ဖြစ်တော့မှာလားလို့တောင် သူ စိတ်ပျက်နေမိပါေတာ့တယ်။ အိပ်ခန်းထဲက လှမ်းကြည့်တုန်းကတော့ တဲပုတ်လေးတွေရဲ့ နေရာက မလှမ်းမကမ်းမှာရှိပေမဲ့ အခုလို လမ်းလျှောက်လာတော့လည်း တော်တော်လေး ဝေးလှပါတယ်။ လယ်ကွင်းကြီးက သူ လျှောက်လေ ပိုပြီး ကျယ်ပြန့်လာလေ ဖြစ်လာသလားလို့တောင် ခံစားရပါတယ်။

တနာရီလောက် ဆက်လျှောက်လာပြီးတော့ ဘာရှုနိုလည်း ဗိုက်ထဲ ဆာသလိုဖြစ်လာလို့ နောက်ပြန်လှည့်ဖို့တောင် စဉ်းစားမိနေတာပေါ့။ ဒါပေမယ့် အဲ့ဒီအချိန်မှာပဲ သူ့မြင်ကွင်းထဲမှာ ခပ်လှမ်းလှမ်းက အစက်အပျောက်လေးတခုကို ထင်ထင်ရှားရှားလှမ်းမြင်လိုက်ပါတော့တယ်။ ဘာရှုနို့ စွန့်စားခန်းစာအုပ်တွေထဲမှာ လူတယောက်က သဲကန္တာရထဲမှာ အစားအသောက် မစားဘဲ နေ့ပေါင်းများစွာ လျှောက်သွားနေခဲ့တော့ သူ့မျက်စိထဲ အစားအစာတွေနဲ့ ရေတွေကို ရုတ်တရက်မြင်လာရတာ သူဖတ်ခဲ့ဖူးပါတယ်။ အဲ့ဒီလူက အစားအစာတွေဆီ လက်လှမ်းလိုက်တော့ အရာရာက မြင်ကွင်းထဲကပျောက်လို့ လက်ထဲမှာ သဲတွေဆုပ်လျက်ပဲ ပြန်ပါလာတယ်လေ။ ဘာရှုနိုလည်း သူအဲ့ဒီလို ဖြစ်နေသလားလို့ ထင်နေမိတာပေါ့။

ဒါပေမယ့် သူက တွေးလည်း တွေးရင်း၊ တဖြည်းဖြည်းနဲ့ အဲ့ဒီ အစက်အပျောက်လေးဆီ ချဉ်းကပ်သွားခဲ့တယ်လေ။ နည်းနည်း ပိုနီးလာလေ အဲ့ဒီ အစက်အပျောက်လေးက ပိုပြီး ပိုပြီး ရုပ်လုံးပေါ်လာလေပါပဲ။ ပြီးတော့ အဲ့ဒီပုံရိပ်က ဆေးစက်လေး အရွယ်အစားထိ ကြီးလာတာပေါ့။ မကြာခင်မှာပဲ ဘာရှုနို ရှေ့ဆက်လျှောက်ရင်းကနေ အဲ့ဒီ ဆေးစက်အရွယ်လေးကနေ ပမထင်မရှား ပုံရိပ်တခုဆီ ပြောင်းလဲလာခဲ့ပါတယ်။ အဲ့ဒီကနေ ဆက်တိုးသွားတော့ ပုံရိပ်လေးဟာ လူတယောက်ဖြစ်မှန်း အံ့သားသင့်ဖွယ် တွေ့လိုက်ရပါတော့တယ်။

နောက်ပြီးတော့ အဲ့ဒီ လူက ကောင်လေး တယောက်ဖြစ်နေခဲ့တယ်လေ။

ဘာရှုနို သူ့စာအုပ်တွေထဲမှာလည်း စူးစမ်းရှာဖွေသူတယောက်က

ဘယ်အချိန်မှာ ဘာတွေ တွေ့နိုင်မလဲဆိုတာ မရေရာမှန်းသိပြီးသားပါ။ တချို့အရာတွေကတော့ သူ့ကို စူးစမ်းရှာဖွေမဲ့သူကို ထိုင်စောင့်နေတတ်တယ်လေ။ ဥပမာ အမေရိကတိုက် လိုမျိုးပေါ့။ ဒါပေမယ့် တချို့အရာတွေကျတော့လည်း မတွေ့လေကောင်းလေပါပဲ။ ဥပမာ ဗီရိနောက်က ကြွက်သေလို အရာတွေပေါ့လေ။

ဒီကောင်လေးကတော့ ပထမအမျိုးအစားထဲမှာပါမယ် ထင်ပါတယ်။ သူက ဟိုး မနီးမဝေးမှာ ထိုင်ရင်း တယောက်ယောက်က သူ့ကိုရှာတွေ့မှာကို ထိုင်စောင့်နေခဲ့တယ်လေ။

ဘရူနိုလည်း အရှိန်လျှော့ရင်း ကောင်လေးရှိရာ နေရာဆီ တလှမ်းချင်း အကဲခတ်ကာ လျှောက်လာခဲ့ပါတယ်။ ခြံဝန်း နံရံကြီးက သူတို့နှစ်ယောက်ကြားမှာ ကာရံထားတယ်ဆိုပေမဲ့လို့ သူစိမ်းတွေကို လုံးဝ ပစ်မယုံသင့်မှန်း ဘရူနို နားလည်တာပေါ့။ သူလည်း လျှောက်ရင်း လျှောက်ရင်းက နေ ကောင်လေးဆီ ရောက်လာခဲ့တယ်လေ။

" ဟဲလို"
ဘရူနိုက စပြီး နှုတ်ဆက်လိုက်ပါတယ်။
" ဟဲလို"
ကောင်လေးကလည်း ပြန်နှုတ်ဆက်တယ်လေ။

ကောင်လေးက ဘရူနိုထက်ငယ်ပုံရပြီး မြေကြီးဆီ ခေါင်းငိုက်စိုက်ချလို့ ထိုင်နေလိုက်ပုံက ဒီကမ္ဘာမှာ သူ့ထက်ပိုပြီး ဝမ်းနည်းတဲ့သူ မရှိတဲ့ အတိုင်းပါပဲ။ ဒါပေမယ့် သူက ညဝတ်အကျႌ အစင်းကြားနဲ့ ဦးထုပ်လေး ဆောင်းထားတယ်လေ။ သူ့ခြေထောက်မှာ ဖိနပ်တွေ၊ ခြေအိတ်တွေ ဝတ်မထားတော့ ဖုန်တွေပေလို့ ညစ်မှောင်နေတာပါပဲ။ နောက်ပြီး သူ့လက်မောင်းမှာလည်း ကြယ်ပုံပါတဲ့ လက်ပတ်တခုပတ်ထားသေးတယ်။

ဘရူနို သူ့နားကပ်လာတော့ ကောင်လေးက မေကြီးပေါ်မှာ တင်ပျဉ်ခွေပြီး မြေကြီးကို စိုက်ကြည့်နေခဲ့ပါတယ်။ ပြီးတော့ အဲ့ဒီကောင်လေး သူ့ကို မော့ကြည့်တော့ ကောင်လေးမျက်နှာ သူတွေ့လိုက်ရတယ်။ သူ့မျက်နှာက တော်တော်ထူးဆန်းတယ်လေ။ သူ့အသားအရေတွေကလည်း အညိုရောင်သမ်းလို့ပါ။ သူ့အညိုရောင်က ဘရူနို မြင်ဖူးနေကြ အညိုရောင်မျိုးမဟုတ်တာတော့ သေချာပါတယ်။ နောက်ပြီး သူ့မျက်လုံးလေးတွေက အညိုဖျော့ဖျော့ရောင် သကြားလုံးလေးတွေလို ကြီးမားဝိုင်းစက်နေတာပါပဲ။ ဘရူနို ကောင်လေးရဲ့ မျက်လုံးဝိုင်းကြီးတွေထဲမှာ ဝမ်းနည်းမှုတွေကို ခံစားမိလိုက်ရပါတယ်။

ဘရူနိုက သူ့ဘဝမှာ ဒီလောက် ပိန်လှီပြီး ဝမ်းနည်းနေတဲ့ ကောင်လေးမျိုး တခါမှ မတွေ့ဖူးပေမဲ့ သူ အဲ့ဒီကောင်လေးကို စကားပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။

" ငါက စူးစမ်းရှာဖွေနေတာလေ"
" ဟုတ်လား"

ကောင်လေးက သူ့ကို ပြန်မေးရှာပါတယ်။

" ဟုတ်တယ်။ အခုဆို နှစ်နာရီလောက်ေတာင် ရှိပြီ"

သူက တစ်နာရီလောက်ပဲရှိသေးတဲ့ သူ့ရဲ့ စူးစမ်းရှာဖွေရေး ခရီးစဉ်ကို ချဲ့ကားပြီး ပြောလိုက်တယ်လေ။ သူ ဒီလို လိမ်ပြောလိုက်လို့လည်း ကောင်လေး သိမှာမှ မဟုတ်တာ။

" မင်း တခုခု ရှာတွေ့ပြီးပြီလား" လို့ ကောင်လေးက လှမ်းမေးလိုက်တာပေါ့။ " ဘာမှ မတွေ့သေးဘူး မဟုတ်လား" ဆိုပြီးလည်း သူ့ဘာသာသူ ပြန်ဖြေနေလိုက်ပါသေးတယ်။

" ငါ မင်းကို ရှာတွေ့ခဲ့တယ်လေ"
ဘရူနိုကလည်း အားကျမခံ ပြန်ပြောလိုက်တယ်လေ။

ဘရူနိုက ကောင်လေးကို စိုက်ကြည့်လို့ သူဘာလို့ ဒီလောက် စိတ်မကောင်းဖြစ်နေတာလဲ မေးဖို့ စဉ်းစားလိုက်ပေမဲ့ ဒါက ရိုင်းရာ ကျသွားမှာစိုးတဲ့ အတွက် မမေးခဲ့ပါဘူး။ များသောအားဖြင့် ဝမ်းနည်းနေတဲ့ သူတွေက သူတို့ဘာလို့ ဝမ်းနည်းနေလဲဆိုတာ ထုတ်မပြောချင်ကြဘူးလေ။ ဒါပေမယ့် တချို့ကျတော့လည်း သူတို့ ဝမ်းနည်းနေရတဲ့ အကြောင်းအရင်းကို ကရားရေလွှတ်သလို မရပ်မနား ပြောတတ်ပါတယ်။ ဒီ အေခြအနေမှာတော့ ဘရူနို သူ့ကို ဘာမှ မမေးဖို့ ဆုံးဖြတ်လိုက်တာပေါ့။ သူ့ စူးစမ်းရှာဖွေရေး ခရီးမှာ တစုံတခုကို ရှာတွေ့ခဲ့သလို အခု သူအမြဲတမ်း စကားပြောချင်နေခဲ့တဲ့ ညဝတ်အင်္ကျီ အစင်းကြားနဲ့ ကောင်လေးကို သူမေးချင်တာတွေ ရှိနေသေးတယ်လေ။

သူလည်း မြေကြီးပေါ် ထိုင်ချရင်း ကောင်လေးလို တင်ပျဉ်ခွေထိုင်လိုက်ပါတော့တယ်။ သူတို့နှစ်ယောက်ကြားထဲမှာတော့ သံဆူးချွန်တွေ နေရာမလပ်ရှိနေတဲ့ ခြံစည်းရိုးက ကာရံလို့ပါ။ ဘရူနိုက အိမ်ကနေ ချောကလက်ဖြစ်ဖြစ်၊ မုန့်လုံးဖြစ်ဖြစ် ယူခဲ့ရင် ကောင်းသားလို့တွေးနေတာပေါ့။

" ငါက ဒီဘက် ခြမ်းက အိမ်ကြီးမှာ နေတာလေ" လို့ ဘရူနိုက ပြောလိုက်ပါတယ်။

" ဟုတ်လား။ ငါ ဟိုးအဝေးကြီးကနေပြီးတော့ အိမ်ကိုတော့ လှမ်းမြင်လိုက်ပါတယ်။ မင်းကိုတော့ မမြင်မိဘူး"

ကောင်ေလး က ပြန်ဖြေတယ်လေ။

" ငါ့အခန်းက ဒုတိယထပ်မှာလေ။ ငါ့အခန်းထဲကနေဆို ဒီနေရာကို လှမ်းမြင်နေရတာပေါ့။ စကားမစပ် ငါ့နာမည်က ဘရူနိုပါ"

" ငါ့ နာမည်က ရှမူးလ်လေ"

ဘရူနို မျက်နှာ ရှုံ့မဲ့ရင်း သူကြားလိုက်တာကို မယုံနိုင်ဖြစ်နေခဲ့တယ်လေ။

" မင်းနာမည်က ဘယ်သူ...."
သူထပ်မေးလိုက်ပါတယ်။

" ရှမူးလ် လေ" လို့ ကောင်လေးကလည်း ဖြေတာပေါ့။သူ့ကြည့်ရတာ သူ့နာမည်က ပုံမှန်အတိုင်းလိုပါပဲ။

" မင်းနာမည်က ဘယ်သူလို့ ပြောလိုက်တာ...."
ကောင်လေးကလည်း သူ့ကိုပြန်မေးတာပေါ့။

" ဘရူနိုပါ"

" ငါ ဒီလို နာမည်မျိုး တခါမှ မကြားဖူးဘူး" တဲ့။ ကောင်လေးက ပြောပါတယ်။

" ငါလည်း မင်းလို နာမည်မျိုး တခါမှ မကြားဖူးဘူး"
ဘရူနိုက တအံ့တသြနဲ့ ပြန်ဖြေတာပေါ့။
" ရှမူးလ် တဲ့လား။ ရှမူးလ်...."
သူက ကောင်လေး နာမည်ကို တောင် ရေရွတ်နေလိုက်ပါသေးတယ်။
" ရှမူးလ်ဆိုတဲ့ အသံထွက်လေးတော့ ငါသဘောကျမိတယ်။ ငါ့ပါးစပ်ထဲက လေထွက်သွားသလိုပဲ"

"ဘရူနိုတဲ့လား...။ ငါလည်း မင်း နာမည်ကို သဘောကျပါတယ်။ တယောက်ယောက်က သူ့ခန္ဓာကိုယ်ကို နွေးအောင် ပွတ်သပ်နေသလိုမျိုး ခံစားရတယ်လေ" ဆိုပြီး ရှမူးလ်က သူ့ကို ပြုံးလို့ ပြောလိုက်တာပေါ့။

" ငါ တသက်လုံး ရှမူးလ် လို့ခေါ်တဲ့ ကောင်လေးမျိုးမတွေ့ဖူးဘူး" လို့ ဘရူနိုက ပြောတော့
" ဒီဘက်ခြံထဲမှာတော့ ရှမူးလ်တွေ တဒါဇင်လောက် ရှိတယ်" ဆိုပြီး ကောင်လေးက ပြန်ဖြေပါတယ်။
" တရာလောက်ရှိမယ်ထင်တယ်။ ငါ့မှာလည်း ကိုယ်ပိုင် နာမည်လေး ရှိရင် သိပ်ကောင်းမှာပဲ"

" ငါကတော့ ဘရူနိုဆိုတဲ့ နာမည်နဲ့ ကောင်လေး တခါမှ မတွေ့ဖူးပါဘူး။ ငါကိုယ်တိုင်ကလွဲလို့ နောက်ထပ် ဘရူနိုထပ်မရှိတော့ဘူး ထင်တာပဲ" လို့ ဘရူနိုက ပြောလိုက်တာပေါ့။

" ဒါဆို မင်းက ကံကောင်းတာပေါ့"

" ထင်တာပါပဲ။ မင်း အသက်က ဘယ်လောက်ရှိပြီလဲ"

ရှမ့းလ်က သူ့ရဲ့ ပိန်လှီနေတဲ့ လက်ချောင်းလေးတွေကို ဝေ့ယမ်းရင်း တဒင်္ဂ လောက် လေထဲမှာ တွက်နေလိုက်ပါသေးတယ်။
ပြီးတော့မှ
" ငါက အသက်ကိုးနှစ်ရှိပြီ။ ငါ့မွေးနေ့က ၁၅ ရက် ဧပြီလ၊ ၁၉၃၄ ခုနှစ်လေ"

ဘရူနိုက သူ့ကို တအံ့တသြနဲ့ စိုက်ကြည့်နေတော့တာပေါ့။
" မင်း ဘာပြောလိုက်တယ်"
သူ မယုံကြည်နိုင်စွာနဲ့ ပြန်မေးရတဲ့အထိပဲလေ။

" ငါ့မွေးနေ့က ဧပြီလ ၁၅ ရက် ၁၉၃၄ ခုနှစ်လို့ ပြောလိုက်တာလေ"

အဲ့ဒီတော့ ဘရူနိုလည်း မျက်လုံးလေးပြူးလို့ ပါးစပ်လေး အဟောင်းသား ဖြစ်သွားတာပေါ့။

" ငါ လုံးဝ မယုံနိုင်ဘူး"

ရှမ့းလ်က မျက်မှောင်ကြုတ်လို့ မေးလိုက်တယ်။
" ဘာလို့လဲ"

" မဟုတ်ပါဘူး" လို့ ဘရူနိုက လက်ကလေးယမ်းလို့ ဖြေလိုက်တာပေါ့။
" ငါ မင်းကို မယုံဘူးလို့ ပြောတာမဟုတ်ပါဘူး။ ငါ အရမ်းအံ့သြသွားတာပါ။ ငါ့မွေး နေ့က လည်း ဧပြီ ၁၅ ရက်ပဲလေ။ ပြီးတော့ ငါ့ကိုလည်း ၁၉၃၄ ခုနှစ်မှာ မွေးခဲ့တာပေါ့။ ငါတို့နှစ်ယောက်လုံးတနေ့ထဲ မွေးခဲ့ကြတာပဲ"

ရှမ့းလ်က မေးလိုက်တယ်။
" ဒါဆို မင်းလည်း အသက် ကိုးနှစ်ပဲပေါ့"

" ဟုတ်တယ်လေ။ မထူးဆန်းလွန်းဘူးလား ဟင်"

" အရမ်း ထူးဆန်းတာပေါ့" လို့ ရှမ့းလ်က ေြဖပါတယ်။
" ဒီခြံထဲမှာ ရှမ့းလ်ပေါင်း တဒါဇင်လောက်ရှိပေမဲ့ ငါနဲ့ မွေးနေ့ချင်းတူတဲ့ ရှမ့းလ်တော့ တယောက်မှ မရှိဘူးလေ"

" ငါတို့က အမွှာတွေ အတိုင်းပဲနော်" ဆိုပြီး ဘရူနိုက ဝမ်းသာအားရ ပြောလိုက်တာပေါ့။
" နည်းနည်းပေါ့"

ဘရူနို ဒီကောင်လေးကို တွေ့ရတာ တကယ့်ကို ပျော်ရွှင်သွားပါတယ်။ ချက်ချင်းဆိုသလိုပဲ ဘာလင်မှာတုန်းက ကားလ်၊ ဒန်နီရယ် နဲ့ မာတင်တို့နဲ့ အတူတူ ဆော့ကစားခဲ့ကြတဲ့ အကြောင်းတွေနဲ့ အခု ဒီ အောက်ဇစ်သ်မှာတော့ သူဘယ်လောက် အထီးကျန်နေလဲဆိုတဲ့ အကြောင်း ပါ သူ့စိတ်ထဲ ဝင်လာပါတော့တယ်။

" မင်းမှာ သူငယ်ချင်းတွေ အများကြီးရှိလား"

ဘရူနိုက ခေါင်းကလေးစောင်းလို့ ရှမူးလ်ကို လှမ်းမေးလိုက်ပါတယ်။

" ဒါပေါ့" လို့ ရှမူးလ်ကလည်း ဖြေလိုက်တယ်လေ။
" ရှိတယ်ပဲ ပြောရမှာပေါ့လေ"

တကယ်တော့ ဘရူနိုက ရှမူးလ်မှာ သူငယ်ချင်း မရှိဖို့ မျှော်လင့်နေခဲ့တာပါ။ ဒါမှ သူနဲ့ ရှမူးလ်ကြားမှာ တူတဲ့ အချက်တချက်ပိုလာမှာ မဟုတ်ပါလား။

" အချစ်ဆုံး သူငယ်ချင်းတွေရော...." ဆိုပြီး သူက ထပ်မေးလိုက်ပါတယ်။

" ငါတို့က သိပ်တော့ မရင်းနှီးဘူးကွ။ ဒီမှာက ငါ့အရွယ် ကောင်လေးတွေ အများကြီးရှိတယ်လေ။ များသောအားဖြင့်တော့ ငါတို့က
ရန်တွေချည်းဖြစ်နေတာပါပဲ။ ဒါကြောင့်လည်း ငါဒီမှာ သူတို့နဲ့ ဝေးရာဆီ တယောက်ထဲ လာထိုင်နေတာပေါ့" လို့ ရှမူးလ်က ရှင်းပြပါတယ်။

" ဒါ မတရားဘူးကွ...။ ငါ့မှာတော့ တယောက်ထဲ ဟိုးဘက်က ခြံကြီးထဲမှာ ကစားမဲ့သူမရှိ၊ စကာစပြောရမဲ့ သူမရှိနဲ့ နေနေရတာ။ မင်းကတော့ ဒီဘက်ခြမ်းမှာ သူငယ်ချင်း တွေ တဒါဇင်လောက်နဲ့ နေ့တိုင်း ဆော့နေရတာ ပေါ့လေ။ ငါ အဖေ့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြန်ပြောရမယ်"

" မင်းက ဘယ်က လာတာလဲ"
ရှမူးလ်က စပ်စုတဲ့ မျက်နှာလေးနဲ့ ဘရူနိုကို ကြည့်ပြီး မေးလိုက်တာပေါ့။

" ဘာလင် ကလေ"

" အဲ့ဒါက ဘယ်မှာ ရှိတာလဲ"

ဘရူနိုလည်း ဘာလင် ဘယ်မှာ ရှိတယ် ဆိုတာ ဖြေမလို့ ဟန်ပြင်ပြီးမှ သူလည်း သေသေချာချာ မသိတာကြောင့် တခဏလောက်
စဉ်းစားနေရပါသေးတယ်။

" ဘာလင်က ဂျာမနီမှာ ရှိတာလေ။ မင်း လည်း ဂျာမနီက မဟုတ်လား"

" ဟင့်အင်း။ ငါက ပိုလန် ကပါ"

ရှမူးလ် အဖြေကြောင့် ဘရူနိုခေါင်းရှုပ်သွားတယ်လေ။

" ဒါဆို မင်းက ဘာလို့ ဂျာမန် စကားပြောတတ်နေတာလဲ"

" မင်းက ငါ့ကို ဂျာမနီလို လာနှုတ်ဆက်လို့ ငါလည်း ဂျာမန်လို ပြန် ပြောလိုက်တာလေ။ မင်း ရော ပိုလန်ဘာသာစကား ပြောတတ်လား "

" ဟင့်အင်း"
ဘရူနိုက ရယ်လို့ပြောလိုက်ပါတယ်။
" ငါ့တသက်လုံး ဘာသာစကားနှစ်မျိုးပြောတတ်တဲ့ ကလေးကို မတွေ့ဖူးသေးဘူးကွ"

" ငါ့အမေက ဆရာမလေကွာ။ သူက ငါ့ကို ဂျာမန်လို ပြောတတ်အောင် သင်ပေးထားတာပေါ့" လို့ ရှမူးလ်က ရှင်းပြတယ်လေ။
" သူက ပြင်သစ်လိုလည်း ပြောတတ်သေးတယ်ကွ။ အီတလီ နဲ့ အင်္ဂလိပ် လိုရောပဲလေ။ ငါ့ အမေက သိပ် ဉာဏ်ကောင်းတာပေ့ါ။ ငါကတော့ ပြင်သစ်လိုနဲ့ အီတလီလို တော့မပြောတတ်သေးပါဘူး။ ဒါပေမယ့် အမေက တနေ့တော့ ငါ့ကို အင်္ဂလိပ်စာ သင်ပေးမယ်လို့ ပြောဖူးတယ်"

" ပိုလန် ဟုတ်လား"
ဘရူနိုက စဉ်းစဉ်းစားစားနဲ့ ပြောလိုက်တာပေါ့။
" အဲ့ဒါက ဂျာမနီလောက်တေယ့ မကောင်းဘူး မဟုတ်လား"

အဲ့ဒီတော့ ရှမူးလ်ကလည်း ပြန်မေးတော့တာပေါ့။
" ဘာလို့ မကောင်းရမှာလဲ"

" ဘာဖြစ်လို့ဆို ဂျာမနီက ကမ္ဘာပေါ်မှာ အကောင်းဆုံး နိုင်ငံမို့လို့ပေါ့ကွ" နောက်ပြီး သူက အဖေ့ရုံးခန်းထဲက နားစွန်နားဖျား ကြားဖူးတဲ့ စကားတခွန်းကို ဆက်ပြောလိုက်ပါသေးတယ်။
" ငါတို့က အကြီးမြတ်ဆုံး လူမျိုးတွေလေ"

ရှမူးလ်ကတော့ ဘရူနို့ကို ဘာမှမပြောဘဲ စိုက်ကြည့်နေခဲ့ပါတယ်။ ဘရူနိုလည်း သူပြောပြီးမှ မပြောလိုက်ရင် ကောင်းသားလို့ တွေးနေမိပါတော့တယ်။ သူပြောလိုက်တဲ့ စကားက ရှမူးလ်ကို စိတ်ဆင်းရဲသွားစေတယ်လို့ သူထင်မိတာကိုး။

" ဒါနဲ့ ပိုလန်က ဘယ်မှာရှိတာလဲ"
ခဏနေတော့မှ ဘရူနိုက စကားစလိုက်တာပေါ့။

" အဲ့ဒါက ဥရောပ မှာရှိတာလေ" လို့ ရှမူးလ်က သူ့ကို မော်ကြည့်ရင်း ဖြေရှာပါတယ်။

ဘရူနိုလည်း မစ္စတာ လစ်ဇ် သင်ပေးတဲ့ ပထဝီသင်ခန်းစာထဲက နိုင်ငံတွေကို မှတ်မိသလောက် ပြန်စဉ်းစားနေခဲ့တာပေါ့။

" မင်း ဒိန်းမတ်နိုင်ငံဆိုတာ ကြားဖူးလား" မေးလိုက်တော့ ရှမူးလ်က မကြားဖူးဘူးတဲ့။

" ငါကတော့ ပိုလန်ဆိုတာ ဒိန်းမတ်နိုင်ငံမှာရှိတယ်ထင်တာပဲ"
ဘရူနိုက သူသိသလောက်လေး ပြောလိုက်တာပေါ့။
" ဘာလို့ဆို အဲ့ဒီ ဒိန်းမတ်က ဒီကနေဆို မိုင်းပေါင်းများစွာဝေးတယ်လေ"

ရှမူးလ်က သူ့ကို စိုက်ကြည့်ရင်း တခုခုပြောဖို့ တွန့်ဆုတ်နေခဲ့တယ်လေ။ ပြီးတော့မှ ဘရူနို့ကို ပြောလိုက်တယ်။
" ဒါက ပိုလန် ပဲလေ" တဲ့။

"ဟင် ဟုတ်လား"

" ဟုတ်တာပေါ့။ နောက်ပြီး ဒိန်းမတ်က ပိုလန်ကနေ အဝေးကြီးမှာ ရှိတာကွ" လို့ ရှမူးလ်က ထပ်ပြောလိုက်ပါသေးတယ်။

ဘရူနိုက ဒီတခါ သူမှားသွားလို့ နည်းနည်းတော့ စိတ်ထဲ ခုသွားတာပေါ့။ သူက နိုင်ငံတော်တော်များများအကြောင်း ပထဝီသင်ခန်းစာမှာ သင်ဖူးပေမဲ့ ပိုလန်အကြောင်းတော့ သူမသိခဲ့ဘူးလေ။

" ဒါပေမယ့် သူတို့ တွေက ဆက်စပ်နေတာပဲ မဟုတ်ဘူးလား။ အားလုံးက အဝေးမှာပဲလေ" လို့ ဘရူနိုက ရောချလိုက်တာပေါ့။

ဘရူနိုလည်း နောက်တခါ ပထဝီသင်ခန်းစာကို သေချာ လုပ်ဖို့ တွေးနေရင်း တတ်နိုင်သလောက် ခေါင်းစဉ်ပြောင်းဖို့ကြိုးစားနေပါတော့တယ်။

" ငါတော့ ဘာလင်ကို တခါမှ မရောက်ဖူးဘူးကွ"
ရှမူးလ် က ပြောပါတယ်။

" ငါလည်း ဒီကို မလာခင်အထိ တခါမှ ပိုလန်ကို မရောက်ဖူးပါဘူး" လို့ ဘရူနိုက ပြန်ဖြေတယ်လေ။
" ဒါက ပိုလန်ဆိုတာ သေချာလို့လား"

" ဒါက ပိုလန်ဆိုတာ သေချာပါတယ်" လို့ ရှမူးလ်က ခပ်တိုးတိုးဖြေရှာပါတယ်။
" နေလို့ကောင်းတဲ့ နေရာတော့မဟုတ်ဘူးလေ။ ငါနေခဲ့တဲ့ နေရာက ပိုပြီး နေလို့ကောင်းတယ်ကွ"

" ဘာလင်လောက်တော့ ကောင်းမယ် မထင်ပါဘူးကွာ။ ဘာလင်မှာဆို ငါနေတဲ့အိမ်ကြီးက မြေအောက်ထပ်နဲ့ ခေါင်မိုးထပ်ပါ ထည့်တွက်မယ်ဆို အားလုံးပေါင်း ငါးထပ်တောင်ရှိတာလေ။ နောက်ပြီး လမ်းတွေ၊ ဆိုင်တွေ၊ ဟင်းသီးဟင်းရွက် စင်တွေ နဲ့ ကော်ဖီဆိုင်တွေက ပေါမှပေါပဲ။ ဒါပေမယ့် မင်းသာ အခု ဘာလင်ကို စနေနေ့သွားဖြစ်မယ်ဆို လူအုပ်ကြီးထဲမှာ ညှပ်ပါသွားမှာ အသေအချာပဲကွ။ အရင်တုန်းကနဲ့ မတူတော့ဘူးလေ "

" မင်း ဘာကို ဆိုလိုတာလဲ"

ရှမူးလ်က မေးတယ်လေ။

" ဘာလင်က အရင်တုန်းက တိတ်တိတ်ဆိတ်ဆိတ်လေးနဲ့ နေချင်စရာကောင်းတဲ့ နေရာလေးဖြစ်ခဲ့တာပေါ့ကွာ။ ငါဆို ညတိုင်း အိပ်ရာထဲမှာ စာအုပ်ဖတ်နေရှိပေမဲ့ နောက်တော့ ညဘက်ဆို အသံဆိုးကြီးတွေကြားရသလို အားလုံးလည်း မီးမှိတ်လို့နေရတာပဲလေ"

" ငါလာခဲ့တဲ့နေရာက ဘာလင်ထက် ပိုကောင်းတယ်ကွ"

ရှမူးလ်က သူ ဘာလင်ကို တခါမှ မရောက်ဖူးပေမဲ့ ဂုဏ်ယူဝံ့ကြွားစွာ ပြောလိုက်ပါတယ်။
"လူတွေကလည်း ရင်းရင်းနှီးနှီးရှိကြပြီး အစားအသောက်တွေကလည်း သေချာပေါက် ဒီကထက်ကို ပိုကောင်းတာပေါ့"

" ကောင်းပါပြီလေ။ မင်းပြောတဲ့ အတိုင်းပဲ ဆိုပါတော့" လို့ ဘရူနိုက သူငယ်ချင်းအသစ်နဲ့ ရန်မဖြစ်ရအောင် ပြေရာပြေကြောင်း ပြော လိုက်တာပေါ့။

" အင်း ကောင်းပြီလေ"

" မင်း စူးစမ်းရှာဖွေရတာ ကြိုက်လား"
ဘရူနိုက ခဏနေတော့ မေးလိုက်ပါတယ်။

"ငါ ဘာတခုမှ မလုပ်ဖူးဘူးကွ" လို့ ရှမူးလ်က အမှန်အတိုင်း ဖြေရှာတယ်လေ။

" ငါကြီးလာရင် ငါက စူးစမ်းရှာဖွေသူကြီးလုပ်မှာကွ။ အခုတော့ ငါ စူးစမ်းရှာဖွေတဲ့ စာအုပ်ေတွချည်း ဖတ်နေရတယ်ဆိုတော့ ငါ့အလှည့်ကျရင် သူတို့လို အမှားမျိုးမလုပ်မိဖို့ သင်ခန်းစာရတာပေါ့လေ"

ရှမူးလ်က ခေါင်းလေးစောင်းလို့မေးလိုက်ပါတယ်။
" ဘယ်လို အမှားမျိုးလဲကွ"

" အိုး...အများကြီးပဲပေါ့ကွာ။ စူးစမ်းရှာဖွေတာနဲ့ ပတ်သက်ပြီး မင်းသိထားရမဲ့ တချက်က တချို့အရာတွေက သူတို့ကို ရှာဖွေတွေ့ရှိဖို့ ထိုင်စောင့်နေတတ်သလို တချို့ကျတော့လည်း မရှာတွေ့လေ ကောင်းလေပဲကွ။ ဥပမာ အမေရိက တိုက်လို ဟာမျိုးနဲ့ ဗီရိုနောက်က ကြွက်သေ လိုမျိုး အရာတွေပေါ့"

" ဒါဆို ငါက ပထမ အမျိုးအစားဖြစ်မယ် ထင်တယ်နော်" လို့ ရှမူးလ်က ပြောတော့
" ဟုတ်တာပေါ့" ဆိုပြီး ဘရူနိုက ပြန်ဖြေလိုက်တာပေါ့။

" မင်းကို တခုလောက် မေးလို့ရမလား"

"မေးလေ"

ဘရူနို ခဏလောက် စိတ်ထဲမှာ သူ့မေးခွန်းကို စာစီနေလိုက်ပါသေးတယ်။

" အဲ့ဒီလယ်ကွင်းထဲမှာ ဘာလို့ လူအများကြီး ရှိနေရတာလဲ။ ပြီးတော့ မင်းတို့ အဲ့ဒီထဲမှာ ဘာလုပ်နေကြတာလဲ ဟင်...."

အခန်း (၁၁)

ဖြူရီ

အဖေ ရာထူးတိုးပြီးခါစ အချိန်လောက်တုန်းကပေါ့။ တနေ့တော့ သူက အိမ်ကို သုတ်သီးသုတ်ပြာနဲ့ပြန်လာတော့ အမေ၊ ဘရူနိုနဲ့ ဂရက်တယ်တို့က ညှော့ခန်းထဲမှာ စာဖတ်နေခဲ့ကြတယ်လေ။

" ကြာသပတေးနေ့ညမှာ...."
သူက ခရီး မဦးမဆိုက် ပြောလိုက်တယ်။
" ကြသပတေးနေ့ည လုပ်စရာတွေအကုန်လုံး ဖျက်ထားလိုက်ကြတော့"

" ရှင့်မှာ ဘာများ အရေးကြီးကိစ္စများရှိလို့လဲရှင်" လို့ အမေက မေးတာပေါ့။
" ကျွန်မက ရုပ်ရှင်ရုံသွားဖို့ စီစဉ်ထား...."

"ဖြူရီက ငါနဲ့ ကိစ္စတခုဆွေးနွေးချင်တယ်တဲ့"
အဖေက အမေ့ကို စကားဖြတ်လို့ပြောလိုက်ပါတယ်။ ဒီနေ့ နေ့လည်ပဲ ငါ သူ့ဆီက ဖုန်းရတယ်။ သူက ကြသပတေးနေ့ ညနေပဲ အားလို့ အဲ့ဒီနေ့ပဲ လာခဲ့မယ်တဲ့လေ"

အဖေ့စကားကြားပြီး အမေ့မျက်လုံးလေးတွေတောင် ကျယ်သွားရတာပေါ့။ ဘရူနိုကတော့ အမေ့မျက်နှာကိုကြည့်ပြီး သူအံ့အားသင့်သွားတဲ့အခါ ဒီလိုပုံမျိုးပါလားလို့ တွေးနေမိပါတယ်။

" ရှင်နောက်နေတာတော့ မဟုတ်ပါဘူးနော်။ ဖြူရီက ဒီကို ကိုယ်တိုင် လာမတဲ့လား။ ကျွန်မတို့ အိမ်ကိုလေ...."

အဖေကတော့ ခေါင်းပဲငြိမ့်နေပါတယ်။
" ခုနှစ်နာရီတိတိ မှာ သူတို့ရောက်လာလိမ့်မယ်။ မင်း အခု ချက်ချင်းပဲ ညစာကောင်းကောင်းချက်ဖို့ စဉ်းစားထားပေတော့ကွယ်"

" အိုး...ဘုရားရေ..."
အမေက ဖြူဖပ်ဖြူရော် နဲ့ ရေရွတ်လိုက်ပါတယ်။ သူ့မျက်လုံးတွေကလည်း ဘာလုပ်ရင်ကောင်းမလဲ ဟိုဟိုဒီဒီ စဉ်းစားနေတဲ့ ပုံပါပဲ။

"ဖြူရီက ဘယ်သူလဲ အဖေ" လို့ ဘရူနိုက ဝင်မေးလိုက်တော့တာပေါ့။

" သား မင်း အသံထွက်တာ မှားနေတယ်ကွ" ဆိုပြီး အဖေက သူ့ကို အသံထွက် အမှန်ခေါ်တတ်အောင်သင်ပေးတယ်လေ။

" ဖြူရီ"

ဘရူနို့ အသံထွက်က အရင်လိုပဲ မှားဆဲပါ။

" ထားလိုက်ပါတော့ သားရယ်"

" ဒါနဲ့ ဖြူရီ က ဘယ်သူလဲ အဖေ"

အဖေက သူ့မေးခွန်းကို မဖြေပဲ သူ့ကို မမေးသင့်တဲ့ မေးခွန်းတခု မေးလိုက်သလို စိုက်ကြည့်နေတယ်လေ။

" ဖြူရီ ဘယ်သူလဲ မင်းသိပါတယ်"

" သား မသိဘူး အဖေ "
" သူက ဒီတိုင်းပြည်ကို အုပ်ချုပ်နေတာလေ အရူးလေးရဲ့" ဆိုပြီး ဂရက်တယ်က ကြားထဲက အမှတ်ဝင်ယူပါရော လား။ ဒီလို အပြောတွေကြောင့်လည်း ဘရူနိုက ဂရက်တယ့်ကို မကြိုက်တာပါ။

" သမီး မောင်လေးကို အရူးလို့ မခေါ်ရဘူးလေကွယ်"
အမေက ဝင်ပြောတယ်လေ။

" ဒါဆို သူ့ကို တုံးလေးလို့ရော ခေါ်လို့ရလား အမေ"

အမေက သူ့ကို စိုက်ကြည့်လိုက်တော့ ဂရက်တယ်လည်း စကားပြောသွားရပ်သွားပြီး ဘရူနို့ကို လျှာထုတ်ပြနေတာပေါ့။

" သူက တယောက်ထဲ လာမှာတဲ့လား ရှင်"

အမေက မေးလိုက်ပါတယ်။

" ငါ မေးဖို့ မေ့ခဲ့တယ်ကွယ်...။ ဒါပေမယ့် သူ့အမျိုးသမီးကို ခေါ်ခဲ့မယ် ထင်တယ်"

" အိုး....ဘုရားသခင်" လို့ မြည်တမ်းရင်း အမေက သူ ကြာသပတေးနေ့မတိုင်ခင် ပြင်ဆင်စရာတွေကို ရေတွက်လို့ နေပါတော့တယ်။ ကြာသပတေးနေ့ေရာက်ဖို့ကလည်း နောက်ထပ် နှစ်ရက်ပဲ လိုတော့တာပါ။ အိမ်တအိမ် လုံး သန့်ရှင်းရေးလုပ်၊ ပြတင်းပေါက်တွေ ဆေးကြော တိုက်ပွတ်ချွတ်ပြီး ထမင်းစားပွဲက အညစ်အကြေးတွေလည်း ပြောင်စင်နေအောင် သန့်စင်ရပါဦးမယ်။ နောက်ပြီး အစားအသောက် တွေလည်း သေချာပြင်ဆင်ဖို့လိုသလို စားပွဲထိုးပေးမဲ့ အိမ်စေတွေ အတွက်လည်း အဝတ်အစား တောက်တောက်ပြောင်ပြောင် ဆင်ရဦးမယ် မဟုတ်ပါလား။

အမေ့ရဲ့ လုပ်ရမဲ့ တာဝန်တွေက တွေးကြည့်လေ ပိုများလာလေ ဆိုပေမဲ့ အမေက ဖြူရီ မရောက်လာခင်မှာပဲ လုပ်စရာရှိတဲ့ ကိစ္စတွေအားလုံးကို တိတိကျကျ လုပ်နိုင်ခဲ့တယ်လေ။

ဖြူရီ မရောက်လာခင် တနာရီလောက်အလိုရောက်တော့ ဘရူနိုနဲ့

ဂရက်တယ်တို့ကို သပ်သပ်ရပ်ရပ်ပြင်ဆင်ပေးရင်း အောက်ထပ်က အဖေ့ရုံးခန်းရှေ့နားမှာ ကိုယ်စီရပ်လို့ အသင့်ပြင်ခါ တမိသားစုလုံး စောင့်နေခဲ့ကြရပါတယ်။ ဂရက်တယ်က အဖြူရောင် ဂါဝန်လေးဝတ်လို့ ခြေအိပ်အဖြူစွပ်ထားရင်း ခေါင်းကဆံပင်ကိုလည်း ဂက်အူသဖွယ် လိမ်ပတ် ရစ်ချည်ထားတာပါ။ ဘရူနိုကတော့ အညိုရောင် ဘောင်းဘီတိုကို အင်္ကျီအဖြူနဲ့ တွဲဝတ်လို့ ပွဲလမ်းသဘင်သွားတဲ့အခါ ဆင်ပေးလေ့ရှိတဲ့ ရှူးဖိနပ်လေးနဲ့ပေါ့။ ဖိနပ် အသစ်မို့လို့ သူ့ခြေထောက်လေးတွေတောင် နာခဲ့ပါသေးတယ်။ သူတို့မောင်နှမ နှစ်ယောက်ကိုတော့ ဖြူရီ့ကို ကြိုဖို့သက်သက်ပဲ ဆင်ပေးထားတာပါ။ အမေက သူတို့ကို ဧည့်သည်မလာခင်ကတည်းက ကြိုပြီး ညစာကျွေးမွေးထားခဲ့တယ်လေ။

" ကဲ ကလေးတို့ရေ" အဖေက သူတို့မောင်နှမကို အလုပ်စားပွဲရှေ့မှာ ရပ်ခိုင်းလို့ မှာစရာရှိတာ မှာနေပါတော့တယ်။
" ဒီနေ့ညနေ အဖေတို့အိမ်ကို အရေးကြီးတဲ့ ဧည့်သည်လာမှာ မင်းတို့ သိတယ်မဟုတ်လား"

သူတို့ နှစ်ယောက် ခေါင်းငြိမ့်လိုက်ပါတယ်။

" ဒီ ည ညစာစားပွဲက အဖေ့ အလုပ်အတွက်လည်း အရေးကြီးတယ်ကွ။ ဒါကြောင့် အဖေတို့ ဒီနေ့ ညနေအတွက် စည်းကမ်းလေးတွေတော့ လုပ်ထားရမယ် ဟုတ်ပြီနော်"

တကယ်တမ်းပြောရမယ်ဆိုရင် အဖေက ဒီလို စည်းမျဉ်း စည်းကမ်းတွေနဲ့ လုပ်ကိုင်ရတာ သိပ်သဘောကျတဲ့သူပါ။ အိမ်မှာ အမြဲတမ်း အရေးကြီးတဲ့ ပွဲအခမ်းအနား တခုခု ရှိပြီဆိုရင် သူက သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ချတာ ပုံမှန်လိုကို ဖြစ်နေပါပြီလေ။

" နံပါတ် တစ်။ ။ ဖြူရီ ရောက်လာပြီဆိုတာနဲ့ မင်းတို့ ငြိမ်ငြိမ်လေးရပ်လို့ သူ့ကို နှုတ်ဆက်ဖို့ စောင့်နေကြရမယ်။ သူ့ဘက်က စကားစမပြော မချင်း မင်းတို့ အရင် စကား မပြောရဘူးနော်။ နောက်ပြီး သူ့ကို စကားပြောတဲ့အခါ အသံထွက် ပီပီသသနဲ့ တခွန်းချင်းဆီ ရှင်းရှင်းလင်းလင်း ပြောရမယ်။ နားလည်တယ်နော်"

" ဟုတ်ကဲ့ အဖေ" လို့ ဘရူနိုက ခေါင်းငုံ့လို့ ခပ်တိုးတိုး ဗလုံးဗထွေး ပြောလိုက်တယ်လေ။

" ကဲ ကြည့်... အဲ့ဒီလိုမျိုး ပြောတာ အဖေ မကြိုက်တာပဲ"
အဖေက သူ့သား မပွင့်တပွင့်ပြောတာကို အားမလိုအားမရနဲ့ ပြောလိုက်တာပေါ့။
" သား ပါးစပ်ကို ကျယ်ကျယ်ဖွင့်ပြီး သေချာပြာရမယ်ကွ။ ဒီညတော့ သားတို့နှစ်ယောက် ကလေးလို လုပ်နေလို့မရဘူးနော်။ ဖြူရီက မင်းတို့ကို စကားမပြောဘူးဆိုရင် ဘာမှ မဟဘဲ သူ့ရှေ့မှာ လေးလေးစားစားနဲ့ နေပြရမယ်....ကြားလား"

" ဟုတ်ကဲ့ပါ အဖေ"

ဒီတခါတော့ ဂရက်တယ်က ပီပီသသ ပွင့်ပွင့်လင်းလင်း ဖြေပြလိုက်တာပေါ့။

" နောက်ပြီး အမေနဲ့ အဖေတို့ ဖြူရီနဲ့အတူ ထမင်းစားနေတဲ့အချိန်မှာ မင်းတို့ အပေါ်ထပ်ကနေ လျှောက်ပြေးမနေရဘူးနော်။ ဘရူနိုလည်း လှေကားလက်ရန်းပေါ်ကနေ လျှောချပြီး ဆော့မနေရဘူး ....ကြားလား။ အဖေ ဒီနေ့ညတော့ ဘာအသံမှ ကို မကြားချင်ဘူး"

ဘရူနိုနဲ့ ဂရက်တယ်လည်း အဖေရှေ့မှာ ကျောက်ရုပ်လို စိုင်စိုင်ကြီးပဲ ရပ်နေလိုက်ပါတော့တယ်။

" ကဲ ဒါဆိုလည်း ဒီလောက်ပါပဲ"

ဒီလိုနဲ့ နောက်ထပ် လေးဆယ့်ငါးမိနစ်လောက် အကြာမှာ အိမ်ရှေ့ကနေ ဘဲလ်တီးသံကြားလိုက်တော့ အိမ်ထဲက လူတွေလည်း စိတ်လှုပ်ရှားကာ ဖြူရီ့ကို စောင့်ဖို့ ပြင်နေခဲ့ကြပါတယ်။ ဘရူနိုနဲ့ ဂရက်တယ်က လှေကားရှေ့မှာ တံခါးကို မျက်နှာမူလို့ မတ်တပ်ရပ်နေခဲ့ကြသလို အမေကလည်း သူတို့ဘေးကနေ လက်နှစ်ဖက်ကို ယှက်လို့ အသက်ပြင်းပြင်းရှူရင်း စောင့်နေခဲ့တာပေါ့။ အဖေက သူတို့သုံးယောက်ကို တချက်လောက် ကြည့်လိုက်ရင်း စိတ်ကျေနပ်လောက်ပြီဆိုတော့ တံခါးကို သွားဖွင့်လိုက်ပါတော့တယ်။

အပြင်မှာတော့ လူနှစ်ယောက် ရောက်နေတယ်လေ။ လူကောင်ခပ်သေးသေး လူကြီးတယောက်ရယ် အရပ်မြင့်မြင့် အမျိုးသမီးတယောက်ရယ်ပေ့ါ။

အဖေက သူတို့ကို အလေးပြုကာ အိမ်ထဲ ခေါ်လာတော့ မာရီယာလည်း ပြားပြားဝပ်နေအောင် အရိုအသေပေးရင်း ကုတ်အင်္ကျီတွေကို အခန်းထဲ ယူသွားပေးပါတယ်။ သူတို့ နှစ်ယောက် အမေ့ကို နှုတ်ဆက်နေတုန်း ဘရူနိုလည်း အဖေပြောတဲ့ အရေးကြီးတယ် ဆိုတဲ့သူကို စေ့စေ့ကြည့်ရင်း သူတို့က တကယ့်ခေါင်းဆောင်ကောင်းတွေလားဆိုတာကို တွေးတောနေခဲ့တယ်လေ။

ဖြူရီက အဖေ့ထက်တောင် အရပ်ပုပြီး သိပ်လည်း သန်သန်မာမာ ရှိတဲ့ပုံမပေါ်ပါဘူး။ သူက အနက်ရောင် ဆံပင်ကို ဂင်တိုတိုညှပ်ထားပြီး မုတ်ဆိတ်မွှေးသေ းသေးလေးကလည်း ပါသေးတာမို့ ဒီလောက် သေးတဲ့ မုတ်ဆိတ်မွှေး ဘာလို့မရိတ်ပစ်လိုက်တာလဲလို့တောင် ဘရူနိုက တွေးနေမိပါသေးတယ်။ သူ့ဘေးနားမှာ ရပ်နေတဲ့ အမျိုးသမီးကတော့ ဘရူနို့ဘဝမှာ တွေ့ဖူးတဲ့ အမျိုးသမီးတွေထဲမှာ အလှဆုံးလို့တောင် ပြောလို့ရပါတယ်။ သူက ရွှေရောင်ဆံနွယ်တွေရှိတဲ့အပြင် နှုတ်ခမ်းလွှာလေးကလည်း နီရဲလို့လေ။ ဖြူရီက အမေ့ကို စကားပြောနေတုန်း သူက ဘရူနို့ဘက်ကိုလှည့်ပြီး ပြုံးပြလိုက်တော့ ဘရူနိုတယောက် ရှက်သွေးဖြာသွားရပါသေးတယ်။

" ဒါက ကျွန်တော့် ကလေးတွေပါ ဖြူရီ ခင်ဗျား" လို့ အဖေ

မိတ်ဆက်ပေးတော့မှ ဂရက်တယ်နဲ့ ဘရူနိုလည်း ရှေ့တလှမ်းတိုးလို့ ဖြူရီ့ကို နှုတ်ဆက်ကြပါတော့တယ်။

" ဘယ်သူက မိန်းကလေး၊ ဘယ်သူက ယောက်ျားပါလိမ့်....." လို့ ဖြူရီက ဟာသလုပ် ပြောလိုက်တော့ ဘရူနိုကလွဲလို့ အားလုံးက ရယ်ကြတာပေါ့။ ဘရူနိုကတော့ ဒီ ပြက်လုံးက တေယ်တော် ရူးသွပ်တာပဲလို့ ထင်မိတာကိုး။ ဖြူရီက ဂရက်တယ့်ကို လက်ဆွဲနှုတ်ဆက်လိုက်တော့ ဂရက်တယ်က မိန်းကလေးဆန်ဆန် ခြေထောက်ကလေး တဖက်ညွတ်လို့ နှုတ်ဆက်လိုက်တာ ခြေချော်ပြီး ကြမ်းပေါ် လဲမလိုတောင် ဖြစ်သွားတယ်လေ။ ဘရူနိုကတော့ ကြိတ်ပြီး ဝမ်းသာနေတာပေါ့။

" သိပ်ချစ်စရာကောင်းတဲ့ ကလေးတွေပါပဲ ရှင်"

ရွှေရောင်ဆံပင်နဲ့ မိန်းမက ပြောတယ်လေ။

" ဘယ်နှစ်နှစ်များ ရောက်ကြပြီလဲကွယ်"

" သမီးက ဆယ့်နှစ်နှစ်ရှိပါပြီရှင်။ သူက တော့ အခုမှ ကိုးနှစ်ပဲ ရှိပါသေးတယ်" လို့ ဂရက်တယ်က ဖြေလိုက်ပါတယ်။

" ပြီးတော့ သမီးက ပြင်သစ်လိုလည်း ပြောတတ်တယ်ရှင့်"
အမှန်ဆို သူက အခုမှ ကျောင်းကသင်ပေးတဲ့ ပြင်သစ်လို တခွန်း နှစ်ခွန်းလောက်သာ ပြောတတ်သေးတာပါ။

" ဟုတ်ပါပြီ။ ဒါပေမယ့် ဘာလို့ ငါတို့က ပြင်သစ်စာ သင်နေစရာ လိုမှာမို့လို့လဲ...."
လို့ ဖြူရီက လှည့်ပြီး ပြောလိုက်တာပေါ့။ ဒီတခါတော့ တယောက်မှ မရယ်ကြတော့ဘဲ တယောက်မျက်နှာ တယောက်ကြည့်ကာ ဘာပြောရမှန်းမသိ ဖြစ်နေခဲ့ကြတယ်လေ။ ဂရက်တယ်ကတော့ သူ့ကို ဖြူရီ မေးခွန်းမေးလိုက်တာလား၊ ပြန်ဖြေဖို့ လိုသေးလား စဉ်းစားရင်းနဲ့ ခေါင်းခြောက်နေပါတော့တယ်။

ဖြူရီက သူ့ကို စောင့်မနေတော့ဘဲ ထမင်းစားခန်းဆီ ဆတ်တောက်ဆတ်တောက်နဲ့ ဝင်သွားပါပြီ။ သူက ဘရူနို့တသက်မှာ အရိုင်းပြဆုံး ငြော့သည့်တယောက်ပါပဲ။ နောက်ပြီး သူက ထမင်းဝိုင်းထဲမှာ အဖေ့နေရာကနေ ဝင်ထိုင်လိုက်သေးတယ်လေ။ အဖေလည်း သူ့နောက်က လိုက်ဝင်သွားသလို အမေကိုယ်တိုင်လည်း လားစ်ကို ဟင်းရည်တွေ နွေးပြီး အဆင်သင့်ပြင်ထားခိုင်းကာ အဖေ့နောက်က နေ ထမင်းစားခန်းထဲ လိုက်ဝင်သွားပါတော့တယ်။

" အန်တီလည်း ပြင်သစ်လို ပြောတတ်တယ်ကွဲ့"
အမျိုးသမီးကြီးက ကလေးနှစ်ယောက်ဆီ ငုံ့ကာ ပြောလိုက်ပါတယ်။
သူ့ကြည့်ရတာတော့ ဖြူရီ့ကို အဖေနဲ့ အမေ့လောက် မကြောက်တဲ့ပုံပါ။

" ပြင်သစ်က သိပ်ကို လှပတဲ့ ဘာသာစကားပဲလေ။ သမီးက သင်နိုင်တယ်ဆိုတော့ ဉာဏ်ကောင်းတာပေါ့"

" အီဗာ....."
ဖြူရီက စားပွဲကို လက်နဲ့ တတောက်တောက် ခေါက်ရင်း အမျိုးသမီးကြီးကို ခွေးတကောင် ကို ခေါ်သလို ခေါ်နေတာပေါ့။ သူကလည်း ဖြူရီရှိရာ အခန်းဘက် မျက်စောင်း တချက်လှမ်းထိုးလို့ ကလေးတွေဘက်လှည့်ကာ စကားဆက်ပြောနေတယ်လေ။

" သားရဲ့ ဖိနပ်လေးတွေကို အန်တီ သဘောကျတယ် ဘရူနို။ ဒါပေမယ့် သိပ်မကြပ်လွန်းဘူးလားကွယ်။ အရမ်းကြပ်နေရင် အမေ့ကို ပြောလိုက်ပါလား။ သားခြေထောက် နာနေပါဦးမယ်" လို့ အပြုံးလေးနဲ့ ပြောတာပေါ့။

"ဟုတ်ကဲ့ သူတို့က ကျွန်တော့်ခြေထောက်နဲ့ နည်းနည်းတော့ ကြပ်ပါတယ်ခင်ဗျာ"

" သမီးကတော့ ပုံမှန်ဆို ဒီလို တင်းတင်းကြီး ဆံပင် မစည်းတတ်ပါဘူး ရှင်" ဆိုပြီး ဂရက်တယ်က ဘာမဆိုင် ညာမဆိုင် ဝင်ပြောနေပါသေးတယ်။ ဘရူနိုကိုပဲ ဂရုစိုက်နေတာ သူမနာလိုဘူးလေ။

" အို...ဘာလို့လဲကွယ်...။ ဒီ ဆံပင်ကလေးကလည်း လှတာပါပဲကွယ်"

" အီဗာ......"
ဒုတိယအကြိမ် ဖြူရီရဲ့ အသံကြီးက ထမင်းစားခန်းက ထွက်လာပါတော့တယ်။ အမျိုးသမီးကြီးလည်း ထမင်းစားခန်းဆီ ခြေဦးလှည့်လိုက်တာပေါ့။

" မင်းတို့နဲ့ တွေ့ရတာ ဝမ်းသာတယ်ကွယ်" လို့ ပြောရင်း သူက ထမင်းစားခန်းထဲဝင်သွားကာ ဖြူရီ့ရဲ့ ဘယ်ဘက်မှာ နေရာယူလိုက်တယ်လေ။ ဂရက်တယ်ကတော့ အဖေမှာထားတဲ့အတိုင်း ချက်ချင်း အပေါ်ထပ်တက်သွားပေမဲ့ ဘရူနိုကတော့ ထမင်းစားခန်းရှေ့မှာ ရစ်သီ ရစ်သီလုပ်ရင်း ဖြူရီ့ကို လိုက်ကြည့်နေပါသေးတယ်။ အဲ့ဒီတော့ ရွှေရောင်ဆံပင်နဲ့ အမျိုးသမီးကြီးလည်း သူ့ကို အခန်းထဲကနေ ပြုံးပြရင်းနဲ့ လက်ပြလိုက်တာပေါ့။ အဲ့ဒီအချိန်မှာပဲ အဖေက ထပြီး ထမင်းစားခန်းတံခါးကို ပိတ်လိုက်ပါတော့တယ်။ ဘရူနိုလည်း အခုမှပဲ အပေါ်ကို တက်သွားတော့တယ်လေ။

ဖြူရီနဲ့ အီဗာတို့က အမေနဲ့ အဖေတို့နဲ့အတူ နှစ်နာရီလောက်ကြာအောင် ထမင်းစားခန်းထဲမှာ စကားပြောပြီးတော့ အပြင်ပြန်ထွက်လာခဲ့ကြပါတယ်။ ဘရူနိုက သူ့အိပ်ခန်း တံခါးကနေ အောက်ကို လှမ်းကြည့်နေတာပေါ့။ ဖြူရီက တော်တော် ချမ်းသာပုံပါပဲ။ သူက ကိုယ်ပိုင် ယာဉ်မောင်းနဲ့ လာတဲ့ အပြင် အဲ့ဒီယာဉ်မောင်းက သူ့ကို တံခါးတောင် ဖွင့်ပေးသေးတယ်လေ။ ဖြူရီက သူ့ကို ဖွင့်ပေးတဲ့ တံခါးကနေ အခန့်သားတက်လို့ သတင်းစာတခု

ကောက်ဖတ်နေခဲ့ပါတော့တယ်။ အီဗာ ကတော့ အဖေနဲ့ အမေတို့ကို ညစာအတွက် ကျေးဇူးတင်စကား ပြောနေခဲ့ပါသေးတယ်။

ဖြူရီက တော်တော့်ကို အကျင့်ဆိုးတဲ့ လူကြီးပဲလို့တောင် ဘရူနိုက တွေးနေမိသေးတာပါ။

ညော့်သည်တွေပြန်သွားတော့ ဘရူနို သူ့အခန်းထဲကနေ အမေနဲ့ အဖေတို့ အောက်ထပ်က ကျယ်ကျယ် ကျယ်ကျယ်နဲ့ စကားပြောသံတွေ ကြားလိုက်ရတယ်လေ။ တံခါးကလည်း ပိတ်ထားတာဆိုတော့ ကြားရတဲ့ စကားသံတွေက အပျက် အပျက်နဲ့ပါပဲ။

" .....ဘာလင်ကနေ ထွက်သွားရမတဲ့လား။ ပြီးတော့ ....နေရာ ကြီးကို သွားရဦးမယ်...."
အမေ့စကားက မကြားတချက် ကြားတချက်နဲ့ပါ။
" ......ရွေးချယ်စရာ မရှိဘူးလေ။ အနည်းဆုံးတော့ ငါတို့ တမိသားစုလုံး....." လို့ အဖေက ပြန်န်ပြောလိုက်ပါတယ်။

" ....ကမ္ဘာပေါ်မှာ ဖြစ်နေကြ ကိစ္စမျိုး မဟုတ်ဘူးရှင့်။ ဒါက လုံးဝ မကောင်းတဲ့နေရာ......"

".....ဘာများ ဖြစ်မှာ မို့လို့လဲကွာ......."

" ....အဲ့ဒီလို နေရာမှာ ကြီးပြင်းဖို့ မျှော်လင့်တယ် ပေါ့လေ......"

" ..... ဒီမှာပဲ တော်တော့။ ငါ ထပ်မကြားချင်တော့ဘူး....."
ဆိုတဲ့ အဖေ့ အသံကို ကြားလိုက်ရပါသေးတယ်။ အဲ့ဒီမှာပဲ စကားအချေအတင် ပြောနေကြတာ ရပ်သွားဟန်တူပါတယ်။ ဘရူနိုလည်း အိပ်ပျော်သွားတာပေါ့။

နောက်ထပ် ရက်အနည်းငယ်လောက် အကြာမှာ ဘရူနို ကျောင်းကနေ အိမ်ပြန်လာတော့ မာရီယာက သူ့အခန်းထဲမှာ အထုပ်အပိုးတွေ ထုပ်ပိုးနေတာတွေ့ရတော့တာ ပါပဲ။ တအိမ်လုံးလည်း အိမ်ပြောင်းဖို့အတွက် အလုပ်တွေ ရှုပ်နေကြတယ်လေ။ အဲ့ဒီလိုနဲ့ ဘရူနိုတို့ မိသားစုလည်း အောက်ဇစ်သ် ဆီ ရောက်ရှိလာခဲ့ပါတော့တယ်။

အခန်း (၁၂)

ရှမူးလ် ရဲ့ အဖြေ

" ငါ သိတာကတော့ ဒါပဲ ရှိတယ်ကွ"
ရှမူးလ်က ပြောပါတယ်။
" ငါတို့ ဒီကို မရောက်ခင်တုန်းက ငါက ငါ့အမေ၊ အဖေ နဲ့ အစ်ကို ဂျိုးဇက်ဖ် တို့နဲ့ အတူ ငါ့အဖေ နာရီပြင်ဆိုင်လေးရဲ့ အပေါ်ထပ်မှာ နေခဲ့တာပေါ့ကွာ။ မနက်တိုင်းလည်း ခုနစ်နာရီထိုးပြီဆိုရင် ငါတို့အတူ မနက်စာ စားနေကြလေ။ ငါတို့ ညီအစ်ကို နှစ်ယောက် ကျောင်းသွားတော့ အဖေက သူ့ဆိုင်လေးထဲမှာ သူ့ဆီလူတွေယူလာတဲ့ နရီအဟောင်းကလေးတွေကို အသစ်ဖြစ်အောင် ပြင်နေခဲ့တာပေါ့။ ငါ့မှာတောင် အဖေလုပ်ပေးတဲ့ နာရီလှလှလေးတလုံးရှိခဲ့ဖူးတယ်။ အခုတော့ ဘယ်တောင် ရောက်သွားပြီလဲ မသိတော့ပါဘူးလေ။ အဲ့ဒီ နာရီလေးက ရွှေရောင်ဒိုင်ခွက်လေးနဲ့ပေါ့။ ငါလည်း ညတိုင်း သူ့ကို သံပတ်ပြန်ပေးပြီး အိပ်လိုက်ရင် မနက်ရောက်တော့ အချိန်မှန်နေတာချည်းပဲလေ"

" အဲ့ဒီနာရီလေး အခု ဘယ်ရောက်သွားတာလဲ" လို့ ဘရူနိုက မေးလိုက်တာပေါ့။

" သူတို့ ငါ့ဆီက လုယူသွားတယ်လေ"

" ဘယ်သူတွေလဲ"

" စစ်သားတွေပေါ့ကွာ"
ရှမူးလ်က စစ်သားတွေပဲ ဒီလိုလုပ်ရပ်တွေလုပ်နေကြဆိုတဲ့ မျက်နှာပေးနဲ့ ပြောနေတာပေါ့။

"နောက်ပြီး တနေ့ကျတော့ အရာရာ ကပြောင်းလဲသွားတော့တာပါပဲကွာ။ ငါ ကျောင်းကနေ အိမ်ပြန်လာတော့ အမေက ငါတို့ကို လက်မှာပတ်ထားဖို့ အဝတ်စလေးတွေပေးပြီး ငါတို့အားလုံးကိုလည်း အထူးချုပ်ထားတယ်လို့ပြောတဲ့ အင်္ကျီတွေ ဝတ်ခိုင်းတယ်လေ။ ရင်ဘတ်ပေါ်မှာ ကြယ်တလုံး ထိုးထားတဲ့ အဝတ်တွေပေါ့။ ဒီလိုမျိုးလေ"
ရှမူးလ်က ပြောရင်းကနေ သူ့အောက်က မြေကြီးမှာ ကြယ်ပုံလေး ဆွဲပြနေပါသေးတယ်။

"အဲ့ဒီနောက် ငါတို့အိမ်က ထွက်တိုင်း အမေက ငါတို့ကို ဒီ လက်ပတ်ကလေးတွေ ပတ်ထားဖို့ မှာတာပေါ့"

" ဟေး ငါ့အဖေမှာလည်း အဲ့ဒီဟာမျိုး တခုရှိတယ်ကွ" လို့ ဘရူနိုက

သူတွေ့ဖူးတဲ့ အဖေ့ရဲ့ ယူနီဖောင်းပေါ်က အဆင်တန်ဆာတွေထဲက အလံ သင်္ကေတတခုအကြောင်းကို ပြောလိုက်ပါတယ်။
" သူ့ရဲ့ ယူနီဖောင်းပေါ်မှာလေ။ အနီ ရယ်၊ အနက်ရယ် အဖြူရယ် စပ်ထားတဲ့ပုံလေးလေ"
ဘရူနိုကလည်း ရှမူးလ်လိုပဲ မြေကြီးပေါ်မှာ ပုံဆွဲပြလိုက်ပါသေးတယ်။

" ဒါပေမယ့် သူတို့နှစ်ခု ကမတူဘူးလေ"

" ငါ့ကိုကျတော့ ဘယ်သူမှ လက်ပတ် မပေးဖူးဘူး"

" ငါကတော့ ဝတ်ဖို့ မတောင်းဆိုဖူးဘူးလေ" လို့ ရှမူးလ်က စိတ်ပျက်လက်ပျက်ဖြေပါတယ်။

" အတူတူပါပဲကွာ။ ငါ လည်း တခုလောက်တော့ တပ်ရင်ကောင်းမယ်။ အဖေ့ဟာပဲ တပ်ရင် ကောင်းမလား၊ မင်း ဟာပဲတပ်ရင် ကောင်းမလား စဉ်းစားလိုက်ဦးမယ်ကွ"

ရှမူးလ်ကတော့ ခေါင်းလေးခါလို့ သူ့ရဲ့ဇာတ်လမ်းကို ဆက်ပြောပြတယ်လေ။ ဒီကို မရောက်လာခင်တုန်းက အကြောင်းတွေကို ပြန်တွေးရတာ သူ ဝမ်းနည်းမိတယ်ထင်ပါတယ်။

" ငါတို့ အားလုံး ဒီ လက်မောင်းပတ်လေးတွေ လတော်တော်ကြာ ဝတ်ခဲ့ရတာပေါ့။ နောက်တော့ ထပ်ပြီး အရာရာက ပြောင်းလဲ ပြန်ကုန်ပါရောလား။ ငါ တနေ့ကျောင်းကပြန်လာတော့ အမေက ငါတို့ ဒီအိမ်မှာ ဆက်နေလို့ မရတော့ဘူးလို့ပြောတယ်လေ"

" ဟေး ငါလည်း အဲ့ဒီလို ဖြစ်ဖူးတယ်ကွ" လို့ ဘရူနိုက သူနဲ့ ရှမူးလ်ကြားမှာ တူတာတွေ တခုတွေ့တော့ ဝမ်းပမ်းတသာပြောတာပေါ့။
" ငါတို့အိမ်ကို ဖြူရီ ညစာလာစားပြီးတော့ ငါတို့လည်း ဒီကိုပြောင်းခဲ့ရတာလေ။ ငါ ဒီနေရာကို သိပ်မုန်းတာပဲ။ ဒါနဲ့ မင်းတို့အိမ်ကိုရော ဖြူရီလာသေးလား"

" ဟင့်အင်း ဒါပေမယ့် ငါတို့အိမ်တွေမှာ နေလို့မရတော့လို့ ငါတို့မိသားစုတွေလည်း ကရာကောင်း မြို့ဘက်ကို ပြောင်းပြေးရတော့တာပေါ့ကွာ။ အဲ့ဒီမှာ စစ်သားတွေက တပ်စွဲထားလို့ ငါတို့လည်း အခန်းကျဉ်းလေးထဲမှာ ဝင်ခိုနေရသေးတယ်"

"မင်းတို့အားလုံးလား"
ဘရူနိုက တအံ့တဩမေးလိုက်ပါတယ်။
" အခန်းလေး တခန်းထဲမှာလေ...."

" ပြီးတော့ ငါတို့ချည်းပဲ မဟုတ်ဘူး။ အဲ့ဒီမှာ နောက်ထပ် မိသားစုတခုလည်းရှိသေးတယ်လေ။ သူတို့မိသားစုက အဖေနဲ့ အမေက တချိန်လုံး

ရန်ဖြစ်နေတတ်သလို သူတို့သားကလည်း ငါ့ကို အမြဲတမ်း အနိုင်ကျင့်တာပေါ့"

" မင်းတို့အားလုံး အခန်းတခန်းထဲမှာ အတူတူနေကြတယ် ဟုတ်လား။ ဘယ်လိုလုပ် နေလို့ရမှာလဲ ကွ"

" ဟုတ်တယ်။ ငါတို့ အားလုံးပေါင်း ဆယ့်တစ်ယောက်လောက်ေတာင် ရှိတယ်"

ဘရူနိုက သူမယုံဘူးလို့ ပြောဖို့ ပါးစပ်ဟလိုက်ပေမဲ့ ရှမူးလ်ကတော့ သူ့ဇာတ်ကြောင်းကို သေသေချာချာကို ပြန်ပြောနေခဲ့တယ်လေ။

" ငါတို့ အဲ့ဒီအခန်းလေးထဲမှာ လပေါင်း တော်တော်များများ နေခဲ့ရသေးတယ်။ အခန်းလေးထဲမှာ ပြတင်းပေါက်သေးသေးလေးတပေါက်ရှိပေမဲ့ ငါ အဲ့ဒီပြတင်းပေါက်ကနေ ကြည့်ရတာမကြိုက်ဘူးလေ။ အဲ့ဒီပြတင်းပေါက်ကနေ ကြည့်ရင် စစ်သားတွေဆောက်ထားတဲ့ တံတိုင်းကြီးကို ့မြင်နေရတယ်ကွ။ ငါတို့ အိမ်က အဲ့ဒီတံတိုင်းကြီးရဲ့ တဖက်ခြမ်းမှာလေ။ ဒီဘက်ခြမ်းကတော့ တမြို့လုံး ဆူညံနေတာပါပဲ။ ညဘက်ဆိုလည်း အိပ်လို့ကို မရတဲ့ နေရာကြီးပေါ့။ ပြီးတော့ ငါ့ကို အချိန်တိုင်း အနိုင်ကျင့်တတ်တဲ့ လူးခါ ဆိုတဲ့ ကောင်လေးကိုလည်း ငါမုန်းတယ်"

" ဂရက်တယ်လည်း ငါ့ကို တခါတလေ ရိုက်တတ်တယ်" ဆိုပြီး ဘရူနိုက ဝင်ပြောလိုက်ပါတယ်။

" သူက ငါ့အစ်မလေ။ တော်တော်စိတ်ပျက်စရာကောင်းတဲ့ ကောင်မလေးပေါ့။ ဒါပေမယ့် မကြာခင် ငါ အရွယ်ရောက်လာပြီဆိုရင်တော့ သူငါ့ကို ရိုက်ရဲမှာ မဟုတ်တော့ပါဘူး"

"ဒီလိုနဲ့ တနေ့တော့ စစ်သားတွေက ထရပ်ကားကြီးတွေစီးလို့ ငါတို့ကို လာဖမ်းတော့တာပေါ့"

ရှမူးလ်က ဘရူနို့အစ်မအကြောင်း ကို စိတ်တောင်မဝင်စားဘဲ ဆက်ပြောနေဆဲပါ။

" ပြီးတော့ အားလုံးကို အိမ်ထဲကနေထွက်ပြီး ကားပေါ်တက်ခိုင်းတယ်လေ။ တချို့ကတော့ အိမ်ကနေ ဘယ်မှ မသွားချင်လို့ တွေ့တဲ့နေရာ ဝင်ပုန်းပေမဲ့ နောက်ဆုံးတော့ သူတို့က ငါတို့ကို မိသွားတာပါပဲ။ အဲ့ဒီ ထရပ်ကားပေါ်ကနေ ငါတို့ကို ရထားပေါ် တင်ပေးလိုက်တယ်လေ။ အဲ့ဒီ ရထားကလေ......"

ရှမူးလ်က ခဏလောက် နှုတ်ခမ်းလေး ဖိကိုက်ရင်း ရပ်နေတော့ ဘရူနိုက သူ ငိုတော့မှာလားဆိုပြီးတော့ စိုးရိမ်နေတာပေါ့။

" အဲ့ဒီရထားက သိပ်ကို ဆိုးရွားတာပဲ။ ငါတို့အားလုံးကို တွဲတတွဲထဲ စုထည့်ပြီးတော့ တင်သွားတာ ငါတို့မှ လေရှူစရာ အပေါက်တောင် မရှိဘူးလေကွာ။ နောက်ပြီး သူတို့ အနံ့တွေကလည်း သိပ်ကို ရွံစရာကောင်းတာပေါ့"

" မင်းတို့က တနေရာထဲကို လုတက်ကြတာကိုး"

ဘရူနိုက သူ ဘာလင်ကနေ ထွက်လာတုန်းက တွေ့ခဲ့ရတဲ့ ရထားအကြောင်းကို

စဉ်းစားရင်း ပြောလိုက်တယ်လေ။
" ငါ တို့ ဘာလင်ကနေ လာတုန်းက လူတွေက ရထားနှစ်စီးရှိတာကို တစီးထဲကိုပဲ စုပြုံတက်ကြတယ်လေ။ ငါတို့ အတွဲမှာတော့ လူတောင် မရှိဘူး။ မင်းလည်း အဲ့ဒီလို အတွဲမျိုး ရှာစီးသင့်တယ်ကွ"

" ငါတို့မှာ ရွေးချယ်စရာ မရှိဘူးကွ"
ရှမူးလ် က ပြန်ပြောတယ်လေ။
" ငါတို့ကို အတွဲကတောင် မထွက်ခိုင်းဘူးကွ"

" ဒါပေမယ့် တံခါးပေါက်က အဆုံးနားမှာ ရှိတာပဲကို...."
ဘရူနိုက ရှမူးလ်ကို အားမလို အားမရ ပြောတာပေါ့။

" ငါတို့ အတွဲမှာတော့ ဘာတံခါးမှ မရှိဘူးလေ"

" တံခါး ရှိပါတယ်ကွာ။ ဟိုး အဆုံးမှာ ရှိတာလေ။ ဘူဖေး စားတဲ့ နေရာရဲ့ အနောက်နားမှာပေါ့" လို့ ပြောတော့ ရှမူးလ်က

" တကယ် မရှိလို့ပါကွာ။ မဟုတ်ရင် ငါတို့ အဲ့ဒီကနေ ခုန်ဆင်းခဲ့ကြမှာပေါ့"

ဘရူနိုက လုံးဝ အလျှော့မပေးဘဲ 'ရှိပါတယ်ကွာ' ဆိုတဲ့ စကားကို တိုးတိုးလေး ရေရွတ်နေပါသေးတယ်။

" ရထားကြီး ဆိုက်တော့ ငါတို့ရောက်နေတဲ့ နေရာက အရမ်းအေးစက်နေတာပဲလေ။ ငါတို့ကို အဲ့ဒီကနေ ဒီအထိရောက်အောင် လမ်းလျှောက်လာခိုင်းခဲ့ကြတယ်ကွ"

" ငါတို့က ရထားဘူတာကနေ ဒီကို ကားနဲ့ လာခဲ့တာကွ" လို့ ဘရူနိုက ပြောလိုက်ပါတယ်။

" ပြီးတော့ ငါ့အမေကို တခြားကို ခေါ်သွားပြီး အဖေရယ် ငါရယ် ဂျိုးဇက်ဖ်ရယ်ကတော့ ဒီ လယ်ကွင်းထဲက တဲပုတ်ထဲမှာ နေခဲ့ရတယ်လေ။ အဲ့ဒီကတည်းက ငါတို့ ဒီကိုရောက်နေခဲ့ကြတာပဲကွ"

ရှမူးလ်ကို ကြည့်ရတာ အင်မတန် ဝမ်းနည်းနေတဲ့ပုံပေါက်ပေမဲ့ ဘရူနို သူ့ကို လုံးဝ နားမလည်ပါဘူး။ သူလည်း ရှမူးလ်နည်းတူ အိမ်ကို စွန့်ခွာခဲ့ရတာ မဟုတ်ပါလား။

" အဲ့ဒီအထဲမှာ ကောင်လေးတွေ အများကြီးပဲလား"
ဘရူနိုက မေးလိုက်တာပေါ့။

" ရာကျော်လောက်ရှိတယ်လေ"

ရှမူးလ် စကားကြောင့် ဘရူနို့ မျက်လုံးလေး ပြူးသွားရပါတော့တယ်။

" ရာကျော်တောင်တဲ့လား။ ဒါ လုံးဝ မတရားတာပဲ။ လယ်ကွင်းရဲ့

ဒီဘက်ခြမ်းမှာဆို ဆော့ဖို့ ကလေးတယောက်တောင် မရှိဘူးလေ"

" ငါတို့ ဒီမှာ မဆော့ ကြပါဘူး" ရှမူးလ်က ဘရူနိုစကားကို ကြောင်တောင်တောင် မျက်နှာပေးလေးနဲ့ ပြန်ပြောလိုက်တယ်။

" မင်းတို့ မကစားကြဘူးလား။ ဘာဖြစ်လို့လဲ"

" ငါတို့က ဘာကစားရမှာလဲ"

" မသိဘူးလေ။ ဒီလောက် လူတွေများတာ အမျိုးမျိုး ကစားလို့ရတာပေါ့။ ဥပမာ ဘောလုံးကန်တာ တို့ စူးစမ်းရှာဖွေရေး လုပ်တာတို့လေ။ ဒါနဲ့ အဲ့ဒီဘက်ခြမ်းမှာရော စူးစမ်းရှာဖွေလို့ ကောင်းတဲ့ နေရာတွေရှိလား ဟင်"

ရှမူးလ်က ခေါင်းခါပြလိုက်ပါတယ်။ သူက တဲပုတ်လေးတွေဆီ တချက်လှည့်ကြည့်လိုက်သေးတယ်။ မျက်နှာကလည်း ရှုံ့မဲ့လို့လေ။

" မင်းမှာ စားစရာတခုခုများ ပါလား ဟင်" လို့ ရှမူးလ်က မေးတယ်လေ။

" ဟင့်အင်း။ ငါ ချောကလက် နည်းနည်းယူလာမလို့ပဲ။ ဒါပေမယ့် ငါ မေ့သွားတယ်"

" ချောကလက် လား"
ရှမူးလ်က နှုတ်ခမ်းကို လျှာနဲ့သပ်ရင်း ပြောလိုက်တာပေါ့။
" ငါ ချောကလက် တခါပဲ စားဖူးတယ်"

" တခါထဲ စားဖူးတယ် ဟုတ်လား။ ငါကတော့ ချောကလက်ဆို သိပ်ကြိုက်တာပဲ။ အမေက ငါ့သွားတွေ အနာဖြစ်မှာစိုးလို့ မစားခိုင်းဘူးလေ"

" မင်းမှာ ပေါင်မုန့်လေးရော ပါလား ဟင်"

ဘရူနို ခေါင်းခါပြလိုက်ရပါတယ်။
" ဘာမှ ပါမလာဘူးကွ။ ငါတို့အိမ်မှာ ညနေစာကို ခြောက်နာရီခွဲမှာ စားတယ်ကွ။ မင်းဆို့ ဆီမှာကော...."

ရှမူးလ်က ပုခုံးလေးတွန့်ပြကာ သူ့ခြေထောက်လေးတွေကို ဆုပ်နယ်ရင်း ခေါင်းငုံ့နေတယ်လေ။
" ငါ သွားသင့်ပြီ ထင်တယ်"

" တညနေလောက် ငါတို့နဲ့အတူ ညစာလာစားပါလား"
လို့ ဘရူနိုက ရှမူးလ်ကို ဖိတ်လိုက်ပါတယ်။ သူလာနိုင်မလားတော့ ဘရူနို မသိခဲ့ပါဘူး။

" ဖြစ်နိုင်ရင် လာချင်တာပေါ့"

" ဒါမှမဟုတ် ငါမင်းဆီ လာလို့ရတာပဲ။ မင်းရဲ့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပေါ့"

" ဒါပေမယ့် မင်းက ခြံအပြင်ဘက်မှာလေ" လို့ ရှမူးလ်က ပြောလိုက်ပါတယ်။

" ငါ ဒီအောက်ကနေ တွားဝင်လာလို့ရသားပဲ" ဘာရှုနိုက အောက်ဆုံးက သံဆူးကြိုးကို မလိုက်တော့ ဘာရှုနို့လို ခပ်ပိန်ပိန်ကောင်လေး တယောက်အတွက် ဝပ်ပြီး သွားလို့ရမဲ့ နေရာလွတ်လေး ပေါ်လာပါတယ်။

ရှမူးလ်က သူလုပ်နေတာကြည့်လို့ နောက်ဆုတ်ရင် ပြောလိုက်တယ်။ " ငါ သွားရတော့မယ်"

" ဒါဆို နောက် မှပဲ တွေ့မယ်နော်" ဆိုပြီး ဘာရှုနိုက ပြောလိုက်တော့

" ငါ ဒီမှာ ရှိနေလို့မရဘူးကွ။ သူတို့ မိသွားရင် ငါ့ကို ဒုက္ခပေးကြလိမ့်မယ်" လို့ ပြောရင်း တဲအိမ်လေးတွေဆီ ပြေးထွက်သွားပါတော့တယ်။

ဘာရှုနိုကတော့ သူ့ရဲ့ ပိတ်လိုသေးကွေးလှတဲ့ သူငယ်ချင်းအသစ်လေးကို လှမ်းကြည့်ရင်း ကျန်ခဲ့တာပေါ့။ သူကိုယ်တိုင်လည်း လူကောင်သေးလွန်းလို့ အစခံရဖူးတော့ ဘာရှုနိုက ရှမူးလ်ကို ဘာမှတော့ မပြောခဲ့ပါဘူး။ ရှမူးလ်ကို ဝမ်းနည်းအောင် သူမလုပ်ချင်ဘူးလေ။

" မနက်ဖြန် ငါပြန်လာခဲ့မယ်နော်" လို့အော်ပြောလိုက်ရင်း တဲပုတ်လေးတွေဆီ ပြန်ပြေးသွားတဲ့ ရှမူးလ်ကို မျက်စိတဆုံး သူကြည့်နေခဲ့တယ်လေ။

ပြီးတော့ ဘာရှုနိုလည်း တနေ့တာ စူးစမ်းရှာဖွေတာ တော်လောက်ပြီလို့တွေးရင် အိမ်ဘက်ကို ပြန်လာပါတော့တယ်။ သူ ဒီနေ့တွေ့ခဲ့ရတဲ့ အကြောင်းကို အဖေနဲ့ အမေ့ကို ပြောဖို့ သူမစောင့်နိုင်တော့ဘူးလေ။ ဂရက်တယ်သာ သူ့ရဲ့ အောင်မြင်မှုကို သိမယ်ဆိုရင် မနာလိုလွန်းလို့ ပေါက်ထွက်သွားမလားပဲ။ နောက်ပြီး နာမည်ထူးထူးဆန်းဆန်းနဲ့ သူ့သူငယ်ချင်းအကြောင်းကို မာရီယာ၊ လားစ်နဲ့ ထမင်းချက်ကြီးတို့ကို ပြောပြမယ် အားခဲရင်း လာခဲ့တာပေါ့။ ဒါပေမယ့် အိမ်နားနီးလာလေလေ ဒီ အကြံက ထုတ်မပြောသင့်ဘူးလို့ ခံစားရ လေလေ ဖြစ်လာခဲ့ပါတယ်။

တကယ်လို့များ သူတို့က ဘာရှုနို့ကို အဲ့ဒီခြံထဲက ကောင်လေးနဲ့ သူငယ်ချင်းဖြစ်ခွင့်မပေးဘူးဆိုရင် သူတို့က ဘာရှုနိုအခုလို လျှောက်သွားတာကိုလည်း တားကြမှာပါပဲ။ သူ အိမ်နားရောက်တော့ မီးဖိုချောင်ထဲက အမဲသားကင် အနံ့က သူ့နှာခေါင်းထဲ တိုးဝင်လာတာပေါ့။ ဘာရှုနိုလည်း ဒီနေ့ ကိစ္စကို သူနဲ့ ရှမူးလ်ရဲ့ လျှို့ဝှက်ချက်အဖြစ် သိမ်းထားဖို့ ဆုံးဖြ ချက် ချလိုက်ပါတော့တယ်။

ဘာရှုနိုက အဖေနဲ့ အမေတို့ သိလည်း ထူးခြားမလာမဲ့ လျှို့ဝှက်ချက်ကို မပြောေတာ့ပဲ သူ့ဘာသာသူ သိမ်းထားခဲ့တယ်လေ။

အခန်း (၁၃)

ဝိုင်ပုလင်း

အောက်ဂစ်သ်မှာ နေတဲ့ ရက်တွေ ကြာလာတာနဲ့အမျှ ဘရူနိုလည်း သူတို့ ဘာလင်ကို ပြန်မှာမဟုတ်တော့တဲ့အကြောင်း ရိပ်မိလာသလို ဘာလင်က အိမ်မှာရှိတဲ့ လှေကားလက်ရန်းကနေ လျှောစီးတာကိုတောင် တဖြည်းဖြည်း မေ့လာခဲ့ပါပြီ။ ကားလ်၊ ဒန်နီရယ် နဲ့ မာတင်တို့ကိုလည်း မကြာခင် မေ့တော့မှာပါပဲ။

ဒါပေမယ့်လည်း အောက်ဂစ်သ်မှာ တနေ့ထက် တနေ့ပိုနေလာခဲ့တော့ သူက ပတ်ဝန်းကျင်အသစ်ကိုတောင် ရင်းနှီးစပြုလာပြီလေ။ အခုတော့ သူ့မှာ စကားပြောဖော် သူငယ်ချင်းလည်း ရှိလာပြီကိုး။ သူက နေ့စဉ် စာသင်ချိန်ပြီးပြီ ဆိုတာနဲ့ တနည်းနည်းနဲ့ လှည့်ထွက်လို့ ဥယျာဉ်ကြီးကို ဖြတ်လျှောက်ကာ ရှမူးလ်နဲ့ အိမ်ပြန်ချိန်မတိုင်မချင်း စကားတွေ အများကြီး ပြောဖြစ်တယ်လေ။ ဒီလိုနဲ့ ဘရူနိုက ဘာလင်ကို လွမ်းတဲ့ စိတ်တွေကို ဖြေေနခဲ့ရပါတယ်။

တနေ့လည်ခင်းမှာ ဘရူနိုက မီးဖိုချောင်ထဲမှာ ပေါင်မုန့်နဲ့ ချိစ် တွေ အိပ်ကပ်ထဲ ထည့်နေတုန်း မာရီယာက ရုတ်တရက်ရောက်လာခဲ့တာေပါ့။

" ဟဲလို"

ဘရူနိုက သူ ဘာမှ မလုပ်နေတဲ့ဟန်နဲ့ ပြောလိုက်တယ်။

" ခင်ဗျားလုပ်လို့ ကျွန်တော်တောင် လန့်သွားတယ်။ ခင်ဗျား ဝင်လာတာ ကျွန်တော် မသိလိုက်ဘူးဗျ"'

" သခင်လေး ထပ်စားဦးမလို့လားရှင်" ဆိုပြီး မာရီယာက အပြုံးလေးနဲ့ မေးလိုက်တယ်လေ။

" ဒါပေမယ့် စောစောကပဲ သခင်လေး နေ့လည်စာ စားပြီးတာ မဟုတ်ဘူးလား"

" နည်းနည်း ဗိုက်ဆာနေသေးလို့ပါ။ ကျွန်တော် ခဏနေ လမ်းလျှောက်သွားရင်းနဲ့ ဆာလာရင် စားလို့ ရအောင်ပေါ့"

မာရီယာက ပုခုံးလေးတွန့်ပြလို့ သူ့ကိုကျော်ရင်း ရေနွေးအိုး သွားတည်နေပါတော့တယ်။ မီးဖိုချောင်ထဲက စားပွဲပေါ်မှာတော့ အာလူးတွေနဲ့ မုန်လာဥတွေက အခွံခွာဖို့ အဆင်သင့်ပါပဲ။ မကြာခင် ပါဗယ် ကလာပြီး အခွံနွှာတော့မှာလေ။ ဘရူနိုက မီးဖိုချောင်ထဲက ထွက်ခါနီး အာလူးတွေ ကိုမြင်ရင်း စိတ်ထဲ တခုခု သိချင်လာတာမို့ မာရီယာ့ကိုပဲ မေးဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

" မာရီယာ။ ကျွန်တော် မေးခွန်းတခုလောက် မေးလို့ရမလား"

မာရီယာက သူ့ကို တအံ့တသြနဲ့ လှည့်ကြည့်ရင်း ပြောလိုက်ပါတယ်။
" ဟုတ်ကဲ့ပါ သခင်လေး ဘရူနို"

" ကျွန်တော် မေးတာကို ခင်ဗျား ဘယ်သူ့ကိုမှ ပြန်ပြောလို့မရဘူးနော် "

သူက ဘရူနို့ကို သံသယရှိတဲ့ မျက်လုံးလေးနဲ့ ကြည့်လိုက်ပြီး ခေါင်းငြိမ့်ပြလိုက်တယ်လေ။
" ကောင်းပါပြီရှင်။ သခင်လေးက ဘာများ သိချင်တာလဲ"

" ပါဗယ့်အကြောင်းပါ။ ခင်ဗျား သူ့ကို သိတယ်မဟုတ်လား။ ဟင်းသီးဟင်းရွက်တွေကို အခွံခွာပြီး ကျွန်တော်တို့အတွက် စားပွဲထိုးပေးတဲ့ သူလေ"

" ဟုတ်ကဲ့"
မာရီယာလည်း ဘရူနို ပေါက်ပေါက်ရှာရှာမေးနေတာ မဟုတ်တော့မှ အသက်ဝဝရှူသွားနိုင်ပါတော့တယ်။
" ကျွန်မ ပါဗယ့်ကို သိပါတယ်။ ကျွန်မတို့ တခါတလေလည်း စကားပြောဖြစ်ကြတယ်လေ။ သခင်လေးက သူ့အကြောင်း ဘာများ သိချင်လို့လဲ"

ဘရူနိုက သူမေးမဲ့ မေးခွန်းက ယုတ္တိမရှိမှာစိုးလို့ ခဏလောက် သေချာစဉ်းစားပြီးမှ ပြောလိုက်ပါတယ်။
" ကျွန်တော် ဂက်သစ်ခြပင်ကြီးမှာ ဒန်းလုပ်ပြီးစီးတဲ့ နေ့တုန်းက ဒန်းပေါ်က ပြုတ်ကျပြီး ဒူးခေါင်းပွန်းသွားတာ မှတ်မိတယ် မဟုတ်လား"

" ဟုတ်ကဲ့ ပါ သခင်လေ။ အခု အနာကထပ်နာနေသေးလို့လား ရှင်"

" မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် ဒဏ်ရာ ရတုန်းက ပါဗယ်ကပဲ ကျွန်တော့်ဒဏ်ရာကို သေသေချာချာ ဆေးကြောသန့်စင်ပြီး ဆေးထည့်ပေးခဲ့တာလေ။ ဒဏ်ရာက နည်းနည်းတော့ စပ်ပေမဲ့ ကျွန်တော် ခံနိုင်ပါတယ်။ နောက်ပြီး သူက ကျွန်တော့်ကို ပတ်တီး စည်းပေးသေးတယ်ဗျ"

" ဘယ်သူမဆို တယောက်ယောက် အနာတရဖြစ်တာေတွ့ရင် ကူညီပေးကြမှာပါပဲရှင်" လို့ မာရီယာက ဖြေပါတယ်။

" ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော့ကို သူက စားပွဲထိုးတယောက် မဟုတ်ဘူးလို့ ပြောတယ်ဗျ"

မာရီယာ ခဏလောက် အံ့အားသင့်သွားရင်း နှုတ်ခမ်းလေးကိုက်လို့ ဘရူနို့ကို ဘာပြန်ပြောရမလဲ မသိဖြစ်နေပါတော့တယ်။
" ဟုတ်လား။ ပါဗယ်က သခင်လေးကို ဘာပြောလို့လဲရှင်"

" သူက သူ့ကိုယ်သူ ဆရာဝန်တဲ့လေ။ အဲ့ဒါ မဖြစ်နိုင်ပါဘူးနော် ။ ဟုတ်လား မာရီယာ"

" မဟုတ်ပါဘူးရှင်"

မာရီယာက ခေါင်းကို တွင်တွင်ခါလို့ဖြေလိုက်တယ်လေ။
" သူက ဆရာဝန်မဟုတ်ပါဘူးရှင်။ သူက စားပွဲထိုးပါ"

" ကျွန်တော် ထင်သားပဲ" လို့ပြောရင်း ဘရူနိုက သူထင်တာ မှန်လို့ ဂုဏ်ယူနေတာပေါ့။
" ဒါနဲ့ သူက ကျွန်တော့်ကို ဘာလို့ လိမ်ရတာလဲဗျ။ ဒါက လုံးဝ အဓိပ္ပါယ် မရှိဘူးလေ"

" ပါဗယ်က အခုတော့ ဆရာဝန် မဟုတ်တော့ဘူးရှင်"
မာရီယာက ခပ်တိုးတိုးလေး ပြောလိုက်ပါတယ်။
" ဒါပေမယ့် သူ ဒီကို မရောက်ခင်တုန်းကတော့ ဆရာဝန် ဖြစ်ခဲ့ဖူးတယ်ရှင့်"

ဘရူနို မျက်မှောင်ကြုတ်ပြီး သူ့ကို ကြည့်လိုက်တာပေါ့။
" ကျွန်တော် သိပ် နားမလည်ဘူး"

" လူ အနည်းငယ်ပဲ သိတာပါရှင်"

" ဒါပေမယ့် သူသာ ဆရာဝန်ဆိုရင် ဘာလို့ ဒီလိုတွေ လုပ်နေတာလဲဗျ"

မာရီယာလည်း သက်ပြင်းချရင်း အပြင်ဘက်မှာ တယောက်မှ မရှိနေတာ သေချာအောင် အရိပ်အခြေ အရင် ကြည့်လိုက်ပါသေးတယ်။သေချာပြီဆိုတော့မှ သူက ဘရူနို့ကို ခုံပေါ် ထိုင်ခိုင်းပြီး ပြောပြတယ်လေ။

" ကျွန်မ ပါဗယ်ပြောပြတဲ့ သူ့ဘဝ အကြောင်းပြောပြမယ်ဆိုရင် သခင်လေး ဘယ်သူ့ကို မှ ပြန်ပြောလို့ မရဘူးနော်။ နို့မို့ဆို ကျွန်မတို့ နှစ်ယောက်လုံး အကြီးအကျယ် ပြဿနာ တက်သွားနိုင်တယ်"

" ကျွန်တော် လုံးဝ မပြောပါဘူး" လို့ ဘရူနိုကလည်း ကတိပေးတယ်လေ။

"ကောင်းပြီလေ။ ကျွန်မ သိထားတာကတော့ ဒီလို ပါ ရှင်......"

ဘရူနို ဒီနေ့တော့ ရှမူးလ်နဲ့ တွေ့နေကြ လယ်ကွင်းဆီ နောက်ကျခဲ့တာပေါ့။ သူ့သူငယ်ချင်း ရှမူးလ်ကတော့ ထိုင်နေကျနေရာ မြေကြီးပေါ်မှာ တင်ပျဉ်ခွေထိုင်လို့ သူ့ကို စောင့်နေတာပေါ့။

" ငါတောင်းပန်ပါတယ်ကွာ။ ငါ နောက်ကျသွားတယ်" လို့ပြောရင်း ဘရူနိုက ဝိုင်ယာကြိုးတွေကြားထဲကနေ သူယူလာတဲ့ ပေါင်မုန့်နဲ့ ချိစ့် လေးတွေ ကမ်းပေးလိုက်တယ်လေ။ ပေါင်မုန့်ကလည်း သူက လမ်းလျှောက်ရင်း ဗိုက်ဆာလာတော့ နည်းနည်း ကိုက်စားထားသေးတာပါ။
" ငါက မာရီယာ့ကို စကားပြောနေခဲ့တာကွ"

" မာရီယာက ဘယ်သူလဲ"
ရှမူးလ်က ပါးစပ်ထဲ ပေါင်မုန့်နဲ့ ချိစ့်ကို ခပ်မြန်မြန် ခေါင်းမဖော်နိုင်အောင် အငမ်းမရ ထိုးထည့်ရင်း ပြန်မေးလိုက်ပါတယ်။

" သူက ငါတို့အိမ်က အိမ်စေပါ။ သူက သဘောကောင်းပေမဲ့ ငါ့အဖေကတော့ သူ့ကို အခကြေးပိုပေးရတဲ့ အိမ်စေလို့ ပြောတတ်တယ်လေ။ သူက ငါ့ကို ငါတို့အိမ်မှာ ဟင်းသီး ဟင်းရွက်တွေ လာလာ ပြင်ဆင်ပေးတဲ့ ပါဗယ်ဆိုတဲ့ လူကြီး အကြောင်း ပြောပြနေတာကွ။ ငါ့အထင်တော့ သူလည်း မင်းတို့ဘက်ခြမ်းမှာ နေတာ ထင်တယ်" လို့ ဘရူနိုက ရှမူးလ် စားနေတာ ကြည့်ရင်း ရှင်းပြလိုက်တာပေါ့။

ရှမူးလ် က သူ့စကားကြားတော့ စားနေရင်းကနေ ခဏမော့ကြည့်လိုက်တယ်။
" ငါ့ဘက်ခြမ်းမှာ ဟုတ်လား"

" ဟုတ်တယ်လေ။ မင်း သူ့ကို သိလား။ သူက အသက်တော်တော်ကြီးနေတဲ့အဘိုးကြီးလေ။ နောက်ပြီး သူက အဖြူရောင် ဂျက်ကတ်တထည်လည်း ထပ်ထပ် ဝတ်ထားတတ်တယ်။ မင်း သူ့ကို မြင်ဖူးလောက်မှာပါ"

" ဟင့်အင်း။ ငါ သူ့ကို မသိပါဘူး"

" ဒါပေမယ့် မင်း သိမှ ဖြစ်မှာပေါ့" ဆိုပြီး ဘရူနိုက ရှမူးလ် ကို အားလုံးသိမယ်အထင်နဲ့ မေးနေတော့တာပေါ့။
" သူက အရပ် သိပ်မရှည်ဘူးလေ။ ခေါင်းမှာလည်း အညိုရောင် ဆံပင် ငုတ်စိလေးတွေနဲ့ တယောက်ပေါ့"

" ငါတို့ ဒီဘက်ခြမ်းမှာ လူတွေဘယ်လောက်များတယ်ဆိုတာ မင်း မသိသေးဘူးထင်တယ်" လို့ ပဲ ရှမူးလ်က သူ့ကို ပြန်ဖြေလိုက်ပါတယ်။
" ဒီဘက်ခြမ်းမှာ ငါ့လိုလူတွေ တထောင်ကျော်လောက်တောင် ရှိတာကွ"

" ဒီတယောက်နာမည်က ပါဗယ်လေကွာ ။ ငါ ဒန်းပေါ်က ပြုတ်ကျတော့ သူ ငါ့ဒဏ်ရာကို သေသေချာချာ ဆေးထည့်ပြီး ပတ်တီးစည်းပေးခဲ့သေးတယ်ကွ။ ငါပြောချင်တာက သူလည်း မင်းလို ပိုလန်က ဆိုတာကိုပါ"

"ငါတို့ တော်တော်များများက ပိုလန်ကချည်းပဲလေ" လို့ ရှမူးလ်က ပြောရှာပါတယ်။

" ဒါပေမယ့် ဒီမှာ တခြားကလူတွေလည်း ရှိသေးတယ်ကွ။ တချို့ကတော့ ချက်ကိုစလိုဗားကီယား ဆိုတဲ့ နေရာက လာတယ်ပြောတာပဲ"

" အင်းလေ။ ပါဗယ်က သူ့မြို့မှာဆို ဆရာဝန်လို့ပြောတယ်။ ဒီမှာတော့ သူက ဆရာဝန်မဟုတ်တော့တာမို့ သူက ငါ့ဒဏ်ရာကို ဆေးထည့်ပေးခွင့်မရှိဘူးလေ။ အဖေသာ သူ ငါ့အတွက် လုပ်ပေးခဲ့တာ သိရင် ပြဿနာ တက်မှာ အသေအချာပဲ"

" စစ်သားတွေက လူတွေ ပြန်ကောင်းလာမှာ မကြိုက်ကြဘူးကွ" လို့ ရှမူးလ်က လက်ထဲက ပေါင်မုန့်အကျန်ေလးကို ကိုက်စားလိုက်ရင်းနဲ့ ပြောတာပေါ့။

" သူတို့က အမြဲတမ်း နာကျင်အောင်ပဲ လုပ်တတ်ကြတာလေ"

ဘရူနိုလည်း ခေါင်းငြိမ့်ခဲ့ပါတယ်။ သူတို့နှစ်ယောက်လည်း ခဏလောက် ငြိမ်နေခဲ့ကြတာပေါ့။ ခဏလောက်နေတော့မှ ဘရူနိုက ရှမူးလ်ကို မေး လိုက်တယ်။

" မင်း ကြီးလာရင် ဘာဖြစ်ချင်တာလဲ"

" ငါ ကြီးလာရင် တိရိစ္ဆာန်ရုံမှာ အလုပ်လုပ်ချင်ခဲ့တာကွ"

" တိရိစ္ဆာန် ရုံ ဟုတ်လား" ဘရူနိုက ရှမူးလ် စကားကို ရယ်လို့ မေးလိုက်ပါတယ်။

" ငါက တိရစ္ဆာန်လေးတွေကို သဘောကျတယ်လေ"

" ငါကတော့ စစ်သားကြီး လုပ်မှာကွ" ဆိုပြီး ဘရူနိုက ဆုံဖြတ်ချက် ခိုင်ခိုင်မာမာနဲ ့ပြောလိုက်တယ်လေ။
" ငါ့အဖေလိုပေါ့"

" ငါကတော့ စစ်သားတွေကို သဘောမကျပါဘူး" လို့ ရှမူးလ်က ခပ်တိုးတိုး ရေရွတ်လိုက်ပါတယ်။

" ဒါပေမယ့် လက်ဖတင်နင် ကော့တ်လာလို လူမျိုးတော့ မဖြစ်ချင်ပါဘူး။ သူက ငါတို့အိမ်ထဲမှာ သူ့အိမ်လိုမျိုး လျှောက်သွားတတ်သလို၊ ငါ့အစ်မနဲ့လည်း ဟီးဟီးဟားဟား လုပ်နေတတ်သေးတယ်လေ။ နောက်ပြီး အမေနဲ့လည်း တိုးတိုး တိုးတိုး နဲ့ တခါတလေ လုပ်နေတတ်သေးတယ်။ ငါကတော့ သူ့ကို စစ်သားကောင်းလို့ မထင်ဘူးကွ။ သူက ငါ့အဖေလို စစ်သားမျိုး မဟုတ်တာတော့ သေချာတယ်လေ"

" စစ်သားကောင်းဆိုတာ မရှိပါဘူးကွာ" လို့ ရှမူးလ်က ပြောတော့ " စစ်သားကောင်းဆိုတာ ရှိပါတယ်ကွ" လို့ ဘရူနိုက ပြာပြာသလဲ ပြန်ပြောလိုက်တယ်လေ။

" ဒါဖြင့် ဘယ်သူလဲ"

" ငါ့ အဖေလိုမျိုးပေါ့။ သူ့မှာ ယူနီဖောင်း သပ်သပ်ရပ်ရပ်ရှိတဲ့အပြင် လူတိုင်းကလည်း သူ့ကို လေးလေးစားစားနဲ့ တပ်စုမှူးကြီးလို့ ခေါ်တတ်ကြတယ်လေ။ သူ လိုချင်တာရှိရင်လည်း လုပ်ပေးမဲ့ သူတွေက အသင့်ပဲ။ ဖြူရီကလည်း အဖေက စစ်သားကောင်းမို့လို့ သူ့အတွက် စီစဉ်ထားတဲ့ ကိစ္စတွေ ရှိတယ်လို့ ပြောသေးတယ်ကွ"

" စစ်သားကောင်းဆိုတာ မရှိပါဘူးကွာ" လို့ ရှမူးလ်က ဆက်ပြောနေပါသေးတယ်။

ဘရူနိုကလည်း " ငါ့အဖေက လွဲလို့" ဆိုပြီး တွင်တွင်ငြင်းတာပေါ့။ ရှမူးလ်

ထပ်မပြောတော့ရင် ကောင်းမယ်လို့ သူတွေးမိပါတယ်။ တကယ်တော့လည်း ဒီအောက်ဖစ်သ်မှာ ဘရူနို့စကားနားထောင်ပေးမဲ့ သက်တူရွယ်တူဆိုတာ ရှမူးလ်တယောက်ထဲပဲရှိတာ မဟုတ်လား ။ ဒါပေမယ့် အဖေ့ အကြောင်း မကောင်းပြောတာတော့ သူမကြိုက်တာ အမှန်ပါပဲလေ။

ကောင်လေးနှစ်ယောက်လုံးလည်း စကားစပြတ်လို့ ခဏလောက် ငြိမ်နေကြတာပေါ့။ နောက်ဆုံးတော့ ရှမူးလ်က စပြောလိုက်တယ်။

" ဒီမှာ ဘယ်လိုနေရလဲ မင်းမသိပါဘူးကွာ" တဲ့လေ။

" မင်းမှာ အစ်မ မရှိဘူး မဟုတ်လား"
ဘရူနိုလည်း ရှမူးလ် ပြောတာ သူ နားမလည်ေလတော့ သူပြောချင်ရာပဲ စွတ်ပြောလိုက်ပါတယ်။

" ဟင့်အင်း" ဆိုပြီး ရှမူးလ်လည်း ခေါင်းခါလို့ဖြေတာပေါ့။

"ဒါဆို မင်းက ကံကောင်းတာပေါ့။ ငါ့အစ်မ ဂရက်တယ်ကတော့ သူကိုယ်တိုင်က အသက် ဆယ့်နှစ်နှစ်ပဲ ရှိသေးပေမဲ့ အရာရာအားလုံး သူသိသလို လုပ်နေတတ်တယ်လေ။ တကယ်တော့ စိတ်ပျက်စရာကောင်းတဲ့ ကောင်မလေးပါ။ နောက်ပြီး သူ့အခန်းထဲက ပြတင်းပေါက်ကနေ လက်ဖတင်နင် ကော့တ်လာ ရောက်လာတာကို စောင့်နေတတ်ပြီး သူလာပြီဆိုရင်တော့ သူပဲ တနေကုန်စောင့်နေရတဲ့ပုံနဲ့ ပြေးကြိုတတ်သေးတယ်။ ဟိုတနေ့က သူ အဲ့ဒီလိုလုပ်နေတာ ငါတွေ့လိုက်သေးတယ်။ သူက ဒီလိုပြောတယ်။
' အိုး....လက်ဖတင်နင် ကော့တ်လာ ရှင်ရောက်နေတာ ကျွန်မ မသိလိုက်ရပါလား' တဲ့"

ဘရူနိုလည်း ပြောနေရင်းကနေ သူ့သူငယ်ချင်း ရှမူးလ်ကို တချက်ပြန်ကြည့်တော့ ရှမူးလ် မျက်နှာ ကဖျော့တော့နေတာပါပဲ။

" မင်း ဘာဖြစ်နေတာလဲ" လို့ ဘရူနိုက စိုးရိမ်တကြီးနဲ့ မေးလိုက်ပါတယ်။
" မင်း ကိုကြည့်ရတာ နေမကောင်း ဖြစ်တော့မဲ့ ပုံပဲ"

" ငါ သူ့အကြောင်း ပြောတာ မကြားချင်ဘူး" လို့ ရှမူးလ်က ပြောတယ်လေ။

" ဘယ်သူ့အကြောင်းလဲ"

" လက်ဖတင်နင် ကော့တ်လာပေါ့။ ငါ သူ့ကို ကြောက်တယ်"
ရှမူးလ်က တုန်တုန်ရီရီနဲ့ ပြောပါတယ်။

" ငါလည်း သူ့ကို နည်းနည်းတော့ ကြောက်တာပဲ"ဆိုပြီး ဘရူနိုကလည်း ဝန်ခံလိုက်တာပေါ့။
" သူက အနိုင်ကျင့်တတ်တယ်လေ။ နောက်ပြီး သူ့နားရောက်ပြီဆို အနံ့ကလည်း ထူးထူးဆန်းဆန်းနဲ့။ ငါ့အထင်တော့ သူဆွတ်တဲ့ ရေမွှေးကြောင့်လို့ ထင်တာပဲ"

ညနေ လည်းအေးလာတဲ့အခါ ရှမူးလ်တယောက် ခိုက်ခိုက်တုန်အောင်ကို ဖြစ်လာတော့ ဘရူနိုလည်း သူ့ပတ်ဂန်းကျင်မှာများ အေးလာသလားဆိုပြီး သေချာ လှည့်ပတ် ကြည့်လိုက်ပါသေးတယ်။
" မင်း ဘာဖြစ်နေတာလဲ ရှမူးလ်။ အဲ့ဒီလောက်လည်း မအေးသေးဘူး မဟုတ်လား။ မင်း အနွေးထည်လေး တထည်လောက်တော့ ဝယ်သင့်တယ်ကွ။ အခုနောက်ပိုင်း ညနေခင်းတွေက နည်းနည်း ပိုအေးလာတယ်လေ"

အဲ့ဒီနေ့ ညနေ အိမ်က ညစာထမင်းဝိုင်းမှာ လက်ဖတင်နင် ကာ့တ် ကော့တ်လာက သူတို့မိသားစုနဲ့အတူ ထမင်းစားခဲ့တာပေါ့။ ဘရူနိုကတော့ သူ့ကို ကြည့်ပြီး စိတ်ပျက်နေတယ်လေ။ ပါဗယ် ကလည်း အဖြူရောင် အပေါ်အင်္ကျီလေးဝတ်လို့ သူတို့နဲ့ မနီးမဝေးမှာ ရပ်ပြီး လိုသမျှ လုပ်ပေးနေရှာပါတယ်။

ဘရူနိုက ထမင်းဝိုင်းမှာ ဂင်ထိုင်ရင်း ပါဗယ့်ကို တချက်ကြည့်လိုက်တော့ သူက အမြဲတမ်းကို ဂမ်းနည်း နေတဲ့ ပုံပေါက်တာ သတိထားမိတယ်လေ။ သူ အခု စားပွဲထိုးတဲ့အခါ ဝတ်ထားတဲ့ အဖြူရောင် အင်္ကျီက သူ ဆရာဂန်လုပ်တုန်းက ဝတ်ခဲ့တဲ့ အင်္ကျီနဲ့များ တူနေလို့လားလို့တောင် ဘရူနိုကတွေးနေတာပါ။ ပါဗယ်က သူတို့ အားလုံး ထမင်းဝိုင်းမှာ လူစုံတော့ ပန်းကန်ခွက်ယောက်တွေကို သေသေချာချာ ပြင်ဆင် ပေးပြီးတော့ နောက်ကို တလှမ်းဆုတ်လို့ နံရံနဲ့အတူ သူ့ကိုယ့်ကိုထောင်မတ်ရင်း မလှုပ်မယှက် ရပ်နေတာပေါ့။ သူ့ကို ကြည့်ရတာ မျက်လုံးဖွင့်ပြီး အိပ်နေတဲ့ အတိုင်းပါပဲ။

ဘယ်သူပဲ ဘာလိုလို ပါဗယ်က အပြေးအလွှားလုပ်ပေးနေတာကို ကြည့်ရတာ တခုခု ဆိုးဆိုးရွားရွားဖြစ်တော့မဲ့ အတိုင်းပါပဲ။ သူ့ကိုကြည့်ရတာ တနေ့ပြီး တနေ့ ပိုပိုပြီး အိုစာလာသလို အသားအရေ အရောင်အဆင်းကလည်း စုပ်ထုတ်လိုက်သလိုကို ဖြူဖပ်ဖြူရော်ဖြစ်နေတာပါ။ သူ့မျက်လုံးတွေကလည်း တချက်လောက် မျက်တောင်ခတ်လိုက်တာနဲ့ မျက်ရည်တွေ ဒဟလော ကျဆင်းလာတော့မဲ့ အတိုင်းပဲလေ။

ပါဗယ် ပန်းကန်ကိုင်ပြီး ထမင်းဝိုင်းဆီလာတော့ သူ့လက်တွေ တုန်နေတာ ဘရူနိုတွေ့လိုက်ပါသေးတယ်။ နောက်ပြီး နံရံနားသွား မတ်တပ်ရပ်နေတော့လည်း သူ့ခန္ဓာကိုယ်ကို တည့်တည့်မတ်နိုင်အောင် လက်တဖက်နဲ့ နံရံကို ထောက်ထားရတယ်လေ။ အမေက သူ့ကို ဟင်းရည်ပန်းကန် အပို ယူလာဖို့ နှစ်ခါလောက်တောင် ပြောလိုက်ရပါသေးတယ်။ နောက်ပြီး သူက အဖေ ဝိုင်သောက်နေလို့ ကုန်ခါနီးတာတောင် နောက်တပုလင်း အဆင့်သင့်ဖွင့်ပေးဖို့ မေ့နေလို့ ဒီနေ့ သူ့အပြုအမူတွေက တော်တော် ထူးဆန်းနေတယ် ပြောရပါမယ်။

"မစ္စတာ လစ်ဇ်က သားတို့ကို ကဗျာရော၊ ပြဇာတ်တွေ ပါပေးမဖတ်ဘူး အဖေ"

ဘရှုနိုက ထမင်းစားနေရင်း တချက်ထပြောလိုက်ပါတယ်။ သူတို့မိသားစုက ညှော်သည်နဲ့အတူ ထမင်းစားရတာဖြစ်တော့ ဝတ်စုံအပြည့်အစုံဝတ်ထားကြတာပေါ့။ အဖေက ယူနီဖောင်း ဝတ်ထားကာ အမေကလည်း အစိမ်းရောင် ဝတ်စုံလေးဝတ်လို့ပါ။ ဘရှုနိုတို့ မောင်နှမကတော့ သူတို့ ဘာလင်မှာတုန်းက ဘုရားကျောင်းသွားတဲ့အခါ ဝတ်လေ့ရှိတဲ့ အဝတ်အစားနဲ့ သပ်သပ်ရပ်ရပ် ဆင်ယင်ထားတယ်လေ။

" သား သူ့ကို တပတ်မှာ တခါလောက် ဖတ်လို့ရလားမေးတော့လည်း သူက မရဘူးတဲ့ အဖေ။ သူက သားတို့ ဆရာ ဖြစ်နေတုန်း သူသင်တာပဲ နားထောင်ရမယ်တဲ့"

" မင်းတို့ဆရာမှာ မင်းဆို့အတွက် အကြံကောင်းရှိလို့နေမှာပေါ့ကွာ" ဆိုပြီး အဖေက ပန်းကန်ထဲက သိုးသားကို ခါးနဲ့ လှီးဖြတ်နေရင်း ပြောလိုက်ပါတယ်။

" သူ သင်တာတွေက ပထဝီနဲ့ သမိုင်းတွေချည်းပဲလေ။ သား အခုဆို အဲ့ဒီ ပထဝီနဲ့ သမိုင်းတွေကို တောင် မုန်းချင်လာပြီ"

" မုန်းတယ် ဆိုတဲ့ စကား မပြောပါနဲ့ ဘရှုနို" လို့ အမေက ကြားထဲက ဝင်ထောက်တာပေါ့။

" သားက ဘာလို့ သမိုင်း ဘာသာ ကို မုန်းရတာတုန်းကွ" အဖေက သူ့ဆီ လှမ်းကြည့်လို့ မေးလိုက်ပါတယ်။ ဘရှုနိုကတော့ ပုခုံးလေးတွန့်ပြတယ်လေ။

" ပျင်းစရာကောင်းလို့ပေါ့"

" ပျင်းစရာ ကောင်းတယ် ဟုတ်လား။ ငါ့ရဲ့ သားက သမိုင်းကို ပျင်းစရာကောင်းတယ် တဲ့လားကွ ဟေ.....။ အဖေ မင်းကို ပြောပြမယ် ဘရှုနို" အစချီလို့ အဖေက ဘရှုနို့ဘက်ကို ကိုယ့်ကို ရှိ့လို့ ပြောတော့တာပါပဲ။

" ဒီ သမိုင်းကြောင့်ပဲ အဖေတို့ ဒီမှာ ရောက်နေကြရတာကွ။ သမိုင်းသာ မရှိခဲ့ဘူးဆိုရင် အဖေတို့လည်း ဒီနေ့ ဒီနေရာမှာ ထိုင်နေရမှာမဟုတ်ဘူး။ အဖေတို့ ဘာလင်ကို လုံလုံခြုံခြုံနဲ့ မပြန်ရသေးခင်အထိ အဖေကတော့ ဒီမှာ သမိုင်းကို ပြင်နေရမှာပဲ ငါ့သား...."

" သားအတွက်တော့ ပျင်းစရာ ကြီးပါဗျာ" ဆိုပြီးဘရှုနိုကတော့ ဆက်ပြောနေဆဲပဲလေ။

" ရှင် ကျွန်မမောင်လေးကိုတော့ သည်းခံရမယ် လက်ဖတင်နင် ကော့တ်လာ ရေ" လို့ ဆိုကာ ဂရက်တယ်က ကော့တ်လာရဲ့ လက်ကို ကိုင်လို့ ပြောလိုက်တော့ အမေက သူ့သမီးကို လှမ်းကြည့်တယ်လေ။
" သူက သိပ် မယဉ်ကျေး တတ်သေးလို့ပါရှင်"

" ငါက မယဉ်ကျေးတတ်တာ မဟုတ်ပါဘူး"
ဘရှုနိုက ဂင်ပြောတော့တာပေါ့။
" လက်ဖတင်နင် ကော့တ်လာရေ၊ ခင်ဗျား ကတော့ ကျွန်တော့် အစ်မကို ခွင့်လွှတ်ပေးလိုက်ပါဗျာ။ သူက သိပ် စိတ်ပျက်စရာကောင်းတဲ့ ကောင်မလေးလေ။ ကျွန်တော်တို့လည်း သူ့အတွက် ဘာမှ လုပ်ပေးနိုင်တာမရှိတော့ဘူးဗျ။ ဆရာဝန်တွေကလည်း သူ့ရဲ့ စိတ်ပျက်စရာကောင်းအောင်ေနတတ်တဲ့ ရောဂါက ကျွမ်းနေပြီလို့ ပြော တယ်လေ" ဆိုပြီး သူက အတည်ပေါက်ကြီးနဲ့ ဂရက်တယ့်အကြောင်းကို ပြောချလိုက်ပါတယ်။

" ပါးစပ်ပိတ်ထားစမ်း"
ဂရက်တယ်က မျက်နှာကြီး နီရဲလို့ ရှက်ရှက်နဲ့ အော်လိုက်တာပေါ့။

" နင်လည်း ပိတ်ထားလေ" လို့တောင် ဘရှုနိုက ပြန်ပြောနေသေးတာပါ။

" ကလေးတွေ ကျေးဇူးပြုပြီး တော်ကြပါတော့ကွယ်"
အမေ ကပါ ကြားထဲက မနေသာ မထိုင်သာ ဂင်ပြောရတယ်လေ။

အဲ့ဒီအချိန်မှာပဲ အဖေက သူ့လက်ထဲက ခါးနဒ္ဒ ခုံကို ထုလိုက်တော့ အားလုံးလည်း မီးခဲပြာဖုံးသလို ရုတ်တရက် ငြိမ်ကျသွားကြပါတယ်။ ဘရှုနိုလည်း ထမင်းငုံ့စားနေရင်းကနေ အဖေ့မျက်နှာကို တချက် ခိုးကြည့်လိုက်ပါသေးတယ်။ ဒီနေ့တော့ အဖေက တော်တော် စိတ်ရှည်နေတဲ့ ပုံပါပဲ။

" ကျွန်တော် ငယ်ငယ်တုန်းကတော့ သမိုင်းကို သိပ်ကြိုက်တာဗျ" ဆိုပြီး ခဏနေတော့ လက်ဖတင်နင် ကော့တ်လာ က စကားပြတ်စလာပါတယ်။
" ကျွန်တော့်အဖေက တက္ကသိုလ်မှာ စာပေ ပါမောက္ခဆိုပေမဲ့ ကျွန်တော်ကတော့ အနုပညာပိုင်းထက် လူမှုရေးသိပ္ပံကို ပို သဘောကျတာပါပဲဗျာ"

" ကျွန်မတောင် မသိခဲ့ရပါလား ကာ့တ်ရယ်" လို့ အမေက ဂင်ပြောတယ်လေ။
" ရှင့်အဖေက စာသင်နေတုန်းလား"

" ထင်တာပါပဲဗျာ။ ကျွန်တော် သေသေချာချာတော့ မသိပါဘူး" လို့ လက်ဖတင်တင် ကာ့တ်ခာက ပြန်ဖြေတာပေါ့။

" ဘယ်လိုလုပ် ရှင်က မသိရတာလဲ။ ရှင့်အဖေနဲ့ အဆင်မသွယ်မရဘူးလား"
အမေက လက်ဖတင်နင် ကော့တ်လာရဲ့ အဖေအကြောင်းကို စိတ်ဝင်တစားမေးနေ တော့တာပေါ့။

လက်ဖတင်နင်လည်း အမေ့စကားကို ချက်ချင်း အဖြေမသေးပဲ ပါးစပ်ထဲ သိုးသားဟင်း ဝါးရင်းက အသင့်တော်ဆုံး အဖြေကို စဉ်းစားနေပုံပါပဲ။ သူက ဘရှုနို့ကို တချက် အရင်လှမ်းကြည့်လိုက်တယ်။ သူ့ကြည့်ရတာ သူပြောလိုက်တဲ့ စကားကို နောင်တရနေပုံနဲ့ပါ။

" ကာ့တ်"
အမေက သူ့ကို အဖြေ မပေးသေးလို့ ထပ်မေးလိုက်ပါတယ်။
"ရှင်က ရှင့်အဖေနဲ့ အဆက်အသွယ်မရှိဘူးလား
"

" သိပ်တော့ အဆက်အသွယ်မရှိပါဘူးဗျာ" သူက အမေ့မျက်နှာကို မကြည့်ဘဲ ပြန်ဖြေလိုက်တယ်လေ။

" သူက ဂျာမနီနိုင်ငံကနေ ထွက်သွားခဲ့တာ တော်တော်ကြာပါပြီ။ ၁၉၃၈ ခုနှစ်လောက်တုန်းက နေမယ်။ ကျွန်တော်လည်း အဲ့ဒီကတည်းက သူနဲ့ မတွေ့တော့တာပါပဲ"

အဖေက သူ့စကားကြားတော့ စားနေရာက ရုတ်တရက် ရပ်ပြီး လက်ဖတင်နင် ကာ့တ် ကော့တ်လာ ကို တချက် လှမ်းကြည့်ပြီး မေးလိုက်တယ်။ " သူက ဘယ်ကို ထွက်သွားတာလဲ" တဲ့။

" တပ်စုမှူး ဘာမေးလိုက်တာလဲဗျ"
လက်ဖတင်နင်က အဖေ့ စကားကို သေချာကြားလိုက်ရဲ့သားနဲ့ ပြန်မေးနေပါသေးတယ်။

" သူ ဘယ်ကို ထွက်သွားတာလဲလို့ မေးတာပါ။ မင်းရဲ့ စာပေ ပါမောက္ခ အဖေလေ။ သူက ဂျာမနီကနေ ဘယ်ကို ထွက်သွားတာလဲ"

ကာ့တ် ကော့တ်တလာ တယောက်တော့ မျက်နှာကြီး နီရဲလို့ စကားတွေတောင် မှားကုန်ပါတော့တယ်။

" ကျွန်....ကျွန်တော့် အထင်တော့ သူ ဆွစ်ဇာလန်မှာ ရှိနေမယ် ထင်ပါတယ်ဗျာ။ ကျွန်တော် နောက်ဆုံးကြားထားတာကတော့ သူက ဘန်းမြို့က တက္ကသိုလ်တခုမှာ စာသင်နေတယ်တဲ့"

" အိုး...ဆွစ်ဇာလန်က သိပ်ကို လှတဲ့ နိုင်ငံလေးပေါ့ရှင်"
အမေက ချက်ချင်းပဲ ပြောလိုက်တယ်လေ။
" ကျွန်မ မရောက်ဖူးသေးပေမဲ့ ကြားရသလောက်တော့ ....."

အမေ စကားတောင် မပြီးလိုက်ပါဘူး။ အဖေက ဝင်ပြောလိုက်တာပေါ့။
" သူက သိပ်အသက်မကြီးသေးဘူး မဟုတ်လား"
အဖေ့အသံကြောင့် အားလုံးလည်း တိတ်ဆိတ်သွားကြတယ်လေ။
" မင်းက အခုမှ ဘယ်လောက်လဲ၊ ဆယ့်ခုနှစ်၊ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ မဟုတ်လား"

" ကျွန်တော် ဆယ့်ကိုးနှစ်ပြည့်သွားပါပြီ ခင်ဗျာ"

" ဒါဆို မင်းအဖေက.....အသက် လေးဆယ်ထဲပဲ ရှိသေးတာပေါ့"

လက်ဖတင်နင် ကော့တ်တလာ ကတော့ အဖေ့ကို ဘာမှ ထပ်မပြောဘဲ ပန်းကန်ထဲက ညစာကိုသာ ကုန်းပြီး စားနေပါတော့တယ်။

" သူက အဖတိုင်းပြည်ကနေ ထွက်သွားတာ ထူးဆန်းတယ်နော်" အဖေက ထပ်ပြောလိုက်ပါတယ်။

" ကျွန်တော့်အဖေနဲ့ ကျွန်တော်က သိပ်မရင်းနှီးကြပါဘူး ခင်ဗျာ" သူက အဖေ့ကို ကြည့်လို့ ပြာပြာသလဲ ရှင်းပြရှာပါတယ်။
" ကျွန်တော်တို့ စကားမပြောဖြစ်တာ နှစ်တွေတောင် ချီနေပြီဗျ"

" ဒါဆို သူ ဘာလို့ ထွက်သွားရလိုတဲ့ အေကြာင်းပြချက် မေးလို့ရမလား။ ဂျာမန် တမျိုးသားလုံး နိုင်ငံတော်ကြီး ပြန်လည်နိုးကြားဖို့အတွက် ကြိုးပမ်းနေတဲ့အချိန်မှာ သူက ဘာလို့ နိုင်ငံခြားကို ထွက်သွားရတာပါလိမ့်။ သူ့မှာ တီဘီ ရောဂါများ ရှိနေလို့လား"

ကော့တ်လာ ကတော့ အဖေ့စကားကို နားမလည်တဲ့ ပုံစံလေးနဲ့ ေးကြည့်လို့
" ခင်ဗျာ" လို့သာ ပြန်ပြောလိုက်နိုင်ပါတယ်။

" သူက ဆွစ်ဇာလန်ကို လေကောင်း လေသန့်ရှူဖို့များ သွားတာလာလို့ပါ။ ဒါမှ မဟုတ် တခြား ရည်ရွယ်ချက်နဲ့ ဂျာမနီ ကနေ ၁၉၃၈ ခုနှစ်ထဲက ထွက်သွားခဲ့တာလား"

" ကျွန်တော် မသိပါဘူး တပ်စုမှူး ခင်ဗျာ။ သူ့ကို မေးကြည့်မှပဲ သိပါလိမ့်မယ်"

" အို.... ဒါဆို ပိုပြီး သူ့ကို မေးဖို့ခက်သွားမှာပေါ့နော်။ သူက နိုင်ငံခြား ရောက်နေတာလေ။ သူက နေမကောင်းဖြစ်နေတာလည်း ဖြစ်ရင် ဖြစ်မှာပေါ့" အဖေက သူ့ဘာသာ ပြောရင်း ခက်ရင်းနဲ့ ဓါးကောက်ကိုင်လို့ ပန်းကန်ထဲက သိုးသားကို လှီးနေလိုက်တယ်။
" ဒါမှ မဟုတ်....သူ့မှာ.....မကျေနပ်ချက်တွေ ရှိနေလို့များလား လက်ဖတင်နင် ကော့တ်လာ...."

" မကျေနပ်ချက်တဲ့လား ခင်ဗျာ"

" အစိုးရ မူဝါဒတွေကိုပေါ့။ လူတိုင်းလည်း အဲ့ဒီလို နိုင်ငံထဲက ထွက်သွားတဲ့ လူတွေအကြောင်း ကြားနေရတာပဲလေ။ တချို့ကတော့ နားမလည်သေးလို့ ဆိုပေမဲ့ တချို့ကျတော့လည်း နိုင်ငံကို သစ္စာဖောက်ပြီး ပြေးကြတာပေါ့။ သူရဲဘောကြောင်တဲ့ လူတွေလို့လည်း ပြောလို့ရတယ်လေ။ မင်း အဖေအကြောင်း အထက်လူကြီးတွေကို သတင်းပို့ပြီးပြီလို့ ကျုပ် ယုံကြည်ပါတယ် လက်ဖတင်နင်"

ကော့တ်လာလည်း တခုခု ပြောဖို့ ပါးစပ်ဟခဲ့ပေမဲ့ ပြောစရာ စကား အစ

ရှာမရဘူးထင်ပါတယ်။

" ထားလိုက်ပါတော့လေ။ ဒီလို ကိစ္စမျိုးက ညစာ စားနေရင်းနဲ့ မပြော သင့်ဘူး ထင်ပါတယ်။ ကျုပ်တို့ နောက်မှ သေသေချာချာ ဆွေးနွေးကြတာပေါ့ဗျာ"

" တပ်စုမှူး ခင်ဗျား...." ကော့တ်လာက သုတ်သီသုတ်ပြာနဲ့ အဖေ့ ဘက်ကို ခန္ဓာကိုယ် ကိုင်းလို့ ပြောလိုက်ပါသေးတယ်။
" ကျွန်တော် တခုတော့ သေချာပြော......"

" ဒီကိစ္စကို ညစာ ထမင်းဝိုင်းမှာ ထပ်မပြောသင့်တော့ဘူးထင်တယ်" အဖေက သူ့စကားကို ပြီးအောင် ပြောခွင့် မပေးခဲ့ဘူးလေ။ ဘရူနိုကတော့ အဖေနဲ့ ကော့တ်လာတို့ ပြောနေတာ တလုံးမကျန် လိုက်နားထောင်နေတာပေါ့။

" သမီးကတော့ ဆွစ်ဇာလန်ကို သွားချင်လိုက်တာ" ဂရက်တယ်က ထပြောလိုက်ပါတယ်။

" ညစာသာ ပြီးအောင်စားပါ ဂရက်တယ်" လို့ အမေက သူ့ကို ဆူလိုက်တယ်လေ။

" သမီးက ပြောရုံပဲ ပြောတာပါ" ဆိုပြီး ဂရက်တယ်က အထွန့်တက်လိုက်ပါသေးတယ်။

အမေက အဖေ့ကို တခုခု ပြောဖို့ စကားစလိုက်ပေမဲ့ အဖေက ပါဗယ့်ကို ခေါ်လိုက်တာနဲ့ပဲ အမေ့မှာ ပြောခွင့် မရခဲ့ပါဘူး။

" ခင်ဗျားကရော ဒီည ဘာဖြစ်နေတာတုန်း"
ပါဗယ် ဝိုင်ပုလင်းထိပ်က ဖော့ဆို့ကို ဖွင့်နေတုန်း အဖေက စိတ်မရှည်တဲ့ အသံနဲ့ လှမ်းပြောလိုက်ပါတယ်။
" ခင်ဗျားကို ဝိုင်ကုန်လို့ ထည့်ဖို့ ပြောနေရတာ လေးခါတောင် ရှိနေပြီ"

ဘရူနိုလည်း ပါဗယ် နေကောင်းပါရဲ့လားလို့ ကြည့်နေပါသေးတယ်။ သူက အဖေ့ ဝိုင်ခွက်ထဲကို အဖိတ်အစင် မရှိထည့်ပေးပြီး လက်ဖတင်နင်ဘက်လှည့်ကာ ဝိုင်ထပ်ထည့်ပေးတော့ သူ့လက်ထဲက ဝိုင်ပုလင်းလွတ်ကျပြီး ကော့တ်လာ့ပေါင်ပေါ် ဝိုင်တွေ ဖိတ်ကျသွားပါရောလား။ ဝိုင်ပုလင်းလည်း ကြမ်းပေါ်ကျကွဲသွားတယ်လေ။

အဲ့ဒီနောက် ဘာဆက်ဖြစ်သလဲဆိုတာကတော့ သိပ်ကို အရုပ်ဆိုး အကျည်းတန်လွန်းလှသလို ဘယ်သူမှလည်း မမျှော်လင့်ထားခဲ့တာ အမှန်ပါပဲ။ လက်ဖတင်နင် ကော့တ်လာ က ပါဗယ့်ကို ရုတ်တရက်ဆိုသလို အပြင်ကို ဆွဲထုတ်သွားတယ်လေ။ သူ ပါဗယ့်ကို ဘယ်လို အပြစ်ပေးစနေလဲ မသိရပေမဲ့ ထွက်လာတဲ့ အသံတွေကတော့ စိတ်မချမ်းသာစရာ အတိပါ။ အမေနဲ့ အဖေ တို့က ဘာမှ ထမလုပ်သလို ဘရူနိုကတော့ မျက်ရည်တွေကျနေတာပေါ့။ ဂရက်တယ်လည်း လန့်ပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားပါေတာ့တယ်။

အဲ့ဒီနေ့ညက ဘရူနို အိပ်ရာဝင်တော့ သူ ညစာစားပွဲမှာ ဖြစ်သွားတာကို ပြန်တွေးနေခဲ့ပါသေးတယ်။ ပါဗယ်က သူ ဒန်းပေါ်ကပြုတ်ကျတုန်းက ကြင်ကြင်နာနာနဲ့ ဆေးကြော သန့်စင်ပြီး တော့ ပတ်တီးတောင် စည်းပေးခဲ့တဲ့သူပါ။ အဖေကို့လည်း သူက အမြဲတမ်း ကြင်နာပြီး အမြော်အမြင်ရှိတဲ့သူလို့ ထင်ထားခဲ့ပေမဲ့ သူ လက်ဖတင်နင် ကော့တ်လာကို ထ မတားခဲ့တာတော့ ဘရူနို အံ့သြမဆံုးဖြစ်ခဲ့ရပါတယ်။ သူလည်း ဒီအောက်ဇဝ်သ်မှာ အသားမနာချင်ရင်တော့ ဘယ်သူနဲ့မှ အတိုက်အခံ မလုပ်ဘဲ ပါးစပ်ပိတ်ကာ ငြိမ်ငြိမ်လေးနေဖို့ ဆုံးဖြတ်လိုက်တယ်လေ။ လူတချို့က ဒါကို မကြိုက်ဘူးမဟုတ်လား။

ဘရူနိုက သူ့ရဲ့ ဘာလင်မှာနေတဲ့ နေ့တွေကိုတောင် မေ့နေပြီလို့ ဆိုရပါမယ်။ ကားလ်၊ ဒန်နီရယ်နဲ့ မာတင်တို့ ဘယ်လိုပုံရှိတယ်ဆိုတာတောင် သူသိပ်မမှတ်မိတော့ပါဘူး။ သူတို့ထဲက တယောက်က ဆံပင် နီညိုရောင်ရှိတယ်ဆိုတာတောင် ရေးရေးသာ မှတ်မိရှာပါတော့တယ်။

အခန်း (၁၄)

ဘရူနိုရဲ့ အလိမ်အညာ

ဘရူနိုကတော့ အဲ့ဒီနေ့ကနေပြီး နောက်ထပ် ရက်သတ္တပတ် တော်တော်များများအထိ မစ္စတာ လစ်ဇ် စာသင်ပြီးလို့ အမေ နေ့လည်ပိုင်း တရေးတမောအိပ်ပြီဆိုတာနဲ့ ရှမူးလ်ကိုတွေ့ဖို့ ထွက်လာနေမြဲပါပဲ။ ရှမူးလ်ကလည်း သူလာမဲ့နေရာလေးကို ခြံစည်းရိုးတဖက်ခြမ်းက မြေကြီးပေါ် တင်ပျဉ်ခွေထိုင်လို့ စောင့်နေတတ်တယ်လေ။

တနေ့တော့ ရှမူးလ် မျက်လုံးတွေက ေရာင်ကိုင်းနေတော့ ဘရူနိုက သူ့ကို ဘာဖြစ်တာလဲ မေးတော့တာပေါ့။ သူကတော့ ခေါင်းလေးတခါခါနဲ့ မပြောချင်ဘူးလို့ပဲ ဖြေပါတယ်။ ဘရူနိုလည်း သူနေခဲ့တဲ့ ဘာလင်က ကျောင်းမှာတင်မကဘူး၊ တကမ္ဘာလုံးမှာ အနိုင်ကျင့်တတ်တဲ့ လူတွေ ရှိနေတယ်လို့ပဲ မှတ်ယူထားလိုက်ပါတယ်။ သူက ရှမူးလ်ကို သူတတ်နိုင်သလောက် ကူညီပေးချင်ခဲ့ပေမဲ့ ရှမူးလ်က တော့ ဒီ ကိစ္စကို ဖြစ်ခဲ့တယ်လို့ကို မမှတ်ယူနေတော့တဲ့ ပုံပါပဲ။

ဘရူနိုက သူလာတွေ့တဲ့အခါတိုင်း ရှမူးလ်ကို ခြံစည်းရိုးအောက်က သံဆူးကြိုးတွေ ကြားကနေ တိုးထွက်ခဲ့ပြီး တဖက်ခြမ်းမှာ သူနဲ့အတူဆော့ဖို့ပြောပေမဲ့ ရှမူးလ်ကတော့ ဒါက အကြံကောင်း တခုမဟုတ်ဘူးလို့ တွင်တွင်ငြင်းပါတယ်။
" မင်းက ဘာလို့ ငါ့ကို အတင်းထွက်လာခိုင်းနေရတာလဲ။ အဲ့ဒါက အကြံကောင်းမဟုတ်ဘူးကွ" လို့ ရှမူးလ်က ပြောတတ်တာပေါ့။

" မင်း ငါ့အိမ်မှာ မနေဖူးသေးလို့ပါကွာ"
ဘရူနိုကပြောတယ်။
" အခု ဒီ အောက်ဇဝစ်သ်က အိမ်က ဘာလင်က အိမ်လို ငါးထပ်မရှိဘူးလေ။ အခုလို ကျဉ်းကျဉ်းလေး ထဲမှာ ဘယ့်နှယ် စုပြီးနေရပါ့မလဲ"

ဘရူနိုက ရှမူးလ်ပြောပြတဲ့ လူဆယ့်တစ်ယောက်အတူနေခဲ့တဲ့ အခန်းကျဉ်းလေးအကြောင်း မေ့သွားတယ်နဲ့ တူပါတယ်။

တနေ့တော့ ဘရူနိုက ရှမူးလ်ကို ဘာလို့ ခြံထဲက လူတွေက ညဝတ်အကျီ အစင်းကြား ဝတ်စုံနဲ့ ဦးထုပ်တွေဆောင်းထားကြသလဲ မေးတော့တာပေါ့။

" သူတို့က ငါတို့ ဒီရောက်တော့ အဲ့ဒီဟာတွေ ဝတ်ခိုင်းတာပဲလေ။ နောက်ပြီး ငါတို့အဝတ်အစားတွေ အားလုံးကို ချွတ်ယူသွားကြတယ်ကွ"

"ဒါဆို မင်းတို့ အိပ်ရာကထလာပြီဆို အင်္ကျီအဝတ်အစား လဲလေမရှိကြဘူးပေါ့။ မင်းတို့ အဝတ် ဗီရိုထဲမှာတော့ တခုခု ရှိလောက်မှာပါ"

ရှမူးလ်က တော့ ဘရူနိုကို မျက်တောင်ကလေးခတ်လို့ကြည့်နေတာပေါ့။

" ငါ ကတော့ အဲ့ဒီလို အစင်းကြားကြီးတွေ မကြိုက်ဘူးကွ" လို့ ဘရူနိုက ပြောလိုက်ပါတယ်။ တကယ်တော့ ဘရူနိုက အိမ်မှာဆို စစ်သားတွေရောက်လာတိုင်း ရှပ်အင်္ကျီ ကျပ်ကျပ်၊ ဘောင်းဘီတိုတိုနဲ့ ရှူးဖိနပ် ကျပ်ကျပ်တွေချည်းဝတ်ရတာလေ။ သူက ရှမူးလ်နဲ့ သူ့သူငယ်ချင်းတွေ ဘယ်သူမှ ဂရုစိုက်နေစရာမလိုဘဲ အေးအေးဆေးဆေး ညဝတ်အင်္ကျီ ပွပွကြီးဝတ်နေလို့ ရတာကို မနာလိုဖြစ်နေမိတာပါ။

နောက်ထပ် ရက်အနည်းငယ်လောက်ကြာတော့မိုးတွေ သည်းသည်းထန်ထန်ရွာလို့ ဘရူနိုတယောက် အိပ်ရာကနေ လန့်နိုးလာပါရောလား။ ဒါက သူ အောက်ဝစ်သ်ကို ရောက်ပြီး ပထမဆုံး မိုးရွာတာပါပဲ။ မနက်ရောက်တဲ့အထိ မိုးကမစဲဘူးလေ။ မစ္စတာ လစ်ဇ်ကတော့ မိုးရွာရွာ နေပူပူ စာသင်မြဲပါ။ သူ နေ့လည်စာ စားပြီးတော့ နေ့လည်ပိုင်း ပထဝီနဲ့ သမိုင်းဆက်သင်ပြီးတာတောင် မိုးကရွာနေဆဲပဲလေ။ အဲ့ဒီတော့ သူလည်း ရှမူးလ်ဆီ သွား လို့မရတော့ဘူးပေါ့။

ဘရူနိုလည်း သူ့အခန်းထဲမှာ စာအုပ်ဖတ်ရင်း ကုန်ဆုံးနေတော့ ထူးထူးဆန်းဆန်း ဂရက်တယ်က သူ့အခန်းထဲဝင်လာတယ်လေ။ ဂရက်တယ်က ပုံမှန်ဆို သူ့အခန်းထဲမှာပဲ အရုပ်တွေကို စီရင်း အချိန်ကုန်နေတတ်တာပါ။ အခုလိုမိုးက တနေကုန်ရွာနေတော့ သူလည်း ဘရူနို့အခန်းဆီး မျက်စိလည် လမ်းမှားလို့ ရောက်လာတဲ့ပုံပါပဲ။

" နင် ဘာလိုချင်လို့လဲ"
ဘရူနိုက ဆီးမေးလိုက်တော့

" တော်တော်ကောင်းတဲ့ နှုတ်ဆက်စကားပဲနော်" လို့ ဂရက်တယ်က ပြန်ဖြေတယ်လေ။

" ငါ စာအုပ်ဖတ်နေတာ"

" ဘာစာအုပ်ဖတ်နေတာလဲ"

ဘရူနိုလည်း သူ့ဘက်လှည့်ပြီး စာအုပ်အဖုံးလှန်ပြလိုက်ပါတယ်။

အဲ့ဒီတော့ ဂရက်တယ်က နှုတ်ခမ်းလေးစူလို့ ဘရူနို့ကို ပြောင်ပြလိုက်တယ်။
" ပျင်းစရာကြီးပါဟယ်"

" ဒါက လုံးဝ ပျင်းစရာမကောင်းပါဘူး" ဆိုပြီး ဘရူနိုက ပြန်ချေပနေပါသေးတယ်။

" ဒါက စွန့်စားခန်းစာအုပ်လေ။ နင့် အရုပ်တွေထက်တောင် ပိုကောင်းသေးတယ်"

ဂရက်တယ်ကတော့ သူပြောတာ လုံးဝကို စိတ်မဝင်စားတာပါ။ သူက " နင် ဘာလုပ်နေတာလဲ" လို့တောင် မသိချင်ယောင်ဆောင်ရင်း ထပ်မေးနေသေးတာပါ။

" ငါ နင့်ကိုပြောသားပဲ။ စာဖတ်နေတာပါလို့။ ကျေးဇူးပြုပြီး အနှောင့်အယှက် မပေးပါနဲ့လား" လို့ ဘရူနိုက အော်ထုတ်လိုက်တာပေါ့။

" ငါ့မှာတော့ ဘာမှ လုပ်စရာမရှိဘူး"
ဂရက်တယ်က ဘရူနို့အခန်းကို တချက် ဝေ့ကြည့်လိုက်ရင်းပြောတယ်လေ။
" ငါ မိုးရွာရင် သိပ်မုန်းတာပဲ"

ဘရူနိုက သူ့အစ်မ အပြောကို ခေါင်းရှုပ်သွားပါတယ်။ ဂရက်တယ်က နဂိုကတည်းက အိမ်ကနေ အပြင်မထွက်တတ်တဲ့ သူမို့လို့ ဘရူနိုက ဂရက်တယ်ဟာ အမြဲပျင်းနေတတ်တဲ့ သူလို့ထင်ခဲ့ပေမဲ့ သူက အခု ဒီမိုး ရွာတော့မှ ပျင်းတယ်လို့ ထုတ်ပြောနေတယ်လေ။ဒါပေမယ့် လည်း ဘယ်လောက် သတ်နေကြတဲ့ မောင်နှမတွေ ဖြစ်ပေမဲ့လို့ တခါတလေတော့လည်း သူတို့က စကားကောင်းလေးတော့ ပြောတတ်ကြပါသေးတယ်။ ဘရူနိုလည်း ဘာမှ အထွန့်တက်မနေတော့ဘူးပေါ့။

" ငါလည်း ဒီမိုးကို မုန်းတယ်ဟ။ ရှမူးလ်နဲ့ ငါအတူတူ ရှိနေရမှာကို။ အခုတော့ ငါ သူ့ကို မေ့သွားပြီလို့များ ထင်နေမလား မသိဘူး"

သူသတိမထားမိခင်မှာလည်း ပါးစပ်ထဲက လွှတ်ခနဲဆိုသလို ရှမူးလ်နာမည်ထွက်သွားမိတယ်လေ။ ပြောပြီးတော့မှ သူ့ကိုယ်သူ ဒေါသထွက်လွန်းလို့ ဗိုက်တောင် အောင့်မိသလိုလိုပါ။

" နင်က ဘယ်သူနဲ့ အတူတူရှိနေရမှာ....." ဆိုပြီး ဂရက်တယ်က မေးတော့တာပေါ့။

" ဘာပြောတာလဲ"
ဘရူနိုက မသိချင်ယောင်ဆောင်နေခဲ့တယ်လေ။

"နင် ခုနက ဘယ်သူနဲ့ အတူ ရှိနေရမှာလို့ ပြောလိုက်တာလဲ"

" တောင်းပန်ပါတယ် ငါသိပ်မကြားရဘူး။ နင် ပြန်ပြောပေးလို့ရမလား"

" နင် ဘယ်သူနဲ့ ရှိနေရမှာလို့ ပြောလိုက်တာလဲ"
ဒီတခါတော့ ဂရက်တယ်က သူ့ဆီ ကျယ်ကျယ်အော်ပြောလိုက်တယ်လေ။

" ငါ အဲ့ဒီလို တခါမှ မပြောဖူးပါဘူး"

" နင် ခုနကပဲ ပြောလိုက်တာလေ။ နင်က တယောက်ယောက်တဲ့

အတူတူရှိနေသင့်တာလို့ ပြောလိုက်တာ...."

" ဟုတ်လား"

" ဘရူနို"
ဂရက်တယ်က သံသယမျက်လုံးတွေနဲ့ သူ့ကိုကြည့်လိုက်ပါတယ်။

" နင် စိတ်ဆိုးနေတာလား" ဆိုပြီး ဘရူနိုကတော့ မရရအောင် ငြင်းနေဆဲပါ။ ဒါပေမယ့် သူက အဘွားလောက် သရုပ်ဆောင်မကောင်းဘူးဆိုတော့ ဂရက်တယ့်ကို လိမ်လို့ မရခဲ့ဘူးလေ။ ဂရက်တယ်က သူ့ဆီ တံခါးနားကနေ
တလှမ်းချင်းလျှောက်လာလို့ မေးလိုက်ပါတယ်။

" နင် ဘာပြောလိုက်တာလဲ ဘရူနို။ နင် ခုနက တယောက်ယောက်နဲ့ ရှိသင့်တာလို့ပြောလိုက်တယ်လေ။ အဲ့ဒါ ဘယ်သူလဲ ငါ့ကို ပြောစမ်း။ ဒီနားမှာ နင်နဲ့ ကစားမဲ့သူ တယောက်မှ မရှိဘူးမဟုတ်လား"

ဘရူနိုကတော့ စုပ်လည်းစူး၊ စားလည်းရှူးဖြစ်နေတော့တာပေါ့။ တဖက်မှာတော့ သူ့ရဲ့ စိတ်ပကတိစရာကောင်းတယ်လို့ ပြောပြောနေကျ အစ်မ အရင်းခေါက်ခေါက်နဲ့ တဖက်မှာလည်း သူ့ရဲ့ သူငယ်ချင်း အသစ်စက်စက် ရှမွေးလ်ပါ။ ဂရက်တယ်လည်း ဘာလင်မှာတုန်းကတော့ ဟဲလ်ဒါ၊ အစ်ဆိုဘယ် နဲ့ လူဝီဇ် တို့နဲ့အတူ ဆော့နေကြဖြစ်ပေမဲ့ သူလည်း အခု အောက်ဇဗ်သ် ရောက်နေတော့ ဘရူနို့ထပ်တူ ပျင်းနေမှာသေချာပါတယ်။ သူ့မှာရှိတာဆိုလို့ အသက်မပါတဲ့ အရုက်တွေချည်းပဲလေ။ ဒါကြောင့်လည်း ဂရက်တယ်က ဘာကိုမှ အလိုမကျ ဖြစ်နေတာ ဖြစ်နိုင်ပါတယ်။
နောက်ပြီး ဘရူနိုက သူ့ရဲ့ တဦးတည်းသော သူငယ်ချင်း ရှမွေးလ် ကိုလည်း သူနဲ့ ပေးမတွေ့ချင်ခဲ့ဘူးလေ။ အဲ့ဒီတော့ သူ လိမ်ပြောဖို့ပဲ စဉ်းစားလိုက်ပါတော့တယ်။

" ငါ့မှာ သူငယ်ချင်းတယောက်ရှိတယ်။ ငါ နေ့တိုင်း သွားသွားတွေ့နေတဲ့ သူငယ်ချင်းတယောက်ပေါ့။ နောက်ပြီး သူက ငါ့ကို အခုဆို
စောင့်နေလောက်တယ်လေ။ ဒါပေမယ့် နင် ဘယ်သူ့ကိုမှ ပြန်ပြောလို့ မရဘူးနော် " လို့ သူက အတည်ပေါက်ကြီးနဲ့ ပြောလိုက်တာပေါ့။

" ဘာလို့ ပြန်ပြောလို့ မရတာလဲ"

" ဘာဖြစ်လို့လဲဆိုတော့ သူက စိတ်ကူးယဉ် သူငယ်ချင်း မို့လို့ပေါ့ဟ" ဘရူနိုလည်း ရှက်ရှက်နဲ့ ဖြေလိုက်တယ်လေ။ သူ့မျက်နှာကြီး ဖြစ်သွားတာက လက်ဖတင်နင် ကော့တ်လာ တယောက် ညစာစားတုန်းက သူ့အဖေ အကြောင်း အတင်းအကြပ်မေးခံရလို့ ဖြစ်သွားတဲ့ အတိုင်းပါပဲ။
" ငါတို့က နေ့တိုင်း အတူတူ ကစားကြတယ်လေ"

ဂရက်တယ်တယောက်တော့ သူ့မောင်စကားကြားလို့ ပြုံးစိစိနဲ့ ကြည့်နေရင်း ရယ်ချလိုက်ပါတော့တယ်။

" စိတ်ကူးယဉ် သူငယ်ချင်းတဲ့လား။ နင်က စိတ်ကူးယဉ် သူငယ်ချင်း ထားဖို့ နည်းနည်း အသက်ကြီးနေပြီလို့ မထင်ဘူးလား"

ဘရူနိုကတော့ သူပြောတာ ဂရက်တယ် ယုံလာအောင် အစွမ်းကုန် သရုပ်ဆောင်ပြနေတယ်လေ။ သူက အိပ်ရာပေါ်မှာ ရှက်ကိုးရှက်ကန်း ဖြစ်နေဟန် လုပ်ပြနေတာပေါ့။ အနည်းဆုံးတော့ အဘွားရဲ့ သွေး သူ့မှာ ပါတာ သေချာပါတယ်။ နောက်ပြီး သူက ဂရက်တယ် သူရှက်နေတာ ယုံအောင်လို့ ဟိုးအရင်တုန်းက သူလုပ်ဖူးတဲ့ ရှက်စရာကိစ္စတွေးနေတယ်လေ။

တခါတုန်းက သူ ရေချိုးခန်းတံခါးမပိတ်ဘဲ ရေချိုးနေတော့ အဘွားဝင်လာပြီး သူ့ကို မြင်သွားတဲ့ အကြောင်းတွေ၊ သူ တခါက အတန်းထဲမှာ လက်မြှောက်လို့ ဆရာမကို ' အမေ' လို့ ခေါ်မိတဲ့အခါ တတန်းလုံးဝိုင်းရယ်ကြတာတွေ အစုံပေါ့။ နောက်ပြီး သူ စက်ဘီးစီးလို့ ကောင်မလေးတွေရှေ့ ဟန်ပြနေတုန်း စက်ဘီးမှောက်ကာ ဒူးပြဲရင်း ထိုင်ငိုခဲ့တဲ့ အကြောင်းလည်း ပါပါသေးတယ်။ သူလည်း တဖြည်းဖြည်းနဲ့ မျက်နှာကြီး နီရဲလာတာပေါ့။

" ကြည့်စမ်းပါဦး။ မျက်နှာကြီးလည်း ရဲလို့" ဆိုပြီး ဂရက်တယ်က သူ့မောင်ကို ရယ်နေတယ်လေ။

" ငါပြောသားပဲ။ နင့်ကို မပြောပြချင်ပါဘူးလို့"

" စိတ်ကူးယဉ် သူငယ်ချင်းတဲ့လား ဘရူနိုရယ်။ စိတ်ပျက်စရာကောင်းလိုက်တာ"

ဘရူနိုကတော့ သူ့စကားကြားလို့ ပြုံးလိုက်ပါသေးတယ်။ ပထမတခုက သူ ကောင်းကောင်း လိမ်လိုက်နိုင်သလို ဒုတိယတခုကတော့ 'စိတ်ပျက်စရာ' ဆိုတာ သူ ဂရက်တယ့်ကို ပေးထားတဲ့ နာမည်လေ။

" ငါ့ကို လာမရှုပ်ပါနဲ့။ ငါ စာဖတ်ချင်လို့"

" ဒါဖြင့် မျက်စိလေးမှိတ်ပြီး နင့်ရဲ့ စိတ်ကူးယဉ် သူငယ်ချင်းကို စာဖတ်ပြခိုင်းလိုက်ပါလား။ နင်လည်း သက်သာတာပေါ့" ဆို ပြီးတောင် ဂရက်တယ်က ပြောလိုက်ပါသေးတယ်။

" ဒါမှမဟုတ် ငါ သူ့ကို လွှတ်ပြီး နင့်အရုပ်တွေကို ဖျက်ဆီးခိုင်းလိုက်မှာပေါ့"

" လုပ်ရဲ လုပ်ကြည့်လေ။ နင်ရော နင့် သူငယ်ချင်းပါ ငါနဲ့တွေ့သွားမှာပေါ့"

ဂရက်တယ့်ကြည့်ရတာ သူ့အရုပ်တွေကို ထိရင် တကယ်လုပ်မဲ့ပုံပါ။

" ဒါနဲ့ ငါ့ကို ပြောစမ်းပါဦး ဘရူနို နင်နဲ့ နင့် သူငယ်ချင်းနဲ့က ဘာလို့ ဒီလောက် ရင်းနှီးနေကြတာလဲ"

ဘရူနိုလည်း ရှမူးလ်အကြောင်း ပြောချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားတာပေါ့။ အခုဆို သူက ထပ်ရှင်းပြနေစရာ မလိုတော့ဘူးလေ။

" ငါတို့က အားလုံးပြောပြကြတာပေါ့။ ငါက သူ့ကို ဘာလင်က အိမ်အကြောင်းတွေ၊ လမ်းတွေ၊ ဟင်းသီးဟင်းရွက် ဆိုင်တွေနဲ့ ကော်ဖီဆိုင်တွေအကြောင်းရယ်၊ စနေနေ့နေ့လည် အပြင်ထွက်ပြီဆို လူအုပ်ကြားထဲ ညှပ်ပါသွားတဲ့အကြောင်းတွေ ပြောတယ်လေ။ ပြီးတော့ ငါ့သူငယ်ချင်း ကားလ်၊ ဒန်နီရယ်နဲ့ မာတင် တို့အကြောင်းလည်း ပါသေးတယ်။

" စိတ်ဝင်စားဖို့ ကောင်းလိုက်တာ" လို့ ဂရက်တယ်က ခပ်ရွတ်ရွတ် ပြောတယ်လေ။ သူက မကြာသေးခင်က ဆယ့်သုံးနှစ် ပြည့်သွားပြီဆိုတော့ အဲ့ဒီကတည်းက စကားပြောရင်း ရွတ်တွတ်တွတ်နဲ့ ပြောနေကြပါ။
" ပြီးတော့ သူကရော နင့်ကို ဘာပြောလဲ"

" သူက ငါ့ကို သူ့မိသားစုအကြောင်း၊ သူနေခဲ့ဖူးတဲ့ နာရီပြင်ဆိုင်လေးအကြောင်းနဲ့ သူဒီကို မလာခင်တုန်းက အတူတူတော့ဖူးတဲ့ ကောင်လေးတွေ အကြောင်းပြောပြတယ်လေ။ ပြီးတော့ အဲ့ဒီကောင်လေးတွေလည်း သူ့အနားကနေ ပျောက်ကွယ်သွားကုန်ကြတော့ သူက စိတ်မကောင်း ဖြစ်နေတော့တာပေါ့"

" နင့် သူငယ်ချင်းအကြောင်းကို ကြားရတာ ရယ်စရာပဲနော်။ သူက ငါ့သူငယ်ချင်းသာဆို ဘယ်လောက်ကောင်း လိုက်မလဲ"
ဂရက်တယ်က ကြားဖြတ်ပြောလိုက်ပါတယ်။

" နောက်ပြီး မနေ့က သူကပြောသေးတယ်။ သူ့အဘိုးပျောက်နေလို့ သူက အဖေ့ကိုမေးတော့ သူ့အဖေက ဘာမှ မပြောဘဲ သူ့ကိုဖက်ကာ ငိုတယ်တဲ့လေ"

ဘရူနိုလည်း ပြောနေရင်းက နေငြိမ်ကျသွားပါတော့တယ်။ ရှမူးလ် သူ့ကို ဒီအကြောင်းတွေပြောတုန်းကတော့ သူက သေချာ နားမထောင်ပေးခဲ့ဘဲ သူပြောချင်ရာသာ စွတ်ပြောခဲ့တာပါ။ အခုလို သူကိုယ်တိုင် ပါးစပ်က အသံထွက်ပြောတော့မှပဲ ရှမူးလ် ဘယ်လောက်ခံစားရမလဲဆိုတာ ခံစားမိပါတော့တယ်။
" မနက်ဖြန်ကျရင် ငါသူ့ကို 'တောင်းပန်ပါတယ်' လို့ ပြောလိုက်ပါဦးမယ်"

" အဖေသာ နင့်သူငယ်ချင်းအကြောင်းကြားရင် နင်တော့ ဒုက္ခရောက်တော့မှာပဲ။ နင် ရပ်တန်းက ရပ်လိုက်သင့်ပြီ ထင်တယ်" လို့ ဂရက်တယ်က စဉ်းစဉ်းစားစားပြောတယ်လေ။

" ဘာလို့လဲ"

" အဲ့ဒါက ကျန်းမာရေးအတွက် မကောင်းဘူးလေ။ နောက်ပြီး ကြာရင် စိတ်ကျန်းမာရေးကို တောင် ထိခိုက်နိုင်တယ်"

ဘရူနိုကတော့ ခေါင်းလေးငြိမ့်ရင်း ပြောလိုက်ပါတယ်။
" ငါ သူ့အကြောင်း မတွေးဘဲ မနေနိုင်ဘူး"
ခဏလောက် ငြိမ်နေပြီးတော့မှ
" ငါ သူ့အကြောင်း တွေးတာကို မရပ်ချင်တော့ဘူး" လို့ပြောတယ်လေ။

" ငါသာ နင့်နေရာမှာဆို ဘယ်သူမှလျှောက်မပြောဘဲ တိတ်တိတ်နေမိမှာပဲ"

" နင်ပြောတာ မှန်လောက်ပါတယ်။ နင်လည်း ငါပြောတာ ပြန်မပြောနဲ့နော်"

သူက ဘရူနို့ကို ချက်ချင်းပဲ ခေါင်းခါ ပြလိုက်ပ်တယ်။
" ငါနဲ့ ငါ့ စိတ်ကူးယဉ် သူငယ်ချင်းကြားမှာပဲ နင့်ကိစ္စကို သိမ်းထားမှာပါ"

ဘရူနို ရုတ်တရက်ကြောင်သွားတယ်လေ။
" နင့်မှာလည်း ဒီလို သူငယ်ချင်းမျိုးရှိတာလား"
သူက သူ့အစ်မလည်း ရှမူးလ်လိုမျိုး ကောင်မလေးတယောက်နဲ့ တွေ့ပြီး စကားပြောခဲ့တယ် ထင်သွားတာပါ။

" မရှိပါဘူးဟယ်.....ပေါက်ပေါက်ရှာရှာ ။ ငါက ဆယ့်သုံးနှစ်ရှိနေပြီ။ နင့်လို ကလေးလို နေချင်တာတောင် နေဖို့ အချိန်မရှိတော့ဘူး" လို့ ခနဲ့ရင်း ဟားဟားရယ်လို့ သူ့အခန်းဆီ ပြန်သွားပါတော့တယ်။ ဒါပေမယ့် ဂရက်တယ်က သူ့အခန်းထဲပြန်ရောက်လို့ သူ့အရုပ်တွေ လဲနေတာတွေ့တော့ သူက တကယ့်သူငယ်ချင်းတွေကို ပြောနေသလို မြည်တွန်တောက်တီးနေရင်းက အရုပ်တွေစီနေလိုက်ပါသေးတယ်။

ဘရူနိုလည်း စာအုပ်ပြန်ဖတ်မလို့လုပ်နေခဲ့ပေမဲ့ အခုတော့ စာအုပ်ထဲ အာရုံစိုက်လို့မရတော့ဘဲ အပြင်က မိုးတွေဆီ ငေးကြည့်နေခဲ့တာပေါ့။ ပြီးတော့ ရှမူးလ်တယောက် ဘယ်ရောက်နေလဲဆိုတာနဲ့ သူတွေးနေသလို ရှမူးလ်ရော သူ့အကြောင်း တွေးနေသလားဆိုပြီး တွေးမိနေပါတော့တယ်။

အခန်း (၁၅)

ဘရူနို မလုပ်သင့်ခဲ့တဲ့ အရာ

ရက်သတ္တပတ်အတော်ကြာတဲ့အထိ မိုးက ရွာလိုက် တိတ်လိုက် ဖြစ်နေတော့ ဘရူနိုနဲ့ ရှမူးလ်တို့လည်း အရင်ကလောက်တော့ ခဏခဏ မတွေ့ဖြစ်ကြပါဘူး။ နောက်ပြီး တွေ့တဲ့အကြိမ်တိုင်းလည်း ရှမူးလ်ကိုကြည့်ရတာ တဖြည်းဖြည်း ပိုပြီး ပိန်လာတာတွေ့ရတော့ ဘရူနို သူ့သူငယ်ချင်းအတွက် စိတ်ပူမိတယ်လေ။ နောက်ပြီး သူ့မျက်နှာလေးကလည်း တနေ့ထက် တနေ့ ပိုပိုပြီး ညိုညစ်ညစ် အရောင်ကို ပြောင်းလာတာကိုး။ သူက ရှမူးလ်အတွက် ပေါင်မုန့်နဲ့ ချိစ့်တွေပိုပို ယူလာတတ်သလို တခါတုန်းက ဘရူနို ရှမူးလ် ကြိုက်တယ်လို့ပြောတဲ့ ချောကလက် တောင့်ကြီးတောင် ဗုက်ယူလာနိုင်ခဲ့ပါသေးတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်တွေ့ဖို့လျှောက်ရတဲ့ ခရီးက ဝေးလွန်းတာမို့ ဘရူနိုလည်း လမ်းမှာ ဗိုက်ဆာတော့ တကိုက်လောက် စားရင်း စားရင်းက နေ ရှမူးလ်ဆီရောက်တော့ တကိုက်စာလောက်သာ ကျန်တော့တာပေါ့။ ဒီလို မဖြစ်စလောက်လေးတော့ သူ ရှမူးလ်ကို မပေးဖြစ်ပါဘူး။ ရှမူးလ်အတွက်လည်း အာသာမပြေလောက်မဲ့ ပမာဏ မဟုတ်ပါလား။

အိမ်မှာ အဖေ့မွေးနေ့လည်း ရောက်တော့မှာဆိုတော့ အဖေက သူ့အတွက် ဘာမှ အထူးတလည်မပြင်ဆင်နေဖို့ ပြောပေမဲ့ အမေက တော့ အခူကတည်းကကို စလို့ လုပ်နေပြီလေ။ အမေက အဖေ့မွေးနေ့ပါတီအတွက် လိုအပ်တဲ့ စာရင်းတွေရေးနေတိုင်း လက်ဖတင်နင် ကော့တ်လာက သူ့အနားမှာရှိနေတာ ဘရူနို သတိထားမိပါတယ်။ နောက်ပြီး သူတို့နှစ်ယောက် စကားစပ်မိပြီဆိုရင် ညီး အမျှင်အတန်း မပြတ်အောင် ပြောနေတတ်ကြတယ်လေ။

ဘရူနိုလည်း သူ့ကိုယ်ပိုင် စာရင်းလေးလုပ်ဖို့ စဉ်းစားလိုက်တယ်လေ။ သူ ဘာကြောင့် လက်ဖတင်နင် ကော့တ်လာကို မကြိုက်ရလဲဆိုတဲ့ စာရင်းပေါ့။ သူ့စာရင်းထဲမှာတော့ ကော့တ်လာ့ကို မကြိုက်ရတဲ့ အချက်တွေ တော်တော်များတယ်ဆိုရပါမယ်။

လက်ဖတင်နင် ကော့တ်လာက အမြဲ မျက်နှာထား တည်တည်ရှိပြီး မပြုံးတတ် မရယ်တတ်ဘူးလေ။ တယောက်ယောက်က သူ့ကို အမြဲ ဒုက္ခပေးနေတဲ့ အတိုင်းပါပဲ။

ဘရူနိုနဲ့ တခါတလေ စကားပြောတဲ့အခါတိုင်းလည်း သူက ' ဆရာလေး' ရယ်လို့ လှောင်သလိုလို မျက်နှာပေးနဲ့ပြောတတ်ပါတယ်။ အမေကတော့ ကော့တ်လာ ကလည်း လူငယ်ပဲရှိသေးတာမို့ အခုထိ စနောက်ချင်တဲ့ စိတ်က

မပျောက်သေးဘူးလို့ ဘရှူနို့ကို ရှင်းပြဖူးတာပေါ့။

သူ ကအမေနဲ့လည်း ဧည့်ခန်းထဲမှာထိုင်လို့ သာသတွေတောင် ပြောနေတတ်သေးတဲ့ အပြင် အမေကလည်း သူ့ရဲ့ပြက်လံုးတွေကို အဖေ့ပြက်လုံးတွေထက် ပိုသဘောကျပါတယ်။

တခါတုန်းက ဘရှူနို ပြတင်းပါက်လေးကနေ အပြင် လှမ်းကြည့်နေတုန်း လမ်းဘေးခွေးတကောင်က ခြံနားကပ်ဟောင်နေတာတွေ့တယ်လေ။ အဲ့ဒီတော့ လက်ဖတင်နင် ကော့တ်လာက ဘာမပြော ညာမပြောနဲ့ အနားကပ်သွားပြီး သေနတ်နဲ့ ချိန်ပစ်လိုက်ပါတော့တယ်။ ဒါ့အပြင် ဂရက်တယ်ကလည်း သူ့အနားရောက်ပြီဆို အရင်ကနဲ့မတူ ထူးထူးဆန်းဆန်းတွေ လုပ်နေတတ်တာပေါ့။

ဘရှူနို လုံးဝမေ့လို့မရသေးတာကတော့ ပါဗယ်နဲ့ ကိစ္စပါပဲ။ အဲ့ဒီ ညနေက ဆရာဝန် ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ပါဗယ့်ကို သူ့မြေးအရွယ် လက်ဖတင်နင် ကော့တ်လာက ဒေါသတကြီးနဲ့ အပြင်ကို ဆွဲဖုထုတ်သွားလိုက်တာ သူအခုထိ ကောင်းကောင်းကြီး မှတ်မိနေပါသေးတယ်။

အဖေ အလုပ်ကိစ္စနဲ့ ဘာလင်ကို ညအိပ်ခရီးထွက်ရတဲ့ အခါများဆို လက်ဖတင်နင် ကော့တ်လာက သူ့အိမ် သူ့ရာအတိုင်းကို နေတတ်တယ်လေ။ အဲ့ဒီလို အချိန်တွေဆို သူက ဘရှူနို အိပ်ရာဝင်တဲ့အချိန်အထိ ရှိနေတတ်သလို ဘရှူနိုမနိုးခင်မှာလည်း အစောဆုံး အိမ်ပေါ်ရောက်နေတတ်ပါတယ်။

ဘရှူနို သူ့ကို မကြိုက်ရတဲ့ အကြောင်းပြချက်တွေကတော့ အများကြီးပါပဲ။ လောလောဆယ်တော့ ဒီလောက်ပဲ ခေါင်းထဲက ထွက်လာပါသေးတယ်။

အဖေ့မွေးနေ့ပွဲပါတီ မတိုင်ခင်တနေ့လည်က ဘရှူနို အခန်းထဲမှာ နေနေတုန်း အောက်ထပ်ကနေ လက်ဖတင်နင် ကော့တ်လာ အိမ်ထဲဝင်လာပြီး တယောက်ယောက်ကို စကားကျယ်ကျယ်နဲ့ အော်ပြောနေတာ ကြားလိုက်ရပါတယ်။ ဘယ်သူ့မှ ပြန်ဖြေတာတော့ သူ မကြားလိုက်ပါဘူး။ ဘရှူနိုလည်း ခဏနေ အောက်ခပ်ဆင်းလာတော့ အမေနဲ့ ကော့တ်လာတို့ စကားပြောနေတာ တွေ့လိုက်ရတာပေါ့။ အမေက သူ့ကို ပါတီမတိုင်ခင် လုပ်ဖို့လိုသေးတဲ့ အကြောင်းတွေ ပြောတော့ လက်ဖတင်နင် ကော့တ်လာက

" စိတ်မပူပါနဲ့ဗျာ။ ဒီတယောက်ကတော့ ပေါင်မုန့်ရဲ့ ဘယ်အခြမ်းကို ယိုသုတ်ရမှာ ခွဲခြားသိလောက်မဲ့သူပါ" ဆိုပြီး အမေက နေရာတကာ ထောင့်စေ့အောင် ဝင်ပါနေတာကို နောက်ကာ ပြောလိုက်ပါတယ်။

ဘရှူနိုလည်း အဖေပေးထားတဲ့ ရတနာသိုက်ကျွန်း စာအုပ်လေးကိုင်လို့ ဧည့်ခန်းထဲ ဝင်လာတာပေါ့။ သူက ဧည့်ခန်းထဲမှာ စာအုပ်ထိုင်ဖတ်ဖို့ စဉ်းစားပြီးလာတာဆိုပေမဲ့ ကံဆိုးချင်တော့ မီးဖိုချောင်ထဲက ထွက်လာတဲ့ လက်ဖတင်နင် ကော့တ်လာ နဲ့ ပက်ပင်းတိုးပါရောလား။

" ဟဲလို၊ ဆရာလေး "
ကော့တ်လာက အရင်ကလိုပဲ ဘရူနို့ကို သရော်ပြုံးလေးပြုံးလို့ နှုတ်ဆက်လိုက်ပါတယ်။

" ဟဲလို"

" ဆရာလေးက ဘာများလုပ်ဦးမလို့ပါလိမ့်"

ဘရူနိုကတော့ သူ့မေးခွန်းကို ချက်ချင်းမဖြေသေးပဲ စိုက်ကြည့်နေလိုက်ပါတယ်။ အခုဆို လက်ဖတင်နင် ကော့တ်လာကို သူမကြိုက်ရတဲ့ အကြောင်းပြချက် နောက်တခုပိုသွားပြီလေ။

" ကျွန်တော်က ဒီမှာ စာအုပ်ထိုင်ဖတ်မလို့ပါ"
ဘရူနိုက ဧည့်ခန်းထဲကို လက်ညှိုးညွှန်ပြလို့ ပြောလိုက်တာပေါ့။

ကော့တ်လာက သူ့လက်ထဲက စာအုပ်ကို ဆွဲယူလိုက်ပြီး လှန်လှောကြည့်နေသေးတယ်လေ။
" အင်း....ရတနာသိုက်ကျွန်းဆိုပါလား။ ဘာအကြောင်းများပါလိမ့်"

" ကျွန်းတကျွန်း အကြောင်းပေါ့ဗျာ။ အဲ့ဒီကျွန်းမှာ ရတနာတွေရှိတာပေါ့"
ဆိုပြီး ဘရူနိုကလည်း သူ့ကို အ, ရန်ကော ဆိုတဲ့ မျက်နှာပေးနဲ့ ပြောလိုက်တယ်လေ။

" ကျွန်တော်လည်း အဲ့ဒီလောက်တော့ ခန့်မှန်းတတ်ပါတယ်"
ကော့တ်လာက သူ့ကို ဘုကြည့်ကြည့်လို့ ပြန်ဖြေလိုက်တာပေါ့။ ဘရူနိုက သူကြောက်ရတဲ့ တပ်စုမှူးရဲ့ သားဆိုတာတောင် မေ့နေပြီထင်ပါရဲ့။
" ဒီ စာအုပ်က ဘာများထူးနေလို့လဲ"

" ဒီထဲမှာ ဂျွန် ဆေးဗား လို့ခေါ်တဲ့ ပင်လယ်ဓါးပြ တယောက်နဲ့ ဂျင် ဟော်ကင်းစ် ဆိုတဲ့ ကောင်လေး တယောက်ပါတယ်လေ"

" အင်္ဂလိပ် လူမျိုးတွေလား" လို့ ကော့်တ်လာက ချက်ချင်း ပြန်မေးလိုက်ပါတယ်။

" ဟုတ်တာပေါ့" ဆိုတဲ့ ဘရူနို့အဖြေကြားတော့ ကော့တ်လာက အသံထွက်အောင် ကျွတ်ခနဲ့ စုပ်သတ်ပြီး စိတ်ပျက်တဲ့ပုံ လုပ်ပြနေပါတော့တယ်။

ဘရူနိုလည်း သူ့ကို ကြည့်နေပြီး စာအုပ်ဘယ်တော့ ပြန်ပေးမလဲ မျှော်နေတာပေါ့။ သူက ဘရူနို့စာအုပ်ကို စိတ်ဝင်စားတဲ့ပုံမပေါ်ပေမဲ့ ဘရူနို သူ့လက်ထဲက ဆွဲယူမယ်လုပ်တော့ လက်ကို ရုတ်လိုက်တယ်လေ။

" တောင်းပန်ပါတယ်ဗျာ" လို့ ပြောရင်း စာအုပ်ကို ဆက်ကိုင်ထားလိုက်သေးတယ်။ ဘရူနို နောက်တခါ ထပ်ဆွဲတော့လည်း သူက နောက်တခါ လက်ကို ထပ်ရုပ်လို့ ပြောလိုက်တယ်လေ။

" အိုး....တောင်းပန်ပါတယ်ဗျာတဲ့"။ သူနောက်တခါ ထပ်လှမ်းပေးတော့ ဘရူနိုလည်း ခပ်မြန်မြန် စာအုပ်ကို ဆွဲယူလိုက်တာပေါ့။

" လျှင်သားပဲ" လို့ လက်ဖတင်နင် ကော့တ်လာ က ခပ်တိုးတိုး ရေရွတ်လိုက်တယ်လေ။

ဘရူနိုလည်း စာအုပ်ရပြီဆိုတော့ သူ့ကို ထားခဲ့ပြီး ဧည့်ခန်းထဲသွားဖို့လုပ်နေတုန်း ကော့တ်လာက သူ့ကို စကားဆက်ပြောနေသေးတယ်လေ။

" ပါတီအတွက် အားလုံး အဆင်သင့်ဖြစ်ပြီ မဟုတ်လားဗျ" သူက မေးလိုက်ပါတယ်။

" ကျွန်တော်ကတော့ အဆင့်သင့်ပဲ" လို့ ဘရူနိုကပြောလိုက်တာပေါ့။ သူ့အစ်မ ဂရက်တယ် အတိုင်း ခနဲ့တဲ့တဲ့ ပြောလိုက်သေးတယ်။
" ခင်ဗျားကိုတော့ သိပ်မသိဘူးပေါ့"

" ဒီကို လူတွေအများကြီး ရောက်လာကြမှာပဲနော်။ ဧည့်သည်တွေကြားမှာ ကောင်းကောင်းနေမယ် မဟုတ်လား"
ကော့တ်လာက သက်ပြင်းလေးချလို့ သူ့အိမ်အတွက် ပြင်ဆင်နေသလိုကို ပြောနေတော့တာပါ။

" ကျွန်တော်ကတော့ ဧည့်သည်တွေနဲ့ အဆင်ပြေမှာပါ။ ခင်ဗျားကိုတော့ မသိဘူးပေါ့"

" ဆရာလေးက လူသေးသလောက် တော်တော် စကားတတ်တာပဲနော်"

ဘရူနိုလည်း မျက်မှောင်ကြုတ်လို့ ကြည့်နေလိုက်ပါတယ်။ နောက်ပြီး သူက ကော့တ်လာထက်ပိုပြီး အရပ်ရှည်ရှည်၊ သန်သန်မာမာနဲ့ သူ့ထက် အသက်ရှစ်နှစ်လောက် ပိုကြီးချင်မိတယ်လေ။ အမေနဲ့ အမေ သင်ပြပေးထားတဲ့ စကားတွေကြောင့်သာ မဟုတ်ရင် ဘရူနို သူ့စိတ်ထဲရှိတာကို ထုတ်ပြောနေပြီးလောက်ပါပြီ။

" အိုး....ကာ့တ်။ တော်သေးတာပေါ့ ရှင်ရှိနေသေးလို့"
အမေက မီးဖိုချောင်ထဲကနေ ဖိုသီဖတ်သတ်နဲ့ ထွက်လာရင်း ပြောလိုက်တာပေါ့။
" ကျွန်မမှာ အချိန်လေးနည်းနည်းရတုန်းပြောရဦးမယ်......။ အိုး.... ဘရူနို သားဒီမှာ ဘာလုပ်နေတာလဲ"

" သား က စာအုပ်ဖတ်မလို့ ဧည့်ခန်းထဲသွားမလို့ပါ။ လူတချို့ နှောင့်ယှက်နေရင် အခုဆလောက်ဆို ရောက်နေလောက်ပြီပေါ့"

" ကဲ....သားရေ မီးဖိုချောင်ထဲ ခဏသွားနေစမ်းပါကွယ်။ အမေ လက်ဖတင်နင် ကော့တ်လာနဲ့ ပြောစရာလေးရှိလို့"

ပြီးတော့ သူတို့နှစ်ယောက်လည်း ညှော်ခန်းထဲ ဝင်သွားပါတော့တယ်။ ကော့တ်လာကလည်း ဘရူနိုကို တချက်ပြန်ကြည့်လို့ ညှော်ခန်းတံခါးကို ပိတ်လိုက်တော့တာပေါ့။

ဘရူနိုလည်း စိတ်တိုတိုနဲ့ မီးဖိုချောင်ထဲ ဆောင့်ကြီး အောင့်ကြီးနဲ့ ဝင်သွားလိုက်ရင်းက သူ့ဘဝမှာ ဘယ်တော့မှ ထင်မထားတဲ့ လူတယောက်ကို တွေ့လိုက်ရတယ်လေ။ သူက ထိုင်ခုံလေးပေါ်ထိုင်လို့ပါ။ အဲ့ဒီလူကတော့ ရှမူးလ်ပါပဲ။ ဘရူနို အခုလို ခြံရဲ့အပြင်မှာ သူ့ကိုတွေ့လိုက်ရတာ သူ့မျက်လုံးတွေကိုတောင် မယုံနိုင်အောင်ပဲလေ။

" ရှမူးလ်.....။ မင်း ဒီမှာ ဘာလုပ်နေတာလဲ"
သူက ဝမ်းသာအားရနဲ့ ပြောလိုက်ပါတယ်။

ရှမူးလ်လည်း အသံလေးကြားလို့ မော့ကြည့်လိုက်တော့ သူ့သူငယ်ချင်းကိုတွေ့တွေ့ချင်း မျက်နှာပေါ်က ကြောက်စိတ်လေးတွေတောင် ပျောက်လို့ အပြုံးလေးတောင် ပေါ်လာပါသေးတယ်။

" ဘရူနို...."

" မင်း ဒီမှာ ဘာလုပ်နေတာလဲ" ဆိုပြီး ဘရူနိုက တအံ့တဩနဲ့ ထပ်မေးလိုက်တာပေါ့။ ရှမူးလ်ပြောစကားအရဆို ခြံထဲက လူတွေက ဒီဖက်ခြမ်းကို လာဖို့ သေမလောက်ကြောက်ကြတယ်လို့ သူသိထားတာကိုး။

" သူ ငါ့ကို ခေါ်လာတာလေ"
ရှမူးလ်က ပြောလိုက်ပါတယ်။

" သူဆိုတာက ဘယ်သူလဲ။ လက်ဖတင်နင် ကော့တ်လာ များလား"

" အင်း။ သူက ငါ့အတွက် ဒီဘက်ခြမ်းမှာ အလုပ်ရှိတယ်တဲ့လေ"

အဲ့ဒီတော့မှ ဘရူနို စားပွဲပေါ်လှမ်းကြည့်လိုက်တော့ ဖန်ခွက်အသေးလေးတွေ ခြောက်ဆယ့်လေးခွက်က အစီအရီချထားလို့ပါ။ အမေက အဲ့ဒီခွက်လေးတွေနဲ့ ဆေးဖြစ်ဝါးဖြစ် ရှယ်ရီအရက် တခွက်လောက်သောက်နေကြလေ။ နောက်ပြီး ခွက်လေးတွေဘေးမှာ အဝတ်တခုနဲ့ ရေဇလုံတလုံးလည်း ချထားတာပေါ့။

" အဲ့ဒီတော့ မင်းက ဘာလုပ်နေရတာလဲ"
ဘရူနိုက အခုထိ သဘောမပေါက်နိုင်သေးလို့ ထပ်မေးလိုက်တယ်လေ။

" သူတို့က ငါ့ကို ဖန်ခွက်တိုက်ခိုင်းထားတာပေါ့။ ငါ့လို လက်သေးသေးတွေနဲ့ သင့်တော်တဲ့ အလုပ်လို့ပြောတယ်လေ"

ရှမူးလ်က ပြောရင်းနဲ့ သူ့လက်ကလေးထောင်ပြတော့ ရှမူးလ်လက်ကလေးတွေကို ကြည့်ရတာ တနေ့က မစ္စတာ လစ်ဇ် သင်ပေးတဲ့

ခန္ဓာဗေဒ သင်ခန်းစာမှာပါတဲ့ အရိုးခြောက်ကလေး အတိုင်းပါပဲ။

" ဟုတ်သားပဲ။ မင်း လက်ကလေးတွေက သေးသေးလေးတွေနော်။ ငါ အရင်တုန်းက တခါမှ သတိမထားမိဘူးကွ " လို့ သူက ပြောလိုက်ပါတယ်။

" ဘာကို သတိမထားမိတာလဲ"

ဘရူနိုလည်း သူ့လက်ကလေးကို ထုတ်ပြီး ပြလိုက်တာပေါ့။ " ငါတို့နှစ်ယောက်လက်တွေက တော်တော် ကွဲပြားတယ်နော် ကြည့်စမ်းပါဦး"

ကောင်လေးနှစ်ယောက်လည်း သူတို့လက်တွေကို ငုံ့ကြည့်လိုက်ပါတော့တယ်။ ဘရူနိုက အရမ်းအဝကြီး မဟုတ်ပေမဲ့ သူ့လက်ကလေးတွေကတော့ ပြည့်ပြည့်ဖောင်းဖောင်းနဲ့ ကျန်းမာတဲ့ ကလေးဖြစ်ကြောင်း ပြနေပေမဲ့ ရှမူးလ် လက်ကလေးတွေကတော့ ညှိုးနွမ်းနေတဲ့ သစ်ကိုင်းတွေလို အရိုးစပေါ်အရေတင်ပြီး သွေးကြောတွေတောင် မြင်နေရတာပေါ့။

" မင်းလက်ေတွေက ဘာလို့ ဒီလို ဘာလို့ဖြစ်နေရတာလဲ" ဘရူနိုက မေးလိုက်တယ်လေ။

" မသိဘူးလေ။ ငါ့လက်လည်း အရင်တုန်းကတော့ မင်းလိုပါပဲ။ ဒါပေမယ့် ဘယ်လိုလုပ် ပြောင်းလဲသွားတာလဲတော့ ငါလည်း မသိတော့ပါဘူး။ ခြံထဲက လူတွေ အကုန်လုံး ဒီလိုတွေချည်းပဲလေ"

ဘရူနို ခေါင်းရှုပ်သွားရပါတယ်။ သူထင်ထားတာက ညအိပ် ဂဝတ်စုံ အစင်းကြားဂဝတ်ထားတဲ့ လူတွေက တနေကုန် ခြံထဲမှာ တခုမဟုတ် တခုလုပ်နေကြတာမို့ ကျန်းမာကြံ့ခိုင်နေမယ်ပဲ ထင်ခဲ့တာပါ။ အခုတော့ သူလည်း မရှင်းပြတတ်တော့ဘူလေ။ သူက ရှမူးလ် လက်ကို ဆက်မကြည့်ချင်တော့လို့ ဘေးကိုလှျောက်သွားပြီး ရေခဲသေတ္တာကို ဖွင့်လို့ စားစရာ တခုခုရှာနေလိုက်ပါတော့တယ်။ အထဲမှာတော့ နေ့လည်စာ စားတုန်းကကျန်သေးတဲ့ ကြက်သားအစာသွပ် ရှိတယ်လေ။ ဒီလို ကြက်သားကို အစာသွပ်ပြီး ချက်တာမျိုး ဘရူနိုက သိပ်ကြိုက်တာပါ။ အဲ့ဒီတော့ သူလည်း အံဆွဲထဲက ဓါးယူလို့ အစာသွပ်ထားတာတွေပါအောင် သေသေချာချာ လှီးရင်း ရှမူးလ်ကို ပြောလိုက်ပါတယ်။

" မင်း ဒီမှာ ရောက်နေတာ ငါဝမ်းသာတယ် သိလား။ မင်းကို ဖန်ခွက်တွေသာ မတိုက်ခိုင်းထားရင် ငါ့အခန်းကို လိုက်ပြချင်သေးတာကွ" သူက ပါးစပ်ထဲ ကြက်သားဟင်း ပလုပ်ပလောင်းနဲ့ ပြောနေတာပေါ့။

" သူက ငါ့ကို ဒီကနေ လှုပ်တာနဲ့ သေသွားမယ်လို့ ပြောထားတယ်ကွ" လို့ ရှမူးလ်က ရှင်းပြရှာပါတယ်။

" ငါကတော့ သူ့ကို မကြောက်ပါဘူး။ ဒါက သူ့အိမ်မှ မဟုတ်တာ။ ဒါက

ငါ့အိမ်လေ။ အဖေ မရှိရင် ဒီအိမ်မှာ ငါပဲ တာဝန်ယူရမှာပေါ့။ နောက်ပြီး လက်ဖတင်နင် ကော့တ်လာက ရတနာသိုက်ကျွန်းကိုတောင် ဖတ်ဖူးတာ မဟုတ်ဘူးကွ"

ရှမူးလ်ကတော့ ဘရူနိုဘာပြောနေလဲတောင် နားမထောင်နိုင်တော့ပါဘူး။ သူ့မျက်လုံးတွေက ဘရူနို့လက်ထဲက ကြက်သားအစာသွပ်ဆီ ရောက်နေတယ်လေ။ ဘရူနိုလည်း သတိထားမိသွားတော့ ရှမူးလ်ကို အားနာသွားတာပေါ့။

" ငါ တောင်းပန်ပါတယ် ရှမူးလ်ရယ်။ ငါ မင်းကို ကြက်သား နည်းနည်း လှီးပေးလိုက်သင့်တာ။ မင်း ဗိုက်ဆာနေလား ဟင်"

" မင်း ငါ့ကို မေးဖို့ လိုနေသေးလားကွာ" လို့ ရှမူးလ်က ပြန်ဖြေတယ်လေ။

" ခဏစောင့်ဦးနော်။ ငါ မင်းအတွက် ယူပေးဦးမယ်"
ဘရူနိုက ပြောလည်း ပြောရင်းကနေ ရေခဲသေတ္တာ တံခါးဖွင့်လို့ ကြက်သား အတုံးကြီးကြီး လှီးလိုက်တာပေါ့။

" မလုပ်ပါနဲ့ ။ သူပြန်လာနေမှ....."
ရှမူးလ်က ကြောက်ကြောက်လန့်လန့်နဲ့ တံခါးဆီ လှမ်းကြည့်ရင်း ပြောလိုက်တယ်လေ။

" ဘယ်သူ ပြန်လာရင်လဲကွ။ လက်ဖတင်နင် ကော့တ်လာ လား"

" ငါ့ကို ဒီမှာ ဖန်ခွက် တိုက်ပေးဖို့ ခေါ်လာတာလေကွာ" ဆိုပြီး ရှမူးလ်က သူ့ရှေ့က ဆပ်ပြာရေခွက်ကို ကြည့်လိုက် ဘရူနို သူ့ဆီ ကမ်းပေးနေတဲ့ ကြက်သားတုံးကို လှမ်းကြည့်လိုက်နဲ့ ချီတုံချတုံဖြစ်နေပါတယ်။

" သူ ဘာမှမဖြစ်လောက်ပါဘူးကွ။ အစားလေး တလုပ်ပဲကို...."
ဘရူနိုကတော့ ရှမူးလ်ပြောသမျှ နားမလည်ကို ဖြစ်နေတော့တာပေါ့။

" ငါ စားလို့ မဖြစ်ပါဘူးကွာ"
ရှမူးလ်က ငိုတော့မတတ်ကို ပြောနေတယ်လေ။
" သူက မကြာခင် ပြန်လာတော့မှာ။ ခုနထဲက ငါယူလိုက်သင့်တာကွာ။ အခု သူကပြန်လာတော့မှာကွ"

ရှမူးလ်က ဆောက်တည်ရာမရ ကို ပြောနေတာမို့ ဘရူနို ခေါင်းရှုပ်သွားပြီး စကားဖြတ်ပြောလိုက်တယ်။

" ရှမူးလ်....ဒီမှာ ရော့ ယူစားလိုက်။ ငါတို့ ညနေစာအတွက် အများကြီး ကျန်သေးတယ်။ မင်း စိတ်ပူနေစရာမလိုဘူး ကြားလား"

သူက သူ့သူငယ်ချင်းလက်ထဲကို ကြက်သားတုံးထိုးပေးရင်း ပြောလိုက်တာပါ။

ရှမူးလ်လည်း သူ့လက်ထဲက ကြက်သားတုံးလေးကို တလှည့် ဘရှုနို့ကို တလှည့်ကြည့်လိုက်ပါသေးတယ်။ သူ့မျက်လုံးတွေထဲမှာ ကျေးဇူးတင်စိတ်တွေရော ကြောက်လန့်စိတ်တွေပါ ရောပြွမ်းနေတယ်လေ။ သူက တံခါးဘက်ကို တချက် ကြည့်လိုက်ပြီး လက်ထဲက ကြက်သားတုံးကြီးကို ပါးစပ်ထဲ မြန်မြန်ထိုးထည့်ပြီတော့ စက္ကန့် နှစ်ဆယ် လောက်ထဲဝါးကာ မျိုချလိုက်ပါတော့တယ်။

" မင်း အဲ့ဒီလောက် မြန်မြန် စားစရာမလိုပါဘူးကွာ။ နင် နေပါဦးမယ်"

" ရပါတယ်။ ကျေးဇူးတင်ပါတယ် ဘရှုနို"

ဘရှုနိုလည်း သူ့သူငယ်ချင်းကို ပြုံးပြကာ နောက်ထပ် တတုံးထပ်လိုးပေးမလို့ လုပ်မယ်ရှိတုန်း လက်ဖတင်နင် ကော့တ်လာ က မီးဖိုချောင်ရှေ့ကနေ အဖြတ်နဲ့ကြုံသွားတာပေါ့။ သူက ကောင်လေးနှစ်ယောက် စကားပြောနေတာ တွေ့လို့ မီးဖိုချောင်ထဲ ဝင်လာပါတော့တယ်။ ဘရှုနိုလည်း အခြေအနေမကောင်းတော့ဘူးဆိုတာ ကြိုတွက်မိသလို ရှမူးလ် ပုခုံးလေးလဲ ပုဝင်လို့ သူ့ရှေ့က ဖန်ခွက်တွေ မြန်မြန်ကောက်ယူကာ တိုက်နေတော့တာပေါ့။ ဘရှုနို့ကို မကြည့်ဘဲ လက်ဖတင်နင် ကော့တ်လာက ရှမူးလ်ဆီ လျှောက်သွား လိုက်တယ်။

" မင်း ဘာလုပ်နေတာလဲ"
သူက လေသံ ခပ်မာမာနဲ့ အော်လိုက်တယ်လေ။
" ငါ မင်းကို ဖန်ခွက်တွေ တိုက်ခိုင်းထားတယ် မဟုတ်လား"

ရှမူးလ်ခေါင်းလေး တဆတ်ဆတ်ငြိမ့်လို့ လက်ထဲက အဝတ်နဲ့ ဖန်ခွက်လေးေတွကို တုန်တုန်ရီရီနဲ့ တိုက်နေတာပေါ့။

" မင်းကို ဒီအိမ်မှာ စကားပြောဖို့ ဘယ်သူခွင့်ပေးထားလဲ"
လက်ဖတင်နင် ကော့တ်လာက ဆက်ပြောတယ်လေ။
" မင်းက ငါ့ကို မနာခံတာလား"

" မဟုတ်ပါဘူး ဆရာ။ တောင်းပန်ပါတယ် ဆရာ"

ရှမူးလ် သူ့ကို မော့်ကြည့်ပြီး တောင်းပန်လိုက်တော့ ကော့တ်လာ သူ့မျက်နှာပေါ်က တခုခုကို တွေ့သွားတာပေါ့။

" မင်း တခုခု စားနေတာလား"
ကော့တ်လာက အသံအေးအေးနဲ့ မေးလိုက်ပါတယ်။

ရှမူးလ်ကတော့ ခေါင်းလေးခါလို့ပေါ့။

" မင်းက စားသောက်နေတာပဲကွ။ ဒီရေခဲသေတ္တာထဲက တခုခု မင်း ခိုးစားတယ် မဟုတ်လား"

ရှမူးလ်လည်း ကြောက်လွန်းလို့ တခုခုဖြေရှင်းချက်ပေးဖို့ ပါးစပ်ဟလိုက်ပေမဲ့ သူ့မှာ ပြောစရာစကားမရှိဘူးလေ။ အဲ့ဒီတော့ သူလည်း

ဘရှုနို့ကို အကူအညီတောင်းနေတဲ့ မျက်လုံးလေးတွေနဲ့ တောင်းပန်တိုးလျှိုးစွာ ကြည့်နေပါတော့တယ်။

" ငါ့ကို ဖြေစမ်း...."
လက်ဖတင်နင် ကော့တ်လာ အသံခပ်မာမာနဲ့ အော်လိုက်လို့ သူတို့ နှစ်ယောက်လုံး ကိုယ်လေးတောင် နောက်ကို ရှိန့်သွားပါတယ်။
" မင်း ရေခဲသေတ္တာထဲက ခိုးစားတယ် မဟုတ်လား"

" မဟုတ်ပါဘူး ဆရာ။ သူ ကျွေးတာပါ"
ရှမူးလ်လည်း မျက်ရည် စက်လက်နဲ့ ဘရှုနို့ကို မေးငေ့ပြီး ပြောလိုက်တယ်လေ။
" သူက ကျွန်တော့် သူငယ်ချင်းပါ"

" မင်းရဲ့ ဘာဖြစ်တယ်......"
ကော့တ်လာ သူ့စကားကြောင့် ခေါင်းရှုပ်သွားရတာပေါ့။ သူက ဘရှုနို့ဘက် ချက်ချင်းလှည့်ပြီး မေးလိုက်တယ်။
" ဆရာလေး ဒီကောင်လေးကို သိလား"

ဘရှုနို ပါးစပ်ကေလေးဟလို့ ကြောင်နေတာပေါ့။ ရှမူးလ်လောက် ကြောက်တတ်တဲ့ ကလေးမျိုး သူတခါမှ မတွေ့ဖူးဘူးလေ။ သူ့သူငယ်ချင်းအတွက် ရှေ့နေလိုက်ပေးချင်ပေမဲ့ သူကိုယ်တိုင်ကလည်း တော်တော်လေးကို လန့်နေတာပါ။

" ဘရှုနို...ဒီကောင်ေလးကို သိလား။ မင်း အပြစ်သားတွေနဲ့ စကားပြောနေတာလား"

" ကျွန်တော်.....ကျွန်တော် အထဲဝင်လာတော့ သူရောက်နေတာပါ။ သူ ဖန်ခွက်တွေ သုတ်နေတာလေ"
ဘရှုနိုလည်း ရောက်တတ်ရာရာ လျှောက်ဖြေနေမိပါတယ်။

" ကျွန်တော်မေးတာ ဒါမဟုတ်ဘူး။ မင်း သူ့ကို အရင်က မြင်ဘူးလား။ စကားပြောဖူးလား။ သူက ဘာလို့ မင်းကို သူ့သူငယ်ချင်းလို့ ပြောရတာလဲ"

ဘရှုနိုကတော့ ထွက်ကို ပြေးချင်နေတော့တာပါပဲ။ ဒါပေမယ့် ကော့တ်လာက သူပြေးရမဲ့ အပေါက်ကို ပိတ်ရပ်ထားတယ်လေ။ ဘရှုနို တွေးမိနေတာကတော့ လက်ဖတင်နင် ကော့တ်လာ ခွေးကို သေနတ်နဲ့ ပစ်သတ်လိုက်တဲ့ အကြောင်းနဲ့ ပါဗယ့်ကို ရိုက်နှက်ခဲ့တဲ့ အကြောင်းပါပဲ။

" ပြောစမ်း ဘရှုနို"
သူ့မျက်နှာကြီးက ဒေါသကြောင့် နီရဲနေတာပေါ့။
" ငါ နောက်တခါ ထပ်မေးမနေတော့ဘူးနော်"

" ကျွန်တော် သူနဲ့ တခါမှ စကားမပြောဖူးပါဘူး"
ဘရှုနို ချက်ချင်းပဲ ပြန်ဖြေလိုက်တယ်။

" ကျွန်တော့်ဘဝမှာ သူ့ကို တခါမှ မတွေ့ဖူးပါဘူး။ ကျွန်တော် သူ့ကို မသိဘူး"

လက်ဖတင်နင် ကော့တ်လာ က ဘရူနို သူလိုချင်တဲ့ အဖြေပေးတော့ ခေါင်းငြိမ့်ပြီး ရှမူးလ် ဘက်ပြန်လှည့်သွားပါတယ်။ ရှမူးလ်က ထပ်မငိုတော့ပေမဲ့ ခေါင်းငုံ့ပြီး ကြမ်းပြင်ကို စိုင်စိုင်ကြီး ကြည့်နေလိုက်တာ သူ့အသက်မှ ရှိပါသေးလားတောင် မေးရမလိုပါပဲ။

" မင်း ဒီ ဖန်ခွက်တွေကို ပြီးအောင်တိုက်လိုက်ဦး"
လက်ဖတင်နင် ကော့တ်လာက အသံ ခပ်အေးအေးနဲ့ တခွန်းချင်းပြောလိုက်ပါတယ်။ သူက သိပ်ကို စိတ်အပြောင်းအလဲ မြန်လွန်းတယ်လေ။ ဒါ ပေမယ့် နောက်စကားတခွန်းကတော့ သိပ်ကို ကြောက်ဖို့ကောင်းလွန်းပါတယ်။
" ပြီးရင် မင်းကို ငါ ခြံထဲ ပြန်ခေါ်သွားမယ်။ အဲ့ဒီရောက်ရင် ငါတို့ ခိုးစားတဲ့ကောင်လေးတွေကို ဘာလုပ်ရမလဲဆိုတာ ဆွေးနွေးကြတာပေါ့။ နားလည်တယ်နော်"

ရှမူးလ်လည်း ခေါင်းငြိမ့်လို့ ဖန်ခွက်တွေကို မြန်မြန်သာ ပြီးအောင် တိုက်နေပါတော့တယ်။ သူ့လက်သေးသေးလေးတွေနဲ့ တိုက်နေတာ သူ့လက်ကလေးတွေ ကျိုးထွက်သွားတော့မလိုပါပဲ။

" လာပါ ဆရာလေး။ ဒီ ခွေးကောင်လေးကို ထားခဲ့ပြီး ဧည့်ခန်းထဲမှာ စာအုပ်သွားဖတ်ရအောင်"
ကော့တ်လာက ဘရူနို့ကို ပုခုံးကိုင်လို့ မီးဖိုချောင်ထဲကနေ ထွက်သွားပါတော့တယ်။

ဘရူနိုလည်း ဘာမှ အထွန့်တက်မနေတော့ပဲ မီးဖိုချောင်ထဲက ခပ်သုတ်သုတ် ထွက်သွားတယ်လေ။ သူ စိတ်မကောင်းလွန်းလို့ ဗိုက်ထဲ မအီမသာတောင် ဖြစ်မိပါတယ်။ သူ့ဘဝ တလျှောက်လုံး ဒီလို ရက်ရက်စက်စက် တခါမှ မလုပ်ဖူးတာ အမှန်ပါ။ သူ့ကိုယ်သူ လူကောင်းပါလို့ ခံယူထားပြီးတော့ သူငယ်ချင်းအတွက် သူရဲဘောကြောင်ခဲ့တဲ့ သူ့အဖြစ်ကိုလည်း သိပ်ရှက်မိတယ်လေ။ ဘရူနို ဧည့်ခန်းထဲမှာ နာရီပေါင်းများစွာကြာအောင် ထိုင်ပြီး စာအုပ်ကို စိုက်ကြည့်နေပေမဲ့ လုံးဝ အာရုံစိုက်လို့မရခဲ့ပါဘူး။ နောက်ပြီး မီးဖိုချောင်ထဲလည်း ပြန်မသွားရဲတာကြောင့် လက်ဖတင်နင် ကော့တ်လာ ရှမူးလ်ကို ညနေရောက်တော့ လာခေါ်တဲ့အထိ ဧည့်ခန်းထဲ ငုတ်တုပ်ထိုင်နေခဲ့ပါတယ်။

အဲ့ဒီနေ့ကနေစလို့ နောက်နေ့ နေ့လည်တွေမှာ ဘရူနိုက သူတို့တွေ့နေကြ ခြံစည်းရိုးလေးဆီ နေ့တိုင်းသွားခဲ့ပေမဲ့ ရှမူးလ်ကတော့ တနေ့မှ သူ့ဆီမလာခဲ့ပါဘူး။ တပတ်လောက်ပြည့်ခါနီးတော့ သူလည်း သူ့လုပ်ရပ်ကြောင့် ရှမူးလ် သူ့ကို မုန်းသွားပြီလို့ ထင်နေခဲ့ပါတော့တယ်။ ဒါပေမယ့် ခုနှစ်ရက်မြောက်တဲ့နေ့မှာတော့ ရှမူးလ်ကို ခြံစည်းရိုးနားမှာ တင်ပျဉ်ခွေထိုင်လို့ ခေါင်းငိုက်စိုက် ချနေတာကို ဘရူနို ဝမ်းမြောက်ဝမ်းသာ တွေ့လိုက်ရပါတယ်။

" ရှမူးလ်...."
သူက ငိုသံပါကြီးနဲ့ အော်ခေါ်ရင်း ခြံစည်းရိုးနားပြေး လာခဲ့တယ်လေ။
" ငါ တောင်းပန်ပါတယ် ရှမူးလ်ရယ်။ ငါဘာလို့ အဲ့ဒီလို လုပ်လိုက်မိမှန်းတောင် မသိတော့ပါဘူး။ မင်း ငါ့ကို ခွင့်လွှတ်တယ် မဟုတ်လားဟင်"

" ရပါတယ်"
ရှမူးလ်က သူ့ကို မော်ကြည့်ရင်းက ဖြေလိုက်ပါတယ်။ သူ့မျက်နှာ တပြင်လုံး ညိုမဲစွဲလို့ ဖူးယောင် နေပါရောလား။ ဘရူနို ရုတ်တရက် သူတောင်းပန်ဖို့လာတာတောင် မေ့သွားပါတယ်။

" မင်း ဘာဖြစ်သွားတာလဲ။ မင်း စက်ဘီး ပေါ်က ပြုတ်ကျတာများလား"
ဘရူနိုက သူ ဘာလင်မှာ တခါတုန်းက စက်ဘီးစီးနေတုန်း ပြုတ်ကျလို့ တပတ်လုံး ညိုမဲစွဲ ဒဏ်ရာတွေ ရနေတာကို သတိရလို့ မေးလိုက်တယ်လေ။
" မင်း နာနေလား"

" ငါ ဘာမှ မခံစားရတော့ပါဘူးကွာ"

" ဟုတ်လို့လား။ မင်းကို ကြည့်ရတာ တော်တော်နာနေမဲ့ ပုံပဲ"

" ငါ တကယ်ကို မနာတော့တာပါ။ ထုံသွားပြီ ထင်ပါတယ်ကွာ"

" ငါ ပြီးခဲ့တဲ့ အပတ်က ကိစ္စကို တောင်းပန်ပါတယ်ကွာ" လို့ ဘရူနိုက ပြောလိုက်ပါတယ်။
" ငါ လက်ဖတင်နင် ကော့တ်လာ ကို သိပ်မုန်းတာပဲ။ သူက ဆရာကြီးလိုပဲ လုပ်နေတာလေ"
ရှမူးလ်ကို သူတချက်ကြည့်လိုက်ပါသေးတယ်။

" ငါ တကယ် တောင်းပန်ပါတယ် ရှမူးလ်။ ငါ ဘယ်တုန်းကမှ သူငယ်ချင်းတယောက်ကို ဒီလို သစ္စာမဖောက်ဖူးပါဘူးကွာ။ ငါလည်း ကိုယ့်ကိုယ်ကို ရှက်မိပါတယ်"

သူ အဲ့ဒီလို ပြောလိုက်တော့ ရှမူးလ်လည်း ပြုံးပြလို့ ဘရူနို့ကို ခွင့်လွှတ်တဲ့ အကြောင်း ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ပြီးတော့ ရှမူးလ်လည်း ခြံစည်းရိုးအောက်နားလေးက ဘရူနို သူ့ကို မုန့်ပေးနေကြ နေရာလေးကနေ လက်ကလေးထုတ်ပေးလိုက်တယ်။ အဲ့ဒီတော့ ဘရူနိုလည်း သူ့သူငယ်ချင်းလက်ကလေးကို ကိုင်လို့ လက်ဆွဲနှုတ်ဆက်လိုက်တယ်လေ။

ဒါက သူတို့ သူငယ်ချင်းနှစ်ယောက်ရဲ့ ပထမဦးဆုံးသော ရင်းရင်းနှီးနှီး ထိတွေ့ခြင်းပါပဲ။

အခန်း (၁၆)

ဆံပင်ကေ

အောက်ဖစ်သ်မှာ ဘရှုနို နေခဲ့ရတာ တနှစ်နီးပါးလောက် ရှိနေပါပြီ။ ဘာလင်နဲ့ ပတ်သက်တဲ့ သူ့ရဲ့ မှတ်ဉာဏ်တွေလည်း ပျောက်ကွယ်သလောက် ရှိနေပြီလေ။ သူ့သူငယ်ချင်း သုံးယောက်ထဲကတောင် ကားလ် နဲ့ မာတင် တို့ကိုပဲ မှတ်မိပြီး ကျန်တဲ့ တယောက်ကိုတောင် မေ့တေ့တော့ဖြစ်နေပါပြီ။ ပြီးတော့ သူတို့ အောက်ဖစ်သ် ကနေ ဘာလင်ကို ပြန်ဖို့ အကြောင်းဖန်လာခဲ့တာပေါ့။ အကြောင်းကတော့ သူ့အဘွားတယောက် ဘာလင်မှာ ဆုံးရှာပြီတဲ့လေ။

သူ ဘာလင်က အိမ်ပြန်ရောက်တော့ သူက အရင်တုန်းကလောက် ညှက်စိလေးမဟုတ်တော့တာ သတိထားမိတယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ သူ အရင်ကဆို ဘာလင်မြို့အိမ်ရဲ့ ခေါင်မိုးထပ်က ပြတင်းပေါက်လေးကနေ ခြေဖျားထောက်ကြည့်နေရတဲ့ နေရာလေးက အခုဆို သူ အေးအေးဆေးဆေး မတ်တပ်ရပ်ကြည့်လို့ရပြီလေ။

ဘရှုနို ဘာလင်ကနေ ထွက်လာကတည်းက အဘွားနဲ့ မတွေ့ခဲ့ရဖူးဆိုပေမဲ့ အဘွားကိုတော့ သူနေ့တိုင်း လွမ်းမိပါတယ်။ သူ အဘွားနဲ့ပတ်သက်ပြီး လွမ်းတဲ့အရာတွေကတော့ သူနဲ့ ဂရက်တယ် အတွက် အဘွားရေးပေးတဲ့ ပြဇာတ်တွေ နဲ့ အဝတ်အစားတွေပါပဲ။ ဒါတွေ သူ နောက်ထပ် ဘယ်တော့မှ ထပ်မလုပ်ရတော့ဘူးဆိုတော့ သူ သိပ်ကို ဝမ်းနည်းမိပါတယ်။

သူ ဘာလင်မှာ နေခဲ့ရတဲ့ နှစ်ရက်ကတော့ တော်တော့်ကို ဝမ်းနည်းစရာကောင်းတဲ့နေ့တွေပါပဲ။ အဘွားရဲ့ ဈာပန အခမ်းအနားမှာ အဖေ ၊ အမေ၊ ဂရက်တယ် နဲ့ ဘရှုနိုက ရှေ့ဆုံးတန်းကနေ ထိုင်ခဲ့ရပါတယ်။ အဖေကတော့ သူ့ရဲ့ အကောင်းဆုံး ယူနီဖောင်းမှာ အဆင်တန်ဆာ အပြည့် ဆင်ယင်လို့ပေါ့။ အဖေ့ ကြည့်ရတာ နဂိုထက်ကို စိတ်ဆင်းရဲနေတဲ့ပုံပါပဲ။ အမေ့ စကားအရတော့ အဖေက ဘာလင်ကနေ ထွက်မလာခင် အဘွားနဲ့ ရန်ဖြစ်ခဲ့တာမို့ အခုဆို သူဘယ်တော့မှ အဘွားကို တောင်းပန်လို့မရတော့လို့တဲ့လေ။

ဘုရားကျောင်းဆီကို ပန်းစည်းတွေပို့လာတဲ့အထဲမှာ ဖြူရီ့ဆီကလည်း ပန်းစည်းတခု ရောက်လာပါသေးတယ်။ အဖေကတော့ ဖြူရီ သူ့မိသားစုအပေါ် ဂရုစိုက်တယ်ဆိုပြီး ဝမ်းသာနေပေမဲ့ အမေကတော့ အဘွားသာ ဒီပန်းစည်း သူ့အုတ်ဂူပေါ်မှာ ရှိနေတာသိရင် ဒီနေရာမှာ လဲလျောင်းချင်မှာ မဟုတ်ဘူးတဲ့လေ။

ဘာလင်ကနေ အောက်ဖစ်သ် ကိုပြန်လာတော့ ဘရှုနို ဝမ်းသာမိပါတယ်။

အခုဆို အောက်ဂစ်သ်က သူ့အတွက် နေအိမ် ဖြစ်လာခဲ့ပြီလေ။ အောက်ဂစ်သ် နေအိမ်က ဘာလင်ကလို အထပ် ငါးထပ်မရှိပေမဲ့ သူ နေပျော်ပါတယ်။ စစ်သားတွေ ဝင်လိုက် ထွက်လိုက်နဲ့ ခြေချင်းလိမ်နေတာလည်း သူဂရုမစိုက်တော့ပါဘူး။ သူ ရှမူးလ်နဲ့ တွေ့ပြီးနောက်မှာတော့ အဲ့ဒီအရာတွေက ပြဿနာမဟုတ်တော့တာ အမှန်ပါပဲ။ အဖေနဲ့ အမေလည်း အခုဆို ပျော်ပျော်ရွှင်ရွှင် ဖြစ်လာတာပေါ့။ အမေက အရင်ကလောက် နေ့လည်ခင်း တရေးတမော အိပ်တာတို့၊ ဆေးဖြစ်ဝါးဖြစ် ရှယ်ရီ အရက် တခွက်လောက် မော့ရတာတို့ သိပ်မလုပ်ရတော့ပါဘူး။ ဂရက်တယ်ကလည်း ဘရူနိုကို သိပ်ပြီး မနှောင့်ယှက်တော့ဘူးလေ။

နောက်ထပ် ပျော်စရာတခုကတော့ လက်ဖတင်နင် ကော့တ်လာ တယောက် အောက်ဂစ်သ်ကနေ ပြောင်းရွှေ့သွားရတာပါပဲ။ သူက ဘရူနို့အနားမှာ စိတ်အနှောင့်အယှက် ပေးဖို့ မရှိတော့ဘူးလေ။ အဲ့ဒီနေ့ညက အဖေနဲ့ အမေတို့ အော်ကြီး ဟစ်ကျယ်နဲ့ စကားများကြတာ ဘရူနို ကြားလိုက်ပါသေးတယ်။ ဒါပေမယ့်လည်း ကော့တ်လာက ဒီကနေထွက်သွားခဲ့ရသလို ဂရက်တယ်ကလည်း ယူကြုံးမရကို ဖြစ်နေတာပေါ့။ သူ့ကို ' ဆရာလေး' ရယ်လို့ ခနဲ့ပြီး ခေါ်မဲ့သူ မရှိတာက ဝမ်းသာစရာပါ။

အားလုံးထဲ အကောင်းဆုံးကတော့ ရှမူးလ်ဆိုတဲ့ သူငယ်ချင်းရလိုက်တာပါပဲ။

သူ နေ့လည်တိုင်း ခြံနားကို လျှောက်သွားလို့ သူ့သူငယ်ချင်းနဲ့ ပျော်ပျော်ရွှင်ရွှင် တခုခု လုပ်နေတတ်ပါတယ်။ ရှမူးလ် မျက်နှာလေးလည်း နောက်ပိုင်း ပျော်တတ်လာပေမဲ့ သူ့ခန္ဓာကိုယ်ကတော့ ပိန်ခြောက်ကပ်နေဆဲပါ။ သူ့အသားအရေတွေကလည်း အညိုရောင် တဖြည်းဖြည်းပြောင်းလာတာပေါ့။

တနေ့တော့ သူတို့ အရင်ကလို ခြံစည်းရိုး တဖ်တချက်မှာထိုင်နေကြရင်း ဘရူနိုက ထပြောလိုက်ပါတယ်။

" မင်းက ငါ့မှာရှိခဲ့တဲ့ သူငယ်ချင်းတွေမှာ အထူးဆန်းဆုံးပဲ"

" ဘာလို့လဲ"

" ဘာဖြစ်လို့လဲဆိုတော့ ငါနဲ့ သူငယ်ချင်းဖြစ်ခဲ့တဲ့ကောင်လေးတွေတိုင်း ငါနဲ့ အတူတူ ဆော့ဖူးကြတယ်လေ။ ဒါပေမယ့် မင်းနဲ့ ငါကျတော့ တခါမှ မဆော့ဖူးကြဘူးနော်။ ငါတို့က ဒီမှာ ထိုင်ပြီးတော့ စကားပြောနေရတာချည်းပဲ"

" ငါကတော့ ထိုင်ပြီး စကားပြောရတာ ကြိုက်ပါတယ်" လို့ ရှမူးလ်က ပြောလိုက်ပါတယ်။

" အင်းလေ။ ငါလည်း ကြိုက်ပါတယ်။ ဒါပေမယ့် ငါတို့ တခုခု စိတ်လှုပ်ရှားစရာလေး လုပ်ရရင် ပိုကောင်းတာပေါ့။ ဘောလုံးကစားတာတို့ စူးစမ်းရှာဖွေရေး လုပ်တာတို့လေ။ အခုတော့ ငါတို့ ကတယောက်နဲ့

တယောက်တောင် ဒီခြံစည်းရိုးတွေက ကျော်လို့ တွေ့ဖူးတာမှ မဟုတ်တာ"

" ငါတို့ တနေ့တော့ ဆော့ရင် ဆော့ရမှာပေါ့ကွာ။ သူတို့ ငါ့ကို အပြင်ထွက်ခွင့် ပေးခဲ့ရင်ပေါ့" လို့ ရီမူးလ်က ပြောပါတယ်။

ဘရူနိုလည်း ဒီခြံကြီးနဲ့ပတ်သက်လို့ အဖေနဲ့ အမေ့ကို ပြောဖို့ စဉ်းစားခဲ့ပေမဲ့ သူတို့ ရှမူးလ်နဲ့ ပတ်သက်လို့ မကောင်းပြောမှာ စိုးရိမ်တယ်လေ။ ဒါကြောင့် သူက အဖေနဲ့ အမေ့ကို ပြောမဲ့ အစား သူ့အစ်မ ဂရက်တယ်ကို ပြောဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ဂရက်တယ်ရဲ့ အခန်းက တော်တော်လေး ပြောင်းလဲသွားပါပြီ။ သူ့ရဲ့အရုပ်တွေလည်း အခန်းထဲ မရှိတော့ဘူးလေ။ လက်ဖတင်နင် ကော့တ်လာ အောက်ဝစ်သ် ကနေထွက်လာပြီးတော့ ဂရက်တယ်လည်း သူ့အခန်းထဲက အရုပ်တွေကို အိတ်ထဲထည့်လို့ လွှင့်ပစ်လိုက်တာပါပဲ။ အခုတော့ သူ့အခန်းနံရံမှာ အဖေပေးထားတဲ့ ဥရောပမြေပုံကြီးက နေရာယူထားတာပေါ့။ နောက်ပြီး သူက သတင်းစာဖတ်လို့ တခုခုထူးခြားပြီဆိုတာနဲ့ မြေပုံပေါ် ပင်အပ်လေးစိုက်နေတတ်တယ်လေ။ ဂရက်တယ့်ကို ဘရူနိုက ရူးသွားပြီလို့ ထင်နေခဲ့ပေမဲ့ သူက အရင်လို ဘရူနို့ကို စတာ နောက်တာ တွေ မလုပ်တော့တဲ့အတွက် ဘရူနိုလည်း သူ့ကိုပြောပြတာတော့ ပြဿနာမရှိလောက်ဘူးလို့ ထင်ခဲ့ပါတယ်။

" ဟဲလို"
ဘရူနိုက အခန်းတံခါးလောက်ခေါက်လို့ နှုတ်ဆက်လိုက်တယ်။ ဂရက်တယ်က သူ့အခန်းထဲ မပြောမဆိုနဲ့ ပြေးပြေးဝင်လာတာ သိပ်မုန်းတယ် မဟုတ်လား။

" နင် ဘာလိုချင်လို့လဲ"
မှန်တင်ခုံပေါ်မှာ ထိုင်နေရင်းကနေ ဂရက်တယ်က လှမ်းမေးလိုက်ပါတယ်။

" ဘာမှ မဟုတ်ပါဘူး"

" ဒါဖြင့်လည်း ဝေးဝေးမှာ သွားနေစမ်း"

ဘရူနိုက အခန်းထဲ ဝင်လာပြီး ကုတင်ထောင့်လေးနားမှာ ထိုင်ချလိုက်တယ်။

" ဂရက်တယ်။ ငါ နင့်ကို တခုလောက် မေးလို့ရမလား"

" မြန်မြန်ပြော"

" ဒီ အောက်ဝစ်သ် က အရာရာအားလုံးကလေ...."
သူ စကားစတုန်းပဲရှိသေးတယ်။ ဂရက်တယ်က ချက်ချင်း စကားဖြတ်ပြောတော့တာပေါ့။

" ဒီနေရာကို အောက်ဝစ်သ် လို့ မခေါ်ရဘူးဟဲ့။ ဒီ စကားလုံးလေးတောင်

သေသေချာချာ အသံမထွက်တတ်ဘူးလား"
ဂရက်တယ်က သူ့မောင် အောက်ဂစ်သ် ကို အသံထွက်တာ မှားတာလေးကို လူသားသမိုင်းက မဟာအမှားကြီးလိုကို ပြောနေပါတော့တယ်။

" ငါလည်း အဲ့ဒီလိုပဲ ပြောတာလေ။ အောက်ဂစ်သ် မဟုတ်လား"

" မဟုတ်ဘူးဟဲ့။ ဒီလို အသံထွက်ရတယ်" ဆိုပြီး ဘရူနို့ကို အသံအမှန်ထွက်တတ်အောင် ပြောပြနေတာပေါ့။

" ထားပါတော့။ ငါ နင်နဲ့ စကားများနေဖို့ စိတ်မပါဘူး။ နင် ဘာမေးမလို့လဲ ပြော"
ဂရက်တယ်က စိတ်မရှည်တဲ့ လေသံနဲ့ ပြောလိုက်တယ်လေ။
" ငါ ခြံကြီး အကြောင်းသိချင်တယ်။ သူတို့တွေ ဘာလို့ အဲ့ဒီမှာ ရှိနေရတာလဲ"

အဲ့ဒီတော့မှ ဂရက်တယ်လည်း သူ့မောင်ကို မျက်နှာ စေ့စေ့ကြည့်လို့ ပြန်မေးလိုက်တယ်။
" ဘာလဲ နင်က အဲ့ဒါ ဘာလဲဆိုတာ အခုထိ မသိသေးဘူးဆိုတဲ့ သဘောလား"

" ဟင့်အင်း။ ငါတို့ကို ဘာလို့ အဲ့ဒီဘက်ကို သွားခွင့် မပေးရတာလဲ ငါ နားမလည်ဘူး။ ငါတို့ အဲ့ဒီဘက်က ကလေးတွေနဲ့ သွားဆော့ရင် ဘာဖြစ်မှာ မို့လို့လဲ"

ဂရက်တယ်က သူ့မောင်ကို အရူးတယောက်လို ကြည့်ရင်း ရယ်လိုက်ပါတယ်။

" ဘရူနိုရယ်...."
သူက အ, ရန်ကော ဆိုတဲ့ လေသံနဲ့ ဆက်ပြောတယ်လေ။
" ခြံခတ်ထားတယ်ဆိုတာ ငါတို့ကို အဲ့ဒီကို မသွားရဘူးလို့ ပြောတာ မဟုတ်ဘူးဟဲ့။ သူတို့ ကို ဒီဘက် မလာအောင် တားထားတာလေ"

" ဒါပေမယ့် ဘာလို့လဲ"

" ဘာဖြစ်လို့ဆို သူတို့က ထိန်းသိမ်းခံထားရတာကိုး"

" သူတို့ မိသားစုတွေနဲ့ မဟုတ်လား"

" အင်းပေါ့၊ သူတို့မိသားစုတွေ၊ သူတို့လူမျိုး တွေနဲ့ အတူတူပေါ့"

" သူတို့ လူမျိုးဆိုတာ ဘာကို ပြောတာလဲ"

ဂရက်တယ်က သက်ပြင်းချပြီး ခေါင်းခါလိုက်တာပေါ့။
" ဂျူးလူမျိုးကို ပြောတာလေ ဘရူနိုရယ်။ ဒီလောက်လေးတောင် နင်မသိဘူးလား။ အဲ့ဒါကြောင့် သူတို့ကို ထိန်းသိမ်းထားရတာပေါ့။ သူတို့က ငါတို့နဲ့ အတူနေလို့မရဘူးလေ"

" ဂျူး ဟုတ်လား"

ဘရူနို ပထမဆုံး သူ့ပါးစပ်နဲ့ ထုတ်ပြီး အသံထွက်ကြည့်လိုက်တာပေါ့။ ဒီ အသံထွက်လေးတော့ သူသဘောကျပါတယ်။
" ဂျူး..... ဒါဆို ဟိုးဘက်ကခြံထဲက လူတွေအားလုံးက ဂျူးတွေပေါ့နော်"

" အမှန်ပဲပေါ့"

" ငါတို့ကရော ဂျူးလား"

ဂရက်တယ် သူ့ကို မျက်လုံးကြီး ပြူးလို့ ကြည့်လိုက်တယ်လေ။ သူ့ကို ကြည့်ရတာ ချက်ချင်း အရိုက်ခွဲခံလိုက်ရတဲ့ အတိုင်းပါပဲ။
" မဟုတ်ဘူး ဘရူနို။ ငါတို့က ဂျူးမဟုတ်ဘူးဟဲ့။ နင် အဲ့ဒီလို မပြောသင့်ဘူးနော်"

" ဘာလို့ မပြောသင့်တာလဲ။ ဒါဆို ငါတို့က ဘာတွေလဲ ဟင်"

" ငါတို့က ......"
ဂရက်တယ်က ပြောမလို့လုပ်ပြီးမှ ပါးစပ် ပိတ်ထားလိုက်ပါတယ်။
" ငါတို့က..... ငါတို့က ဂျူးမဟုတ်ဘူးလေ"

"ဒါတော့ ငါလည်း သိတာပေါ့"
ဘရူနိုက သူသိပြီးသားကို လာပြောပြနေလို့ စိတ်မရှည်တဲ့ လေသံနဲ့ ပြန်ပြောလိုက်တယ်လေ။
" ငါတို့က ဂျူးမဟုတ်ဘူးဆို ဘာတွေလဲ"

" ငါတို့က သူတို့ရဲ့ ဆန့်ကျင်ဘက်ပေါ့ဟ။ ဟုတ်တယ် ငါတို့က ဂျူးတွေရဲ့ ဆန့်ကျင်ဘက်လေ"

"ကောင်းပြီလေ။ ဒါဆို ဂျူးတွေက ငါတို့နဲ့ ဆန့်ကျင်ဘက်ပေါ့"
ဘရူနိုက ကောက်ချက်ချလိုက်တာပေါ့။

" ဟုတ်တယ် ဘရူနို"

" ဒါဆို ဂျူးတွေက သူတို့နဲ့ ဆန့်ကျင်ဘက် ငါတို့ကို မကြိုက်ဘူးပေါ့ ဟုတ်လား"

" မဟုတ်ဘူး။ ငါတို့က သူတို့ကို မကြိုက်တာဟဲ့။ အရူးလေးရဲ့"

ဂရက်တယ် သူ့ကို အရူးလေးလို့ ခေါ်တော့ ဘရူနိုက မျက်မှောင်ကြုတ်ပြီး ကြည့်နေပါတယ်။

" ကောင်းပြီလေ။ ဒါဖြင့် ငါတို့က ဘာလို့ ဂျူးတွေကို မကြိုက်တာလဲ "

" ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဂျူးမို့လို့ပေါ့"

" သြော် ဟုတ်ပြီ။ ဆန့်ကျင်ဘက်ဖြစ်တဲ့ ငါတို့နဲ့ ဂျူးတွေက မတည့်ကြဘူးပေါ့"

ဂရက်တယ်ကတော့ သူ့ဆံပင်တွေဖြီးနေရင်းနဲ့ တခုခု တွေ့သွားတော့ ကြောက်အားလန့်အားနဲ့ အော်လိုက်ပါတယ်။ သူ့အသံကြောင့် အမေတောင် နေ့လည်ခင်း တရေးတမော အိပ်ရာကနေ လန့်နိုးလာလို့ သူတို့အခန်းထဲ အူလျားဖားလျား ပြေးလာတာပေါ့။

ဂရက်တယ်က သူ့ဆံပင်တွေကြားထဲမှာ အပ်ထိပ်ဖျားလောက်ရှိတဲ့ သန်းဥလေးတွေ့သွားလို့ အော်လိုက်တာပါ။ သူက အမေ့ဆီ ပြေးသွားလို့ သူ့ဆံပင်ကို ရွံရှာတဲ့ အကြည့်နဲ့ ကြည့်ကာ ပြလိုက်ပါတယ်။

" အိုး..... ငါဖြင့်မယုံနိုင်ဘူး။ ဒီလို ညစ်ပတ်တဲ့ နေရာမှာနေရင် ဒီလိုတွေ ဖြစ်မှာတော့ ငါ ထင်ပ်တယ်လေ"

ဘရူနိုနဲ့ ဂရက်တယ် နှစ်ယောက်လုံးမှာ သန်းကူးနေတာလေ။ အမေက ဂရက်တယ့်ကို အနံ့ဆိုးဆိုးရတဲ့ ခေါင်းလျှော်ရည်နဲ့ သေသေချာချာ တိုက်ပွတ်ဆေးကြောပေးပြီးတော့ ဂရက်တယ်လည်း သူ့အခန်းထဲမှာ ထိုင်ပြီး ငိုနေပါတော့တယ်။

ဘရူနို့ကိုလည်း အမေက အဲ့ဒီခေါင်းလျှော်ရည် နဲ့ လျှော်ပေးခဲ့ပေမဲ့ အဖေကတော့ သူ့သားအတွက် အကောင်းဆုံးဖြစ်အောင် ဆိုပြီး သင်တုန်းဓါးနဲ့ ကတုံးတုံးလိုက်ပါတော့တယ်။ ဘရူနိုလည်း မျက်ရည်နဲ့ မျက်ခွက်ပေါ့။ ကတုံးတုံးတာ ဘယ်လောက်မှ ကြာတာ မဟုတ်ပေမဲ့ ဘရူနို သူ့ခေါင်းက ဆံပင်တွေ သူ့ခြေထောက်ပေါ် ပြုတ်ကျလာတာ ထိုင်ကြည့်နေရတာ မုန်းတယ်လေ။ အဖေကတော့ ကျူပင်ခုတ်ရင် ကျူငုတ်တောင် မကျန်စေရဘူးတဲ့။

ပြီးတော့ ဘရူနို သူ့ကိုယ်သူ ရေချိုးခန်းထဲက မှန်မှာ ပြန်ကြည့်လိုက်ပါသေးတယ်။ သူ တခေါင်းလုံး ပြောင်ရှင်းနေတော့ သူ့မျက်လုံးတွေက ပြူးနေတယ်လို့ ထင်မိပါတယ်။ သူ့ပုံရိပ်တောင် သူကြောက်မိနေတယ်လေ။

" စိတ်မပူပါနဲ့ကွာ"
အဖေကတော့ ပြောပါတယ်။
" မကြာခင် ပြန်ပေါက်လာမှာပေါ့။ ရက်သတ္တပတ် နည်းနည်းပဲ ကြာလောက်မှာပါ"

" အဲ့ဒါ ဟို ညစ်ပတ်တဲ့ ကောင်လေး ဒီလာသွားလို့ နေမှာပေါ့။ လူတချို့သာ ဒီနေရာက ငါတို့အတွက်မကောင်းဘူးဆိုတာသာ သိခဲ့ရင်လေ"

ဘရူနို သူ့ကိုယ်သူ မှန်ထဲမှာ ပြန်ကြည့်ကြည့်တော့ သူက ရှမူးလ်နဲ့ တော်တော်တူနေတာ သတိထားမိတယ်လေ။ အဲ့ဒီခြံဘက်က လူတွေအားလုံး ကတုံးတုံးထားတာ သန်းတွေရှိလို့ပဲ လို့ ဘရူနိုထင်မိပါတယ်။

သူ ရှမူးလ်နဲ့ နောက်နေ့သွားတွေ့တော့ ရှမူးလ်က သူ့ကို ကြည့်ပြီး ရယ်ပါလေရော။

" ငါ အခု မင်းနဲ့ တော်တော် တူသွားပြီနော်" လို့ ဘရူနိုက ပြောတော့

ရှမူးလ်က

" မင်းက ပိုဂတာပေါ့" လို့ ပြန်ပြောလိုက်ပါတယ်။

အခန်း (၁၇)

ဘာလင်ကို ပြန်ရပြီ

နောက်ထပ် ရက်သတ္တပတ် တော်တော်ကြာတဲ့အထိ အမေ့ကို ကြည့်ရတာ စိတ်မချမ်းသာတဲ့ပုံပါပဲ။ ဘရူနို အမေ့ကို ကိုယ်ချင်းစာပေးလို့ရပါတယ်။ သူလည်း ဒီ အောက်ဇစ်သ် ကိုစရောက်တုန်းက အဲ့ဒီလို ခံစားခဲ့ရတာပဲမဟုတ်လား။ ဒါပေမယ့် ဘရူနိုက ရှမူးလ်နဲ့ သူငယ်ချင်းဖြစ်ပြီးတဲ့ နောက်မှာတော့ ဘာလင်က အိမ်နဲ့ သူငယ်ချင်းတွေအကြောင်းကို မေ့သွားတယ်လေ။ အမေ့အတွက်တော့ ရှမူးလ်လို သူငယ်ချင်းမှ မရှိတာ။ သူနဲ့ တယောက်ထဲသော စကားပြောဖော်ဖြစ်တဲ့ လက်ဖတင်နင် ကော့တ်လာလည်း ဒီကနေ အဝေးတနေရာကို ပို့ခံလိုက်ရပြီကိုး။

တနေ့ ဘရူနို အဖေ့ရုံးခန်းရှေ့ကဖြတ်သွားတုန်း အဖေနဲ့ အမေတို့ စကားအချေအတင်ပြောနေတာကြားလိုက်ရပါတယ်။ သူ ခိုးနားထောင်နေတာမဟုတ်ပေမဲ့ သူတို့အသံကို နားစွန် နားဖျား အပြင်ကနေ ကြား လိုက်ရတာပေါ့။

" တော်တော့်ကို ဆိုးပါတယ်ရှင်"
အမေက ပြောလိုက်တယ်။
" တော်တော့်ကို ဆိုးလွန်းလို့ ကျွန်မ သည်းမခံနိုင်တော့ဘူးရှင့်"

" ငါတို့မှာ ရွေးချယ် စရာမှမရှိတာ"
ဒီတခါတော့ အဖေ့အသံပါ။
" ဒါက ငါတို့အတွက် တာဝန်ပဲလေ ပြီးတော့...."

" မဟုတ်ဘူး။ ဒါက ရှင့်တာဝန်ပါ။ ကျွန်မတို့နဲ့ ဆိုင်တာမှ မဟုတ်တာ။ ရှင် နေချင်ရင် တယောက်ထဲ နေခဲ့ချည်တော့ ရှင်"

" ဒါဆို လူတွေက ဘယ်လိုထင်ကြမလဲ။ ငါမင်းနဲ့ ကလေးတွေကို ဘာလင်ကို ပြန်လွှတ်လိုက်ရတယ်ဆိုရင် ဒီမှာကျန်ခဲ့တဲ့ ငါ့အလုပ်က လူတွေက ကိုယ့်မိသားစုအပေါ်တောင် စီမံခန့်ခွဲဖို့ မနိုင်တဲ့သူဆိုပြီး ဝိုင်းပြောကြမှာ မင်း မစဉ်းစားမိဘူးလား"

" အလုပ်တဲ့လား။ ရှင်က ဒါကို အလုပ်လို့ ခေါ်သလား ဟင်...."

ဘရူနိုလည်း အမေထွက်အလာနဲ့ တိုက်နေမှာစိုးလို့ လှေကားရင်းဆီ သွားရင်း အပေါ်ကို ပြေးတက်ဖို့ အဆင့်သင့်ပြင်ထားလိုက်ပါတယ်။ ဒီလို အခြေအနေတွေနဲ့ ကြုံလာတိုင်း အမေက သူ့ရဲ့ ဆေးဖြစ် ဝါးဖြစ် ရှယ်ရီအရက်ကို ပြေးသောက်တတ်တယ် မဟုတ်လား။ ဘရူနို သူတို့ ဘာလင်ကို ပြန်ရတော့မယ်လို့

ထင်လိုက်ပါတယ်။ အခုတော့ ဘာလင်က သူ့ကို စိတ်မလှုပ်ရှားစေတော့ဘူးလေ။

သူ အရင်တုန်းက ဘာလင်ကို သေမတတ်ပြန်ချင်ခဲ့ပေမဲ့ အခုဆို ဘာလင်မှာ လည်း သူမရှိခင် အတောအတွင်း တော်တော် ပြောင်းလဲနေမှာပါပဲ။ သူ့ရဲ့ သူငယ်ချင်းတွေ နာမည်ကိုတောင် ကားလ်က လွဲလို့ ကျန်တာတွေ မေ့တော့တော့ ဖြစ်နေပြီလေ။ အဘွားကလည်း ဆုံးသွားတဲ့ အပြင် အဖေ့စကားအရ အဘိုးကလည်း သူငယ်ပြန်ရောဂါ ခံစားနေရတယ်တဲ့လေ။

သူက အခု အောက်ဇ်ဗစ်သ် နေအိမ်မှာ နေရတာ ကျင့်သားရနေပါပြီ။ မစ္စတာ လစ်ဖ် ရဲ့ စည်းကမ်းတင်းကြပ်တဲ့ စာသင်ချိန်တွေကိုဘယ်လို ဖြတ်ကျော်ရမလဲဆိုတာပါ သူနားလည်နေပြီလေ။ နောက်ပြီး ဘာလင်မှာထက်စာရင် မာရီယာနဲ့ ပိုပြီး စကားပြောဖြစ်သလို ဂရက်တယ်ကလည်း အရင်လို သူ့ကို မနှိပ်စက်တော့တာ ကြာပါပြီ။ သူ့ကြည့်ရတာ သိပ်ပြီးတော့ စိတ်ပျက်စရာ ကောင်မလေး မဟုတ်တော့ပါဘူး။ ရှမူးလ်နဲ့ စကားပြောရတဲ့ နေ့လည်ပိုင်းတွေကလည်း သူ့အတွက် အပျော်ဆုံး အချိန်တွေ ဖြစ်ခဲ့ပါတယ်။

ဘရူနိုလည်း ဘာလင်နဲ့ အောက်ဇ်ဗစ်သ် နှစ်ခုကြား ဘယ်မှာနေရတာ ပိုကောင်းမလဲ မခွဲခြားတတ်တော့ပါဘူး။

နောက်ထပ် ရက်သတ္တပတ် အနည်းငယ်လောက်တော့ ဘာမှ ထူးထူးခြားခြား ပြောင်းလဲတာမရှိခဲ့ဘူးလေ။ အဖေကလည်း သူ့ရုံးခန်းထဲနဲ့ တဖက်က ခြံထဲမှာ အချိန်တွေကုန်နေခဲ့သလို အမေကတော့ အရင်ကထက်ကို ပိုပြီး အိပ်နေတတ်ပါတယ်။ တခါတလေဆို နေ့လည်စာမစားခင်ထိကို အမေက အိပ်နေတတ်တာပါ။ နောက်ပြီး အမေ ရှယ်ရီ အရက်သောက်တာ ပိုပိုများလာလို့ ဘရူနို သူ့အမေရဲ့ ကျန်းမာရေးကိုတောင် စိတ်ပူမိတာပေါ့။ ဂရက်တယ်ကတော့ သူ့အခန်းထဲက မြေပုံကြီးကို တစိမ့်စိမ့်ကြည့်လို့ ပင်အပ်ကလေးတွေ စိုက်နေတယ်လေ။ သူက ပင်အပ်ကလေးတွေ မစိုက်ခင် မစ္စတာ လစ်ဖ် နဲ့ တိုင်ပင်တတ်ပါသေးတယ်။ မစ္စတာ လစ်ဖ်ကတော့ ဂရက်တယ့်ကိုကြည့်ပြီး အားရနေလေရဲ့။

ဘရူနိုလည်း သူ့ကို ဘာပဲခိုင်းခိုင်း ပါးစပ်ပိတ်ပြီး လုပ်ပေးလိုက်တာပါပဲ။ သူက ဘယ်သူနဲ့မှ အတိုက်အခံ မလုပ်ချင်ဘူးလေ။ တနေ့တော့ အဖေက ဘရူနိုတို့ မောင်နှမ နှစ်ယောက်ကို သူ့ရုံးခန်းထဲ ခေါ်ပြီး စကားပြောခဲ့ပါတော့တယ်။

" ထိုင်ကြပါဦး ကလေးတို့"
အဖေက သူ့စားပွဲရှေ့က ထိုင်ခုံနှစ်လုံးကို ထိုးပြလို့ ပြောလိုက်တယ်လေ။ ပြီးတော့မှ အဖေက သူ့စားပွဲမှာထိုင်ချလိုက်ပြီး

" အဖေတို့ အပြောင်းအလဲလေး နည်းနည်း လုပ်ဖို့ ဆုံးဖြတ်ထားတယ် ကလေးတို့ရေ" လို့ ပြောတော့တာပေါ့။ ပြီးတော့ သူက အမေနဲ့ သူတို့နှစ်ယောက်ကို

လောလောဆယ် ဘာလင်ပြန်ပို့ဖို့ကို စိတ်မကောင်းတဲ့ မျက်နှာနဲ့ တခွန်းချင်း ပြောတယ်လေ။
" ပြောစမ်းပါဦး။ မင်းတို့ ဒီမှာ နေရတာ ပျော်လားကွ"

" ဟုတ်ကဲ့ ပါ အဖေ "
ဂရက်တယ်က ပြောလိုက်ပါတယ်။

" ဒါပေါ့" လို့ ဘရူနိုကလည်း ဝင်ထောက်လိုက်တာပေါ့။

" သားတို့ ဘာလင်ကို မလွမ်းဘူးလား"

ကလေးနှစ်ယောက်လည်း အဖေ့ မေးခွန်းကြားတော့ ခဏလောက် တယောက်နဲ့ တယောက် ပြန်ကြည့်လိုက်ကြပါသေးတယ်။

" ဟုတ်ကဲ့ အဖေ ။ သမီးကတော့ ဘာလင်ကို သိပ်လွမ်းတာပဲ။ သမီး သူငယ်ချင်းတွေနဲ့ ပြန်ဆုံတွေ့ချင်မိတယ် အဖေ" လို့ ဂရက်တယ်က စပြီး ပြောလိုက်ပါတယ်။

ဘရူနိုကတော့ သူ့မှာ သူငယ်ချင်း ရှိနေတာမို့ ဂရက်တယ့်စကားကို ပြုံးလိုက်တာပေါ့။

" သူငယ်ချင်း ဟုတ်လား..."
အဖေက ခေါင်းတငြိမ့်ငြိမ့်နဲ့ ရေရွတ်လိုက်တယ်။
" အဖေလည်း မင်းတို့ ဒီမှာ နေရတာ ပျင်းနေမယ်ဆိုတာ သတိထားမိပါတယ်"

" အရမ်းကို အထီးကျန်တာပေါ့ အဖေရယ်" လို့ ဂရက်တယ်က ထပ်ပြောလိုက်တယ်လေ။

" ဒါနဲ့ သားရော ....ဘရူနို....။ သားသူငယ်ချင်းတွေကို လွမ်းနေလား"

" ဟုတ်ကဲ့ အဖေ။ ဘယ်လိုပဲဖြစ်ဖြစ် သားကတော့ သားတွေ့ဖူးခဲ့တဲ့ လူတွေကို သတိရမှာပါပဲ အဖေ"

ဒီစကားက ရှမူးလ် သူ့ကို ပြောခဲ့တဲ့ စကားပါ။

" ဒါဆို သားတို့ ဘာလင်ကို ပြန်ချင်ကြလား"
အဖေက မေးလိုက်ပါတယ်။

" သားတို့ အတူ ပြန်ရမှာလား အဖေ"

အဖေက သက်ပြင်းရှည်ကြီးချလို့ ခေါင်းခါပြလိုက်တာပေါ့။
" အမေရယ်၊ မင်းရယ် ၊ ဂရက်တယ်ရယ်ပဲပေါ့။ မင်းတို့ ဘာလင်က အိမ် မှာ ပြန်နေလို့ရမှာလေ"

ဘရူနိုက စဉ်းစဉ်းစားစားနဲ့ ပြောလိုက်ပါတယ်။
" အဖေ မပါရင် သာစကတော့ မပြန်ချင်ဘူး အဖေ"

" ဒါဆို သားက အဖေနဲ့ ဒီမှာ နေခဲ့မှာလား"

" သားက သားတို့မိသားစု လေးယောက်လုံး အတူတူ နေရတာပဲ ကြိုက်တာပါ။ အောက်ဖစ်သ် ပဲဖြစ်ဖြစ်၊ ဘာလင်ပဲဖြစ်ဖြစ် ကိစ္စ မရှိပါဘူး"

" အိုး.....ဘရူနို" ဆိုပြီး ဂရက်တယ်က စိတ်မရှာ်တဲ့ လေသံနဲ့ ရေရွတ်လိုက်တယ်လေ။ သူ ဘာလင်မပြန်ရမှာစိုးလို့လား၊ ဒါမှမဟုတ် ဘရူနို အောက်ဖစ်သ် နာမည်ကို ထပ်ပြီး အသံထွက်မှားလို့ ပဲလားတော့ သူလည်း သေချာမသိပါဘူး။

" ဒါပေမယ့် လောလောဆယ်တော့ ဒါက မဖြစ်နိုင်သေးဘူး သားရယ်" အဖေက ပြောပါတယ်။
" အဖေ့အထင်တော့ ဖြူရီ့အတွက် အဖေ ဒီမှာ အလုပ်လုပ်ေပးရဦးမယ် ထင်တယ်ကွ။ အနေက တော့ မင်းတို့နှစ်ယောက်နဲ့အတူ ဘာလင်က အိမ်မှာ ပြန်နေတာ ကောင်းမယ်လို့ထင်တယ်လေ။ အဖေ လည်း တွေးကြည့်တော့....."

အဖေက ပြောလက်စ စကားကို ရပ်လို့ ခြံကြီးဆီ လှမ်းမြင်နေရတဲ့ သူ့ရုံးခန်းထဲက ပြတင်းပေါက်ကနေ တချက်လှမ်းကြည့်နေလိုက်ပါတယ်။

" အဖေလည်း တွေးကြည့်တော့ မင်းတို့အမေ ပြောတာ မှန်တယ်ကွ။ ဒီနေရာက ကလေးတွေ အတွက် မသင့်တော်ဘူးလေ"

" ဒါပေမယ့် ဒီမှာ ကလေးတွေ ရာနဲ့ချီပြီး ရှိနေကြတယ် မဟုတ်လား အဖေ" ဘရူနိုက အဖေ့ကို လွှတ်ခနဲ ပြောမိလိုက်တာပေါ့ ။
" သူတို့က ဟော ဟိုက ခြံထဲမှာ နေကြတယ်လေ"

တခဏလောက် သူတို့ သုံးယာက် စကားစပြတ်သွားကြပါတယ်။ အဖေနဲ့ ဂရက်တယ်က ဘရူနို့ကို စိုက်ကြည့်နေကြတယ်လေ။
ဘရူနိုလည်း မျက်လုံးလေး ပုတ်ခက် ပုတ်ခက် လုပ်နေပါတယ်။

" ဟိုးဘက်မှာ ကလေးတွေ ရှိမှန်း သားက ဘယ်လို သိလဲ"
အဖေက မေးတော့တာပေါ့။
" အဲ့ဒီဘက်မှာ ဘာတွေလုပ်နေလဲ သားသိလို့လား"

ဘရူနိုလည်း အခုတခါတော့ သတိကြီးကြီးထားလို့ စကားမမှားအောင် ဖြေလိုက်ရတယ်လေ။
" သား သူတို့ကို သားအခန်းထဲက ပြတင်းပေါက်ကနေ မြင်နေရတယ် အဖေ။ ဟိုး အဝေးကြီးက ခြံထဲမှာ ကလေးတွေလည်း သားတွေ့လိုက်တယ်။ သူတို့ အားလုံးက ညဝတ်အင်္ကျီ အစင်းကြားကြီးတွေ ဝတ်ထားကြတယ် အဖေ"

" ညဝတ်အင်္ကျီ အစင်းကြားကြီးတွေလား"
အဖေက ရေရွတ်လိုက်တယ်။

" သားက သူတို့ကို တချိန်လုံး ကြည့်နေတာပေါ့လေ"

" သား တခါတလေတော့ ကြည့်ဖူးပါတယ် အဖေ"

အဖေက သူ့အဖြေကို ပြုံးလိုက်တယ်လေ။
" ကောင်းတယ် သား" တဲ့။ ပြီးတော့ သူက ခဏလောက် တခုခုကို စဉ်းစားပြီးတော့မှ ဆုံးဖြတ်ချက်လိုက်ပါတော့တယ်။

" ဟုတ်တယ်။ သူပြောတာ မှန်တယ်။ မင်းတို့ အမေပြောတာ မှန်တယ်ကွ။ မင်းတို့ နှစ်ယောက် ဒီမှာ နေတာ တော်တော်ကြာသွားပြီ။ အခု အဖေ မင်းတို့ကို ဘာလင် ပြန်ပို့ရတော့မယ် သားတို့ရေ"

ဒီလိုနဲ့ အဖေ့ဆုံးဖြတ်ချက် အဆုံးမှာ ချက်ချင်းဆိုသလို ဘာလင်က အိမ်ကို သန့်ရှင်းရေးလုပ်ထားဖို့ လူတချို့ လွှတ်လိုက်ပါတော့တယ်။ နောက်ပြီး အဖေက အမေ၊ ဘရူနိုနဲ့ ဂရက်တယ်တို့ တပတ်အတွင်း ဘာလင်ပြန်ရမယ်လို့ လည်း ပြောလိုက်တယ်လေ။

ဘရူနိုက ဘာလင်ကို ပြန်ရတော့မယ်ဆိုပေမဲ့ မပျော်ခဲ့ပါဘူး။ သူ့အကြောက်ဆုံးကတော့ ရှမူးလ်ကို သူထွက်သွားရတော့မှာ ပြောဖို့ပါပဲ။

အခန်း (၁၈)

နောက်ဆုံး စွန့်စားခန်း

အဖေ ဘရူနိုတို့ကို ဘာလင်ပြန်ပို့တော့မယ်လို့ ပြောတဲ့နေ့ ပြီးတော့ နောက်တနေ့ ဘရူနို ခြံကြီးနားသွားခဲ့ပေမဲ့ ရှမူးလ်ရောက်မလာခဲ့ပါဘူး။ နောက်ထပ် တရက်လည်း သူပေါ်မလာခဲ့ဘူးလေ။ တတိယရက်ရောက်တော့ ဘရူနိုလည်း သူ့သူငယ်ချင်းကို မနှုတ်ဆက်လိုက်ရဘဲ အောက်ဇစ်သ်က နေထွက်သွားလိုက်ရ မှာ စိုးလို့ ထပ်လာခဲ့ပါသေးတယ်။ ဆယ်မိနစ်လောက်စောင့်နေပြီး ရှမူးလ် ပေါ်မလာတော့ သူလည်း အိမ်ပြန်ဖို့ ထမယ်အလုပ် ဟိုး ခပ်လှမ်းလှမ်းက အစက်အပြောက်လေးကို လှမ်းမြင်လိုက်ရပါတယ်။ အဲ့ဒီ အစက်အပြောက်ကလေးကနေ ဆေးစက် ကလေး အသွင်၊ ဆေးစက်ကလေးကနေမှ တဖြည်းဖြည်း ညအိပ်ဝတ်စုံ အစင်းကြားဝတ်ထားတဲ့ ကောင်လေး အဖြစ် ရုပ်လုံးပေါ်လာတော့တာပေါ့။

ဘရူနိုလည်း ဝမ်းသာသွားပြီး မြေကြီးပေါ်မှာထိုင်ချလို့ သူ့သူငယ်ချင်းကို စောင့်နေတာပေ့ါ။ ပြီးတော့ သူ့ကုတ်အင်္ကျီထဲက အိမ်ကနေ ခိုးယူလာခဲ့တဲ့ ပန်းသီးနဲ့ ပေါင်မုန့်လေးကို လက်ထဲကိုင်ထားလိုက်ပါတယ်။ ရှမူးလ်ကို ကြည့်ရတာ အဝေးကနေ တောင် တော်တော်လေး စိတ်အားငယ်နေတဲ့ ပုံပါပဲ။ သူက အရင်ကလိုတောင် မုန့်ကို သဲကြီးမဲကြီး လှမ်းမယူတော့ဘူးလေ။

" ငါက မင်းမလာတော့ဘူး ထင်နေတာ"
ဘရူနိုက ပြောလိုက်ပါတယ်။
" ငါ မနေ့ကရော ဟိုတနေ့ကပါလာသေးတယ်။ မင်း ကဒီမှာ မရှိဘူးလေ"

" ငါ တောင်းပန်ပါတယ်။ တခုခု ဖြစ်သွားတယ်ကွ" လို့ ရှမူးလ်က ပြန်ပြောတယ်လေ။

ဘရူနိုက သူ့ကိုကြည့်ပြီး ဘာဖြစ်လာတာလဲ စဉ်းစားနေတာပေ့ါ။ ရှမူးလ်များ သူ့အိမ်ကို ပြန် ဖို့ ပြောမှာလားလို့ သူက ထင်နေတာပါ။ ဘရူနိုနဲ့ ရှမူးလ် နှစ်ယောက်ကြားမှာ တိုက်ဆိုင်မှုတွေ များလွန်းတယ်လေ။

" ဘာလဲ ....ဘာဖြစ်ခဲ့လို့လဲ"
ဘရူနိုက မေးလိုက်ပါတယ်။

" ပါပါးလေ...ငါ့အဖေကို ရှာမတွေ့တော့ဘူးကွ"

" ရှာမတွေ့ဘူး ဟုတ်လား။ ထူးဆန်းလိုက်တာ။ မင်းပြောချင်တာက မင်း အဖေ ပျောက်နေတယ်လို့လား ဟင်"

" ထင်တာပါပဲကွာ"
ရှမူးလ်က စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်တယ်လေ။
" သူက တနင်္လာနေ့တုန်းက ငါနဲ့အတူရှိနေသေးတယ်။ ပြီးတော့ လူကြီးတချို့နဲ့အတူ တာဝန်တခု လုပ်စရာရှိတယ်ဆိုပြီးထွက်သွားလိုက်တာ သူတို့ထဲက တယောက်မှ အခုထိ ပြန်မလာကြေတာ့ဘူးလေ"

" သူက မင်းဆီ စာရေးသေးလား" လို့ ဘရူနိုက မေးလိုက်ပါသေးတယ်။
" ဒါမှမဟုတ် သူဘယ်တော့ပြန်လာမယ်ဆိုတဲ့ စာတိုလေး ဘာလေးရော မထားခဲ့ဘူးလား"

" ဟင့်အင်း"

" ထူးဆန်းလိုက်တာ....မင်း သူ့ကို လိုက်ရော ရှာပြီးပြီလား"

" ဒါပေါ့ ငါလိုက်ရှာနေတာပေါ့ကွ"
ရှမူးလ်က သက်ပြင်းလေးချလို့ ပြောလိုက်တယ်လေ။
" ငါ မင်းပြောနေတဲ့ စူးစမ်းရှာဖွေရေးဆိုတာကြီး လုပ်ခဲ့တာလေ"

" ဒါပေမယ့် ဘာမှ မတွေ့ခဲ့ဘူးပေါ့ ဟုတ်လား"

" ဘာကိုမှ မတွေ့ဘူးကွ"

"ဒါဖြင့် ဒီကိစ္စ က အရမ်းထူးဆန်းသွားပြီကွ။ အဖြေ တခုခုတော့ရှိမှာပါ" ဆိုပြီး ဘရူနိုက ပြောနေတာပေါ့။

" ဒါဆို အဖြေက ဘာလဲ"

" ငါ့အထင်တော့ ယောကျ်ားကြီးတွေကို တခြားမြို့တမြို့မှာ အလုပ်လုပ်ဖို့ခေါ်သွားပြီး အလုပ်မပြီးသေးလို့ ကြာနေတာနေမှာပေါ့။ နောက်ပြီး အဲ့ဒီမြို့မှာ စာတိုက်လည်းမရှိပုံပဲ။ သူ မကြာခင်ပြန်လာမှာပါကွာ"

" ငါလည်း မျှော်လင့်ပါတယ်ကွာ" လို့ ရှမူးလ်က ငိုမဲ့မဲ့နဲ့ ပြန်ဖြေလိုက်ပါတယ်။
" အဖေမရှိရင် ငါ ဘယ်လိုနေရမလဲတောင် မစဉ်းစားတတ်တော့ဘူး"

" မင်းဆန္ဒရှိရင် ငါ့အဖေ ကိုမေးပေးမယ်လေ"

" ငါတော့ မထင်ပါဘူးကွာ"

" ဘာလို့လဲ"

" စစ်သားတွေက ငါတို့ကို မကြိုက်ဘူးလေ။ သူတို့က ငါတို့ကို မုန်းတယ်ကွ"

ဘရူနိုလည်း စကားစ ရှာမရ ဖြစ်နေခဲ့တာပေါ့။
" သူတို့ မင်းကိုတော့ မမုန်းလောက်ပါဘူးကွာ"

" သူတို့ မုန်းတယ်ကွ"
ရှမူးလ်က ဒေါသသံလေးနဲ့ နှုတ်ခမ်းဆူလို့ကို ပြောလိုက်တယ်လေ။
" ရပါတယ်။ ငါကလည်း သူတို့ကို မုန်းတယ်လေ"

" မင်း ငါ့အဖေကိုတော့ မမုန်းပါဘူးနော်"

ရှမူးလ် ဘာမှ ထပ်မပြောဘဲ နှုတ်ခမ်းလေးကို ကိုက်နေလိုက်ပါတယ်။ သူက ဘရူနို့အဖေကို ခြံထဲမှာ တခါတလေ တွေ့ဖူးတာကိုး။ ဒီလို အဖေမျိုးမှာ ဒီလိုသားမျိုးရှိတာ ရှမူးလ် မယုံနိုင်ပါဘူး။

" ထားပါတော့" လို့ ဘရူနိုကပဲ စပြောလိုက်ပါတယ်။
" ငါ မင်းကို ေပြာစရာ ရှိတယ်ကွ"

" ဟုတ်လား"
ရှမူးလ်က သူပြောမှာကို မျက်လုံးလေးပြူးလို့ စိတ်ဝင်တစား နားထောင်နေပါတယ်။

" အင်း....ငါ ဘာလင်ကို ပြန်တော့မယ်ကွ"

သူ့စကားကို ကြားလိုက်တော့ ရှမူးလ် ပါးစပ်လအဟောင်းသားလေး ဖြစ်သွားတာပေါ့။
" ဘယ်တော့လဲ"

" ဒီနေ့က ကြာသပတေးဆိုတော့ ငါတို့က စနေနေ့ နေ့လည်စာ စားပြီးရင် ပြန်တော့မှာပေါ့"

"မင်း တို့ အဲ့ဒီမှာ ဘယ်လောက် ကြာဦးမှာလဲ "

" ငါတို့ ဒီတခါ အပြီးပြန်တော့မှာကွ။ အမေက ဒီနေရာဟာ ကလေးတွေကို ပြုစုပျိုးထောင်ဖို့ မသင့်လျော်ဘူးတဲ့လေ။ အဖေက တော့ ဒီက အလုပ်တွေ လက်စသတ်ဖို့ နေခဲ့ရဦးမယ်။ ဖြူရီက သူ့အတွက် အစီအစဉ်တွေ ရှိတယ်တဲ့။ ငါတို့ သုံးယောက်ကတော့ အိမ် ပြန်ရတော့မှာပေါ့"

" အိမ် ဟုတ်လား"
ရှမူးလ်က အိမ် ဆိုတဲ့ ဝေါဟာရလေးရဲ့ အဓိပ္ပါယ်ကို မသိတော့သလိုနဲ့ ရေရွတ်နေပါတယ်။
"ဒါဆို ငါ မင်းနဲ့ ထပ်မတွေ့ရတော့ဘူးပေါ့"

" တနေ့နေ့တော့ ပြန်တွေ့ရမှာပေါ့ကွ။ မင်း အပြင်ထွက်လို့ရတဲ့နေ့ကြရင် ဘာလင်ကို လာခဲ့လေ။ မင်းကို သူတို့က တသက်လုံးတော့ ဒီမှာ မနေခိုင်းလောက်ပါဘူး။ ဟုတ်တယ် မဟုတ်လား"

ရှမူးလ် ခေါင်းငြိမ့်လိုက်တယ်လေ။
" ထင်တာပါပဲကွာ။ မင်း ပြန်တော့မယ်ဆို ငါနဲ့ စကားပြောမဲ့ သူမရှိလောက်တော့ဘူးပေါ့"

" ငါလည်း မင်းကို လွမ်းနေမှာပါ ရှမူးလ်ရာ"
ဘရူနိုက ဒီလိုစကားပြောလိုက်ရလို့ ရှက်နေပါသေးတယ်။
" ငါ မပြန်ခင် မင်းနဲ့ မနက်ဖြန်တွေ့လို့ရသေးတာပဲ။ အဲ့ဒီကျမှ ငါတို့ နှုတ်ဆက်ကြတာပေါ့။ ငါ မနက်ဖြန်ကျရင် မင်းအတွက် မုန့်ကောင်းကောင်းလေး ယူလာခဲ့မယ်နော်"

ရှမူးလ် ဘာမှမပြောတော့ဘဲ ခေါင်းပဲ ငြိမ့်လိုက်ပါတယ်။ သူ့ရင်ထဲက သောကတွေကို သူ မရှင်းပြတတ်ဘူးလေ။
" မင်းနဲ့ အတူတူ ဆော့လို့ရရင် သိပ်ကောင်းမှာပဲ။ တခါလောက်ပဲပေါ့။ မင်းကို မှတ်မိနေအောင်လို့လေ"

" ငါရောပဲ"

" မင်းသိလား။ ငါတို့ တနှစ်ကျော်ေလာက် ဒီခြံစည်းရိုးတွေနားကနေ စကားပဲပြောနေခဲ့ကြပြီး တခါမှ မကစားဖူးဘူးနော်။ ပြီးတော့ ငါက မင်းတို့နေတဲ့ခြံကြီးကို ငါ့အိပ်ခန်း ပြတင်းပေါက်ကနေ လှမ်းကြည့်နေကြကွ။ ဒါပေမယ့် မင်းတို့ အဲ့ဒီအထဲမှာ ဘယ်လိုနေကြလဲ ငါ အခုထိ တွေးကို မတွေးတတ်သေးဘူး"

" မင်းကြိုက်မှာ မဟုတ်ပါဘူး။ မင်းနေတဲ့ နေရာက ပိုပြီးကောင်းပါတယ်ကွာ" လို့ ရှမူးလ်က ပြောတယ်လေ။

" ငါကတော့ တခါလောက် မင်းတို့ ဘယ်လိုနေကြလဲ ကြည့်ချင်မိတယ်။

ရှမူးလ်လည်း မြေကြီးကို ခေါင်းစိုက်လို့ တွေးနေရင်း သူ့လက်ကလေးတွေက ခြံစည်းရိုးအောက်ဆုံးက သံဆူးကြိုးကို မလိုက်တော့ ဘရူနို့အရွယ် ကလေးတယောက် တွားဝင်နိုင်လောက်မဲ့ နေရာလွတ်လေး ဖြစ်လာတယ်လေ။

" ဒါဆို မင်း ဝင်လာခဲ့ပေါ့"

ဘရူနို မျက်တောင်လေး ပုတ်ခက် ပုတ်ခက်ခုပ်ရင်း စဉ်းစားနေလိုက်တယ်။

" ငါ့ကို ဝင်ခွင့်မပြုလောက်ဘူးထင်တယ်"

" မင်း ဒီကို လာပြီး ငါနဲ့ နေ့တိုင်း စကားပြောဖို့လည်း ခွင့်ပြုထားတာမဟုတ်ဘူးလေ။ ဒါပေမယ့် မင်း လုပ်တာပဲ မဟုတ်လား"

" ဒါပေမယ့် ဒီဟာက ငါ့ကို မိသွားရင် ဘယ်လိုလုပ်မလဲ"
ဘရူနိုက အမေနဲ့ အဖေ့ အကြောင်းတွေးရင်းနဲ့ ပြော လိုက်တာပေါ့။

" ဟုတ်ပါတယ်လေ။ ဒါဆို ငါ မင်းကို မနက်ဖြန် တွေ့ပြီး နှုတ်ဆက်ရတော့မှာပေါ့"
ရှမူးလ်က မျက်နှာငယ်လေးနဲ့ လက်ထဲက သံဆူးကြိုးကို ချလိုက်တယ်လေ။

" ဒါမှမဟုတ်...."
ဘရုနိုက တခုခုကို တွေးနေရင်း သူ့ခေါင်းပေါ်က ကတုံး ဆံပင်ပေါက် အရွယ် ဆံပင်ငုတ်စိလေးတွေကို ပွတ်နေလိုက်ပါတယ်။
" မင်းမှတ်မိသေးလား။ ငါက မင်းနဲ့ တူသွားပြီလို့ ပြောတာလေ။ ငါ ကတုံး တုံးခံရတဲ့ နေ့တုန်းက"

" မင်းက နည်းနည်းတော့ ပိုဂတာပေါ့" လို့ ရှမူးလ်က ပြောင်စပ်စပ်နဲ့ ပြန်ဖြေလိုက်တာပေါ့။

" အင်း ဆိုပါတော့။ ငါသာ မင်းလိုမျိုး ညဝတ်အကျီ အစင်းကြား ဝတ်ထားမယ်ဆို ဘယ်သူမှညေါ့ကို အပြင်လူမှန်း သိမှာ မဟုတ်တော့ဘူးပေါ့"

ရှမူးလည်း သူ့အကြံကို သဘောကျသွားပါတယ်။
" မင်း အဲ့ဒီလိုထင်လား။ မင်း လုပ်နိုင်ပ့ါမလား"

"ဒါပေါ့ ။ ဒီဟာက ငါတို့အတွက် နောက်ဆုံးသော အကောင်းဆုံး စူးစမ်းရှာဖွေ မှုကြီး ဖြစ်တော့မှာပဲ။ ငါတို့ နောက်ဆုံးတော့ အတူတူလုပ်ခို့ရတဲ့ တခုခုရှိလာပြီပေါ့ကွာ"

" ပြီးတော့ မင်း ငါ့အဖေကိုလည်း လိုက်ရှာပေးလို့ရသေးတယ်"
ရှမူးလ်က ဝင်ထောက်လိုက်တယ်လေ။

" ဒါပေါ့.... ငါတို့ အထဲမှာ သဲလွန်စ တခုခုရအောင် လိုက်ရှာကြည့်ကြတာပေါ့ကွာ။ ပြဿနာက အစင်းကြား ညဝတ်အကျီ လိုက်ရှာဖို့ပဲကွ"

ရှမူးလ်က ခေါင်းလေးငြိမ့်လို ပြောလိုက်တယ်။
" အဲ့ဒါ ငါ့တာဝန်ထားလိုက်လေ။ ဒီနားက တဲတခုထဲမှာ အကျီတွေရှိတယ်ကွ။ ငါ အပေါ်ကနေ ထပ်ဝတ်လာပြီး မင်းကို ယူပေးလို့ရတယ် ။ ပြီးရင် ငါတို့ ပါးပါးကို လိုက်ရှာကြတာပေါ့"

" ကောင်းတယ်"
ဘရူနိုလည်း မျက်လုံးလေး အရောင်တောက်လို့ စိတ်အားထက်သန်စွာ ပြောလိုက်တာပေါ့။
" ဒါက ငါတို့အတွက် ဗျူဟာပေါ့"

" ငါတို့ မနက်ဖြန် ဒီအချိန်ပဲတွေ့ကြမယ်နော်" လို့ ရှမူးလ်က ပြောလိုက်ပါတယ်။

" အင်း မင်းနောက်မကျနေနဲ့ဦးနော်။ ပြီးတော့ အကျီယူလာဖို့လည်း မမေ့နဲ့ဦး"

ဒီလိုနဲ့ ေကာင်လေးနှစ်ယောက်လည်း အတွေးကိုယ်စီနဲ့

သူတို့နေထိုင်ရာဆီ ပြန်သွားကြတာပေါ့။ ဘရူနိုက နောက်ဆုံးတော့ သူ ခြံထဲက လူတွေအကြောင်း သိဖို့ စိတ်အားထက်သန်နေခဲ့သလို ရှမူလ်ကလည်း သူ့အဖေကို လိုက်ရှာပေးဖို့ အခွင့်အရေးအကြောင်းကို စဉ်းစားနေခဲ့တယ်လေ။ ဒီ အစီအစဉ်လေးက သူတို့နှစ်ယောက်အတွက် အပျော်လင့်ခဲ့ရဆုံး အချိန်လေးဖြစ်ခဲ့ရတယ် ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူးလေ။

အခန်း (၁၉)

သူငယ်ချင်းနှစ်ယောက်ရဲ့ ကံကြမ္မာ

နောက်တနေ့ သောကြာနေ့ကတော့ မိုးလင်းကတည်းက စိုတိစိုစွတ်နဲ့ပါ။ ဘရူနိုလည်း အိပ်ရာကနေ နိုးနိုးချင်း အပြင်မှာ မိုးတွေ တစက်စက် ရွာနေတာ သိလိုက်တော့ စိတ်ပျက်သွားတာပေါ့။ ဒီနေ့က သူနဲ့ ရှမူးလ်တို့ရဲ့ အစီအစဉ်ကို အကောင်အထည်ဖော်မဲ့ နေ့ကလေးမို့ သူ ကစိတ်လှုပ်ရှားနေခဲ့တာပါ။ နောက်ဆုံးတော့ သူက ရှမူးလ်တို့လိုမျိုး ညဝတ်အင်္ကျီ အစင်းကြားကြီး ဝတ်ကြည့်ရတော့မယ်လေ။ မိုးသာမရွာနေရင် တော်တော်လေး ကောင်းမှာပဲလို့ သူကတွေးနေမိပါတယ်။

ဒါပေမယ့်လည်း အခုမှ မနက်ပဲရှိသေးလို့ တော်ပါသေးတယ်။ မိုးက သူ ရှမူးလ်ဆီ သွားမဲ့ အချိန်လောက်ထိ ရွာနေမယ်လို့မှ ကံသေ ကံမ မပြောနိုင်တာပဲ။

မစ္စတာ လစ်ဇ်နဲ့ စာသင်နေရင်းကနေ ဘရူနို အပြင်က မိုးတိတ် မတိတ်ကိုပဲ စိတ်ရောက်နေခဲ့ပါတယ်။ မိုးကလည်း ရွာလိုက် ၊ တိတ်လိုက်နဲ့ကို ဖြစ်နေတာပါ။ တချက် တချက် အိမ်ခေါင်းမိုးပေါ် တဝေါဝေါနဲ့ ရွာချနေတာတောင် ကြားလိုက်ရသေးတယ်။ သူ နေ့လည်စာ စားနေရင်းနဲ့ တချက်လှမ်းကြည့်လိုက်တော့ မိုးက တော်တော်လေး စဲနေပါပြီ။ မကြာခင် နေတောင်ပွင့်တော့မဲ့ အတိုင်းပဲမို့ ဘရူနို ဝမ်းသာသွားတာပေါ့။နေ့လည်စာစားပြီးတော့ ပထဝီနဲ့ သမိုင်းဆက်သင်ရတယ်လေ။ အဲ့ဒီအတော အတွင်း မိုးရွာချက်ကတော့ မနက်ကထက်တောင် ကြမ်းတော့တာပါပဲ။

ကံကောင်းချင်တော့ မစ္စတာ လစ်ဇ် စာသင်လို့ပြီးခါနီးတော့ မိုးက စဲသွားပါတော့တယ်။ ဘရူနိုလည်း ဘွတ်ဖိနပ်နဲ့ မိုးကာအင်္ကျီလေးဝတ်လို့ စိုတိစိုစွတ် မြေကြီးပေါ်ကနေ လျှောက်လာခဲ့တာပေါ့။

သူ ဘွတ်ဖိနပ်လေးနဲ့ ခြေတလှမ်းလှမ်းလိုက်တိုင်း တစွပ်စွပ် မြည်နေတော့ သူ့ဘာသာသူ သဘောတွေကျရင်း လျှောက်လာတော့တာပေါ့။ နောက်ပြီး သူက ရွှံ့တွေကြားထဲ တလှမ်း လှမ်းရင်း ချော်လဲရင်းပါပဲ။ တခါတော့ ရွှံ့နွံထဲမှာ ဘွတ်ဖိနပ်ကကျန်ခဲ့ပြီး ေခြထောက်က ရှေ့ရောက်သွားသေးတယ်လေ။

သူ ကောင်းကင်ကို မျှော်ကြည့်လိုက်တော့ မိုးကောင်းကင်ကြီးက မဲမှောင်နေတာပါပဲ။ နောက်ထပ် မိုးထပ်မရွာတော့ဖို့ သူမျှော်လင့်နေခဲ့ပါတယ်။ အိမ်ပြန်ရောက်ရင်တော့ါ အမေ့ကို သူဘာလို့ ဒီလောက် ညစ်ပတ်နေလဲ ရှင်းပြရပါတော့မယ်။ ဒါပေမယ့် သူ စိတ်မပူပါဘူး။ အမေက အဖေ သူတို့ ဘာလင်ပြန်ရမယ် ပြောပိး ကတည်းက အမေ စိတ်ကြည်နေတယ်လေ။ နောက်ပြီး

တရက်ပြီး တရက်လည်း ဘာလင်ကို သယ်သွားမဲ့ အထုတ်တွေကို ထုပ်နေရတာနဲ့ အမေက အားတယ်ကို မရှိပါဘူး။

ရှမ့ူးလ်က တော့ နဂို နေရာလေးမှာပဲ ဘရူနို့ကို စောင့်နေခဲ့ပါတယ်။ ဒီတခါတော့ ထူးထူးခြားခြား သူက တင်ပျဉ်ခွေ ထိုင်မနေဘဲ ခြံစည်းရိုးတိုင်ကြီးကို မှီလို့ပါ။

" ဟဲလို ဘရူနို"
ရှမ့ူးလ်က သူ့ကို နှုတ်ဆက်လိုက်ပါတယ်။

" ဟဲလို ရှမ့ူးလ်"

" ငါ က မိုးတွေ ရွာနေလို့ မင်းထွက်မလာတော့ဘူး ထင်နေတာ။ ငါတို့ နှုတ်မဆက်လိုက်ရတော့ ဘူး ထင်နေတာလေ"

" အင်း ဟုတ်တယ်။ ရာသီဥတုက သိပ်မကောင်းတော့ ငါလည်း လစ်တုန်းလေး မြန်မြန်ထွက်လာခဲ့ရတယ်ကွ"

ရှမ့ူးလ်လည်း ခေါင်းငြိမ့်ပြီး သူ့သူငယ်ချင်းဆီ သံဆူးကြိုးတွေကြားကနေ လက်ကမ်းပေးလိုက်တယ်။ သူ့လက်ထဲမှာတော့ သူနဲ့ ဆင်တူ အစင်းကြား ညဝတ်အင်္ကျီနဲ့ ဦးထုပ်လေးတလုံးပါ။ အဝတ်အစားတွေကို ကြည့်ရတာ သန့်ရှင်းပုံမပေါ်ပေမဲ့ ဒါက ရုပ်ဖျက်တာပဲမို့ ဘရူနိုလည်း ဘာမှ ပြောမနေတော့ပါဘူး။ သူဖတ်ဖူးတဲ့ စူးစမ်းရှာဖွေသူတွေ ကတော့ အမြဲ အဝတ်အစား ကောင်းကောင်း ဝတ်တတ်ကြတယ်လေ။

" မင်း ငါ့ ပါပါးကို ကူရှာပေးမယ် မဟုတ်လား"
ရှမ့ူးလ်က မေးတော့ ဘရူနိုလည်း ခေါင်း မြန်မြန် ငြိမ့်ပြလိုက်ပါတယ်။

" ဒါပေါ့"
ဘရူနို့အတွက် ခြံထဲကို ဝင်ဖို့အကြံက သိပ်ကို စိတ်လှုပ်ရှားဖို့ကောင်းနေတယ်လေ။
" ငါ မင်းကို စိတ်မပျက် စေရပါဘူး"

ရှမ့ူးလ် ကမ်းပေးတဲ့ အင်္ကျီကို ယူလိုက်ပြီး ဘရူနိုက တခုခု သတိရသွားပါတယ်။ သူ အိမ်ကနေ အိတ်တလုံးတောင် မယူလာဘူးလေ။ မိုးရွာထားတဲ့ အတွက်ကြောင့် မြေကြီးတွေက ဗွက်ထနေတော့ သူသာ သူ့အင်္ကျီတွေကို ဒီမှာ ထားခဲ့ရင် အင်္ကျီတွေ အားလုံး ရွှံ့အလိမ်းလိမ်းနဲ့ ဖြစ်နေမှာပါပဲ။ အဲ့ဒီတော့ သူ အင်္ကျီတွေကို ဒီမှာ ထားခဲ့ရင်င်ထား၊ နို့မဟုတ်ရင် ဒီအစီအစဉ်ကို ဖျက်ပစ်ဖို့ပဲရှိပါတော့တယ်။

" ကောင်းပြီလေ ။ မင်း ဟိုဘက်လှည့်နေ" လို့ပြောပြီး ဘရူနိုက သူ့အပေါ်ထပ် အင်္ကျီကို ချွတ်လို့ မြေကြီးပေါ် အသာယာလေး ချလိုက်တာပေါ့။ ပြီးတော့ သူက ရုပ်အင်္ကျီကို ချွတ်လိုက်ျတော့ မိုအေးအေးနဲ့ သူ

ကြက်သီးမွေးညင်းလေးတွေတောင် ထသွားလိုက်သေးတယ်။ သူလည်း ရှမူးလ်ရဲ့ အင်္ကျီကို ဖတ်ရင်းကနေ အသက်တချက်ရှူလိုက်တော့ အင်္ကျီရဲ့ အနံ့က နှာခေါင်းထဲ အော်ဂလီဆန်အောင် တိုးဝင်လာပါရောလား။

" ဒီ အင်္ကျီကို ဘယ်တုန်းက နောက်ဆုံးလျှော်ထားတာလဲ" လို့ ရှမူးလ်ကို အော်ပေးလိုက်တာပေါ့။
ရှမူးလ်ကလည်း ရုတ်တရက်မို့ လှည့်ကြည့်ပြီး ဖြေလိုက်တယ်။

" သူတို့ကို လျှော်တယ်လို့တော့် မရှိပါဘူးကွာ" တဲ့လေ။

" ဟို ဘက်လှည့်နေဦး"

ဘရူနိုလည်း သူ့ဘယ်နဲ့ ညာကို သေချာ ကြည့်ပြီးတော့မှ သူ့ဘောင်းဘီကို ချွတ်ပြီး အစင်းကြား ညဝတ် ဘောင်းဘီကို ဝတ်လိုက်တာပေါ့။ ဒီလိုမျိုး လွင်တီးခေါင်ပြင်ကြီးထဲမှာ သူအဝတ်တွေချွတ်နေတာ တခြားလူတွေ မြင်ရင် ဘာပြောကြမလဲတောင် မသိပါဘူး။ အခုတော့ ဘယ်သူမှ မရှိလို့တော်ပါသေးတယ်။

" ကဲ ရပြီ ။ မင်း လှည့်ကြည့်လို့ရပြီ"

ရှမူးလ် လှည့်ကြည့်လိုက်တော့ ဘရူနိုက ဦးထုပ်လေး ဆောင်နေတာပေါ့။ သူ ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ဘရူနိုသာ သူ့လိုမျိုး ပိန်ပိန်ကပ်ကပ်လေးနဲ့ အသားအရေ မွဲခြောက်ခြောက် ဖြစ်နေရင် ဘယ်သူမှ သူ့ကို အပြင်လူမှန်း သိမှာ မဟုတ်တော့ပါဘူး။ ရှမူးလ်က သူတို့ နှစ်ယောက်လုံး အတူတူပဲလို့ ထင်မိပါတယ်။

" ငါ ဘာကို သတိရလဲ သိလား"
ဘရူနိုက မေးလိုက်တယ်လေ။
" ငါ့ အဘွားကို သတိရတယ်ကွ။ မင်း မှတ်မိတယ် မဟုတ်လား။ သေသွားတယ်ဆိုတဲ့ တယောက်လေ"

ရှမူးလ် ခေါင်းပဲ ငြိမ့်ပြလိုက်ပါတယ်။ ဘရူနိုက သူ့ကို ဒီတနှစ်လုံး သူ့အဘွားကို ဘယ်လောက် ချစ်ကြောင်း၊ သူ မဆုံးခင် စာများများ မရေးခဲ့တာ နောင်တရကြောင်း ပြောနေကြကိုး။

"အဘွား ငါနဲ့ ဂရက်တယ် အတွက် ရေးပေးဖူးတဲ့ ပြဇာတ်တွေကို သတိရတယ်ကွ"
ဘရူနိုက ဘာလင်မှာနေခဲ့တဲ့ အကြောင်းကို စဉ်းစားရင်း ရှမူးလ်ကို ပြော လိုက်တာပေါ့။
" သူ ငါ့အတွက် ချုပ်ပေးခဲ့တဲ့ ဝတ်စုံလေးတွေကို ရောပေါ့ကွာ။ သူက ပြောတယ်။ ' မင်းက မှန်ကန်တဲ့ ဝတ်စုံကို သာ ဝတ်ထားမယ်ဆိုရင် သရုပ်ဆောင်တဲ့ နေရာမှာလည်း ကောင်းကောင်း သရုက်ဆောင်နိုင်တယ်' တဲ့။ အခုတော့ ငါလည်း တဖက်ခြံထဲက လူတွေ ဘယ်လိုအခြေအနေရှိလဲသိရအောင် သူတို့လို သရုပ်ဆောင်ရတော့မှာပေါ့"

" ဂျူးတယောက်လိုပေါ့ကွာ" ဆိုပြီး ရှမူးလ်က စကားထောက်လိုက်တယ်လေ။

" ဟုတ်တာပေါ့။ အမှန်ပဲ"

ပြီးတော့ ရှမူးလ်က ဘရူနို အိမ်ကစီးလာတဲ့ဘွတ်ဖိနပ်တွေကို လက်ညှိုးထိုးပြလိုက်တယ်။
" မင်း ဒီဖိနပ်တွေလည်း ချွတ်ထားခဲ့ရမယ်ကွ"

ဘရူနို စိတ်ညစ်သွားတာပေါ့ ။
" ဒါပေမယ့် ရွှံ့ဗွက်တွေထဲ ငါခြေဗလာ မသွားနိုင်ဘူးလေကွာ"

" ဒါဆို မင်း ကို သူတို့ ရိပ်မိသွားမှာပေါ့။ မင်း မှာ တခြား ရွေးစရာ မရှိဘူး ဘရူနို"

ဘရူနို သက်ပြင်းချရင်း ဘွတ်ဖိနပ်နဲ့ ခြေစွပ်ကိုချွတ်လို့ ခုနက အင်္ကျီတွေ ဘေးမှာ ပုံထားလိုက်ပါတယ်။ သူခြေဗလာနဲ့ ရွှံ့ထဲနင်းလိုက်တော့ ရွှံ့တွေက သူ့ခြေမျက်စိလောက်ရောက်အောင်ကို နစ်သွားတယ်လေ။ သူလည်း မအီမသာနဲ့ ရှေ့တလှမ်းလှမ်းလိုက်ပါတယ်။

ရှမူးလ်က ခြံစည်းရိုး အောက်ခြေက သံကြိုးလေးကို မလိုက်တော့ ဘရူနိုလည်း ရွှံ့ထဲကလူးလို့ အောက်ကနေ တိုးဝင်ရတော့တာပေါ့။ သူ့ရဲ့ ညဝတ်အင်္ကျီ အစင်းကြားလေးကတော့ ရွှံ့တွေ ပေလို့ပါ။ ခြံထဲရောက်လို့ သူက သူ့ကိုယ်သူငုံ့ကြည့်ရင်း ပေကျံနေတာတွေ့လို့ ရယ်လိုက်ပါသေးတယ်။ သူ အရင်ကတည်းက ညစ်ပတ်နေအောင် ဆော့ဖူးပေးမဲ့ ဒီလောက်တော့ မဟုတ်ခဲ့ဘူးလေ။

ရှမူးလ်လည်း သူ့လို လိုက်ရယ်နေတာပေါ့။ သူတို့နှစ်ယောက် ခဏလောက် တယောက်နဲ့ တယောက် ကြည့်နေလိုက်ကြပါတယ်။ နောက်ဆုံးတော့ သူတို့ ခြံစည်းရိုးခြားမနေဘဲ တွေ့ခွင့်ရခဲ့ပြီလေ။

ဘရူနိုက ရှမူးလ်ကို ရုတ်တရက် ဖက်ထားလိုက်ချင်ခဲ့ပါတယ်။ သူဘယ်လောက် ရှမူးလ်ကို သူငယ်ချင်းတယောက် အနေနဲ့ ချစ်လဲဆိုတာ သိစေချင်တယ်လေ။

ရှမူးလ်လည်း အတူတူပဲ ခံစားနေရတာပေါ့။ ဘရူနိုရဲ့ သူ့အပေါ်ကြင်နာမှုတွေ၊ သူ ယူလာပေးတဲ့ အစားအသောက်လေးတွေ ကို ကျေးဇူးတင်တဲ့အပြင် သူက အခုဆို ပါပါးကိုပါ ကူရှာပေးဦးမှာတဲ့လေ။

ဒါပေမယ့် သူတို့နှစ်ယောက် တကယ်တော့ မဖက်ဖြစ်ခဲ့ကြပါဘူး။ သူတို့ ခြံစည်းရိုးနားကနေ ရှမူးလ်နေတဲ့ တဲလေးဆီ လျှောက်သွားကြပါတော့တယ်။ ဒီလမ်းလေးက ခြံထဲမှာ စစ်သားတွေ လစ်တာနဲ့ ရှမူးလ် ဘရူနိုကို တွေ့ဖို့

လျှောက်လာနေကြ လမ်းလေးပါ။

ဘရူနိုတယောက်တော့ အထင်နဲ့ အမြင် တက်တက်စင်အောင် လွဲသွားခဲ့ပြီပေါ့။ သူက အမြဲတမ်း ဒီတဲအိမ်လေးတွေထဲမှာ မိသားစုတွေ ပျော်ပျော်ပါးပါးနဲ့ စားနေသောက်နေကြ၊ ညနေပိုင်းဆို စကားတွေ ဝိုင်းဖွဲ့ပြီး သူတို့ ငယ်ငယ်တုန်းက အကြောင်းလေးတွေ ပြောနေကြမယ်ထင်ခဲ့တာပါ။ နောက်ပြီး သူတွေးထားခဲ့သလို ကောင်လေးတွေ၊ ကောင်မလေးတွေက လမ်းပေါ်မှာ အုပ်စုဖွဲ့ပြီး တင်းနစ် ဒါမှမဟုတ် ဘောလုံး ကစားမနေကြဘူးလေ။ ယုတ်စွအဆုံး လမ်းပေါ်မှာ ဖန်ခုန်နေတဲ့ သူတောင် မရှိတာပါ။

ဘာလင်မှာတုန်းကလို မြို့လယ်ခေါင်က ဈေးဆိုင်တွေ၊ ကော်ဖီဆိုင်တွေနဲ့ ဟင်းသီး ဟင်းရွက် စင်တွေလည်း တခုဆို တခုမှ မရှိပါဘူး။

ကုန်ကုန်ပြောရရင် သူထင်ထားခဲ့သမျှ အရာအားလုံး ဒီခြံထဲမှာ ရှာမတွေ့ခဲ့ဘူးလေ။

ဒါပေမယ့် ဒီထဲမှာ လူစုတွေတော့ ဟိုနေရာ ဒီနေရာမှာ ပြန့်ကျဲနေကြသလို သူတို့တွေက ဘရူနို့ကို စိတ်ပျက်အားငယ်နေတဲ့ မျက်လုံးကြီးတွေနဲ့ ပင်ပန်းနွမ်းနယ်စွာ ကြည့်နေကြပါတယ်။ သူတို့အားလုံးမှာ တူတဲ့တချက်ကတော့ သူတို့ရဲ့ မျက်လုံးတွေက အနောက်ကိုတောင် ဝင်နေသလို ဖြစ်ပြီး ပိန်လှီနေတာပါ။ နောက်ပြီး အားလုံးကလဲ ကတုံးတွေဆိုတော့ ဘရူနိုလည်း သူတို့မှာ သန်းရှိလို့ တုံးထားတယ်ပဲ ထင်ခဲ့ပါတယ်။

ထောင့်တထောင့်ရောက်တော့ ဘရူနို စစ်သားသုံးယောက်က နောက်က လူနှစ်ဆယ်လောက်ကို ခေါ်လာတာ တွေ့လိုက်တယ်။ အဲ့ဒီ စစ်သားတွေက သူတို့ကို အော်ဟစ်ပြီးတော့ကို သွားခိုင်းနေတာလေ။ တချို့ကလည်း ယိုင်လဲပြီး မြေကြီးပေါ် ပြုတ်ကျသွားတယ်။ သူတို့က ပြန်ကို ထမလာကြတော့ပါဘူး။

နောက်ထပ် တနေရာလောက်ရောက်တော့ စစ်သားတစုက သူတို့လက်ထဲက သေနတ်တွေနဲ့ လူတွေကို လိုက်ချိန်ရင်း သူတို့ တုန်ရီနေအောင် ကြောက်တာကို သဘောတွေကျလို့ ရယ်နေကြတာပေါ့။

သူ ဘယ်ကိုပဲကြည့်ကြည့် တွေ့လိုက်ရတာကတော့ ဝါးလုံးကွဲရယ်နေတတ်တဲ့ လက်နက်ကိုင် စစ်သားတွေရယ်၊ ညဝတ်အင်္ကျီ အစင်းကြားဝတ်စုံတွေဝတ်လို့ ညှိုးငယ်တဲ့ မျက်လုံးတွေနဲ့ လူတွေရယ်ပါပဲ။ တချို့ဆို လေထဲကို ကြည့်နေလိုက်တာ မျက်လုံးဖွင့်ပြီး အိပ်ပျော်နေတဲ့ အတိုင်းပါ။

" ငါတော့ ဒီနေရာကို သိပ်မကြိုက်ဘူး ရှမူးလ်"
ဘရူနို နောက်ဆုံးတော့ ပြောလိုက်ပါတယ်။

" ငါရောပဲ"

" ငါ အိမ်ပြန်သင့်ပြီ ထင်တယ်"

ရှမူးလ် ရုတ်တရက် လမ်းလျှောက်တာ ရပ်ပြီး သူ့ကို ကြည့်လိုက်တယ်။

" ဒါပေမယ့် ပါပါးကိုရော... မင်း ပဲ ငါ့ကို ကူရှာပေးမယ်ဆို"

ဘရူနို ပြန်စဉ်းစားလိုက်ပါတယ်။ သူ့ သူငယ်ချင်းကို ပေးထားတဲ့ ကတိကို သူမဖျက်ချင်ဘူးလေ။ နောက်ပြီး သူက ဒီကနေ အပြီးအပိုင် ထွက်သွားရတော့မှာ မဟုတ်လား။ ဒီနေ့က သူတို့ခွဲခွာရမဲ့ နောက်ဆုံးနေ့လေးပါ။

" ကောင်းပြီလေ..."
ဘရူနိုက ပြောလိုက်တယ်။ သူ့စိတ်ထဲမှာတော့ ဒီနေရာကနေ ထွက်ပြေးသွားချင်နေမိပါတယ်။
" ငါတို့ ဘယ်နေရာကနေ စရှာကြမလဲ"

" မင်း ပြောတော့ ငါတို့ သက်သေ အရင် ရှာဖို့ လိုတယ်ဆို"
ရှမူးလ်က သူ့ကို အားကိုးတကြီးနဲ့ ပြော လိုက်တာေပါ့။

" သက်သေလား ....အင်း ဟုတ်တယ်။ မင်း ပြောတာ မှန်တယ်။ ငါတို့ အဲ့ဒါက စလို့ ရှာကြရအောင်"

ဘရူနိုနဲ့ ရှမူးလ်လည်း တနာရီခွဲလောက် ကြာတဲ့အထိ စခန်းပတ်ပတ်လည်ကို လျှောက်ရှာနေခဲ့တာပေါ့။ သူတို့ဘာရှာနေလဲတော့ နှစ်ယောက်လုံး မသိခဲ့ပါဘူး။ ဘရူနိုက စူးစမ်းရှာဖွေတဲ့ သူက တခုခု ရှာတွေ့မှာပဲလို့ ပြောတယ်လေ။ ဒါေပမယ့် သူတို့ ရှမူးလ်ရဲ့ အဖေ ပျောက်ဆုံးမှုနဲ့ ပတ်သက်တာ တခုမှ မတွေ့ရတဲ့ အပြင် မိုးကောင်ကင်ကြီးကလည်း တဖြည်းဖြည်းနဲ့ မှောင်မဲလာပါတော့တယ်။

ဘရူနို ကောင်းကင်ကြီးကို မော့ကြည့်လိုက်ပြီး မိုးထပ်ရွာတော့မဲ့ အရိပ်အယောင်တွေတွေ့လိုက်ရပါတယ်။
" ငါ တောင်းပန်ပါတယ် ရှမူးလ်။ ငါတို့ ဘာသက်သေမှ မတွေ့ဘူးကွ"

ရှမူးလ်လည်း ဝမ်းနည်းစွာနဲ့ ခေါင်းငြိမ့်လိုက်တယ်လေ။ သူ ကိုယ်တိုင်လည်း တခုခု တွေ့ဖို့ မျှော်လင့်ထားတာ မဟုတ်ပါဘူး။ သူ့သူငယ်ချင်းကိုယ်တိုင် သူ့ကို ကူညီပေးခဲ့တဲ့ အတွက်ပဲ ဝမ်းသာခဲ့ရပါတယ်။

" ငါ အိမ်ပြန်တော့မယ် ရှမူးလ်။ မင်း ငါနဲ့ ခြံစည်းရိုးဘက် အတူတူ လျှောက်ခဲ့မလား"

ရှမူးလ် ပြန်ဖြေဖို့တောင် အချိန်မရလိုက်ပါဘူး။ အဲ့ဒီအချိန်မှာ ဝစီမှုတ်သံနဲ့အတူ စစ်သား ဆယ်ယောက်လောက်က ဘရူနိုနဲ့ ရှမူးလ်တို့ ပတ်ဝန်းကျင်ကို ဝိုင်းထားလိုက်ပါတော့တယ်။

" ဘာဖြစ်နေတာလဲ ဟင် ရှမူးလ်" လို့ ဘရူနိုက သူ့ကို ခပ်တိုးတိုး

မေးလိုက်တာပေါ့။

" ဒီလို တခါတလေ ဖြစ်တတ်ပါတယ်။ သူတို့က လူတွေကို စစ်ရေးချီ လမ်းလျှောက်ခိုင်းတတ်တယ်လေ"

" စစ်ရေးချီ လမ်းလျှောက်တယ် ဟုတ်လား။ ငါ လမ်းလျှောက်လို့ မရဘူးလေ။ ငါ အိမ်ကို ညနေစာ အမှီပြန်ရဦးမယ်။ အမေက ဒီနေ့ညစာ အမဲသားကင် လုပ်ထားမှာတဲ့"

" ရှူး ..... တိုး တိုး..."
ရှမူးလ် သူ့ကို သတိပေးလိုက်ပါတယ်။
" ဘာမှ မပြောနဲ့ဦး။ သူတို့ ဒေါသထွက်လိမ့်မယ်"

ဘရူနိုလည်း မျက်မှောင်ကြုတ်လို့ ကြည့်နေတာပါ့။ ကံကောင်းတာ တခုကတော့ သူတို့ ဘက်ခြမ်းက ညဝတ်အင်္ကျီအစင်းကြားနဲ့ လူတွေအားလုံး ကို စစ်သားတွေက ထခိုင်းတာဆိုတော့ ဘရူနိုနဲ့ ရှမူးလ်လည်း လူကြီးတွေကြားထဲ ရောက်နေတော့တာပေါ့။ လူတိုင်း ဘာလို့ ကြောက်ရွံ့နေကြလဲတာ့ သူ နားမလည်တော့ပါဘူး။

စစ်ရေးချီ လမ်းလျှောက်ရတာ သိပ်တော့လည်း အပင်ပန်းကြီး မဟုတ်ပါဘူးလေ။ ကြောက်ရွံ့နေတဲ့ သူတို့ကို ပြောပြ လိုက်ချင်တယ်။ သူ့အဖေက တပ်မှူးချုပ် မို့လို့ သူက ဒီလို လုပ်ခိုင်းတာဆိုရင် ကောင်းတဲ့အရာပဲ ဖြစ်မှာပါလို့လေ။

ခဏနေတော့ နောက်ထပ် ဝီစီအသံထပ်ကြားလိုက်ရတာပေါ့။ ဒီတခါတော့ လူတွေကို ဖြေးဖြေးချင်းစီ လမ်းလျှောက်ခိုင်းနေကြပါတယ်။ သူတို့ သူငယ်ချင်း နှစ်ယောက်ကတော့ အခုထိ လူတွေကြားထဲမှာပဲ ရှိပါသေးတယ်။ လူအုပ်ကြီးရဲ့ အနောက်ပိုင်းက လူတွေက မချီတက်ချင်လို့ထင်ပါတယ်။ စစ်သားတွေက သေနတ်တွေ ပစ်ဖောက်ပြီးတော့တောင် ခိုင်းနေရတယ်လေ။

" ဒီလို ချီတက်တာ ကြာလားကွ"
ဘရူနိုက သူ ဗိုက်ဆာနေလို့ မေးလိုက်တာပါ။

" ငါလည်းမသိဘူးလေ။ ဒီလို လူတွေ ချီတက်ပြီး ဘယ်ရောက်သွားလဲ ငါလည်းမသိဘူးကွ။ ဒါပေမယ့် မကြာလောက်ပါဘူး"

ဘရူနို ကောင်းကင်ကြီးကို တချက်မော့ကြည့်လိုက်တော့ မိုးခြိမ်းနေတာကို တွေ့လိုက်ရတယ်လေ။ မိုးကောင်းကင်တခုလုံးလည်း လျှပ်စီးတွေလျှက်တဲ့ အချိန်လေးပဲ လက်ခနဲ လက်ခနဲ လင်း လင်းသွားတာပေါ့။ ခဏနေတော့ မိုးတွေ မနက်ပိုင်းကထက်ပိုပြီး သည်းသည်းထန်ထန် ရွာလာပါရောလား။ ဘရူနို သူ့မျက်နှာပေါ်ကျလာတဲ့ မိုးရေစက်ကလေးတွေကို မျက်စိမှိတ်ရင်း ခံယူနေလိုက်ပါတယ်။ သူ မျက်စိ ပြန်ဖွင့်တော့ သူတို့နှစ်ယောက်က လူတွေကြားထဲမှာ ယက်ကန် ယက်ကန်နဲ့ ညှပ်ပါနေတာပေါ့။ သူ့ခန္ဓာကိုယ်တခုလုံး

ရွှံ့ဗွက်တွေ ပေကျံလို့ပါ။ သူ အိမ်ကိုပဲ ပြန်ချင်နေခဲ့ပါတယ်။ အခုလောက်ဆို သူ က ပိုက်ခန်းထဲက ပြတင်းပေါက်ကနေ ဒီဘက်ကို လှမ်းကြည့်နေလောက်ပါတယ်။

" ကြည့်စမ်းပါဦး။ ငါတော့ အအေးမိတော့မှာပဲ။ ငါ အိမ်ပြန်ချင်နေပြီ"

ဘရူနို စကားပြောပြီးပြီးချင်း သူ့အပေါ် မိုးရေစက်တွေမကျတော့လို့ အပေါ်မော့ကြည့်လိုက်တော့ သူတို့က အဆောက်အဦးတခုထဲရောက်နေတာပါ။ သွားရင်း သွားရင်းနဲ့ လှေကားတွေစမ်းမိတယ်လေ။ နောက်ပြီး ဒီ အဆောက်အဦးကြီးက တော်တော် လုံလုံခြုံခြုံရှိတဲ့ပုံပဲ။ ဘယ်နေရာမှ မိုးစက်တွေ မဝင်နိုင်သလို သူတို့ နွေးနေတာကိုလည်း ခံစား လိုက်ရပါတော့တယ် ။ ဘရူနို အထဲမှာ အသက်ရှူရကြပ်နေတာပေါ့။

" ဒါက တခုခုပဲနော်"
သူက မိုးရေတွေထဲကနေ လွတ်သွားလို့ စိတ်အေးသွားတဲ့ ပုံနဲ့ ပြောလိုက်တာပါ။

" ငါ့အထင်တော့ မိုးစဲလောက်တော့မှ ငါတို့ အထဲက ပြန်ထွက်ရမယ်ထင်တာပဲ။ ငါလည်း အဲ့ဒီတော့မှ အိမ် ပြန်ရတော့မှာပေါ့"

ရှမူးလ်ကလည်း ကြောက်လွန်းလို့ ဘရူနို့အနားကို ကပ်နေပါတော့တယ်။

" မင်း ပါပါးကို ငါမရှာပေးနိုင်တာ တောင်းပန်ပါတယ်ကွာ"

"ရပါတယ်"

" ပြီးတော့ ငါတို့ အတူတူမဆော့လိုက်ရတာလဲ စိတ်မကောင်းပါဘူးကွာ။ မင်း ဘာလင်ကို လာတဲ့ တနေ့ကျရင်လေ ငါ မင်းကို ငါ့သူငယ်ချင်းတွေ......။ နေစမ်းပါဦး သူတို့ နာမည်က ဘာပါလိမ့်"

ဘရူနိုက ရုတ်တရက် သူ့အချစ်ဆုံးသူငယ်ချင်း သုံးယောက် နာမည်တောင် မေ့နေပါသေးတယ်။ တကယ်ဆို သူတို့ ဘယ်လို ပံုရှိတယ် ဆိုတာတောင် သူမသိတော့တာပါ။

" တကယ်တော့လေ...."
သူ ရှမူးလ်ကို ကြည့်ရင်း ပြောလိုက်တယ်။
" ငါ ဘာလုပ်တယ် မလုပ်ဘူးဆိုတာ အရေးမကြီးတော့ပါဘူး။ သူတို့ကလည်း ငါ့အချစ်ဆုံး သူငယ်ချင်းတွေ မဟုတ်တော့ဘူးလေ"
သူက ရှမူးလ်လက်ကလေးကို ဖြစ်ညှစ်ထားရင်း ဆက်ပြောလိုက်တယ်လေ။

" ရှမူးလ် မင်းက ငါ့ အချစ်ဆံုး သူငယ်ချင်းပါကွာ။ ငါ့ဘဝရဲ့ အချစ်ရဆုံး တဦးတည်းသော သူငယ်ချင်းပေါ့"'

ရှမူးလ်လည်း တခုခု ပြန်ပြောလိုက်တယ်ထင်ပါတယ်။ ဒါပေမယ့် အဲ့ဒီအချိန်မှာ အခန်းထဲက လူတွေ ရုတ်တရက် ထအော်လိုက်တဲ့ အသံတွေကြားမှာ ရှမူးလ်ရဲ့ အသံလေးပျောက်သွားတယ်လေ။ သူတို့ ရှိနေတဲ့ အခန်းတံခါးကြီးလည်း

မိုးခြိမ်းသံကြီးလို အော်မြည်ရင်း ဂျိမ်းကနဲ ပိတ်သွားပါတော့တယ်။

ဘရူနိုက မျက်ခုံစလေး ပင့်လို့ ဘာတွေဖြစ်နေလဲဆိုတာ ခန့်မှန်းနေတာပေါ့။ သူထင်တာကတော့ အထဲက လူတွေ မိုးအေးအေးနဲ့ အအေးမိကုန်မှာစိုးလို့ တံခါး ပိတ်ထားလိုက်တယ် ထင်တာပါ။

အဲ့ဒီလိုနဲ့ အခန်းကြီးလည်း အမှောင်အတိကျသွားပြီးတော့ အထဲမှာ လူအုပ်ကြီးက လှုပ်စိ လှုပ်စိနဲ့ အော်ဟစ် မြည်တမ်းနေတော့တာပါပဲ။ ဘရူနိုကတော့ သူ့အချစ်ဆံုး သူငယ်ချင်း ရှမူးလ်ရဲ့ လက်ကလေးတွေကို ဒီကမ္ဘာပေါ်က ဘယ်အရာမှ သူ့ဆီကနေ ဆွဲထုတ် မသွားနိုင်လောက်အောင် အထိ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်ပါတော့တယ်။

အခန်း (၂၀)

ဘရူနို့သတင်း

ရက်ပေါင်းများစွာ ကြာတဲ့အထိ စစ်သားတွေ အောက်ဖစ်သ် နေအိမ်နဲ့ အနီးတဝိုက်က ရွာတွေဆီ ဘရူနို့ကို လိုက်ရှာခဲ့ကြပေမဲ့ ဘာ သတင်းအစအနမှကို မရခဲ့ပါဘူး။ စစ်သားတယောက်ကတော့ ခြံကြီးရဲ့ ထောင့်တထောင့်မှာ ဘရူနို ဝတ်သွားတ့ဲ အကျီနဲ့ ဖိနပ်လေးကို တွေ့လို့ တပ်စုမှူးကို ချက်ချင်း သတင်းပေးခဲ့ပါတယ်။ ဘရူနို့အဖေလည်း သူ့သားလေးရဲ့ အကျီတွေကို ပြန်ရလိုက်ပေမဲ့ ဘရူနိုယောက်ကတော့ ဒီကမ္ဘာကြီးကနေ ပျောက်ချင်းမလှပျောက်ကွယ်သွားတာကို သူ ဘယ်လိုမှ နားမလည်ခဲ့ပါဘူး။

အမေလည်း ဘာလင်ကို ပြန်ရမဲ့ ရက်အတိုင်း မပြန်ဖြစ်ခဲ့ပဲ အောက်ဖစ်သ်မှာ လပေါင်း အတော်ကြာ နေရင်း ဘရူနို့သတင်းကို နားစွင့်နေခဲ့ရပါတယ်။ တနေ့တော့ သူက သူ့သာ းလေးများ ဘာလင်ကို တယောက်ထဲ ပြန်သွားပြီး အိမ်ရှေ့မှာ သူ့ကို မျှော်နေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဘာလင်ကို အမောတကော ပြန်သွားခဲ့ပေမဲ့လည်း သားလေးရဲ့ အရိပ်အယောင် တခုမှ မတွေ့ခဲ့ရဘူးလေ။

ဂရက်တယ်လည်း အမေနဲ့ ဘာလင်ကို ပြန်လိုက်သွားခဲ့ပေမဲ့ သူ့အခန်းထဲမှာပဲ တယောက်ထဲ ကြိတ်ငိုနေခဲ့ပါတယ်။ ဒီတခါတော့ သူ့အရုပ်တွေ နဲ့ အောက်ဖစ်သ်ကလို မြေပုံကြီး မရှိလို့ မဟုတ်ခဲ့ပါဘူး။ သူ့မောင်လေး ဘရူနိုကို လွမ်းလို့ပါ။

အဖေက အောက်ဖစ်သ်မှာ နောက်ထပ် တနှစ်ဆက်နေခဲ့ပေမဲ့ သူ့ရဲ့ ရက်စက်တ့ဲ အမိန့်တွေကြောင့် လက်အောက်ငယ်သားတွေနဲ့ အဆင်မပြေဖြစ်ခဲ့ရတာပေါ့။ သူက ညစဉ် ညတိုင်း ဘရူနို့အကြောင်းပဲ တွေးနေတတ်သလို မနက်မိုးလင်းတိုင်းလည်း ဘရူနို့ အကြောင်းပဲ တွေးနေပါတော့တယ်။ ဒီလိုနဲ့ တနေ့တော့ သူက လွန်ခဲ့တဲ့ တနှစ်က သူ့သားလေးရဲ့ အကျီတွေ တွေ့ခဲ့တဲ့ ခြံကြီးဆီကို ရောက်သွားရင်း သူ့သားလေး ဘာဖြစ်သွားတယ်ဆိုတာကို ဆက်စပ်ကာ တွေးမိသွားပါတယ်။

ဒီနေရာလေးက ဘာမှ အထွေအထူးမရှိပေမဲ့ သူ ခဏလောက် အနီးအနားကို စူးစမ်းရှာဖွေကြည့်လိုက်တော့ ခြံစည်းရိုးတနေရာမှာ မြေကြီးတွေ လွတ်နေတာ တွေ့လိုက်တယ်လေ။ အဲ့ဒီနေရာလေးက ဘရူနို့ကို ကလေးတယောက်အတွက်တော့ အောက်ကနေ ဝပ်တွားသွားပြီး ဝင်လို့ရမဲ့ အနေအထားမျိုးပါ။ သူလည်း ခြံစည်းရိုးနားရပ်လို့ သားလေး ပျောက်သွားတဲ့

အချိန်နဲ့ ဆက်စပ်ပြီးတွေးကြည့်လိုက်တဲ့အခါမှာ သူ့ခြေထောက်တွေ ခွေယိုင်ကာ လဲကျသွားပါတော့တယ်။ သူငိုင်ပြီး ထိုင်နေတဲ့ ပုံလေးက ဘရူနို တနှစ်နီးပါးလောက် အဲ့ဒီ နေရာလေးမှာ ထိုင်နေတဲ့အတိုင်းပါပဲ။ ဘရူနို့လိုတော့ တင်ပျဉ်လေး မခွေထားဘူးလေ။

နောက်ထပ် လအနည်းငယ်ကြာတော့ အောက်ဇစ်သ် ကို စစ်သားအချို့ရောက်လာပြီး အဖေ့ကို သူတို့နဲ့ အတူ ခေါ်သွားပါတော့တယ်။ အဖေလည်း ဒီတခါတော့ ဘာ ပြဿနာမှ မလုပ်တော့ဘဲ လိုက်သွားတာပေါ့။ တကယ်ဆို သူက ဘာကို မှ ဂရုမစိုက်တော့တာပါ။ သူ ဒီ အောက်ဇစ်သ် နေအိမ်ကြီးကနေ ထွက်သွားရမှာကိုပဲ ဝမ်းသာနေခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ဘရူနိုနဲ့ သူ့မိသားစုရဲ့ ဇာတ်လမ်းတွေ တခန်းရပ်ခဲ့တာပေါ့။ ဒီအဖြစ်အပျက်တွေက ဟိုး အရင်တုန်းက ဖြစ်ခဲ့တာဆိုတော့ ဒီလို အဖြစ်ဆိုးကြီး ဘယ်တော့မှ ထပ်မဖြစ်နိုင်ခဲ့တော့ပါဘူး။

အနည်းဆုံးတော့ ဒီလိုခေတ်ကြီးထဲမှာပေါ့လေ....။

ပြီးပါပြီ။ ။

ဂျွန်ဘွင်းန် (John Boyne)

သက်ပိုင် မြန်မာဘာသာ ပြန်ဆိုသည် ။